www.burmeseclassic.com

BURMESE CLASSIC .com

မင်းခိုက်စိုးစန်

# သုည

www.burmeseclassic.com

# မင်းရိုက်စိုးစန်

## သုည

ရွှေအိမ်မှူးစာပေ
အမှတ် ၂၁၆၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၈၅၁၂

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ✡ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✡ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✡ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✡ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✡ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✡ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✡ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✡ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✡ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✡ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✡ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✡ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✡ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✡ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✡ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✡ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

ဓအောင်နိုင်

စီစဉ်သည်

ငွေအိမ်မှူးစာပေ

အမှတ်- ၂၀၆၊ ဥဿဖာ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၈၅၁၂၊ ၂၀၁၆၀၁၊ ၂၁၂၁၈၆

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်   [ ၃၀၃/၂၀၀၃ (၃) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   [ ၄၂၉/၂၀၀၃ (၄) ]

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၀၃၊ ဇွန်လ။ အုပ်ရေ (၁၀၀၀)

❑

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးကျော်မိုးစိန် (အောင်သာအောင်ဖိဆက်) (၀၃၁၃၇)
အမှတ် (၁၇၂)၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**

ဦးသန်းဆွေ (စစ်သည်တော်စာပေ) (၀၁၄၇၃)
(၁၁၃၁/က)၊ ဥယျာဉ်လမ်း၊ ဒဂုံတောင်၊ ရန်ကုန်မြို့။


❑

**မျက်နှာဖုံးဒီဇိုင်း** - ကိုဥက္ကာ (Hepta)
**ကွန်ပျူတာစာစီ** - သူသူ
**အတွင်းဖလင်** - ဦးအောင်တင်အေးနှင့်သမီးများ
**စာအုပ်ချုပ်** - ဦးတင်လှ
**တန်ဖိုး** - ၁၂၀၀ ကျပ်

www.burmeseclassic.com

BURMESE CLASSIC .com

# အပိုင်း (၁)



www.burmeseclassic.com

## အခန်း (၁)

ဘဝဆိုတာ တံခါးတစ်ချပ်ဖြစ်တယ်။

တံခါးရဲ့ သစ်သားဘောင်ပေါ်မှာ ထွင်းထုထားတဲ့

ကနုတ်ပန်းအပြောက်အမွှန်းတွေ. . . ပန်းပုရုပ်လုံးတွေကို

ငေးကြည့်ရင်မောနေစရာမလို. . .။

အဓိပ္ပာယ် ဖွင့်ဆိုတွေးတော တွေဝေနေစရာမလို. . .။

. . .

ငါတို့လုပ်ရမယ့်အလုပ်က အဲဒီတံခါးကို တွန်းဖွင့်ဝင်

သွားဖို့ပဲဖြစ်တယ်။

www.burmeseclassic.com

# ၈

❐

သူတို့နှစ်ယောက်ကြောင့်. . .

စာသင်ခန်းတစ်ခုလုံး ရယ်မောဆူညံနေရာမှ. . .။

မမျှော်လင့်ဘဲ ဆရာဦးလှဆင့်က ကျောင်းခန်းထဲဝင်လာသောကြောင့် တစ်ခန်းလုံး ဖျတ်ခနဲ တိတ်ဆိတ်ငြိမ်သက်သွားကြ၏။

ဆရာဦးလှဆင့်က ကျူရှင်၏ အုပ်ချုပ်ရေးမှူးဖြစ်သည့်အပြင် စေတနာပါသော အသင်အပြကောင်းသည့် ဆရာတစ်ယောက်ဖြစ်သောကြောင့် ကျောင်းသူကျောင်းသားအားလုံးက သူ့ကို လေးစားရိုသေကြ၏။

ဆရာဦးလှဆင့်က အတန်းရှေ့တွင် ရပ်လိုက်ပြီး လက်ထဲမှ ဘောဖျက်၏ သစ်သားအနှောင့်ဖြင့် ကျောက်သင်ပုန်းကို တဒုန်းဒုန်း ခေါက်လိုက်၏။ ထို့နောက်. . .

www.burmeseclassic.com


"ကဲ. . . ငါ့ကျူရှင်ကို နာမည်ဖျက်နေတဲ့ ဒီအတန်းထဲက ဟိုမိစ္ဆာနှစ်ကောင်. . . ထစမ်း"

ဆရာဦးလှဆင့် စကားက အတန်းနောက်ဆုံးခုံတွင် ထိုင်နေသော 'ချမ်း' နှင့် 'ဒီဝိုင်း' တို့နှစ်ယောက်ကို ရည်ညွှန်းမှန်း အားလုံးက သိလိုက်သောကြောင့် ရှေ့တွင် ထိုင်နေကြသော ကျောင်းသားအားလုံးက သူတို့နှစ်ယောက်ရှိရာ နောက်ဆုံးခုံတန်းဆီသို့ လည်ပြန်နောက်လှည့် ကြည့်ကြ၏။

ချမ်း နှင့် ဒီဝိုင်း ကလည်း ခပ်တည်တည်ပင် (သူများတွေနောက်လှည့်ကြည့်သလို) သူတို့၏ နောက်ဘက်ဆီ ခေါင်းလှည့်ကြည့်လိုက်ကြ၏။

သူတို့၏ နောက်ကျောဘက်တွင်တော့ အုတ်နံရံသာရှိသည်။

"ဟိုနှစ်ကောင်. . . မင်းတို့ကလွဲပြီး ဘယ်သူများ ရှိသေးလို့ နောက်လှည့်ကြည့်နေရတာလဲ၊ ထစမ်း. . . မင်းတို့ကို ပြောနေတာ"

အရင်ဆုံး ဒီဝိုင်းက ရွံ့ဆုတ်ရွံ့ဆုတ်ဖြင့် ထရပ်လိုက်ပြီး

"ကျွန်တော်က မိစ္ဆာမဟုတ်ဘူး ဆရာ၊ ကျွန်တော့်နာမည်က ဒီဝိုင်း (DIVINE)၊ DIVINE ဆိုတာ တန်ခိုးရှိတာ၊ 'နတ်' လို့ပြောတာ၊ ဟောဒီကောင်နာမည်က 'ချမ်း'၊ ချမ်း ဆိုတာ 'မှင်စာ' လို့ အဓိပ္ပာယ်ရတယ်၊ ဒီကောင်ကမှ တကယ့် မကောင်းဆိုးရွား. . . ဆရာ၊ ဒီကောင့်ကိုပဲ နာနာရိုက်ပါ ဆရာ"

ဒီဝိုင်း၏စကားကြောင့် နံဘေးမှ ချမ်းက ကမန်းကတန်း လက်ပိုက် ကာ ထရပ်လိုက်ပြီး. . .

"တစ်ခါတလေမှာတော့ နတ်တွေဟာလည်း မကောင်းဆိုးရွားတွေနဲ့ မထူးလှပါဘူး ဆရာ၊ ဒီကောင်က 'နတ်' ပေမယ့် လူတွေကို ဒုက္ခပေးတဲ့ နတ်ပါ၊ ကျွန်တော့်မှာ အပြစ်မရှိပါဘူး၊ ဖေဖေနဲ့ မေမေဆို ကျွန်တော့်ကို 'သားလိမ္မာလေး. . . သားလိမ္မာလေး' နဲ့ ဖူးဖူးမှုတ်နေကြတာ"

"ဟုတ်ပါတယ်. . . ချမ်းကို သူတို့တစ်အိမ်သားလုံးက ဝိုင်းပြီး ဖူးဖူးမှုတ်ကြတာ. . . သူ့မျက်နှာတစ်ခုလုံး တံတွေးတွေ ရွှဲနေတာပဲ"

"တိတ်ကြစမ်း. . . နတ်ပဲဖြစ်ဖြစ်၊ မှင်စာပဲဖြစ်ဖြစ်. . . မင်းတို့နှစ်ကောင်စလုံး ငါ့ကို ဒုက္ခပေးတဲ့နေရာမှာတော့ အတူတူပဲ. . . နှစ်ကောင်စလုံး မိစ္ဆာတွေ. . . လာ. . . အတန်းရှေ့ထွက်ခဲ့"

ချမ်းကော၊ ဒီဝိုင်းပါ နှစ်ယောက်သား လက်ပိုက်ခေါင်းငုံ့လျက် အတန်းရှေ့သို့ ကုပ်ကုပ်ကလေး ထွက်လာကြ၏။

ဆရာဦးလှဆင့်က ကျူရှင်ခန်း တစ်ဖက်ဘေး မုန့်ဆိုင်ဆီလှမ်း၍

"မတင်တင်. . . ခဏလာပါဦး"

"ဟုတ်ကဲ့ ဆရာ"

ဆရာဦးလှဆင့်က ခေါ်လိုက်သောကြောင့် မတင်တင်က မုန့်ဆိုင်ကို ခဏထားခဲ့ပြီး ကျူရှင်ခန်းထဲ တလှုပ်လှုပ်တရွေ့ရွေ့ ဝင်လာ၏။ မတင်တင်က ဝလွန်းသောကြောင့် လမ်းမြန်မြန် မလျှောက်နိုင်။ သူ့ကိုယ်လုံးကြီးက တလိမ့်လိမ့်ရွေ့သည်ဆိုရုံသာ ရွေ့၏။

သူမ၏မျက်နှာမှာ ပါးစုံတွေဖောင်းကားပြီး ဝဝအစ်အစ်ဖြစ်နေသလောက် အမြဲပြုံးချိုနေသောကြောင့် ကျောင်းသားကျောင်းသူများက အလွန်ချစ်ကြခင်တွယ်ကြသည်။ ကျူရှင်မတက်ခင် သူမ၏ဆိုင်မှာ မုန့်ဝယ်စားကြရင်း သူမ၏ ဝဝအစ်အစ် ခန္ဓာကိုယ်ကြီးကိုစကြ နောက်ပြောင် ကြ၏။

အခုလည်း ချမ်းနှင့် ဒီဝိုင်းတို့နှစ်ယောက် သွားပြီး နောက်ပြောင် သောကြောင့် မတင်တင်က ဆရာဦးလှဆင့်ကို တိုင်ခြင်းဖြစ်မည်ဟု ကျောင်းသားကျောင်းသူတွေအားလုံး စိတ်ထဲကမှန်းဆ ကြည့်နေကြသည်။

www.burmeseclassic.com



မတင်တင်က အတန်းရှေ့တွင် ရပ်နေသော ချမ်းနှင့် ဒီဝိုင်းတို့ကို မြင်လျှင်မြင်ချင်း. . .

"သူတို့နှစ်ယောက်ပဲ ဆရာ. . . ကျွန်မကို နောက်တာ"

ဆရာ ဦးလှဆင့်က ချမ်းနှင့် ဒီဝိုင်းတို့ဘက် လှည့်လိုက်ပြီး. . .

"ကဲ. . . ပြောစမ်း၊ မင်းတို့နှစ်ယောက်က မတင်တင်ကို 'အစ်' မကြီး' လို့ သွားခေါ်တယ်ဆို"

ထိုစကားကြောင့် တစ်ခန်းလုံးက မတင်တင်၏ ဝဝအစ်အစ် မျက်နှာဖောင်းဖောင်းကြီးကို ကြည့်ပြီး ကျိတ်ရယ်ကြသည်။

ဒီဝိုင်း က. . .

"ကျွန်တော့်အပြစ်မဟုတ်ဘူး ဆရာ၊ ဒီကောင်. . . ချမ်းကြောင့်၊ သူက အဲသည်လို ခေါ်ရမယ်လို့ ကျွန်တော့်ကို အတင်းတိုက်တွန်းတာ ဆရာ"

ဆရာဦးလှဆင့်က ချမ်းဘက်လှည့်လိုက်၏။ ချမ်းက အလွန် ရိုကျိုးသည့် မျက်နှာအမူအယာလေးဖြင့် မျက်လုံးကို ပေကလပ်ပေကလပ် လုပ်နေ၏။ နောက် . . .

"ဒီလိုပါ ဆရာ . . . ကျွန်တော်က မြန်မာစာလုံးပေါင်းသတ်ပုံအကြောင်း ဒီကောင် သိပါစေတော့ဆိုတဲ့ စေတနာနဲ့ ပြောလိုက်တာပါ၊ ဟောဒီကောင်. . . ဒီဝိုင်းက မတင်တင်ကို 'အမကြီး'၊ 'အမကြီး'ဆိုပြီး ခေါ်လွန်းလို့ ကျွန်တော်က 'အမကြီး' ဆိုတဲ့ အသုံးအနှုန်းဟာ တိရစ္ဆာန် အထီးအမကို ခေါ်ရာရောက်ကြောင်း ရှင်းပြတာပါ"

"အင်း. . . ဆိုစမ်းပါဦး"

"ကိုယ့်ထက် အသက်ကြီးလို့ အစ်မ၊ နှမလို သဘောထားပြီး ခေါ်မယ်ဆိုရင် 'အမ'ဆိုတဲ့ သတ်ပုံက မှားပါတယ် ဆရာ၊ 'အ' ကို 'စ'သတ် အစ်မလို့

ရေးမှ သတ်ပုံအမှန်ပါ၊ ဒါကို ကျွန်တော်က စေတနာနဲ့ ဒီဝိုင်း သိပါစေတော့လို့ ရှင်းပြပြီး သတ်ပုံမှာရေးတဲ့ အသံထွက်အတိုင်း 'အစ်' မကြီး'လို့ ခေါ်ခိုင်းတာပါ၊ ဝဝအစ်အစ် မိန်းမကြီးလို့ပြောတာ မဟုတ်ပါဘူး"

မှင်သေသေဖြင့် ရှင်းပြနေသော ချမ်း၏ စကားကြောင့် တစ်ခန်းလုံး ခပ်အုပ်အုပ်ရယ်သံများ တဝေါဝေါ ထွက်ပေါ်လာ၏။ ဆရာဦးလှဆင့် ကိုယ်တိုင် စိတ်ထဲက ရယ်ချင်သလို ဖြစ်မိသော်လည်း မျက်နှာထားကို တမင် ခပ်တင်းတင်း တည်ထားလိုက်ပြီး. . .

"ဩော်. . . မင်းက ငါ့ကိုတောင် လူလည်ကျချင်တာပေ့ါ. . . ဟုတ်လား"

"မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်ပြောတာ သတ်ပုံအမှန်ပါ. . . မယုံရင် မြန်မာစာဆရာကို မေးကြည့်ပါ ဆရာ"

"အေး. . . အခုတော့. . . ငါ့ရဲ့ သတ်ပုံကို မင်းတို့နှစ်ယောက်စလုံး ကိုယ်တွေ့ကြုံရပြီပေ့ါကွာ၊ လာစမ်း. . . ခွေးကောင်နှစ်ကောင်. . . ရှေ့တိုး၊ ငါက တော့ ဟောသလို. . . ဟောသလို သတ်တာကွ"

"ခွပ်. . . ခွပ်"

ဆရာဦးလှဆင့်က သူ၏ ကြီးမျှားသောလက်သီးဆုပ်ဖြင့် ချမ်းနှင့် ဒီဝိုင်းတို့နှစ်ဦး၏ ဦးခေါင်းချိုစောင်းကို ခွပ်ခနဲ ခွပ်ခနဲ မြည်အောင် ခေါက်လွှတ် လိုက်သည်။

ချမ်းကော ဒီဝိုင်းပါ မျက်နှာများ မရှုမလှ ရှုံ့မဲ့သွားကြပြီး ပူထူသွားသည့် ဦးခေါင်းကို ကမန်းကတန်း ပွတ်ကြသည်။

သူတို့ အလွန်ချစ်ကြောက်ရိုသေသော ဆရာ၏ လက်သံဖြစ်သောကြောင့် စောဒက မတက်ရဲ။ အသံထွက်၍ပင် မညည်းညူရဲ။ ကျိတ်မှိတ် ခံရ၏။

ဆရာ ဦးလှဆင့်က. . .

www.burmeseclassic.com


"ကဲ. . . မတင်တင်၊ ဆရာ တောင်းပန်ပါတယ်ကွယ်. . . ဆရာ့ တပည့်တွေကို ဆရာ ဆုံးမပါ့မယ်၊ နောက်ကို ဒီလိုမဖြစ်စေရပါဘူး၊ ကဲ. . . ဟိုနှစ်ကောင်. . "

ချမ်းကော၊ ဒီဝိုင်းပါ မတင်တင်ကို ကမန်းကတန်း တောင်းပန်ကြသည်။ မတင်တင် ပြန်သွားသောအခါ ဆရာဦးလှဆင့်က သူတို့နှစ် ယောက်ဘက် လှည့်ပြီး. . .

"ခွေးကောင် နှစ်ကောင်၊ မင်းတို့ကို အတန်းထဲမှာ စာတော်တာက လွဲပြီး ကျန်တာ ဘယ်နေရာမှာမှ အလစ်ပေးလို့မရဘူး. . . လစ်တာနဲ့ ပြဿနာရှာတဲ့ကောင်တွေ၊ အတန်းထဲမှာ ဟိုလူ့ကို နောက်လိုက်၊ ဒီလူ့ကိုပြောင်လိုက်နဲ့ . . . ပြီးရင် အချင်းချင်းလဲ ချောက်တွန်းကြသေးတယ်၊ သွား. . . ကိုယ့်နေရာ ကိုယ်ပြန်. . . စာကျက်ကြ၊ အခုလာမယ့် လပတ်စာမေးပွဲမှာ အမှတ် ၉၀ မကျော်လို့ကတော့ မင်းတို့ကို ငါ့ကျူရှင်က ထုတ်ပစ်မယ်. . . နားလည်လား၊ အဲဒါ မင်းတို့အတွက် ဒဏ်ပေးတာပဲ၊ ကဲ. . . သွားတော့"

ချမ်းနှင့် ဒီဝိုင်းတို့ သူတို့နေရာ သူတို့ ပြန်ထိုင်ပြီးသောအခါ ဆရာဦးလှဆင့်က တစ်တန်းလုံးကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီး ပြောသည်။

"ကဲ. . . တပည့်တို့အားလုံး သိကြတဲ့အတိုင်းပဲ. . . ဆရာ ဟောဒီ ကျူရှင်ကို တည်ထောင်ထားတဲ့ ရည်ရွယ်ချက်ကိုက တကယ့် စာသင်ကျောင်း ကြီးတွေလောက် မတတ်နိုင်သည့်တိုင်အောင် ကိုယ်တတ်နိုင်တဲ့ တစ်ဒေါင့် တစ်နေရာကနေပြီးတော့ ထူးလည်းထူးချွန်၊ လိမ်လည်း လိမ္မာတဲ့ ကျောင်းသား ကောင်းလေးတွေ ပျိုးထောင်မွေးထုတ်ပေးချင်လို့ပဲ"

ဆရာက စကားကို ခဏဖြတ်ပြီး သူ့တပည့်များကို အကဲခတ်သလို တစ်ချက် စေ့စေ့စပ်စပ် ကြည့်သည်။ နောက်. . .

www.burmeseclassic.com


"ဒါကြောင့်မို့. . . ဆရာ့ကျူရှင်မှာ ဘာသာစုံ ဆရာတွေ အချိန်ပြည့် သင်ကြားဖို့ ငှားပေးထားတယ်၊ စာသင်ချိန် မရှိတဲ့ရက်တွေမှာ စာကျက်ချိန် သတ်မှတ်ပေးထားပြီး မင်းတို့ကိုကူညီဖို့ စာကျက်အကူ (Study Guide) တွေလဲ စီစဉ်ထားပေးတယ်၊ ကဲ. . . မင်းတို့ဘက်ကကော ဆရာ့ စေတနာကို တုံ့ပြန်တဲ့အနေနဲ့ စာကြိုးစားဖို့ ဆန္ဒမရှိကြဘူးလားကွာ"

"ကြိုးစားပါ့မယ် ဆရာ"

ကျောင်းသားအားလုံးက တစ်ပြိုင်တည်း ဖြေလိုက်ကြသောကြောင့် ဆရာဦးလှဆင့် ကြည်နူးကျေနပ်စွာ ပြုံး၏။ ထို့နောက်. . . လေသံ ချိုချိုအေးအေးဖြင့်. . .

"အေး. . . စာလည်းကြိုးစားကြ၊ စည်းကမ်းကိုလည်း ရိုသေကြ၊ ကိုယ့်ကြောင့် ဒီကျောင်းရဲ့ သိက္ခာမကျစေနဲ့. . . ကြားလား၊ ဟောဒီကျောင်းဟာ မင်းတို့အားလုံး ပိုင်တဲ့ကျောင်းပဲ"

ဒီဝိုင်းက ချမ်းဘက်သို့ ကိုယ်ကို တိုးကပ်ရွှေ့ရင်း ခပ်တိုးတိုးပြော၏။

"ဒါဆို. . . ဒီကျောင်းကြီးကို ငါတို့အားလုံး ရောင်းစားလိုက်ကြရင် မကောင်းဘူးလား"

ချမ်းက တစ်ချက်ကျိတ်ရယ်လိုက်ရင်း. . .

"တိရစ္ဆာန်ကောင်. . . မင်းကျက်သရေမရှိတဲ့ ပါးစပ်ကြီးနဲ့ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့. . . ဆရာ သိသွားရင် ထပ်ပြီး အဆော်ခံနေရဦးမယ်"

"အေးကွာ. . . ဗေဒင်ကတော့ ငါ့ကို ဟောထားသား. . . ငါ့ဂြိုဟ်သက်က ရာဟုထဲ ဝင်နေတယ်တဲ့၊ ဒုက္ခများလိမ့်မယ်တဲ့၊ အဲ့ဒါကြောင့် ဆရာ့အရိုက် ခံရတာ၊ ကျွတ်. . . ကျွတ်"

"သေလိုက်ပါလားကွ၊ မင်းအရိုက်ခံရတာ ဂြိုဟ်သက်က ရာဟုထဲ ဝင်

www.burmeseclassic.com


လို့လဲ မဟုတ်ဘူး၊ ခြုံထဲဝင်လို့လဲ မဟုတ်ဘူး၊ မင်းပါးစပ်ကြီးကိုက အငြိမ်မနေလို့ အရိုက်ခံရတာ”

ချမ်းက သွားကိုစေ့ထားပြီး လေသံဖြင့် ခပ်တိုးတိုးပြော၏။ ဒီဝိုင်းက ချမ်းဘက်ကိုလှည့်ကာ မျက်လုံးပြူးကြည့်ရင်း. . .

‘အောင်မာ. . . ငါ့အပြစ်ချည်းပဲလား၊ မတင်တင်ကို အဲသည်လို ခေါ်ဖြစ်အောင် ဘယ်သူမြှောက်ပေးတာလဲ၊ မင်းပဲ ချောက်တွန်းတာမဟုတ်လားကွ. . . ချမ်း၊ မင်းအပြစ်လဲပါတယ်”

ချမ်းက ဆရာဦးလှဆင့် မမြင်အောင် စာရေးစားပွဲခုံအောက်မှ ခြေထောက်ဖြင့် ဒီဝိုင်းဘက်ကို လှမ်းကန်ရင်း. . .

“ဩော်. . . မနေ့က လက်ဖက်ရည်ဆိုင်မှာ မင်း ငါ့ကို ချောက် တွန်းခဲ့တာကျတော့ကော. . . မင်း မေ့သွားပြီလား ဒီဝိုင်း”

ချမ်း၏စကားကြောင့် မနေ့ကအဖြစ်အပျက်ကို ပြန်တွေးမိပြီး ဒီဝိုင်း မျက်ဝန်းတွေ ပြုံးရယ်လက်ပလာ၏။

မနေ့က. . . ။

❐

www.burmeseclassic.com

# ၁

❐

လက်ဖက်ရည်ဆိုင်ထဲတွင် ဒီဝိုင်း ထိုင်နေသောစားပွဲအပြင် တခြားဝိုင်း နှစ်ဝိုင်းသုံးဝိုင်းသာ ရှိ၏။

ဒီဝိုင်းက လက်မှ လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ ညနေ သုံးနာရီသာ ရှိသေးသည်ကို တွေ့ရ၏။

"ဟင်. . . မဖြစ်နိုင်ပါဘူး"

ငါ အိမ်က ထွက်လာတုန်းကတောင် သုံးနာရီ ရှိနေပြီပဲ. . .

သေသေချာချာ ကြည့်လိုက်သောအခါ သူ့နာရီ ရပ်နေသည်ကို တွေ့ရ၏။

"ဒုက္ခပါပဲ၊ ဘယ်နှစ်နာရီတောင် ရှိနေပြီလဲမသိဘူး၊ ကျုရှင်တော့ နောက်ကျတော့မှာပဲ. . . ဟိုကောင်. . . ချမ်း ကလဲ ခုထိမလာသေးဘူး"

www.burmeseclassic.com


သည်နေ့ စာသင်ချိန်က ဆရာဦးလှဆင့်၏ ဘာသာဖြစ်သောကြောင့် နောက်မကျချင်။ ဆရာက အတန်းထဲသို့ နောက်ကျပြီးမှဝင်သည်ကို မကြိုက်။ ပြင်းပြင်းထန်ထန် အပြစ်ပေးတတ်သည်။

အပြစ်ပေးခံရမည်ကို သိပ်စိုးရိမ်ခြင်းမရှိသော်လည်း၊ ဆရာ့စေတနာကို အစွန်းအကွက်ဖြစ်အောင် လုပ်လိုက်မိသလို ဖြစ်သွားမှာ စိုးရိမ်သည်။

နောက်တစ်ချက်က. . . ရူပဗေဒဘာသာရပ်အတွက် စာကျက် အကူ (Study Guide)အဖြစ် သူ့ကိုယ်သူ ခန့်ထားသော ကျူရှင်စာရေး လှမောင်မောင်ညွန့်နှင့် ပြဿနာတက်ရမည်။

လှမောင်မောင်ညွန့်က ပြီးခဲ့သည့်နှစ်က ဆယ်တန်းစာမေးပွဲ ဖြေဆိုထားပြီး (အောင်စာရင်းမထွက်သေးသော်လည်း) သူ့ကိုယ်သူ ငါးဘာသာ ဂုဏ်ထူးပါမည်ဟု သေချာပေါက် သတ်မှတ်ကာ လူကြားသူကြားထဲတွင် ခပ်တည်တည် ကြွားဝါတတ်သူဖြစ်၏။

ဆရာက သူ့ကို ကျူရှင်စာရေးအဖြစ်သာ ခန့်ထားသော်လည်း သူက သူ စာတော်လွန်းသောကြောင့် ကျောင်းသားများအတွက် စာကျက်အကူ (Study Guide)အဖြစ် မကြာခင် ခန့်အပ်လိမ့်မည်ဟု ကျိတ်ပြီး ယူဆနေသည်။

စာကျက်ချိန်များတွင် (Study Guide)အဖြစ် တာဝန်ယူသော မဟာသိပ္ပံနည်းပြများ မလာနိုင်၍ ပျက်ကွက်သည့်အခါများတွင် သူက ခပ်တည်တည်ဖြင့်. . .

"ဒီနေ့. . . မင်းတို့ရဲ့ (Study Guide)မလာနိုင်လို့ သူ့ကိုယ်စား ငါက ဝင်သင်ပေးဖို့ တာဝန်ရှိတယ်"

ဟု ပြောကာ စင်ပေါ်တက်ပြီး ဟန်တစ်လုံး၊ ပန်တစ်လုံးဖြင့် သင်တတ်သည်။

ကျောင်းသားအားလုံးက သူ့ကို အမြင်ကတ်သော်လည်း ဆရာ ဦးလှ

ဆင့် စိတ်မချမ်းသာဖြစ်မည်စိုး၍ ဘယ်သူမှ မတိုင်ကြ။ သူ့ကို ရယ်စရာ တစ်ခုလိုသာ သဘောထားကြသည်။

လှမောင်မောင်ညွှန့်က ချမ်း နှင့် ဒီဝိုင်းကို လုံးဝကြည့်မရ။

"အလကား. . . သူတို့ကိုယ်သူတို့ စာတော်တယ်ဆိုပြီး ထင်ရာစိုင်း နေတဲ့ကောင်တွေ၊ ဒီကောင်တွေ ငါ့လောက် တော်လို့လား"

ဟု ကွယ်ရာတွင် မဆီမဆိုင် ပုတ်ခတ်အသားယူပြောတတ်၏။ ပြဿနာ တစ်ခုခုဖြစ်လျှင် ချဲ့ကား၍ ဆရာဦးလှဆင့်ကို တိုင်ကြားတတ်သည်။

ဆရာ စိတ်အနှောင့်အယှက်ဖြစ်မည်စိုးသောကြောင့် ချမ်းနှင့် ဒီဝိုင်း က လှမောင်မောင်ညွှန့်ကို ဝေးဝေးက ရှောင်၏။

သည်နေ့ လှမောင်မောင်ညွှန့် အတန်းစောင့်မည့် အချိန်ဖြစ်သောကြောင့် သူတို့နောက်ကျနေလျှင် ပြဿနာတက်နိုင်သည်။

"ဟိုကောင် 'ချမ်း'ကလဲ ဒီနေ့မှ နောက်ကျနေလိုက်တာ. . . ခွေးမသား"

လက်ဖက်ရည်ဆိုင်ထဲတွင် ချမ်းကို စောင့်ရင်း ဒီဝိုင်းတစ်ယောက်တည်း စိတ်တိုနေ၏။

ရေနွေးကြမ်းကို ငှဲ့ရင်း ဒီဝိုင်း၏ မျက်လုံးအစုံက တစ်ဖက်ဝိုင်းသို့ ရောက်သွားသည်။

ဘာရယ်မဟုတ်ဘဲ သူ့စိတ်ထဲတွင် တိတ်တခိုး ပြုံးမိလေသည်။

တစ်ဖက်ဝိုင်းတွင် အသက်ငါးဆယ်ခန့်အရွယ်ရှိ စုံတွဲတစ်တွဲ ထိုင်နေ၏။ လင်မယားတော့ ဟုတ်ပုံမရ။ ချစ်သူတွေ ဖြစ်ကြမည် ထင်သည်။

"အင်း. . . ငယ်ရည်းစားတွေ ပြန်ဆုံဆည်းတာ ထင်ပါရဲ့"

ဟု ဒီဝိုင်း တွေးမိ၏။

www.burmeseclassic.com


အမျိုးသားကြီးက ထိပ်အနည်းငယ် ပြောင်စပြုပြီ။ ဗိုက်ရွဲရွဲ။ စပို့ရှပ်နှင့် ဘောင်းဘီရှည်ကို ဝတ်ထားသောကြောင့် လူကြီးပုံ သိပ်မပေါက်လှ။

အမျိုးသမီးကြီးကတော့ ဝဝဖိုင့်ဖိုင့်၊ မေးစေ့နှစ်ထပ်နှင့် ပါတိတ်ဝမ်းဆက် လက်ပြတ်ခါးတိုအင်္ကျီကို ဝတ်ထားသောကြောင့် ထမီဘေး အထက်တွင် ဗိုက်ခေါက်သား အရစ်လိုက်ပေါ်နေ၏။ ဆံပင်တိုတိုကို ခေတ်မီပုံသွင်း အလှပြင်ထားပြီး ရွှေလက်ကောက်များကို ကျောက်ပတ်တီး စီးသကဲ့သို့ ဝတ်ထား၏။ သူမက. . .

ဗိုက်ရွဲရွဲ ပုဂ္ဂိုလ်ကြီးထက် အနည်းငယ် အသက်ပိုကြီးပုံပေါ်သည်။

"မောင်လေး. . . ဘာငိုင်နေတာလဲ၊ လက်ဖက်ရည်သောက်လေ"

ပြောပြောဆိုဆိုနှင့် လက်ဖက်ရည်ခွက်ကို တယုတယ ဇွန်းဖြင့်မွှေပေးနေသည်။

"ဟုတ်ပါရဲ့. . . ကျွန်တော်ကလဲ မမနဲ့ တွေ့ရတာနဲ့ အားလုံးကို မေ့ကုန်တော့တာပဲ. . . ဟဲ. . . ဟဲ"

"ဟင်း. . . မောင်လေးနော်. . . သိပ်ပိုတာပဲ"

သူတို့နှစ်ယောက်ကိုကြည့်ပြီး ဒီဝိုင်း ရယ်ချင်လာ၏။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်လုံး လူရှင်းပြီး တိတ်ဆိတ်နေသောကြောင့် သူတို့နှစ်ယောက် အပြန်အလှန် ပြောဆိုနေကြသောစကားများက တိုးသော်လည်း ပီပီသသပင် ကြားနေရ၏။

စားပွဲထိုးကလေးများကလည်း ထိုအန်ကယ်ကြီးတို့ စုံတွဲကိုကြည့်ပြီး ပြုံးစေ့စေ့ ဖြစ်နေကြသည်။ တစ်ဖက်ဝိုင်းမှ လူငယ်များကလည်း ကျိတ်ရယ်ကြ၏။ အသက် ငါးဆယ်ကျော်ခန့် အန်ကယ်ကြီးနှင့် အန်တီကြီးတို့နှစ်ယောက် အပြန်အလှန် 'မောင်လေး' နှင့် 'မမ' ခေါ်ဝေါ်ယုယနေကြပုံသည် လူငယ်များ မျက်စိထဲတွင်တော့ တစ်မျိုးဖြစ်နေ၏။

အန်တီကြီးက. . .

"မောင်လေး. . . အဲသည်လို ငိုင်မနေနဲ့ကွာ၊ စကားပြောလေ"

"ကျွန်တော်က မမ ပြောတာကိုပဲ နားထောင်နေချင်တာ"

"အို. . ."

စားပွဲထိုးလေးတစ်ယောက်က ရေနွေးအိုးများကို တိုက်ချွတ်ဆေးကျော နေရင်း 'ခစ်' ခနဲ ရယ်သည်။

ထိုအချိန်တွင် လက်ဖက်ရည်ဆိုင်ထဲသို့ ချမ်းက အပြေးအလွှား ဝင်လာ၏။ ဒီဝိုင်းက စိတ်တိုတိုဖြင့်. . .

"ခွေးမသား. . . အပုပ်ကောင်၊ ခုမှလာရသလားကွ. . . ငါစောင့် နေတာ ကြာလှပြီ"

"ဆောရီးကွာ. . . ငါ အိပ်ပျော်သွားလို့ကွ၊ နှိုးစက်သံပတ်ပေးထားဖို့ မေ့သွားတယ်၊ ဒီနေ့ကျမှကွာ. . . ကျူရှင်နောက်ကျရင်တော့ ပြဿနာပဲ၊ ဘယ်နှစ်နာရီရှိနေပြီလဲ ဒီဝိုင်း"

"ငါ့နာရီလဲ ရပ်နေတယ်ကွ၊ နေဦး. . . နေဦး"

ဒီဝိုင်းက တစ်ဖက်စားပွဲသို့ လှမ်းကြည့်လိုက်သည်။ အန်ကယ်ကြီး၏ လက်တွင် လက်ပတ်နာရီကို မြင်ရ၏။ ထို့ကြောင့်. . . ဒီဝိုင်းက. . .

"ဟေ့ကောင်. . . ချမ်း၊ ဟိုဘက်က အန်ကယ်ကြီးဆီမှာ နာရီလှမ်း မေးကြည့်ပါလား"

"ဟာ. . . ငါနဲ့မှ မသိတာ"

"ငါကြားမိတာကတော့ အဲဒီအန်ကယ်ကြီးနာမည်က ဦးမောင်လေး ဆိုလားပဲ"

ဒီဝိုင်း၏ စကားကြောင့် ချမ်းက တစ်ဖက်ဝိုင်းမှ ပြောနေသော စကားသံများဆီ အာရုံရောက်သွားသည်။ အန်ကယ်ကြီးက နူးညံ့သော အပြုံးဖြင့်. . .

www.burmeseclassic.com


"ကျွန်တော်တော့ လက်ဖက်ရည်တောင် မသောက်နိုင်တော့ဘူး ထင်တယ်၊ ရင်ထဲမှာ ပြည့်လျှံနေသလိုပဲ"

"ဟင်း. . . မောင်လေးနော်. . . စကားသိပ်တတ်နေတယ်"

ချမ်းက. . .

"ဗျို့. . . အန်ကယ်ဦးမောင်လေး. . . ဘယ်နှစ်နာရီရှိပြီလဲ"

တစ်ဆိုင်လုံး ဝါးခနဲ ရယ်မောလိုက်ကြသောကြောင့် အန်ကယ်ကြီး ရှက်သွားပြီး ဝုန်းကနဲ ထရပ်လိုက်ကာ. . .

"ဟေ့ကောင်. . . မင်းက ငါ့ကို နောက်စရာများ အောက်မေ့လို့ လား"

"ဗျာ. . . ကျွန်တော်. . . ဘာလုပ်မိလို့လဲ"

ထိုစဉ် ဒီဝိုင်းက အန်ကယ်ကြီးနှင့် ချမ်းတို့ကြားတွင် ကမန်းကတန်း ဝင်ရပ်ပြီး. . .

"ခွင့်လွှတ်ပါ အန်ကယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့် သူငယ်ချင်းက ဒါ. . . သိပ်မကောင်းလို့ပါ"

ဒီဝိုင်းက ဦးခေါင်းကို လက်ညှိုးထိုးပြီး 'ဦးနှောက်မကောင်းဘူး' ဟူသော သင်္ကေတဖြင့် လက်ဖဝါးခါပြ၏။ ချမ်းကလည်း အခြေအနေကို ရိပ်မိသွားပြီး မျက်လုံးလေး ချာလည်ချာလည် လုပ်နေသည်။

ဗိုက်ရွှဲရွှဲ အန်ကယ်ကြီးက ဒေါသတကြီးဖြင့်. . .

"တောက်၊ လူပုံစံတွေက မလောက်လေး မလောက်စားနဲ့. . . ငါ စိတ်ရှိလက်ရှိ လုပ်ရရင်တော့ သေတော့မှာဘဲ၊ ဟင်း. . . ဟင်း. . . သွား စမ်းကွာ . . . သွားကြစမ်း၊ ငါ လက်ယားနေပြီနော်"

"အန်ကယ်. . . မသန့်တာတွေ လျှောက်ကိုင်တယ်နဲ့တူတယ်၊ သဲနဲ့ နည်းနည်းပွတ်ထားလိုက်ပါလား"

ချမ်းက အူကြောင်ကြောင်ဖြင့် ဝင်ပြောသောကြောင့် အန်ကယ်ကြီး ပိုဒေါသဖြစ်သွား၏။ ချမ်း၏ မျက်နှာကို ဖြတ်ရိုက်လိုက်တော့မလို လက်ဝါးကြီးကို မြှောက်လိုက်ပြီး. . .

"ဟာ. . . ခွေးမသားလေးတွေ. . . ငါ. . . "

"ဆောရီး. . . ဆောရီး၊ ကန်တော့ အန်ကယ်. . . ကန်တော့. . . ခွင့်လွှတ်ပါ"

ချမ်းကော ဒီဝိုင်းပါ လက်အုပ်ကလေး ချီကာချီကာဖြင့် မနည်း တောင်းပန်ပြီး လက်ဖက်ရည်ဆိုင်ထဲမှ နောက်ဆုတ်နောက်ဆုတ် ထွက်လာခဲ့ကြသည်။

ဆိုင်ပြင်ရောက်သောအခါ ချမ်းက. . .

"ခွေးမသား. . . ဒီဝိုင်း အပုပ်ကောင်၊ မင်း တော်တော်ယုတ်မာတာပဲ"

"ဟုတ်တယ်လေကွာ. . . 'မာ' တယ်ဆိုတဲ့ အဓိပ္ပာယ်က သိပ်ကောင်းတာကွ၊ ကျန်းမာတာ. . . ခိုင်မာတာ. . . လိမ္မာတာ၊ အားလုံး 'မာ' တာချည်းပဲ၊ မမာရင်တော့ မကောင်းဘူးကွ၊ လူမမာကြီး ဖြစ်သွားလိမ့်မယ်"

"မာရင် မကောင်းတဲ့အရာ နှစ်မျိုးရှိတယ်ကွ၊ ပထမတစ်မျိုးက စားစရာ ထမင်းတို့၊ မုန့်တို့. . . ဒုတိယတစ်မျိုးကတော့ အတွေးအခေါ်ပဲ"

❒

www.burmeseclassic.com

## အခန်း (၂)

ကျောက်တုံးတစ်တုံးပေါ်ကို
အလင်းရောင်ကျနေတယ်. . .။
အလင်းကွယ်သွားတဲ့အခါ ကျောက်တုံးပေါ်
အမှောင်ရိပ်ကျလာမှာပဲပေါ့။
ကျောက်တုံးဟာ ဘာမှမပြောင်းလဲသွားပါဘူး။

လူတွေဟာ ကိုယ်ကောင်းမှုပြုတဲ့အခါ
တစ်လောကလုံး သိစေချင်ကြတယ်. . .။
ကိုယ်က မကောင်းမှုပြုတဲ့အခါကျတော့
တစ်လောကလုံး ဘယ်သူမှ မသိစေချင်ကြပြန်ဘူး။

လောက ကတော့ ဘာမှမပြောင်းလဲပါဘူး။
သင့်စိတ်ကသာ အလင်း-အမှောင်ကို ထွန်းညှိနေတာပါ။

www.burmeseclassic.com

# ၈

❐

မိုးစက်တွေ တဖွဲဖွဲ ရွာချနေသည်။ သစ်ပင်ကိုင်းခက်တွေ လေအဝှေ့မှာ ကိုင်းညွှတ်ယိမ်းနွဲ့နေကြသည်ကို မြင်ရ၏။ စာသင်ခန်းမခေါင်မိုးသွပ်ပြားပေါ် အုန်းလက်တို့ ထိခတ်ပွတ်တိုက်သံ တရှဲရှဲ ကြားရသည်။

ချမ်းက စာသင်ခန်းပြတင်းပေါက်မှနေ၍ မိုးစက်များကို ငေးကြည့်ရင်း တွေးနေမိသည်။ ကြည့်စမ်း. . . သဘာဝအတိုင်း ဖြစ်လာတဲ့ မိုးစက်ကလေးတွေဟာ ဘာဖြစ်လို့ လုံးဝိုင်းတဲ့ ပုံသဏ္ဌာန်ရှိနေတာလဲ ? ဒါဖြင့် ကမ္ဘာမြေကြီးကကော ဘယ်သူမှ မပြုပြင်ဘဲနဲ့ လုံးဝန်းတဲ့ ပုံသဏ္ဌာန်ဖြစ် နေရတာလဲ. . . ? နေတွေ၊ လတွေကကော ဘာဖြစ်လို့ သူ့အလိုလို လုံးဝန်းနေတာလဲ?

စကြာဝဠာကြီးအတွင်း နေကို လှည့်ပတ်နေသော ဂြိုဟ်သွားလမ်းကြောင်းတို့သည်လည်း လုံးဝန်းသည့်ပုံသဏ္ဌာန်ရှိသည်။ အသေးငယ်ဆုံး အက်တမ်တစ်ခုအတွင်းရှိ ဗဟိုဝတ်ဆံ (nucleus) ကို လှည့်ပတ်နေသည့် အီလက်ထရွန်တို့၏

www.burmeseclassic.com


လမ်းကြောင်းသည်လည်း လုံးဝန်းသည့် ပုံသဏ္ဍာန် ရှိသည်။ သတ္တဆဲလ်တစ်ခု၏ အခြေခံသည် လုံးဝန်းသော ပုံသဏ္ဍာန်ရှိသည်။

သဘာဝတရားဆိုတာ ဘာလဲ?

ဘာဖြစ်လို့ အရာရာကို လုံးဝန်းတဲ့ အခြေခံပုံသဏ္ဍာန်ရှိအောင် တည်ဆောက်ပေးထားရတာလဲ. . . ?

ကံကြမ္မာဆိုသောအရာကိုသာ မျက်စိဖြင့် မြင်တွေ့ခွင့်ရပါက ထိုအရာသည် လုံးလုံးဝန်းဝန်းပုံသဏ္ဍာန်သာ ဖြစ်လိမ့်မည်ဟု ချမ်း တွေးမိ၏။

ဘုရားရေ. . . ကံကြမ္မာဆိုတာ လောက်စာလုံးလိုဟာမျိုးကြီးလားကွယ် . . . (ကံကြမ္မာသည်သာ လောက်စာလုံးတစ်လုံးဖြစ်မည်ဆိုပါလျှင် ထိုလောက်စာလုံးဖြင့် သူ မကျေနပ်သူများ၏ နောက်စေ့ကို ပစ်ချင်ပါသည်။)

သုညသည် လုံးဝန်းနေ၏။ ထိုသုည၏ လုံးဝန်းမှုထဲတွင် အရာခပ်သိမ်း ရှိသည်။

စကြာဝဠာသည် သုညထဲမှနေ၍ ဖြစ်ပေါ်လာသည့်အကြောင်း ရူပဗေဒပညာရှင် George Gamour က အိုင်းစတိုင်းကို ပြောခဲ့သည်။ စကြာဝဠာတစ်ခုလုံး၏ စွမ်းအင် (Energy) စုစုပေါင်းတန်ဖိုးသည် သုည ဖြစ်သည်ဟု အက်ထရွိုင်ယွင် ဆိုသူက ၁၉၇၃ ခုနှစ်တွင် တွက်ချက်ပြခဲ့၏။

ချမ်းက 'သုည'ကို လေးနက်ဖြူစင်စွာ ယုံကြည်သည်။

*

ချမ်း၏ဘေးတွင် ဒီဝိုင်းက စာသင်ခန်းနံရံကို ကျောဖြင့်မှီရင်း မျက်လုံးမှိတ်ကာ နတ်ရှင်နောင်၏ ရတုတစ်ပုဒ်ကို ခပ်တိုးတိုး ရွတ်ဆိုနေသည်။

ချမ်းက. . .

"ဟော့ကောင်. . . ဒီဝိုင်း၊ မင်း ပါးစပ်က ပွစိပွစိနဲ့. . . သွားမရှိတဲ့ အဘွား ကြီး ကောက်ညှင်းပေါင်း စားနေတာကျနေတာပဲ. . . ဘာလုပ်နေတာလဲ"

"မင်း နားမလည်ရင် အသာနေစမ်းပါ ချမ်းရာ. . . ငါက နတ်ရှင်နောင် ရဲ့ ရတုကို ခံစားပြီး ဆိုကြည့်နေတာကွ"

"အောင်မာ. . . အပုပ်ကောင်၊ မင်းကများ နတ်ရှင်နောင်နဲ့ မင်းနဲ့ အဝေးကြီး. . . တူတာဆိုလို့ တစ်ချက်ပဲ ရှိတယ်"

"ဘာလဲ"

"ဖင်ကို တံကျင်လျှိုပြီး အသတ်ခံရမှာလေ"

ဒီဝိုင်းက ခပ်တိုးတိုး ဆဲလိုက်သည်။ ချမ်းက. . .

"မင်းဘာသာမင်း. . . ရတုမကလို့ ဘာချည်းပဲရွတ်ရွတ်. . . မျက်စိတော့ မှိတ်မထားနဲ့ကွ၊ ဟိုကောင်. . . လှမောင်မောင်ညွန့်လာမှာ. . . တော်ကြာ. . . စာကျက်ချိန်မှာ အိပ်နေတယ်ဆိုပြီး ပြဿနာရှာလိမ့်မယ်"

ချမ်း ပြောနေချိန်မှာပင် အတန်းထဲသို့ လှမောင်မောင်ညွန့် ဝင်လာ သည်။ သူ့တစ်ကိုယ်လုံး ပြောင်ပြောင်လက်လက်တွေ ဝတ်စားထားသောကြောင့် ဇာတ် မင်းသားနှင့် တူနေ၏။ ရွှေဆွဲကြိုးများ၊ ရွှေလက်စွပ်များ၊ ရွှေလက်ပတ် ကြိုးများကို သူ့အမေပိုက်ထဲမှာကတည်းက တစ်ပါတည်း တပ်ဆင်ပေးလိုက် သကဲ့သို့ ဝတ်လာသည်။

မျက်နှာတွင်လည်း စနိုးဟုခေါ်သော ဖြူဖတ်ဖြူရော် ပစ္စည်းများကို လည်း ယောကျ်ားတန်မယ့် မရွံ့မရှာ လိမ်းကျံသုတ်လူးထား၏။

လှမောင်မောင်ညွန့်က ချမ်းနှင့်ဒီဝိုင်းရှိရာ အတန်းထောင့်သို့ မျက်လုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက် စာသင်ခုံပေါ်သို့ တက်သည်။ လက်ထဲတွင် မြေဖြူနှင့် ဘောဖျက်ကိုကိုင်ခါ ဟန်ပါပါ ဝှေ့ယမ်းရင်း. . .

www.burmeseclassic.com


"အားလုံး သေသေချာချာ နားထောင်ကြပါ. . . အဟမ်း. . . အဟမ်း ဒီနေ့တော့ မင်းတို့ကို ငါပဲ စာသင်ပေးရဦးတော့မှာပဲ. . . အဟမ်း၊ ငါ သင်တာတွေက မြင့်လွန်းတော့ မင်းတို့ နားမလည်မှာစိုးလို့ စာမသင်ဘူးလို့ နေတာပဲ၊ ဒါပေမယ့်. . . အဟမ်း. . . အဟမ်း. . . ဆရာက ငါ့ပညာကိုပဲ စိတ်ချတာလို့ တဖွဖွ ပြောလွန်းလို့. . . အဟမ်း. . . "

လှမောင်မောင်ညွန့်ကပြောပြီး ကျောက်သင်ပုန်းထောင့်ရှိ စားပွဲပုလေးပေါ်မှ ရေတကောင်းကိုဖွင့်ကာ ရေတစ်ခွက်သောက်သည်။

ဒီဝိုင်းက ချမ်းဘက်သို့လှည့်ကာ ခပ်တိုးတိုးလေသံဖြင့်. . .

"ဒီငတိက ချောင်းခဏခဏဆိုးပြနေတယ်ကွ၊ ကြည့်ရတာ တီဘီရောဂါသည်နဲ့တူတယ်"

"ဟုတ်မယ်ကွ၊ ငါတို့ကိုပါ ကူးကုန်ရင်တော့ ဒုက္ခပါပဲ"

ထိုစဉ်. . . ရှေ့ဆုံးခုံတန်းမှ ကျောင်းသူတစ်ယောက်က ထပြီး. . .

"ဒီအချိန်ဟာ စာကျက်ချိန်ပါ. . . ကျွန်မတို့ဘာသာ ကျွန်မတို့ စာကျက်ရမယ့်ကိစ္စပဲ. . . ဘယ်သူမှ သင်စရာမလိုပါဘူး"ဟု ထပြော၏။

လှမောင်မောင်ညွန့်က ကမန်းကတန်း လက်ကာပြပြီး. . .

"မင်းတို့ စာကျက်ရတာ သက်သာအောင် ကူညီနေတာကွ၊ ငါ သင်တာကို မင်းတို့ သေသေချာချာ လိုက်နားထောင်လိုက်ရင် စာကျက်စရာမလိုဘဲနဲ့ တစ်ခါတည်း အလွတ်ရသွားမယ်"

ကျောင်းသားအားလုံးက ဝင့်ရှိသရွေ့တော့ ခံရဦးတော့မည်ဟူသော မျက်နှာထားဖြင့် သူပြောသမျှ နားထောင်နေ၏။

လှမောင်မောင်ညွန့်က စောစောကမှ သူ အလွတ်ကျက်လာသော ရူပဗေဒ ပုစ္ဆာတစ်ပုဒ်ကို ကျောက်သင်ပုန်းပေါ်တွင် တောင်ခြစ်မြောက်ခြစ်နှင့် ရှင်းပြသည်။ အာခေါင်ခြောက်လာလျှင် ရေသောက်၏။ ပြောပြန်၏။

ချမ်းက. . .

"ငါ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်ကွ၊ 'ရေအားဖြင့် လည်ပတ်ရသော လေရဟာတ်ကြီး'တဲ့၊ လက်စသတ်တော့. . . ဒီကောင့်ကို ပြောတာကိုး"

ချမ်း၏ စကားကြောင့် ဒီဝိုင်းနှင့်အတူ အနီးမှ ကျောင်းသား လေးငါးယောက်ကပါ ဝိုင်းရယ်လိုက်ကြသောကြောင့် အနည်းငယ် အသံကျယ်သွား၏။

လှမောင်မောင်ညွန့်က သူတို့ဖက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီး. . .

"ဟို. . . အတန်းထောင့်ကကောင်တွေ. . . ဘာ. . . တဟီးဟီး တဟားဟား လုပ်နေတာလဲ၊ အဲဒီလို. . . အလေလိုက်နေတဲ့ပုံမျိုးနဲ့တော့ ဆယ်တန်းအောင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး. . . နားလည်လား"

တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်သွားသည့် တခဏမှာပင် ဒီဝိုင်း၏ အသံက ထွက်လာသည်။

"မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး"

"ဘာ. . ."

လှမောင်မောင်ညွန့်က ကျောက်သင်ပုန်းဖက် မျက်နှာမူထားပြီး စာရေးရန် ပြင်နေရာမှ တစ်ကိုယ်လုံး တုန်ခါသွားသည်။ ဒေါသဖြင့်. . . 'ဘာ'ဟု ရေရွတ်ခါ ချာခနဲ လှည့်လိုက်၏။ နောက်. . .

"စောစောက စကားကို ဘယ်သူပြောတာလဲ"

"တစ်တန်းလုံး တိတ်ဆိတ်နေကြ၏။ လှမောင်မောင်ညွန့် ဒေါသ ပိုထွက်လာသည်။ အသံကုန် အော်ဟစ်ပြီး မေး၏။

"ပြောလေကွာ. . . ငါ မေးနေတယ်၊ 'မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး' လို့ ဘယ်သူ ပြောတာလဲ"

ဒီဝိုင်းက အေးအေးဆေးဆေး ဖြေညင်းစွာ မတ်တပ်ရပ်လိုက်ပြီး. .

www.burmeseclassic.com


"နပိုလီယန် ပြောတာပါခင်ဗျာ"

ထိုအဖြေကြောင့် လှမောင်မောင်ညွန့် ကြောင်သွားပြီး ဘာပြောရမည် မှန်းမသိ ဖြစ်နေစဉ်မှာပင် တစ်တန်းလုံးက ဝါးခနဲ ရယ်လိုက်ကြသည်။

လှမောင်မောင်ညွန့်က ဒေါသဖြင့် လက်ထဲမှ မြေဖြူခဲကို ဖိချိုးပစ် လိုက်ပြီး. . .

"ကျက်သရေမရှိတဲ့ကောင်တွေ. . . မင်းတို့ ငါ့ကို ပြောင်စပ်စပ် မလုပ်နဲ့ . . . ငါက မင်းတို့ နားလည်ပါစေတော့ဆိုပြီး အားကြိုးမာန်တက် သင်ပေးနေတာ၊ ဘာမှတ်သလဲ. . . ရူပဗေဒ မတတ်ရင် ခွေးဖြစ်သွားမယ်"

ချမ်းက ရိုသေစွာ လက်ပိုက်ရင်း မျက်နှာသေကလေးဖြင့် ထိုင်နေရာမှ ထ၏။ နောက်. . .

"ကျွန်တော့်အဘိုးလည်း ရူပဗေဒ မတတ်ပါဘူး၊ ဒါပေမယ့် ခွေးတော့ ဖြစ်မသွားဘူးခင်ဗျာ. . . ခုထိ အိမ်မှာ ကျန်းကျန်းမာမာပါပဲ"

လှမောင်မောင်ညွန့်က လက်ထဲမှ မြေဖြူခဲ အပိုင်းအစများကို ကြမ်းပြင်ပေါ် ပစ်ချလိုက်ပြီး ခြေထောက်ဖြင့် ဖိနင်းပစ်လိုက်၏။

"မင်းတို့နှစ်ကောင်. . . သိမယ်"

ခြေသံပြင်းပြင်းနင်းပြီး အတန်းထဲမှ ထွက်သွားသည်။

ချမ်းနှင့် ဒီဝိုင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ ဒီဝိုင်းက သူ့ညာဖက်လက်ဖဝါးကို ထောင်လိုက်သည်။ ချမ်းကလည်း ညာဘက် လက်ကို မြှောက်ကာ သူတို့နှစ်ဦးသား လက်ဖဝါးချင်း 'ဖြန်း'ခနဲ ရိုက်လိုက်ကြ၏။

❒

www.burmeseclassic.com

# ၁

- ရေခွက်တစ်ခွက်ရဲ့ အသုံးဝင်မှုဟာ ဘယ်အပေါ်မှာ မူတည်သလဲ?
- ရေခွက်ရဲ့ အပြင်နံရံပေါ်မှာ ချယ်သထားတဲ့ ကနုတ် ပန်းတွေအပေါ်မှာလား? အနားကွပ်ထားတဲ့ ရွှေစင် ရွှေသားတွေရဲ့ တန်ဖိုးပေါ်မှာလား?

  ဒါမှမဟုတ်. . .
- ရေခွက်ရဲ့အတွင်းက လစ်ဟာနေတဲ့ ဗဟာဟင်းလင်း ဖြစ်မှုအပေါ်မှာလား?

www.burmeseclassic.com


ရွှေကွပ်ကာ ကနုတ်ပန်းပြောက်များ စီခြယ်ထားသော ရေခွက်တစ်ခွက် ရှိသည်။ ထိုခွက်၏အတွင်းသို့ သဲများ အပြည့်ဖြည့်လိုက်သောအခါ ရေခွက်အဖြစ် အသုံးပြု၍ မရတော့။ တစ်စုံတစ်ရာကို ခပ်ယူဖို့ရန် မဖြစ်နိုင်တော့။

ရေခွက်၏ အနှစ်သာရသည် အတွင်း၌ ဗလာဟင်းလင်းစင်ကြယ် လစ်ဟာ နေခြင်းသာ ဖြစ်၏။

လူတွင် အပြင်အခွံနှင့် အတွင်းကိုယ်ထည်တို့ ရှိသည်။ လူအတော်များများသည် အပြင်အခွံကို ရွှေချဖို့ရန် ကြိုးပမ်းနေကြ၏။

●

ဒီဝိုင်းက စာသင်ခန်းအဝ ရေအိုးစင်ပေါ်မှ ရေခွက်ကိုကြည့်ရင်း တွေးနေမိ၏။

ကိုယ်ခန္ဓာ အပြင်ခွံကို ရွှေချထားပြီး အတွင်းမှာ အတ္တသဲမှုန် အမှိုက်များဖြင့် ပြည့်နေသည့် လူများကို သူက 'အခေါင်းပိတ်လူသားများ' ဟု အမည်ပေးထားသည်။

(သူကိုယ်တိုင်ကတော့ ဗလာဟင်းလင်း စင်ကြယ်နေသည့် ရေခွက်တစ်ခွက်ဖြစ်ရန်သာ အလိုရှိသူတစ်ဦး ဖြစ်သည်)

'တန်ဖိုးအစစ်ဆိုသည်မှာ ဗလာဟင်းလင်းဖြစ်ခြင်းသာ' ဖြစ်သည် ဟု သူ အခိုင်အမာ ယုံကြည်ထား၏။

ဒီဝိုင်းက သောက်ရေခွက်ကို ငေးကြည့်နေရာမှ သူ့အကြည့်ကို ဆရာဦးလှဆင့်ဆီ ရွှေ့လိုက်သည်။ ဆရာက ခေါင်းတညိတ်ညိတ်လုပ်ရင်း လှမောင်မောင်ညွှန့် ပြောသမျှကို စိတ်မသက်သာသော မျက်နှာထားဖြင့် နားထောင်နေ၏။

လှမောင်မောင်ညွန့် စကားဆုံးသည့်အခါ ဆရာက အတန်ကြာအောင် ငြိမ်သက်စဉ်းစားနေပြီး. . .

"ဒီကိစ္စမှာ ဘယ်သူမှားပြီး ဘယ်သူမှန်တယ်လို့ ဆရာ မဆုံးဖြတ်ချင်ဘူး။ ဆရာ့ဆန္ဒကတော့ကွာ. . . ဒီကျောင်းမှာ အားလုံးတစ်ယောက်နဲ့ တစ်ယောက် ညီအစ်ကိုမောင်နှမတွေလို ချစ်ချစ်ခင်ခင် ရှိကြတာပဲ ဖြစ်ချင်တယ်။ ဒီတော့. . ."

ဆရာက စကားကို ဖြတ်ထားပြီး ဒီဝိုင်းနှင့် ချမ်းတို့ကို စိုက်ကြည့်သည်။ နူးညံ့သောအကြည့်သည် မီးခိုရောင်မှိုင်းနေ၏။

စာသင်ခန်းအပြင်တွင် မိုးစက်တို့ကြွေကျနေသံ တဖြောက်ဖြောက် ကြားရ သည်။ လေငွေ့သည် အေးမြနေ၏။

ဆရာက. . .

"ဒီတော့. . . ချမ်းနဲ့ ဒီဝိုင်းက တောင်းပန်လိုက်စေချင်တယ်၊ ကဲ. . . ဘယ်လိုလဲ သားတို့. . . ဆရာပြောတဲ့စကားကို နားထောင်မှာလား"

ချမ်းနှင့် ဒီဝိုင်း ပြိုင်တူခေါင်းညိတ်သည်။

"နားထောင်ပါ့မယ် ဆရာ"

"လှမောင်မောင်ညွန့်ကို ကျွန်တော်တို့ တောင်းပန်လိုက်ပါ့မယ် ဆရာ"

ဆရာ့ဘေးတွင် ထိုင်နေသော လှမောင်မောင်ညွန့်၏ မျက်နှာက ရုတ်တရက် တင်းမာသွားပြီး. . .

"ဒီလို တောင်းပန်တယ်ပြောရုံနဲ့တော့ ကျွန်တော် မကျေနပ်ဘူး ဆရာ၊ ကျွန်တော့်ကို ကန်တော့ပြီး တောင်းပန်မှ ကျေနပ်မယ်"

ဘေးမှ ရပ်ကြည့်နေကြသော ကျောင်းသားများက 'ဟာ. . .'ခနဲ ရေရွတ် လိုက်ကြသည်။ အားလုံးက. . .

www.burmeseclassic.com


"ဘာဖြစ်လို့ ကန်တော့ရမှာလဲ. . . အဓိပ္ပာယ်မရှိတာ"

"ရွယ်တူချင်းပဲ. . . ကန်တော့စရာ မလိုပါဘူးကွာ"

"ဒီကောင် သက်သက်ညစ်ပတ်တာကွ၊ ဟော့ကောင်တွေ မကန်တော့နဲ့ကွာ"

လှမောင်မောင်ညွန့်ကို စာမသင်ဖို့ ထပြီးကန့်ကွက်ခဲ့သော ကျောင်းသူက ရှေ့သို့ တိုးထွက်လာသည်။

"ဆရာ. . . သမီး တစ်ခုပြောပါရစေ"

"ပြောလေ. . . အိမ၊ သမီး ဘာပြောချင်လို့လဲ"

သူမ၏ နာမည်ရင်းက အိအိခိုင် ဖြစ်သော်လည်း မိဘများနှင့် သူငယ်ချင်းများအားလုံးက 'အိမ'ဟု ခေါ်ကြသောကြောင့် ဆရာကိုယ်တိုင်က သည်နာမည်ကို နှုတ်ကျိုးနေသည်။

အိအိခိုင်က. . .

"အဲဒီကိစ္စမဖြစ်ခင် ကျွန်မ. . . ကိုလှမောင်မောင်ညွန့်ကို တားပါသေးတယ် ဆရာ၊ တကယ်ဆို သူ့မှာ ကျွန်မတို့ကို စာသင်ဖို့ ဘာအခွင့်အရေးမှ မရှိဘူး. . . သူ့ဘာသာသူ. . . "

"အိမ. . . နေ. . . နေ၊ ဒေါသမထွက်နဲ့၊ ငါ ပြောမယ်"

အိအိခိုင်က ပြောရင်းနှင့် ဒေါသသံပါလာသောကြောင့် ချမ်းက ဝင်တားလိုက်သည်။ သူ့မျက်နှာက ပြုံးစေ့စေ့ ပြောင်ချော်ချော် ဖြစ်နေ၏။ လှမောင်မောင်ညွန့်ကို စိတ်ဆိုးသည့် အမူအယာ လုံးဝမတွေ့ရ။

ချမ်းက. . . ဆရာ့ဘက်လှည့်ပြီး. . .

"ကိစ္စမရှိပါဘူး ဆရာ၊ အကန်တော့ခံချင်တယ်ဆိုရင်လဲ ကျွန်တော်တို့ ကန်တော့ပြီး တောင်းပန်လိုက်ရုံပေါ့၊ ဟုတ်တယ် မဟုတ်လား ဒီဝိုင်း"

ဒီဝိုင်းက ပခုံးကို တစ်ချက်တွန့်ပြပြီး အဝေးသို့ ငေးနေ၏။ သူက ဘာကိုမှ စိတ်ဝင်တစား မရှိပုံမျိုး. . .။

ဆရာကတော့ သူတို့နှစ်ယောက်ကိုကြည့်ကာ သက်ပြင်းတစ်ချက်ချပြီး ခေါင်းကိုကုတ်၏။ စာသင်ချိန်ပြီးဆုံးပြီ ဖြစ်သောကြောင့် ဆရာ့ကို ခွင့်တောင်းပြီး သူတို့ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြသည်။

အိအိခိုင်နှင့် အခြားသူငယ်ချင်းနှစ်ယောက်ကပါ အတူလိုက်လာကြ၏။ လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ သကြားပလာတာ သုံးချပ်မှာပြီး ငါး ယောက်သား အတူဝေစားကြသည်။

အစားအသောက် နည်းနည်းပါးပါးကို သူငယ်ချင်းတွေ အလုအယက် စားရသည်မှာ ပျော်စရာကောင်းသည်။ ချမ်းက စောစောက ကိစ္စကို သတိမရ တော့သလို ရယ်စရာမောစရာတွေ လျှောက်ပြောရင်း ပလာတာကို ပလုတ် ပလောင်း စားနေ၏။

အိအိခိုင်က. . .

"နင်တို့နှစ်ယောက် လှမောင်မောင်ညွန့်ကို ကန်တော့ဖို့ သဘောတူလိုက် တာ မှားတယ်လို့ ငါတော့ထင်တယ်၊ အဲဒီကောင်က သူ့ဖက်က အသာစီးရပြီဆိုရင် နင်တို့ကို ညှာမှာမဟုတ်ဘူး။ ရေရေလည်လည် ပညာပြလိမ့်မယ်. . . သိလား"

ချမ်းက အရေးမကြီးသလို အမူအယာဖြင့်. . .

"အိမ ကလဲဟာ. . . ပူစရာမရှိတာ နင်က ကြံဖန်ပူနေတယ်။ ဒီ ငတိ လောက်ကို ငါက စာရင်းထဲမထည့်ဘူး၊ ဒါမျိုးတွေ ရိုးနေပြီ၊ ဟောဒီမှာကြည့် စမ်း. . . တွေ့လား"

ပြောပြောဆိုဆိုနှင့် ချမ်းက ပါးစပ်ဟပြီး အံသွားကို လက်ညှိုး ထိုးပြ၏။ အိအိခိုင်က ချမ်း ပါးစပ်ထဲသို့ မျက်လုံးပြူးကြည့်ရင်း. . .

www.burmeseclassic.com


“အင်း. . . ပါးစောင်ထဲမှာ ပလာတာတွေကျန်သေးတယ်”

“ဟာ. . . အဲဒါပြတာမဟုတ်ဘူး၊ အံတိုနေပြီလို့ ပြောချင်တာ”

“သြော်. . . သြော်”

ချမ်း စိတ်ညစ်သွား၏။ အိအိခိုင်က တစ်ချိန်လုံး ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ပလာတာကိုသာ အားပါးတရ စားနေသည့် ဒီဝိုင်းဘက်သို့ လှည့်ကြည့်ကာ. . .

“နင်ကော. . . လှမောင်မောင်ညွန့် ဒီလိုလုပ်တဲ့ကိစ္စကို ဘယ်လို မြင်သလဲ”

ဒီဝိုင်းက ရေနွေးတစ်ခွက်ငှဲ့သောက်လိုက်ပြီး. . .

“နင့်ကိုလည်း ငါက ပြန်မေးရဦးမယ်. . အိမ၊ ကောင်းကင်ဟာ ဘာအရောင်ရှိသလဲ”

“အပြာရောင်ပေါ့ဟ”

“မှားတယ်. . . အနက်ရောင်”

အိအိခိုင်က နှာခေါင်းကို ရှုံ့ရင်း ပေါက်ကရတွေဟု ရေရွတ်၏။ ဒီဝိုင်းက ပြုံးသည်။ ထို့နောက်. . .

“ငါ တကယ်ပြောတာဟ. . . ကောင်းကင်ဟာ အပြာရောင်ရှိတယ်လို့ နင်က ဆုံးဖြတ်တာဟာ. . . ကမ္ဘာမြေပေါ်ကကြည့်ပြီး ဆုံးဖြတ်တာ၊ လမျက်နှာပြင်ပေါ်ကနေ လှမ်းကြည့်ရင် ကောင်းကင်ဟာ အနက်ရောင် ဖြစ်နေတာတွေ့ရမယ်”

ဒီဝိုင်း၏ စကားကြောင့် အိအိခိုင်က တွေဝေသွားပြီး နားမလည်သလို ပြန်ငေးကြည့်နေသည်။ ဒီဝိုင်းက. . .

“ငါတို့က ကောင်းကင်လို့ မြင်နေတဲ့အရာဟာ တကယ်တော့ အလင်း

သက်သက်ပဲ၊ အလင်းထဲမှာ ခရမ်းရောင်၊ မဲနယ်ရောင်၊ အပြာရောင်ကစပြီး လိမ္မော်ရောင်၊ အနီရောင်အထိ အရောင်ခုနစ်မျိုး ပါတာတော့ နင်သိတယ် မဟုတ်လား"

"သိသားပဲ. . . အဲဒါ ဘာဖြစ်လဲ"

"ကမ္ဘာမြေကို လွှမ်းထားတဲ့ လေထုထဲမှာ အပြန့်ကျဲနိုင်ဆုံးအလင်းက အပြာရောင်အလင်းပဲ၊ ဒါကြောင့် ကမ္ဘာမြေပေါ်ကနေ မော့ကြည့်ရင် အပြာရောင် ကောင်းကင်ကို မြင်ရတာ"

လပေါ်မှာကျတော့ လေထုမရှိဘူးလေ၊ ဒါကြောင့် လမျက်နှာပြင်ပေါ် ကနေကြည့်ရင် ကောင်းကင်ဟာ အနက်ရောင် ဖြစ်နေတာပေါ့"

အိအိခိုင်က ပြုံးစေ့စေ့ဖြင့် ပြောနေသော ဒီဝိုင်း၏ မျက်နှာကို စိတ်မရှည် စွာ ကြည့်ရင်း နှုတ်ခမ်းကိုမဲ့ကာ. . .

"နင်ဟာလေ. . . သိပ်ဆရာကြီးလုပ်တာပဲ ဒီဝိုင်း၊ ငါမေးတာက တစ်မျိုး၊ နင်ဖြေတာက တစ်မျိုး"

ဒီဝိုင်းက ခပ်တိုးတိုး လေချွန်လိုက်ပြီး. . .

"နင့်အမေးကို ငါဖြေနေတာပဲလေ၊ လှမောင်မောင်ညွှန့်ကို ဝေဖန်စရာ ဘာအကြောင်းမှမရှိဘူး၊ လူဆိုတာ ကိုယ့်အပေါ်မှာ ဖုံးလွှမ်းထားတဲ့ လေထုကို ပဲမြင်ရတာ၊ ကိုယ့်အတွက်ကိုပဲ ကိုယ်ပြန်မြင်ရတာ၊ အားလုံးဟာ ကောင်းကင်ကို ကိုယ့်ရှုထောင့်ကနေ ကိုယ်ကြည့်နေကြတာပဲ မဟုတ်လား။

သူ့စကားအဆုံးတွင် မည်သူမျှ စကားမပြောဖြစ်ကြ။ တိတ်ဆိတ်နေကြ ၏။ ဟိုး. . . အဝေး မိုးမခပင်၏ စိမ်းလဲ့ညွတ်ကိုင်းသော အရွက်အခက်တွေ ကြားမှာ အေးမြသောအရိပ်တို့ ခိုနားနေလေသည်။

ဒီဝိုင်းက သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးလေချွန်နေ၏။ သူ လေချွန်နေ

www.burmeseclassic.com


သောသံစဉ်မှာ မိုက်ကယ်ဂရင်း၏ SERENA ဟူသည့် သီချင်းတေးသွားဖြစ်သည်။ SERENA ဆိုသည်မှာ လက်တင်ဘာသာစကားအားဖြင့် 'အားလုံးငြိမ်းချမ်းကြစေ'ဟု အဓိပ္ပာယ်ရလေသည်။

လက်ဖက်ရည်ဆိုင်ထဲမှအထွက်တွင် ရွှတ်နောက်နောက် ပြောင်ချော်ချော် လုပ်နေသော ချမ်းကိုကြည့်၍ ဒီဝိုင်းက တိုးတိုးကပ်ကပ် မေးသည်။

"ဟော့ကောင်. . . ချမ်း၊ ဇကန္တ. . . မင်းမှာ အကြံအစည်တစ်ခုခု ရှိနေပြီနဲ့ တူတယ်. . . ဟုတ်လား"

"ဒါပေါ့ကွ. . . လှမောင်မောင်ညွန့်ကို ငါတို့က ဒီအတိုင်း ဗလာသက်သက် ထိုင်ကန်တော့လိုက်ရမှာလား. . . ဒီမှာ ငါ့ခေါင်းကို ကြည့်စမ်း၊ သူများထက် နည်းနည်း ပိုကြီးမနေဘူးလား"

"အေး. . . ဟုတ်တယ်၊ ပိုကြီးနေသလိုပဲ. . . ဘာဖြစ်လို့လဲ. . . ချောင်းပြီး အရိုက်ခံထားရတာလား"

"တော်တော်ခက်တဲ့ကောင်ပဲကွာ. . . ငါ့ဦးနှောက်က အကြံကောင်း ဉာဏ်ကောင်းတွေ ထွက်လွန်းလို့ ခေါင်းက သူများထက် ပိုကြီးနေတာကွ၊ ဒီမှာ . . . ဟော့ကောင် မနက်ဖြန်ကျရင် ငါ ပြောသလိုလုပ်"

"အင်း. . . ဆိုစမ်းပါဦး"

စကားဝါပင်ခြေရင်းတွင် အဖြူရောင်ပွင့်ဖတ်များရှိသည်။ ဆည်းဆာသည် အိပ်မက်တို့ရှိရာ ရပ်ဝန်းဒေသဆီ နားခိုရန် ပြန်တော့မည်။ ရွှေရောင်ဝတ်ဆံဝတ်မှုန်တွေ ဖြန့်ခင်းကျဲပက်ထားသလိုမျိုး ညနေအလင်း နေခြည်သည် နူးညံ့မွေးထုံနေ၏။

အလင်းဆိုသည်မှာ လှိုင်းမဟုတ်ပါ။ အမှုန်များသာ ဖြစ်ပါသည်။

❒

စာသင်ခန်းထဲသို့ ဒီဝိုင်း ဝင်ဝင်ချင်းမှာပင် ဆရာများပင်ထိုင်ရန် သတ်မှတ်ထားသော ကြိမ်ကုလားထိုင်တွင် ခြေတစ်ဖက်ချိတ်ကာ ထိုင်နေသည့် လှမောင်မောင်ညွန့်ကို မသတီဖွယ်ရာ တွေ့လိုက်ရသည်။

ဆရာ ဦးလှဆင့်က. . .

ကျောင်းလခသွင်းပြီးသူများ၏ ကဒ်ပြားပေါ်တွင် လက်မှတ်ထိုးပေးနေရာမှ မော့ကြည့်ပြီး. . .

"မင်းတစ်ယောက်တည်းလားကွ. . . ဒီဝိုင်း၊ ဟိုကောင် ချမ်းကော"

"ဒီကောင် နောက်ကျလိမ့်မယ် ဆရာ၊ ဟင်း. . . ဒီကောင့်ကြောင့်တော့ ခက်ပါတယ် ဆရာရယ်. . . မပြောချင်ပါဘူး"

ဒီဝိုင်းက ပြောရင်း နှာချေလိုက်၏။ သူ အနည်းငယ် အအေးမိနေသည်။ လက်ကိုင်ပဝါထဲသို့ နှပ်ညှစ်လိုက်ရင်း. . .

"မနေ့က ကိစ္စကို သူ အရမ်းစိတ်မကောင်းဖြစ်နေတယ် ဆရာ၊ ကိုလှမောင်မောင်ညွန့်ကို စော်ကားမိလို့ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ဘူးတဲ့"

ကုလားထိုင်ပေါ်တွင် ထိုင်နေသော လှမောင်မောင်ညွန့်က 'ဒီကောင် ဘာလာနောက်နေပြန်ပြီလဲ'ဟူသည့်အကြည့်ဖြင့် မျက်စောင်းတစ်ချက် စွေကြည့်သည်။

ဒီဝိုင်းက ပြုးချင်နေသည့် သူ့နှုတ်ခမ်းများပေါ်ကို လက်ကိုင်ပဝါဖြင့် ကွယ်ကာအုပ်ရင်း နှပ်တစ်ချက်ညှစ်လိုက်ပြန်သည်။ ထို့နောက်. . .

"ကျွန်တော်လည်း သူ့ကို ဖြောင့်ဖျတာပါပဲ ဆရာရယ်. . . ဒါပေမယ့် မရဘူး၊ သူ ဝမ်းနည်းလွန်းလို့ဆိုပြီး ကြိုးတစ်ချောင်းကို ယူ. . . အိမ်အောက်ဆင်းသွားပြီး. . ."

"ဟင်! ဘာလဲ သူ့ကိုယ်သူ ကြိုးဆွဲချရောလား"

www.burmeseclassic.com


"ဟင့်အင်း. . . အိမ်အောက်က ကြက်ကို ကြိုးနဲ့တုပ်ပြီး သွားရောင်းတာ"

လှမောင်မောင်ညွန့်က ထိုင်နေရာမှ ဝုန်းခနဲထရပ်ပြီး. . .

'တွေ့လား ဆရာ. . . ဒီကောင် ကျွန်တော့်ကို သက်သက်လာရိုနေတာ' ဟု ဒေါသဖြင့် အော်ဟစ်ပြောသည်။ သူ့တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်နေ၏။

ဒီဝိုင်း ခပ်မြန်မြန် ဆက်ပြောလိုက်၏။

"အဲဒီ ကြက်ကို ရောင်းလို့ရတဲ့ပိုက်ဆံနဲ့ ကိုလှမောင်မောင်ညွန့်ကို ကန်တော့ဖို့ ပစ္စည်းတွေ သွားဝယ်နေပါတယ် ဆရာ. . . နည်းနည်းတော့ နောက်ကျမယ်တဲ့"

ဒီဝိုင်းက ပြုံးစေ့စေ့ဖြင့် ပြောနေစဉ်မှာပင် ကျောင်းသားတစ်ယောက်က လမ်းမဆီ လှည့်ကြည့်မိပြီး. . .

"ဟော. . . ဟိုမှာ၊ 'ချမ်း' လာနေပြီ'

ချမ်းက လက်ထဲတွင် ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်ဖြင့် ဝင်လာသည်။ ထို့နောက်. . . ဆရာ့စားပွဲပေါ်သို့ ပစ္စည်းတွေကို တစ်ခုချင်းစီ တင်လိုက်၏။

အဝါရောင် အဆင်နုနု ပုဆိုးတစ်ထည်. . . ထို့နောက် မျက်နှာလိမ်းစနိုးအလှဆီ တစ်ဗူး၊ ပေါင်ဒါ တစ်ဗူး၊ ထို့နောက်. . . သနပ်ခါးတုံး တစ်တုံးနှင့် ကျောက်ပျဉ်တစ်ချပ်. . .။

သနပ်ခါးတုံးနှင့် ကျောက်ပျဉ်ကို တစ်ချက်လှမ်းကြည့်ပြီး လှမောင်မောင်ညွန့် မျက်နှာပျက်သွားသည်။ သူတစ်စုံတစ်ရာ မပြောနိုင်ခင်မှာပင် ဒီဝိုင်းက ရုတ်တရက်ဖြတ်၍. . .

"ဟာ. . . မင်း စျေးဝယ်တာ သိပ်တော်ပါလား 'ချမ်း'၊ ကြည့်စမ်း ဒါ. . . ကိုလှမောင်မောင်ညွန့် သုံးနေကျပစ္စည်းမျိုးတွေချည်းပဲ၊ ဟုတ်တယ်နော် . . . ကဲ. . . ကိုလှမောင်မောင်ညွန့်၊ ကျွန်တော်တို့ရဲ့ စေတနာကို လက်ခံပါဗျာ"

လှမောင်မောင်ညွန့်က ဒီဝိုင်း သူ့ကို တမင်ရိနေမှန်းသိသော်လည်း လောလောဆယ်မှာပင် သူ့မျက်နှာက သနပ်ခါးအဖွေးသားနှင့် ပေါင်ဒါတွေ လူးနေလျက်သား ဖြစ်နေသောကြောင့် အောင့်သက်သက်နှင့် ငြင်းရခက်နေ၏။

ဒီဝိုင်းက သူ့လက်ကိုင်ပဝါကို စားပွဲပေါ်တင်လိုက်ပြီး. . .

"လာကွာ. . . ချမ်း၊ တို့. . . ကိုလှမောင်မောင်ညွန့်ကို ကန်တော့ပြီး တို့ရဲ့အပြစ်တွေကို ဝန်ချတောင်းပန်ရအောင်"

ချမ်းနှင့် ဒီဝိုင်းတို့က လှမောင်မောင်ညွန့်ထိုင်နေသော ကုလားထိုင်ရှေ့ကြမ်းပြင်ပေါ် ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး လက်အုပ်ချီလိုက်ကြ၏။ ချမ်းက . . . မျက်စိစုံမှိတ်ကာ လက်အုပ်ကို နဖူးဖြင့်ထိထားရင်း. . .

"မနေ့က လုပ်ခဲ့မိတဲ့ အပြုအမူအတွက် ကျွန်တော်တို့ကို ခွင့် လွှတ်ပါလို့ တောင်းပန်ပါတယ်"

လှမောင်မောင်ညွန့်က ချမ်းကို တစ်ချက်လှမ်းကြည့်ပြီး သိပ် စိတ်မပါလှသော လေသံဖြင့် 'ရပါတယ်'ဟု ပြော၏။ ချမ်းက. . . ဆက်ပြောနေပြန်သည်။

"ဟိုတစ်နေ့ကလဲ. . . အစ်ကို့ကို ကွယ်ရာမှာ 'ခွေးမသားကြီး'လို့ ကျွန်တော် ဆဲမိပါသေးတယ်၊ အဲဒါကိုလဲ နောင်တရလို့ အခုမှ ဝန်ချတောင်းပန် ရတာပါ"

"ဟော. . . အင်း. . . အင်း. . . အေးလေ. . . ရပါတယ်"

ဒီဝိုင်းက ဝင်ပြောသည်။

"အဲဒီတုန်းက ကျွန်တော်ကပါ ဝင်ပြီးတော့. . . 'မင်းပြောတာ မှား

www.burmeseclassic.com


နေတယ်. . . ချမ်း၊ တကယ်တော့ လှမောင်မောင်ညွန့်ဟာ မျောက်နဲ့ လဒ စပ်ကျ ထားတဲ့ကောင်ပါကွ’လို့ ပြောလိုက်မိပါသေးတယ်။ ကျွန်တော့်ကိုလဲ ခွင့်လွှတ်ပါ”

လှမောင်မောင်ညွန့်က သက်ပြင်းရှည်ကြီးတစ်ချက်ချကာ. . .

“ထားပါတော့. . . အင်း. . . ”

ချမ်းက. . .

“ပြီးခဲ့တဲ့ အပတ်တုန်းကလဲ အစ်ကို ကာတွန်းစာအုပ်ဖတ်ပြီး တဟီးဟီးနဲ့ ရယ်နေတာတွေ့တော့. . . ‘လှမောင်မောင်ညွန့်’ဆိုတဲ့အကောင် ရယ်တဲ့အသံက ဝမ်းချုပ်နေတဲ့ မြင်းဟီတဲ့အသံမျိုးပဲ’ လို့ပြောပြီး ကဲ့ရဲ့မိပါသေးတယ်”

ဒီဝိုင်းက. . .

“ကျွန်တော်က ပါထပ်ပြီး ‘ဒါတင် ဘယ်ကဦးမလဲ. . . မယုံရင် လှမောင် မောင်ညွန့် သီချင်းဆိုတာ နားထောင်ကြည့်. . . ဒီလူသီချင်းဆိုတာက ဆိတ်မြည် သလို ဝက်မြည်သလို အသံမျိုးကွ’ လို့တောင် ဝင်ပြောလိုက်မိပါသေးတယ်၊ ဟုတ်တယ်နော်. . . ချမ်း”

“ဟုတ်တယ်. . . ဟုတ်တယ်၊ ဒါတင် ဘယ်ကဦးမလဲ၊ ကျွန်တော်က တောင် ‘လှမောင်မောင်ညွန့်ဟာ အသိဉာဏ်မရှိတဲ့ ဝက်အူချောင်းကြီး’ လို့ ပြောပြီး ကဲ့ရဲ့မိပါသေးတယ်. . . ခွင့်လွှတ်ပါ”

ချမ်းနှင့် ဒီဝိုင်းက တစ်ခွန်းပြောလိုက်၊ ဘေးတွင် ရပ်ကြည့်နေကြသော ကျောင်းသားများက ဝေါခနဲ တစ်ခါရယ်လိုက် ဖြစ်နေသောကြောင့် ခပ်လှမ်းလှမ်း တွင် အသာထိုင်ရင်း နားစွင့်နေမိသည့် ဆရာကိုယ်တိုင်ပင် ကျိတ်ပြီး ပြုံးမိ၏။

ချမ်းက. . .

“ဟိုတစ်ရက်က. . . သမိုင်းဆရာက ပုဂံမင်းဆက်ထဲက ‘တရုတ်ပြေး မင်း’ အကြောင်းပြောတော့ ကျွန်တော်က သူငယ်ချင်းတွေကို. . . ‘ငါတို့ ကျောင်း

www.burmeseclassic.com


က တရုတ်မလေးတစ်ယောက်ခမျှာ သူ့ကို လှမောင်မောင်ညွန့် ကြိုက်နေမှန်းလဲ သိရော ကျောင်းတောင် မတက်ရဲတော့ဘူး၊ ပြေးရော. . .၊ လှမောင်မောင်ညွန့်မှ တကယ့် 'တရုတ်ပြေးမင်း အစစ်ကွ' လို့ ပြောပြီး လှောင်ခဲ့မိပါတယ်၊ ခွင့်လွှတ်ပါ"

ကျောင်းသားများက တဝါးဝါးရယ်ကြသည်။ လှမောင်မောင်ညွန့် ရှက်ရှက်ဖြင့် စားပွဲခုံကို ဒုန်းခနဲ ထုလိုက်ပြီး. . .

"ဟေ့ကောင်တွေ. . . တော်တော့၊ မင်းတို့ စော်ကားတာ ငါ့ ကိုယ်ရေးကိုယ်တာကိုပါ ထိခိုက်လာပြီ"

"ဟေ့. . . ဟေ့၊ တပည့်တို့၊ ရန်မဖြစ်ကြနဲ့လေကွာ. . . စကားနဲ့ ဖြေရှင်းရမယ့်ကိစ္စကို စကားနဲ့ပဲ ဖြေရှင်းကြပေါ့။ ကဲ. . ကဲ ဟိုနှစ်ကောင်လဲတော်တော့"

ဆရာက လှမ်းဟန့်သောကြောင့် လှမောင်မောင်ညွန့်က ကိုယ်ရှိန်သတ်လိုက်ပြီး သူ့ဘာသာသူ တစ်ယောက်တည်း ပွစိပွစိ ပြောနေ၏။

"တော်ပြီ. . . တော်ပြီ၊ တောင်းလဲ မတောင်းပန်နဲ့၊ မင်းတို့ ကန်တော့တာလဲ ငါ မခံချင်ဘူး၊ မြွေပွေးတွေ. . . "

ဒီဝိုင်းက ဆရာ့ဘက်လှမ်းပြီး. . .

"ဆရာ. . . ဒီမှာ. . . သူက ကျွန်တော်တို့ကို 'မအေပေးတွေ'လို့ ဆဲနေတယ်"

လှမောင်မောင်ညွန့် လန့်သွား၏။

"ဟာ. . . မဟုတ်ပါဘူးကွာ၊ မြွေပွေးတွေလို့ ပြောတာပါ"

"မအေပေးလို့ ဆဲတာပါ၊ ငါလည်းကြားတယ်"

ချမ်းက ဝင်ပြောသည်။ ဘေးမှ ကျောင်းသားများကလည်း 'ဟုတ်တယ်. . . ဆရာ. . . ဟုတ်တယ်. . . မအေပေးလို့ ဆဲတာ' ဟု ဝိုင်းပြောကြ၏။

လှမောင်မောင်ညွန့်က ခေါင်းတစ်ခါခါ၊ လက်တစ်ခါခါဖြင့် အကြောက်အကန်ငြင်းသည်။ သူ့မျက်နှာတစ်ခုလုံး ချွေးစေးတွေ ပြန်လာ၏။

www.burmeseclassic.com


"မဟုတ်ဘူး ဆရာ၊ ကျွန်တော်ပြောတာ. . . မြွေပွေး"

ဆရာက လှမ်းကြည့်နေသောကြောင့် သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာ၏။ လှမောင်မောင်ညွန့်က စားပွဲပေါ်မှ လက်ကိုင်ပဝါ တစ်ထည်ကို ကောက်ယူပြီး သူ့မျက်နှာပေါ်မှ ချွေးများကို သုတ်လိုက်၏။

သူ့မျက်နှာတစ်ခုလုံး ချွဲကျိကျိ စိုစွတ်စွတ် ဖြစ်သွားသောကြောင့် လက်ကိုင်ပဝါကို ကမန်းကတန်း ဖြန့်ကြည့်လိုက်သည်။

ဒီဝိုင်းက ခပ်တိုးတိုး လှမ်းပြောလိုက်၏။

"ဆောရီးပဲကွာ. . . အဲဒီလက်ကိုင်ပဝါထဲမှာ ငါ. . နှပ်တွေညှစ်ထည့်ထားတယ်"

❒

www.burmeseclassic.com

"လှမောင်မောင်ညွန့်ရဲ့ အမြင်တွေ အတွေးတွေက ပုံစံတကျဖြစ်လွန်းတယ်ကွ၊ အဲဒီတော့ ပတ်ဝန်းကျင်ကို သူ တုံ့ပြန်ဆက်ဆံတဲ့ အပြုအမူက လိုက်လျောညီထွေ မဖြစ်တော့ဘူး၊ မာမာတောင့်တောင့်ကြီး ဖြစ်နေတယ်"

စာသင်ခန်းထဲမှ ဒေါသတကြီးဖြင့် ထွက်သွားသော လှမောင်မောင်ညွန့်၏ နောက်ကျောကို ကြည့်ရင်း ချမ်းက ခပ်တိုးတိုးပြောသည်။

ဒီဝိုင်းက လက်ကိုင်ပဝါကို အမှိုက်ခြင်းထဲ ပစ်ထည့်ရင်း လေသံအေးအေးဖြင့်. . .

"ဟုတ်တယ်. . . ကိုယ့်ပတ်ဝန်းကျင်ကို ကိုယ့်လောကကို တုံ့ပြန်တဲ့ ဆက်ဆံရေးဟာ အမြဲတမ်း မာကျောတောင့်တင်းနေဖို့မကောင်းဘူး၊ အလိုက်သင့်ပြောင်းလဲနိုင်တဲ့ နူးညံ့မှုမျိုး (flexible) ဖြစ်ရမှာ"

"မာကျောတာဟာ 'အသေ' သဘောကွ၊ နူးညံ့တာကတော့ 'အရှင်' သဘော။ လူတွေကို ကြည့်ပါလား၊ ရှင်သန်နေတဲ့အချိန်မှာ ခန္ဓာကိုယ်ဖွဲ့စည်းပုံက

www.burmeseclassic.com


ပျော့ပျောင်းတယ်၊ နူးညံ့တယ်၊ သေသွားရင်တော့ မာကျောတောင့်တင်းသွားရော. . .၊

သစ်ပင်တွေလဲ ဒီအတိုင်းပဲ. . . ရှင်သန်နေတဲ့ ရွက်နုတွေက နူးနူးညံ့ညံ့ ပျော့ပျော့ ပြောင်းပြောင်းနဲ့. . . မာကျောပြီဆိုရင်တော့ ခြောက်သွေ့ ကြွေကျသွားတာပဲ"

ချမ်းကပြောရင်း သစ်ပင်တွေရှိရာဆီသို့ အကြည့်ကိုရွှေ့၏။ လေငြိမ်နေသောကြောင့် သစ်ရွက်တွေ မလှုပ်မခတ် ငြိမ်သက်နေသည်။ တိတ်ဆိတ်အေးမြသောအရိပ်တွေထဲမှာ ရနံ့တစ်ခု လွင့်ပျံ့လာ၏။

ဘာကြောင့် 'အရိပ်' ကို မြင်နေရသလဲ?

အရိပ်ဆိုတာ အလင်းမဲ့ခြင်းတစ်မျိုး မဟုတ်ဘူးလား. . . ဟု သူတို့နှစ်ဦးစလုံး တွေးနေမိကြသည်။ အလင်းမရှိလျှင် မြင်နိုင်စရာအကြောင်းလည်း မရှိပါ။ သို့သော်. . . သူတို့ 'အရိပ်' ဆိုသောအရာကို မြင်နေရသည်။

တကယ်တော့. . .

'အရိပ်' ဆိုသည်မှာ အလင်းမဲ့သော အလင်းတစ်မျိုးဖြစ်ပါသည်။

❐

## အခန်း (၃)

ပင်လယ်ဟာ
တောင်တန်းတွေရဲ့ဘုရင်ဖြစ်တယ်။

ဘာဖြစ်လို့လဲဆိုတော့. . .
ပင်လယ်ဟာ အားလုံးရဲ့ အောက်နိမ့်တဲ့
နေရာမှာ ရှိနေလို့ပဲ။

ပင်လယ်ဟာ သူ့ကို တောင်တန်းတွေက
ဝါးမျိုသွားမှာကို စိုးရိမ်ပူပန်မနေဘူး။
တောင်တန်းတွေကသာ သူတို့ကို ပင်လယ်က
ဖုံးလွှမ်းသွားမှာ ကြောက်ရွံ့စိုးလန့်နေရရဲ့။

မသိမ်းပိုက်သူဟာ
အရာရာကို အောင်နိုင်တယ်။

www.burmeseclassic.com

# ၈

❐

ဟော့ကောင်. . . ဒီဝိုင်း. . . မင်းတစ်ယောက်တည်းပဲလား၊ ချမ်းကော . . .၊ ဒီကောင့်ကို မတွေ့တာကြာပြီ”

လက်ဖက်ရည်ဆိုင်ထဲတွင် ဒီဝိုင်းတစ်ယောက်တည်း ထိုင်နေသည်ကို တွေ့ရသောကြောင့် ကိုကိုမြင့်က လှမ်းမေးလိုက်သည်။

ဒီဝိုင်းက အဖြေရခက်သလို ခေါင်းကိုကုတ်ရင်း. . .

“အင်း. . . ဒီကောင် ငါ့ဆီလည်း မလာဘူးကွ၊ သူငယ်ချင်းတွေကို ရှောင်နေတာ တစ်ပတ်လောက်ရှိပြီ”

“ဟင်. . . ဘာဖြစ်လို့လဲ”

သူတို့ ဆယ်တန်းစာမေးပွဲဖြေပြီးကတည်းက သူငယ်ချင်းတစ်အုပ်စုလုံး ညနေတိုင်း ပုံမှန်လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြသည်။ စာအုပ်တွေ ဝယ်စုကာ တစ်ယောက်နှင့်တစ်ယောက် လဲလှယ်ဖတ်ကြသည်။

ကိုယ်နှစ်သက်သောစာအုပ်၊ မနှစ်သက်သောစာအုပ်များအကြောင်း အပြန်အလှန် ပြောဆိုငြင်းခုံကြ၏။ လေးလေးနက်နက် အကြောင်းအရာတွေ ပါသလို ရယ်စရာ မောစရာတွေလည်း ပါသည်။

www.burmeseclassic.com


ချမ်း၊ ဒီဝိုင်း၊ ကိုကိုမြင့်နှင့် ထွန်းလင်းဦးတို့ လေးယောက်က ညနေတိုင်းလိုလို ဆုံဖြစ်ကြပြီး အိအိခိုင်နှင့် အခြားသူငယ်ချင်းများက ကြုံရင် ကြုံသလို ရောက်လာတတ်ကြ၏။

ချမ်းတစ်ယောက် သူငယ်ချင်းတွေဆီ မလာဘဲ ပျောက်နေသည်မှာ တစ်ပတ်လောက်ရှိနေပြီဖြစ်သောကြောင့် သူတို့ စဉ်းစားရ ခက်နေကြသည်။

ငါလည်း မသိဘူးကွာ၊ ဟိုကောင်. . . ထွန်းလင်းဦးကိုတော့ ဒီနေ့ ချမ်းအိမ်ကိုဝင်ပြီး မေးခဲ့ဖို့ မှာလိုက်တယ်၊ ငါလည်း ဒီကောင့်ကို အရမ်းတွေ့ချင်နေတာ. . . ကိစ္စရှိလို့"

"ဘာကိစ္စလဲ ဒီဝိုင်း"

"ငါတို့ ဆယ်တန်းအောင်စာရင်းတွေထွက်ဖို့ကလဲ နီးပြီမဟုတ်လား၊ တက္ကသိုလ်တက်တဲ့ အခါကျရင် ငါတို့က နယ်ကမဟုတ်တော့ အဆောင်လျှောက်လို့လဲ ရမှာမဟုတ်ဘူး၊ အဲဒါ. . . ကျောင်းနဲ့ နီးနီးနားနားနေဖို့ကျတော့ ၆ မိုင်ခွဲမှာနေတဲ့ ငါ့ဦးလေးတစ်ယောက်အိမ်ရှိတယ်၊ ဦးလေးက အကောက်ခွန်ကဆိုတော့ တာချီလိတ်ကို မိသားစုလိုက် ပြောင်းရတော့ မှာ. . . ငါက သူ့အိမ်မှာ အိမ်စောင့်သွားနေပေးရင်း ကျောင်းတက်မယ်လို့ စိတ်ကူးထားတယ်၊ အဲဒါ. . . ချမ်းကိုပါ ခေါ်ထားပါလားလို့ ငါ့အဖေက ပြောတာနဲ့. . . ဒီကောင့်ကို. . . "

"ဟေ့ကောင်တွေ. . . ငါ နေ့လည်တုန်းက ချမ်းကို ကောင်မလေး တစ်ယောက်နဲ့ တွေ့ခဲ့တယ်"

ဆိုင်ထဲသို့ ဝင်ဝင်လာချင်း ပြောလိုက်သော ထွန်းလင်းဦးစကားကြောင့် ဒီဝိုင်းကော ကိုကိုမြင့်ပါ အံ့အားသင့်သွား၏။

"ဟုတ်လို့လားကွ"

"ဩော်. . . ငါက မသေချာပဲ ပြောမလား၊ ပိုပြီးတိကျအောင် အခု ဒီကိုလာခါနီး ချမ်း အိမ်ကို ဝင်မေးခဲ့သေးတယ်၊ ချမ်း အမေရဲ့ နယ်က မိတ်ဆွေတွေ

လာလည်တာတဲ့. . . ကောင်မလေးပါ အပါအဝင် မိသားစုလိုက်ပေါ့၊ ချမ်းကတော့ ကောင်မလေးကို အရမ်းဧည့်ဝတ်ကျေချင်နေတဲ့ပုံပဲ. . . အနားကကို မခွာဘူး”

“ငါက ကိစ္စရှိလို့ ဒီကောင့်ကို တွေ့ချင်နေတယ်ဆိုတာ မပြောပြလိုက်ဘူးလားကွ”

“ပြောတာပေါ့. . . ဒီကောင်က ဘယ်လိုပြန်ဖြေတယ် မှတ်လဲ”

“အင်း. . . ဆိုစမ်းပါဦး”

“သူ. . . အရမ်းအလုပ်များနေတယ်. . တဲ့၊ ဒီဝိုင်းလို လဒကြီးတစ်ကောင်နဲ့ အချိန်ဖြုန်းမနေအားဘူး. . . တဲ့”

ဒီဝိုင်း ခပ်တိုးတိုး ကျိန်ဆဲလိုက်ပြီး. . .

“တောက်. . . တိရစ္ဆာန်ကောင်. . . ခုမှ ဆယ်တန်းအောင်မယ် ကြံရုံရှိသေးတယ်. . . အကျင့်က ပျက်ချင်လာပြီ၊ မိန်းမတွေနား ရစ်သီရစ်သီ လုပ်ချင်ရတာနဲ့၊ ကြောင်တစ်ကောင်လို ပွတ်သီးပွတ်သပ် နေချင်ရတာနဲ့. . .၊ ဟူး. . . သိက္ခာကျတယ်ကွာ”

“ဟုတ်တယ်. . . ဟုတ်တယ်၊ ဒီကောင် ကောင်မလေးရဲ့ နောက်ကနေ ယို့ယို့ကလေး လိုက်သွားတာများ အမေ့အသုဘလိုက်ပို့တဲ့ သားကလေး ကျနေတာပဲ”

“နေစမ်းပါဦး. . . မင်းကော အဲသလို ကြောင်ကလေးတစ်ကောင် မဖြစ်ချင်ဘူးလား ဒီဝိုင်း”

“အို. . . ဘာလို့ဖြစ်ချင်ရမှာလဲ၊ ငါက မိန်းမဆိုရင် အသားချင်း ထိဖို့မပြောနဲ့. . . ခပ်လှမ်းလှမ်းကတောင် ဝါးလုံးနဲ့ လှမ်းထိုးချင်တာ မဟုတ်ဘူး”

ဒီဝိုင်း ခပ်တည်တည်နှင့်ပြောပြီး သူငယ်ချင်းများဘက် တစ်ချက် အကဲခတ်သလို ကြည့်လိုက်သည်။ ကိုကိုမြင့်နှင့် ထွန်းလင်းဦးက မျက်လုံးကလေးများ ပေကလပ် ပေကလပ်နှင့်. . .။

ဒီဝိုင်းက. . .

www.burmeseclassic.com


"မိန်းမတွေဟာ ပြဿနာတွေ အရှုပ်ထုပ်တွေကို သယ်သယ်လာတာပဲ၊ အရှုပ်ကြီးနဲ့ အရှုပ်လေးပဲ ကွာမယ်၊ ရှုပ်တာတော့ ရှုပ်တာပဲ. . . မင်းတို့ စဉ်းစားကြည့်လေ. . . ပူစပ်ပူလောင် အရည်တွေကို မုန့်တီလို့နာမည်တပ်ပြီး အရသာရှိလှချည်ရဲ့လို့ တရှုံးရှုံးစားကြတာ ဘယ်သူတွေလဲ. . . မိန်းမတွေပဲ မဟုတ်လား၊ ကြည့်စမ်း. . . အဲဒီလောက် အသိဉာဏ်နည်းတဲ့ သတ္တဝါတွေကွ"

ထွန်းလင်းဦးနှင့် ကိုကိုမြင့်က ခေါင်းတဆတ်ဆတ်ညိတ်ကြ၏။ ဒီဝိုင်းက. . .

"အခု. . . ချမ်းကို ဖျားယောင်းသွေးဆောင်ထားတဲ့ မိန်းမဟာလဲပဲ. . . နောက်ဆုံးကျရင် ဒီကောင့်ကို ပြဿနာအရှုပ်ထဲ တွန်းချခဲ့မှာ သေချာတယ်ကွ၊ ဒီကောင်မလေးဟာ မာရ်နတ်ရဲ့သမီးတော်ပဲ ဖြစ်ရမယ်"

ထွန်းလင်းဦးက စဉ်းစား၍ မရတော့သလိုမျိုး ခေါင်းကိုကုတ်လိုက်ရင်း. . .

"မဟုတ်သေးဘူး ဒီဝိုင်းရဲ့၊ ငါ တွေ့ခဲ့ရတာကတော့ အဲဒီကောင်မလေးက ကုလားမလေးလိုလို ဘာလိုလိုပဲကွ"

"အိုကွာ . . . မာရ်နတ်ဟာ ကုလားမကြီးရဲ့ ယောကျ်ားမဟုတ်ဘူးလို့. . . မင်း ပြောနိုင်လို့လား"

ဒီဝိုင်း ခပ်တည်တည်ဖြင့် ဟောက်လိုက်သောကြောင့် ထွန်းလင်းဦးက မျက်စိသူငယ် နားသူငယ်ဖြင့် ခေါင်းကလေးဝပ်လျှိုးကာ ကုပ်ချောင်းချောင်း ဖြစ်သွားသည်။ သို့သော် ကိုကိုမြင့်က. . .

"ဘာပဲဖြစ်ဖြစ်ကွာ. . . မင်းနဲ့ ချမ်းဟာ တစ်သက်လုံး တစ်ယောက်နဲ့တစ်ယောက် သူတစ်ပြန် ကိုယ်တစ်ပြန် အနိုင်မခံအရှုံးမပေး ပြိုင်ဆိုင်လာခဲ့ကြတာ. . . အင်း. . . ဒီတစ်ကွက်မှာတော့ ချမ်းက မင်းထက်သာ သွားပြီလို့ ပြောရမလို ဖြစ်နေတယ် ဒီဝိုင်း"

ကိုကိုမြင့် စကားကြောင့် ဒီဝိုင်း တွေဝေသွား၏။

❐

www.burmeseclassic.com

# ၁

❐

ချမ်းက ညှော်သည်ကို ဘုရားလိုက်ပို့ပေးပြီး နေ့လည်စာ စားချိန်အမီ အိမ်ပြန်ခေါ်လာခဲ့သည်။

ကောင်မလေးက. . .

"အစ်ကိုချမ်းတို့ ရန်ကုန်က မိုးတွင်းမှာတောင် သိပ်ပြီး နေပူတာပဲနော်၊ ညီမဖြင့် မနေ့ကတည်းက မျက်စိနာချင်သလိုလို ဖြစ်နေတာ. . . အခု နေပူလို့လား မသိဘူး. . . မျက်ရိုးတွေကိုက်ပြီး အောင့်လာတယ်"

"ဟုတ်တယ် ညီမရဲ့. . . ရန်ကုန် ရာသီဥတုကတော့ ဒီအတိုင်းပဲ၊ ညီမ နေပူမခံနိုင်ရင် ရော့. . . အစ်ကိုနေကာမျက်မှန် ယူတပ်ထား"

"ဟင်း. . . အစ်ကိုကလဲ. . . ခုမှ သတိရသလား၊ အိမ်ဖြင့်ပြန်ရောက်ခါနီးနေမှပဲ"

"ဆောရီးဟာ. . . ကဲ. . . ရော့. . . ရော့"

www.burmeseclassic.com


ကောင်မလေးကို ချမ်း၏ အနက်ရောင် နေကာမျက်မှန်ပေးကာ တပ်ခိုင်းထားလိုက်သည်။

နေရောင်ခြည်က အလွမ်းသီချင်းတစ်ပုဒ်လို ကြေကွဲပူလောင်နေ၏။ အရေပြားနှင့် အသားတို့ကို ဖောက်ထွင်းပြီး အရိုးတို့ကိုပင် အရည်ပျော်ကျသွားစေနိုင်သည်ဟု အောက်မေ့ရသည်။

ချမ်းတို့ အိမ်ခြံဝင်းထဲ ဝင်လိုက်သောအခါတွင်မှ သစ်ရိပ်ဝါးရိပ်တို့ဖြင့် အေးမြမှုကို ခံစားရလေသည်။

"ညီမလေး. . . လာ. . . လာ"

ချမ်းက ကောင်မလေးကို ရှေ့မှ လက်ဆွဲခေါ်ပြီး ဧည့်ခန်းထဲ ဝင်လာသည်။

"ဟာ. . . ဟေ့ကောင်. . . ဒီဝိုင်း"

ဆိုဖာပေါ်တွင် အကျအနထိုင်ကာ သူတို့နှစ်ယောက်ကို စူးစူးရဲရဲ ကြည့်နေသည့် ဒီဝိုင်းကို တွေ့လိုက်ရသောကြောင့် ချမ်း အံ့အားသင့်သွား၏။ သူက ကောင်မလေး၏လက်ကို တမင်မလွှတ်ဘဲ ဆုပ်ကိုင်ထားပြီး. .

"လာ. . . လာ. . . ညီမလေး. . . ဒီဘက်ကခုံမှာ ထိုင်"

ဒီဝိုင်းနှင့် ဝေးရာ ဆိုဖာဆီခေါ်သွားပြီး ထိုင်ခိုင်းလိုက်၏။ နောက်မှ သူက ဒီဝိုင်းဘေးတွင် လာထိုင်သည်။ ဒီဝိုင်းက ချမ်းကို မျက်ထောင့်နီတစ်ချက် စွေကြည့်လိုက်ပြီး အံကြိတ်သံဖြင့် ခပ်တိုးတိုး ပြော၏။

"ဩော်. . . မင်းက ကောင်မလေးလက်ကိုကိုင်ရတာ အတော် သာယာကြည်နူးနေတဲ့ပုံပဲ. . . အောင်မယ်. . . ကြည့်စမ်း. . . မင်းမျက်နှာကိုက အဖွားကြီးအိုတင်ပါးလို ပျော့စိစိ လျော့လျည်းလျည်းနဲ့ မသမာတဲ့ မျက်ခွက်၊ ဒါမျိုးကျ

တော့ ငါ့ကိုတောင် အသိပေးဖို့ သတိမရဘူးပေါ့. . . ဟုတ်လား၊ ခါတိုင်း. . . ဘာမဆို တရားမျှမျှတတ ယှဉ်ပြိုင်လာခဲ့ကြတာပါကွ၊ ဒီပွဲကျမှ. . . မင်းတစ်ယောက်တည်းကျိတ်ပြီး ကြံလို့ ဘယ်ရမလဲ ချမ်းရာ”

ချမ်းက အလန့်တကြားဖြစ်ဟန်ဖြင့် သူ့နှုတ်ခမ်းများကို လက်ညှိုးထောင်ပြီး ထိကပ်ကာ

‘ရှူး. . . တိုးတိုး’

ဟု ပြောရင်း. . .

“ဟေ့ကောင်. . . ဒီဝိုင်း၊ မင်းဘာတွေ လျှောက်ပြောနေတာလဲ၊ ဧည့်သည်ကို အားနာစရာကွာ”

ချမ်းက မျက်စိပျက်မျက်နှာပျက်ဖြင့် ကောင်မလေးဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး ဒီဝိုင်း၏နားရွက်အနီးသို့ကပ်ကာ တိုးညှင်းသော လေသံဖြင့်. . .

“မင်းထင်သလို ကောင်မလေးကို လက်ကိုင်ချင်လွန်းလို့ အသားယူပြီး တမင်ကိုင်နေတာ မဟုတ်ဘူးကွ၊ ကောင်မလေးက မျက်မမြင်ဒုက္ခိတလေးပါကွာ . . . အဲဒါကြောင့် တွဲခေါ်နေရတာ”

“ဟေ. . . ဟုတ်လား၊ ဆောရီးကွာ. . . ငါ တောင်းပန်ပါတယ်”

ဒီဝိုင်းက နေကာမျက်မှန်အနက်ကြီးတပ်ပြီး ထိုင်နေသော ကောင်မလေးဆီ လှမ်းကြည့်ရင်း အားနာစွာဖြင့် ဆို၏။

ထိုအခိုက်တွင် ချမ်းက တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရသွားဟန်ဖြင့် ဒီဝိုင်း၏ပုခုံးကို ပုတ်လိုက်ပြီး. . .

“ဟာ. . . အတော်ပဲကွာ၊ မင်းလာတုန်း အကူအညီတစ်ခုတောင်း စရာရှိ

www.burmeseclassic.com


တယ်၊ ခြံထောင့်က ရေဆိုးထုတ်တဲ့မြောင်းကို ဆယ်မလို့ကွ၊ ငါ တစ်ယောက်တည်း မနိုင်တာနဲ့ မလုပ်ဖြစ်ဘူး. . . မင်း ဝင်ကူကွာ”

ဒီဝိုင်းက ခေါင်းညိတ်လိုက်၏။ ချမ်းက ဒီဝိုင်း ဝတ်ထားသော ဘောင်းဘီရှည်ကို ငုံ့ကြည့်ရင်း ခပ်တိုးတိုး ပြောသည်။

“အဲ. . . မင်း ဘောင်းဘီရှည်တော့ ပေကုန်တော့မှာပဲ၊ နေဦး. . . ငါ အဝတ်လဲစရာ တစ်ခုခုပေးမယ်”

ပြောပြောဆိုဆိုနှင့် ချမ်းက ထပြီးထွက်သွားသည်။ ဧည့်ခန်းထဲတွင် ဒီဝိုင်းနှင့် ကောင်မလေးသာ ကျန်ရစ်ခဲ့၏။ ကောင်မလေးကလည်း မျက်မှန်နက်ကြီး တပ်လျက်သား ထိုင်နေဆဲ။

ခဏအကြာတွင် ဧည့်ခန်းအဝ၌ ချမ်း ပေါ်လာပြီး ဒီဝိုင်းဆီသို့ ဘောင်းဘီတိုပွပွကြီးတစ်ထည် ပစ်ပေးရင်း. . .

“ဟေ့ကောင်. . . မြန်မြန်အဝတ်လဲ၊ ငါ ခြံထောင့်က စောင့်နေမယ်”

ပြောပြီး သုတ်သီးသုတ်ပျာနှင့် ထွက်သွားသည်။

‘ဒီကောင် ဘာတွေ အလျှင်စလို ဖြစ်နေရပါလိမ့်. . . ’ ဟု ဒီဝိုင်း နားမလည်နိုင် ဖြစ်နေ၏။

‘မြန်မြန် အဝတ်လဲ’ ဟု ပြောသွားသော်လည်း ဒီဝိုင်းအဖို့က ကမန်းကတန်း အဝတ်လဲရန်နေရာကို ရှာမတွေ့။ ဧည့်ခန်းထဲမှာတင် လဲလိုက်လျှင် ဖြစ်သော်လည်း ကောင်မလေး ရှိနေသောကြောင့် မသင့်တော်။

‘အို. . . ကိစ္စမရှိပါဘူးလေ၊ သူက မျက်စိမြင်ရတာမှ မဟုတ်တာ’ ဟု ဒီဝိုင်း တွေးလိုက်သည်။

ထို့နောက်. . . ဒီဝိုင်းက မတ်တပ်ထရပ်ပြီး ဘောင်းဘီရှည်ဇစ်ကို ဖွင့်ကာ ချွတ်ချလိုက်၏။

"အား. . . ရှင်. . . ရှင်. . . ဘာလုပ်တာလဲ အောင်မယ်လေး. . . လာကြပါဦး"

"ဟာ. . . "

ဒီဝိုင်းက ဘောင်းဘီကိုပွေ့ကာ ခန္ဓာကိုယ်ကိုကျုံ့ရင်း စားပွဲနောက်မှာ ကွယ်ပြီး ကုန်းကုန်းကွကွ လုပ်နေ၏။

စိတ်ထဲမှလည်း ချမ်းကို ဒရစပ် ကျိန်ဆဲနေမိသည်။

ကောင်မလေးက ကြောင်စီစီဖြင့် အသံကုန်အော်ဟစ်နေသောကြောင့် တစ်အိမ်သားလုံးက ဧည့်ခန်းစီ ပြေးလာကြ၏။

"ဟဲ့. . . ဟဲ့. . . သမီး ဘာဖြစ်တာလဲ"

"ဟေ့. . . မောင်ဒီဝိုင်း. . . ဘာလုပ်နေတာတုန်းကွ၊ မင်းဟာက အဆန်းပါလား"

"ဟေ့. . . မောင်ရင်၊ ငါ့သမီးကို ဘာလုပ်မလို့တုန်းကွ. . . ဟေ"

"ဟဲ့. . . သား 'ချမ်း'၊ မင်းသူငယ်ချင်းကို လာကြည့်ပါဦး"

တစ်ယောက်တစ်ပေါက် ပြောဆိုနေသော စကားသံများ တိတ်ဆိတ်သွားသောအခါတွင်မှ နောက်ဘက်ဆီမှ ချမ်း၏အသံက ထွက်လာ၏။

"ဘာမှမဖြစ်ပါဘူး မေမေ၊ ဒီကောင်က တေးသရုပ်ဖော်ကဖို့ လေ့ကျင့်နေတာပါ. . . အောင်ခြင်းရှစ်ပါးသီချင်းထဲက 'ဆင်မိုက်ကြီးမှာ ဒူးတုပ်ရရှာ' ဆိုတဲ့ အကွက်ပေါ့"

ဒီဝိုင်းက စိတ်ထဲမှနေ၍ 'ခွေးမသား' ဟု အခွန်းတစ်ရာတိတိ အသက်အောင့်ပြီး ဆဲလိုက်သည်။

ဧည့်သည်များနှင့် ချမ်း၏ အဖေ၊ အမေတို့က ကောင်မလေးကို ခေါ်ပြီး အိမ်အပေါ်ထပ်သို့ ပြန်တက်သွားကြ၏။ ချမ်း၏ အဖေက ဧည့်ခန်းဝရောက်ခါနီးမှ လှည့်၍. . .

www.burmeseclassic.com



“နေစမ်းပါဦး. . . မောင်ဒီဝိုင်းရဲ့ မောင့်ရင့် အနုပညာဝါဒက ဆင်လို သရုပ်ဖော်ချင်ရင် ဘောင်းဘီကို ချွတ်ပစ်လိုက်ရတာပဲလား၊ အဲဒါ. . . ဘာသဘော များတုန်းကွဲ့”

ဟု မေးနေသေး၏။ သူက အောင့်သက်သက်ဖြင့်. . .

“ရိုးရာပေါ့. . . ဦးလေးရယ်”

ဟု ပြန်ဖြေလိုက်ရသည်။

လူရှင်းသွား၍ ဒီဝိုင်း မတ်တပ်ထရပ်လိုက်သောအခါ ချမ်းက သူ့ ညာဖက်လက်ဖဝါးဖြန့်ကာ ထောင်ပေးသည်။

ဒီဝိုင်းက. . .

“ခွေးကောင်၊ မင်းအလှည့်ကျရင်သိမယ်”

ဟု ရှက်ကိုးရှက်ကန်းဖြင့် ရေရွတ်ရင်း ထုံးစံအတိုင်း ချမ်း၏လက်ကို သူ့ညာလက်ဖဝါးဖြင့် ‘ဖြန်း’ ခနဲ ရိုက်ကာ အသိအမှတ် ပြုလိုက်ရ၏။

❒

## အခန်း (၄)

အသုံးမကျတဲ့ ပေါင်းမြက်ပင်တွေနဲ့
အသုံးအဝင်ဆုံးလို့ ဆိုကြတဲ့ ကျွန်းပင်တွေဟာ
မြေကြီးတစ်ခုတည်းရဲ့ အပေါ်မှာပဲ
ပေါက်ကြတယ်။

တစ်စုံတစ်ရာကို ရယူပိုင်ဆိုင်ရတာပဲဖြစ်ဖြစ်
တစ်စုံတစ်ရာကို စွန့်လွှတ်ပေးဆပ်ရတာပဲဖြစ်ဖြစ်ပေါ့
ထားလိုက်ပါလေ. . . ထားလိုက်ပါ။

နှလုံးသားဆိုတဲ့အရာဟာ
မြေကြီးဆန်တယ်။

www.burmeseclassic.com

# ၈

❐

ညနေခင်း ဆိုသည်မှာ (မိန်းမတစ်ယောက်၏ မျက်ဝန်းလိုမျိုး. . .) အေးမြသော မီးတောက်မီးလျှံတစ်ခု ဖြစ်ပါသည်။ နောက်ပြီး (အချိန်တွေသာ မများယွင်းကုန်ဘူးဆိုလျှင်) ညနေခင်းဆိုသည်မှာ တတ်နိုင်သလောက် စောစော ရောက်လာသင့်သော ဧည့်သည်တစ်ယောက်လည်း ဖြစ်ပါသည်။

ညနေခင်းထဲတွင် တချို့က သီချင်းတစ်ပိုင်းတစ်စကို ဆိုသည်။ ညနေ ခင်းထဲတွင် တချို့က လွမ်းဆွတ်မှု တစ်ပိုင်းတစ်စကို လွမ်းဆွတ်သည်။ ညနေခင်း ထဲတွင် တချို့က ပန်းပွင့်များကို သီကုံးသည်။ ညနေခင်းထဲတွင် တချို့က အဆုံး အစမရှိသော အိမ်မက်များကို မက်သည်။ ညနေ ခင်းထဲတွင် တချို့က မေ့ကျန်ရစ် ခဲ့ပြီဖြစ်သော အရာများစွာကို တမ်းတသည်။ ညနေခင်းထဲတွင် တချို့က ရောက် မလာသေးသော အရာများစွာကို ရှူးသွပ်သည်။

ညနေခင်းထဲတွင် တချို့က ဘီယာသောက်သည်။ ညနေခင်းထဲတွင် တချို့က ကိုယ့်ကိုယ်ကို သောက်သည်။

www.burmeseclassic.com


*

တစ်ခုသော ညနေခင်းထဲတွင် ထွန်းလင်းဦးက ညနေခင်းမှာ ဘီယာသောက်သင့်သလား၊ လက်ဖက်ရည်သောက်သင့်သလားဟူသော အူကြောင်ကြောင် မေးခွန်းတစ်ခုကို မေး၏။ ချမ်းက. . .

"လက်ဖက်ရည်သောက်သင့်တာပေါ့ကွာ. . . ဘီယာကိုတော့ လုံးဝမသောက်သင့်ဘူးကွ"

"ဘာဖြစ်လို့လဲ"

"ဘီယာမသောက်သင့်တဲ့ အဓိကအကြောင်းရင်းကြီး နှစ်ချက် ရှိတယ်"

ချမ်းက သူ့စကားကို လေးလေးနက်နက် နားစိုက်လာအောင် တမင်ဖြတ်ထားလိုက်သည်။ ပြီးမှ. . .

"ပထမဦးဆုံးအချက်ကတော့. . . အင်း. . . ဟော့ကောင်. . . ထွန်းလင်းဦး. . . မင်း၊ ကိုဘေး (KOBOE) မြို့က နွားခြံတွေအကြောင်း ကြားဖူးလား"

"ဟင့်အင်း. . . ဘာဖြစ်လို့လဲ"

"အဲဒီမှာ မွေးထားတဲ့ နွားတွေဟာ ကမ္ဘာမှာ ဈေးအကြီးဆုံးနွားတွေပဲ. . . တစ်ကောင်ကို ဒေါ်လာနှစ်သိန်းကျော် ပေးရတယ်တဲ့. . . ဘာဖြစ်လို့လဲဆိုတော့ အဲဒီနွားတွေကို ဘီယာတိုက်ပြီး မွေးထားတာမို့လို့ပဲ. . . နွားတွေကို ရေချိုးပေးရင် နေ့တိုင်း ဝိုင်အရက်လောင်းပြီး ချိုးပေးတယ်"

ထွန်းလင်းဦးက မယုံသည့်အမူအရာဖြင့် "မင်းဟာက ဟုတ်လို့လားကွာ"

ဟု ခပ်ညည်းညည်း ပြော၏။ ကိုကိုမြင့်က. .

"ဆိုစမ်းပါဦး. . . အဲဒီတော့ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲကွ၊ နွားတွေဟာ ဘီယာသောက်တယ်၊ ဒါပေမယ့် ဘယ်နွားမှ လက်ဖက်ရည်မသောက်ဘူး၊ ဒါကြောင့်. . . လူတွေဟာ လူပီသကြောင်းပြဖို့ လက်ဖက်ရည်ကို ပိုသောက်သင့်တယ်၊ မင်း သဘောပေါက်လား"

ကိုကိုမြင့်က မျက်ခုံးကို တွန့်လိုက်ရင်း. . .

"ဒါဖြင့်. . . ဒုတိယ အချက်ကကောကွာ"

"ဒုတိယအချက်က ပိုအရေးကြီးတယ်ကွ၊ အဲဒါက ဘာလဲဆိုတော့ ဘီယာသောက်ဖို့ ငါတို့မှာ ပိုက်ဆံမရှိဘူး"

ချမ်း၏ စကားကြောင့် သူတို့ ပြုံးမိကြ၏။ ထိုအချိန်တွင် အိအိခိုင်က လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာပြီး. . .

"ဟဲ့. . . နင်တို့ သိပြီးပြီလား. . . ဒီနေ့ည အောင်စာရင်းထွက်မှာတဲ့"

"ဟုတ်လား. . . နင် သေချာတယ်နော်"

ထွန်းလင်းဦးနှင့် ကိုကိုမြင့်က ပျာပျာသလဲ ထပြီးမေးကြ၏။ လာပြောသူ အိအိခိုင် ကိုယ်တိုင်လည်း စိတ်လှုပ်ရှားပြီး အသံတွေတုန်နေသည်။

ချမ်းနှင့် ဒီဝိုင်းတို့ နှစ်ယောက်သာ မတုန်မလှုပ်ဖြင့် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး ပခုံးတွန့်မိကြ၏။

အိအိခိုင်က. . .

"သေချာပါတယ်ဟဲ့. . . အရင်နှစ်တွေကတော့ ညနှစ်နာရီလောက် ဆိုရင် အောင်စာရင်းတွေကပ်တာပဲ. . . ကိုယ်ဖြေခဲ့တဲ့ စာစစ်ဌာနမှာ သွားကြည့် ရတယ်လို့ပြောတယ်"

သူတို့ ပြောနေစဉ်မှာပင် အခြားသူငယ်ချင်းများ ရောက်လာကြပြီး တရုန်းရုန်း အော်ဟစ်ဆူညံသွားတော့၏။ တစ်ယောက်နှင့်တစ်ယောက် အောင် စာရင်းထွက်မည့်အကြောင်း မေးမြန်းကြ စုံစမ်းကြသည်။

"ဟိုကောင်ကြီးကော မပါဘူးလား. . . လာလိမ့်မယ်၊ ဒီကောင် သိပ် ပျော်နေတာကွ၊ သူ အောင်မှာက သေချာနေတာကိုး. . . ဂုဏ်ထူးတောင် ပါချင် ပါဦးမှာ၊ ဟဲ့. . . အိမ. . . နင်ကော. . . "

www.burmeseclassic.com


"အေး. . . ငါလည်း သင်္ချာလောက်တော့ ပါမယ်လို့ ထင်တာပဲ"

"ငါကတော့ မင်းတို့အောင်ရင် ကျေနပ်တယ်ဟေ့"

နောက်ထပ် သူငယ်ချင်းတွေ တဖွဲဖွဲ ရောက်လာကြသည်။

"ငါတို့တော့ ဒီည မအိပ်ပဲနဲ့ လျှောက်လည်ရင်း အောင်စာရင်း စောင့်ကြည့်ကြမယ်"

"အမယ်. . . ငါတို့ မိန်းကလေးတွေတောင် ဒီည တစ်အိမ်အိမ်မှာ စုဖို့ ချိန်းထားပြီးသွားပြီ"

"အေးကွာ. . . ပျော်စရာကြီး၊ ဒါမျိုးက တစ်သက်မှာ တစ်ကြိမ်ပဲ ကြုံရတဲ့ ညမျိုးကွ"

"မင်းကတော့ နောက်နှစ် ဒီလိုအချိန်မှာ ထပ်ကြုံရင် ကြုံရဦးမှာပါ"

"ဟာ. . . ခွေးကောင်၊ ပါးစပ်ပုပ်ကြီးနဲ့"

ကိုကိုမြင့်က တိတ်ဆိတ်နေသော ချမ်းတို့ဘက် လှည့်ကြည့်ပြီး မေး၏။

"မင်းတို့ နှစ်ယောက်ကော. . . ဘယ်လိုလဲ"

ဒီဝိုင်းက ချမ်းဘက် တစ်ချက်လှည့်ကြည့်ပြီး. . .

"အေး. . . ငါတို့နှစ်ယောက်လဲ ဒီည ထွက်ခဲ့မယ်လေ"

"မင်းတို့နှစ်ယောက်ကတော့ အောင်မှာသေချာပါတယ်၊ ဂုဏ်ထူး ဘယ်နှစ်ခုပါမလဲသာ စောင့်ကြည့်ရမှာ၊ မင်းတို့ စိတ်မလှုပ်ရှားဘူးလား"

သူတို့နှစ်ယောက် ခေတ္တ နှုတ်ဆိတ်နေမိကြ၏။ ဘာ ပြန်ဖြေရမည်မှန်း မသိသလို ဖြစ်နေသည်။ အတန်ကြာမှ ဒီဝိုင်းက. . .

"မင်းကို ငါ ပြန်မေးမယ် ထွန်းလင်းဦး. . . တောင်တွေက လှုပ်ရှားသလား၊ ပင်လယ်က လှုပ်ရှားသလား"

"ပင်လယ်က လှုပ်ရှားတာပေါ့"

"မဟုတ်ဘူးကွ၊ တကယ်တော့ တောင်တွေက လှုပ်ရှားတာ. . . မင်း စဉ်းစားကြည့်လေ. . . တောင်တွေဟာ အရာရာထက် သူတို့က ပိုပြီးမြင့်နေရတယ် မဟုတ်လား"

"အင်း. . . "

"အဲဒီမှာ. . . တောင်တစ်လုံးထက်တစ်လုံး ပိုပြီးမြင့်တဲ့ တောင်တွေ ရှိ. . . ရှိလာပြန်ရော မဟုတ်လား၊ တောင်တွေဟာ အပြေးပြိုင်သလိုပဲ ပြိုင်နေရတယ်ကွ၊ ပင်လယ်ကျတော့ မျက်နှာပြင် အနိမ့်ဆုံးပဲ၊ ပင်လယ်တစ်ခုနဲ့ တစ်ခု အနိမ့်ပြိုင်ရတယ်လို့ မရှိဘူး၊ ဒီတော့ ပင်လယ်အားလုံးရဲ့ မျက်နှာပြင်ဟာ တစ်ညီတည်းပဲ၊ ဒါကြောင့်. . . ပင်လယ်က ငြိမ်တာ"

ချမ်းက ထိုင်ခုံမှ အသာထရင်း ဝင်ပြော၏။

"ငါတို့က 'တောင်' မဖြစ်ချင်ဘူး၊ 'ပင်လယ်' ဖြစ်ချင်တာ"

သူငယ်ချင်းများကို ပေးလားဝါးလား နောက်ပြောင်နှုတ်ဆက်ပြီး ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။

❐

www.burmeseclassic.com

# ၁

❐

ည ဆယ်နာရီခွဲခါနီးအချိန်တွင် ချမ်းက ဒီဝိုင်းအိမ်သို့ သွားပြီးခေါ်၏။ ဒီဝိုင်း၏ ဖခင်ဖြစ်သူက. . .

"လာဟေ့. . ချမ်း၊ ဒီဝိုင်းတော့ မင်းကို စောင့်နေလေရဲ့၊ ဪ. . . ဒါနဲ့ တက္ကသိုလ်တက်ရင် ဒီဝိုင်းကို ခြောက်မိုင်ခွဲက သူ့ ဦးလေးအိမ် ပို့ထားမယ်ဆိုတာ မင်းကို သားက ပြောပြပြီးသွားပြီလား"

"ဟုတ်ကဲ့. . . ပြောပြီးပါပြီ ဦး"

"အေးကွာ. . . အဲဒါ ဒီကောင်ကြီးကို တစ်ယောက်တည်း မထားချင်တာနဲ့ အဖော်ရအောင် မင်းပါသွားနေစေချင်တာ. . . အဲဒါ. . . ဦး ကိုယ်တိုင် မင်းအဖေဆီမှာ လာပြီး ခွင့်တောင်းဦးမှာပါ"

"ကျွန်တော်က ဖေဖေ့ကိုတောင် ပြောထားပြီးနေပြီ။ ဖေဖေကလည်း ခွင့်ပြုပါတယ်. . ဦး"

"အေး. . . ကောင်းတာပေါ့ကွာ. . . မင်းတို့နှစ်ယောက် ပေါင်းပြီးတော့လည်း ပေါက်ကရတွေ လုပ်မနေနဲ့ဦး"

ချမ်းက ပြုံး၏။

"မလုပ်ပါဘူး. . . ဦးရဲ့၊ ဪ. . . ဒါပေမယ့် ကျောင်းစဖွင့်ဖွင့်ချင်း ရက်ပိုင်းမှာတော့ ကျွန်တော် အဲဒီအိမ်မှာ သွားနေနိုင်ဦးမှာ မဟုတ်ဘူး ထင်တယ်. . .

အင်း. . . တစ်ပတ်နှစ်ပတ်လောက် ကြာပြီးမှပဲ ပြောင်းရွှေ့. . . "

"အေး. . . ပိုကောင်းတာပေါ့ကွာ၊ မင်းတို့နှစ်ယောက်စလုံး တစ်ပြိုင်တည်း ရောက်သွားရင် အဲဒီရပ်ကွက်ကလူတွေ အတော်မျက်စိနောက်ကုန်လိမ့်မယ်"

ဒီဝိုင်းက အဝတ်အစားလဲပြီး ထွက်လာသောကြောင့် စကားစ ပြတ်သွား၏။ ချမ်းက ဒီဝိုင်း အဖေကို နှုတ်ဆက်ခွင့်တောင်းပြီး နှစ်ယောက်သား ထွက်လာခဲ့ကြသည်။

*

မိုးစက် အမှုန်အမွှားကလေးတွေ ဝတ်ဆံဝတ်မှုန်လို တဖွဲဖွဲ လွင့်ကျနေပုံကို မာကျူရီလမ်းမီးတိုင် အလင်းရောင်ထဲတွင် မြင်နေရသည်။

"ဟေ့ကောင်. . . ချမ်း၊ မင်းမှာ ထီးပါလား"

"မပါဘူးကွ၊ အိမ်က ထီးယူသွားဖို့တော့ ပြောလိုက်သား. . . ငါက ထီးကိုင်ရမှာ ပျင်းတာနဲ့ ထားပစ်ခဲ့တာ"

"အေးကွာ. . . ငါလည်း ထီးကိုင်ရမှာ အတော်ပျင်းတာကွ၊ နောက်ပြီးတော့ ဟိုနားမေ့ကျန် ဒီနားမေ့ကျန်နဲ့ ပျောက်မှာ စိုးတာလည်းပါတယ်"

သူတို့ ပြောနေစဉ်မှာပင် မိုးဖွားမှုန်တွေက ခပ်စိပ်စိပ် ကျလာသည်။

www.burmeseclassic.com


“မိုးရွာရင် ဘယ်လိုလုပ်မလဲ. . . ချမ်း”

အမေးစကားက အနည်းငယ်ဆန်းနေသလို ခံစားရသောကြောင့် ချမ်းက ဒီဝိုင်းဘက် တွေတွေကြည့်ပြီး ပခုံးတစ်ချက်တွန့်ပြလိုက်သည်။ ထို့နောက်. . .

“မိုးရွာရင် ရေစိုမှာပေါ့ကွ၊ ဒါပဲပေါ့”

ချမ်းက ပြောပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိသည်။ ဒီဝိုင်းကပါ ရယ်မောလိုက်သောကြောင့် သူတို့နှစ်ဦး၏ရယ်သံသည် ညအမှောင်ထဲတွင် လွင့်လွင့် မျောပါသွား၏။

*

တောထဲတွင် တရားကျင့်နေသော သူတော်စဉ်တစ်ဦး၏ ကျောင်းသခ်မ်းဆီသို့ ဥရောပတိုက်သား ခရီးသည်တစ်ယောက် ရောက်လာသည်။ သူတော်စဉ် ကျင့်ကြံ နေသောတရားကို သင်ယူချင်ပါသည်. . . တပည့်အဖြစ် လက်ခံပါဟု တောင်းပန်ပြီး လုပ်ကျွေး ပြုစုနေ၏။

သုံးနှစ်တိတိ ကြာသွားသည်။ သူတော်စင်က ခရီးသည်ကို စကားတစ်ခွန်းမှ မပြော။ နောက်ဆုံးတွင် ခရီးသည်က. . .

“ခုထိ ကျွန်တော့်ကို ဘာသင်ခန်းစာမှလဲ သင်မပေးသေးပါလား” ဟု ဖွင့်မေးသောအခါတွင်မှ သူတော်စင်က. . .

“မင်းကို ငါ သင်ပေးပြီးပြီပဲ”

“ဘာတွေ သင်လိုက်တာလဲ၊ ကျွန်တော်လဲ မသိလိုက်ရပါလား”

သူတော်စင်က ပြန်ဖြေသည်။

“စားစရာ ရှိတဲ့အခါ စားလိုက်တယ်၊ အိပ်စရာရှိတဲ့အခါ အိပ်တယ်၊ လမ်းလျှောက်စရာရှိတဲ့အခါ လျှောက်ပြီး ထိုင်စရာရှိတဲ့အခါ ထိုင်တယ်လေ”

www.burmeseclassic.com


(အရှေ့တိုင်းက ပညာ၏သင်္ကေတကို ကြာပွင့်ဖြင့် တင်စား၏။

ပန်းဆိုသည်မှာ အပြင်က တခြားသူတစ်ဦးတစ်ယောက်က ဆွဲဖွင့်ပြီး ဖွင့်ခိုင်း၍ မရပါ။ သူ့ပင်ကိုယ်အားဖြင့်သာ အတွင်းမှ ပွင့်လာခြင်းဖြစ်ပါသည်။)

*

လူအတော်များများက 'ဓာတ်ရောင်ခြည်သင့်ခြင်း' ဆိုသည်မှာ ပြင်ပက လာရောက်ထိခိုက်သော ဖြာထွက်ရောင်ခြည်တစ်ခုခု (ဥပမာ. . . ဓာတ်မှန်ရိုက်ခြင်း၊ ဓာတ်ကင်ခြင်း) ရှိမှသာ ရောင်ခြည်ထိသည်ဟု ထင်တတ်ကြ၏။

အမှန်စင်စစ်အားဖြင့် ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့သည် ဓာတ်ရောင်ခြည် သင့်ခံနေရသူများသာ ဖြစ်လေသည်။ လူ့ခန္ဓာကိုယ်အတွင်း၌ 40K၊ 14C နှင့် 226 $R_n$ ဟူသော အဓိက ရေဒီယိုအိုင်ဆိုတုပ် သုံးမျိုးရှိသည်။

ထို့ကြောင့် လူ့ခန္ဓာကိုယ်သည် ကိုယ့်ဘာသာကိုယ် ကိုယ်တွင်းဓာတ်ရောင်ခြည်သင့်မှု (Internal Radiation) ကို နေ့စဉ်နှင့်အမျှ ခံစားနေရ၏။

ပြောစမ်းပါဦးကွယ်. . . ကိုယ့်ကိုယ်ကိုယ် သတ်သေနေလိုက်ရတာ. . . ဒါ. . . ဘယ်သူ့ ကျိန်စာလဲ?

ဂျာမန်စာရေးဆရာ ဒဿနပညာရှင် ဟာမန်းဟက(ဇ်)က 'အတွင်းနှင့် အပြင်' ဟူသော ဝတ္ထုတစ်ပုဒ်ကို ရေးခဲ့သည်။ လောကဆိုသည်မှာ ဘာလဲ? အတွင်းမှာလား၊ အပြင်မှာလား? ဘာကို ရှာဖွေနေကြတာလဲ? အတွင်းမှာလား၊ အပြင်မှာလား? အသက်ရှင်သန်မှုဟာ ဘယ်နေရာမှာ ရှိတာလဲ? အတွင်းမှာလား၊ အပြင်မှာလား? သေဆုံးခြင်းဟာ ဘယ်နေရာ မှာ ရှိတာလဲ? အတွင်းမှာလား၊ အပြင်မှာလား?

www.burmeseclassic.com


ချမ်းနှင့် ဒီဝိုင်းတို့က 'လွတ်မြောက်ခြင်း'ဆိုသည်မှာ အတွင်းမှာ ရှိသည်ဟု နားလည်ထားကြ၏။ တဖွဲဖွဲကျနေသော မိုးစက်တွေအောက်မှာ သူတို့နှစ်ယောက် လမ်းလျှောက်လာခဲ့ကြသည်။

ရေတွေ တဝေါဝေါ ဒလဟော စီးဆင်းနေသည့် မြောင်းကြီးအနီးသို့ သူတို့နှစ်ဦး ရောက်လာသည့်အချိန်တွင် မိုးစက်ဖွဲဖွဲတွေ အကျ ရပ်တန့်သွားပြီဖြစ်၏။

"ဟော့ . . . တွေ့လား၊ မိုးတိတ်သွားပြီကွ၊ မိုးစိုမှာကို ကြိုပြီး စိတ်ပူနေတာ အလကားပဲ"

ချမ်းက ရယ်ရယ်မောမော ပြောလိုက်သည်။ တစ်ဖက်သို့ ကူးဖြတ်ရန် တံတားပေါ်သို့ သူတို့နှစ်ဦး တက်လာခဲ့ကြသည်။ အောက်သို့ ငုံ့ကြည့်လိုက်သော အခါ ရေတွေ တဝေါဝေါမြည်ကာ စီးဆင်းနေသည်ကို မြင်ရ၏။

သူတို့ တိတ်ဆိတ်စွာ ခဏရပ်တန့် ငေးမောကြည့်နေမိကြသေးသည်။

*

ထိုအခိုက်တွင် တံတား၏ တစ်ဖက်စွန်းဆီမှ လူတစ်ယောက် တက်လာနေသည်ကို သူတို့ သတိထားမိလိုက်၏။ ထိုသူက သူတို့နှစ်ယောက်ကို မြင်လိုက်သောအခါ ခြေလှမ်းတုံ့သွားသည်။

ဒီဝိုင်းနှင့် ချမ်းတို့က အသာ လှည့်ကြည့်မိကြသည်။

"ဩော် . . . ကိုလှမောင်မောင်ညွှန့်"

ဒီဝိုင်းက လှမ်းနှုတ်ဆက်လိုက်၏။

"ညဥ့်နက်လှပြီ . . . ကိုလှမောင်မောင်ညွှန့် . . . ဘယ်ကပြန်လာတာ လဲ"

သူတို့နှစ်ယောက်က ကောင်းကောင်းမွန်မွန် နှုတ်ဆက်နေသောကြောင့် လှမောင်မောင်ညွန့်က စကားပြန်ပြောရကောင်းနိုးနိုး၊ မျက်နှာလွှဲပြီး ရှောင်ထွက်သွားရကောင်းနိုးနိုး ဝေခွဲရခက်နေသည်။ ခဏကြာမှ. . .

"မြို့ထဲသွားတာ. . . အပြန်နောက်ကျနေလို့. . . "

ဟု တုံ့ဆိုင်းဆိုင်း ပြန်ဖြေ၏။ ရုတ်တရက် သူ့မှာ ပြောစရာစကား မရှိသလိုလို ဟာတာတာ ကြောင်အအ ဖြစ်နေသည်။ နောက်မှ. . .

"သွားမယ်ကွာ"

ဟု နှုတ်ဆက်ပြီး ဆက်လျှောက်သွား၏။

ချမ်းက လှမောင်မောင်ညွန့် နောက်ကျောကို ငေးကြည့်နေသည်။ ဒီဝိုင်းက. . .

'မင်း. . . လှမောင်မောင်ညွန့်ကို စိတ်မဆိုးဘူးလား ချမ်း' ဟု မေးမည် စိတ်ကူးပြီးမှ မလိုအပ်တော့ပါဘူးလေဟု တွေးကာ ထိုမေးခွန်းကို ပြန်လည်သိမ်းဆည်း ဖျောက်ဖျက်ပစ်လိုက်သည်။

တစ်စုံတစ်ခုကို ရယူပိုင်ဆိုင်ရသည်ဖြစ်စေ၊ တစ်စုံတစ်ခုကို စွန့်လွှတ်ဆုံးရှုံးရသည်ဖြစ်စေ. . . တကယ်တော့ အရာရာသည် ဘာမှ မဟုတ်ကြပါ။

ဝမ်းသာစရာရှိလျှင် ဝမ်းသာပြီး စိတ်ဆိုးစရာရှိလျှင် စိတ်ဆိုး၍၊ ဝမ်းနည်းစရာရှိလျှင် ဝမ်းနည်းလိုက်ရုံသာ ဖြစ်၏။ ဘာကိုမှ သယ်ဆောင်လာဖို့ မလိုပါ။ အောင်နိုင်ခြင်းကို ဖြစ်စေ၊ ရှုံးနိမ့်ခြင်းကို ဖြစ်စေ ဘာကိုမှ သယ်ဆောင်လာဖို့ မလိုပါ။ ထားပစ်ခဲ့တော့လေ. . .။

သူတို့ စိတ်တွေ. . . ရေလိုစီးဆင်းနေကြ၏။

*

www.burmeseclassic.com


တံတားတစ်ဖက်သို့ ဆင်းလာကြသောအခါ ကားလမ်းမသို့ ရောက်၏။ လမ်းမပေါ်တွင် သူတို့ကျောင်းမှ သူငယ်ချင်းတွေကို တွေ့ရသည်။ အုပ်စုလိုက်. . . အုပ်စုလိုက် နောက်ရင်းပြောင်ရင်း ဆူညံစွာ မြူးတူးပျော်ရွှင်နေကြ၏။

ချမ်းနှင့် ဒီဝိုင်းကို မြင်သွားသောအခါ ကိုကိုမြင့်က လှမ်းနှုတ်ဆက် သည်။

"ဟေ့ကောင်တွေ. . . မြန်မြန်လာလေကွာ၊ ငါတို့တောင် အခုတင် ကျောင်းကို သွားကြတော့မလို့. . . အိမ်မတို့အုပ်စုကို ဝင်ခေါ်လိုက်ဦးမယ်"

"အေး. . . အေး. . . သွားလေ၊ ငါတို့တော့ ဖြည်းဖြည်းပဲ လိုက်ခဲ့မယ်၊ မင်းတို့ သွားနှင့်ကြ"

သူငယ်ချင်းများအုပ်စုနှင့် ခွဲထွက်ပြီး သူတို့နှစ်ယောက် လမ်းဆက် လျှောက်လာခဲ့ကြ၏။

ညအမှောင်သည် မာကျူရီလမ်းမီးတိုင်များ၏ အလင်းရောင်ဖြင့် ဖိတ်တစ်ဝက် စင်တစ်ဝက် ဖြူဆွတ်နေ၏။ သစ်ရွက်တွေ ကိုင်းညွှတ်အိပ်စက်နေကြသည်။

အမှောင်ထဲတွင် သစ်ပင်အရိပ်တို့က တစ္ဆေတွေလို ငုတ်တုတ်ထိုင်နေကြ၏။ မိုးငွေ့ရနံ့သင်းသော ညလေပြည်တစ်ချက် တိုက်ခတ်လာသည်။ ည၏ အသံသည် ပိုးပုရစ်မြည်သံတို့ဖြင့် ဆူညံစွာ တိတ်ဆိတ်နေလေသည်။

မုတ်သုန်၏ ညသည် အေးစက်စက် နူးညံ့စွာ စိုစွတ်နေ၏။

ကားလမ်းမတစ်ဖက်တွင် မြို့နယ်လျှပ်စစ် ဓာတ်အားပေးရုံရှိသည်။ လျှပ်စစ်ရုံးနောက်ဖက်တွင် ဘောလုံးကွင်း၊ ဘောလုံးကွင်းကို ဖြတ်လျှောက် လာခဲ့ကြသောအခါ တစ်ဖက်အဆုံးတွင် ရေကန်ကြီးရှိသည်။

ဒီဝိုင်းနှင့် ချမ်းတို့ တစ်ယောက်ကိုတစ်ယောက် ဘာမှ ပြောမထားကြပါဘဲနှင့် ခြေလှမ်းတွေက ရေကန်ကြီးဆီသို့ ဦးတည်နေမိကြ၏။ လူနှစ်ရပ်နီးပါး

လောက် မြင့်မားသော ကန်ဘောင်ရိုးလမ်းကလေးအတိုင်း တက်လာခဲ့ကြပြီးသော အခါ ကမ်းစပ်မှ ရေပြင်လယ်ဆီသို့ ထိုးထွက်နေသော သစ်သားတံတားငယ်လေး ပေါ်တွင် ထိုင်မိကြသည်။

ဒီဝိုင်းက ခြေထောက်ကို ရေထဲသို့တွဲလောင်းချကာ ရေကို ခြေဖျားဖြင့် ထိခတ် လှုပ်ကစားနေ၏။ ချမ်းကတော့ တံတားကြမ်းပြင်ပေါ်တွင် ပက်လက် လှန်ကာ ကောင်းကင်ကို မော့ကြည့်နေသည်။

ည၏ ရနံ့ပါသော မုတ်သုန်လေပြေတစ်ချက် တိုက်ခတ်လိုက်သော ကြောင့် ကန်ထဲရှိ ကြာပန်းများ လှုပ်ယိမ်းသွားကြသည်။ ရေပြင်တွင် လှိုင်းဂယက် လေးများ ထလာကြ၏။ နောက်. . . ပြန်ငြိမ်သက်သွားပြန်သည်။

ညသန်းခေါင်ယံရေပြင်သည် မြွေတစ်ကောင်လို ငြိမ်သက် တိတ်ဆိတ် နေလေသည်။

သူတို့နှစ်ယောက်စလုံး စကားမပြောဖြစ်ကြ။ ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်နေမိသည်။ ကန်ရေစပ် သစ်ပင်ရိပ်များအကြားမှ ငှက်ဆိုး တစ်ကောင် တစ်လေ အော်မြည်လိုက်သံကို ကြားရ၏။ မိနစ်ပေါင်းများစွာ ကြာမြင့်သွားသည်။

သူတို့စိတ်ထဲတွင်တော့ မည်မျှကြာသွားပြီဆိုသည်ကို တိုင်းတာဖို့ မေ့ လျော့နေကြ၏။ အချိန်ဆိုတာ ဘာလဲ? 'လူ့ဘဝဆိုတာ ခဏလေး' ဆိုတာလည်း ဖြစ်နိုင်တာပဲ။ 'လူ့ဘဝဆိုတာအကြာကြီး' လို့လည်း အောက်မေ့ ယူဆနိုင်တာပဲ၊ အချိန်ဆိုတာ ဘာလဲ?

ဟိုး. . . အဝေးမျှော်စင်ဆီမှ ညတစ်နာရီထိုး သံချောင်းခေါက်သံ ကြား ရ၏။

ထိုစဉ် ဒီဝိုင်း၏အကြည့်က ရေပြင်ပေါ်မှ တစ်စုံတစ်ရာကို လှမ်းမြင် လိုက်၏။

www.burmeseclassic.com


"ဟေ့ကောင်. . . ချမ်း၊ ဟိုမှာ မျောနေတာ ဘာလေးလဲမသိဘူး၊ ဟာ . . . သေတ္တာသေးသေးလေးကွ"

ချမ်းက ဖျတ်ကနဲ ခေါင်းထောင်ထလာသည်။

"ဟင်. . . ဘယ်မှာလဲ"

သေတ္တာကလေးကို မြင်သောအခါ ချမ်းက. . .

"ဟာ. . . ဟုတ်တယ်ကွ၊ သေတ္တာလေးက လက်တစ်ဝါးစာလောက်ပဲ ရှိမယ်ထင်တယ်နော်. . . လှလိုက်တာကွာ. . . ငါ ယူမယ်"

ချမ်းက ပြောပြောဆိုဆို ရေထဲသို့ 'ဝုန်း'ခနဲ ခုန်ချပြီး ကူးခတ်သွား၏။

"ဟေ့ကောင်. . . ငါ အရင်မြင်တာကွ၊ ငါ ပိုင်တယ်"

ဒီဝိုင်းက ချမ်းနောက်မှ ကမန်းကတန်း ရေထဲခုန်ချလိုက်သည်။ သူတို့နှစ်ယောက် အပြိုင်အဆိုင် သူ့ထက်ငါ ဦးအောင်ကူးရင်းခတ်ရင်း ချမ်းက သေတ္တာလေးကို ရသွားသည်။ ဒီဝိုင်းက ချမ်းကို ခါးမှ ဆွဲဖက်၍ ရေထဲနှစ်ပြီး အတင်းလုသည်။ ချမ်းက သေတ္တာကိုမလွှတ်။ တွန်းထိုးရုန်းကန်ကာ တံတားဆီ အရောက်ကူးပြေး၏။

ဒီဝိုင်းက တံတားပေါ် မောဟိုက်စွာတက်လာရင်း သေတ္တာလေးကို ရင်မှာပိုက်ကာ တဟောဟောတဟဲဟဲ ဖြစ်နေသည့် ချမ်းကို. . .

"တိရစ္ဆာန်ကောင်. . . မင်း မညစ်နဲ့ကွ၊ ငါ အရင်မြင်တာ၊ ငါ ပြလို့မင်း တွေ့ရတာကွ၊ ဒီတော့. . . ဒီသေတ္တာလေးကို ငါပဲ ပိုင်သင့်တယ်"

"အပုပ်ကောင်. . . မင်း သရဲပါးစပ်ကြီးနဲ့ ကျက်သရေ မရှိတာတွေ လျှောက်ပြောမနေနဲ့၊ ရသူ ယူကြေးပဲ. . . မင်း ပိုင်ချင်တယ်ဆိုရင် မြင်မြင်ချင်း ကတည်းက ရေထဲခုန်ချပြီး သွားဆယ်လိုက်ပါလား၊ မင်းဘာသာ မင်း တွေဝေနေပြီးတော့. . . "

www.burmeseclassic.com


"ဘာဆိုင်လို့လဲကွ၊ ငါ့အိမ်ပေါ် မင်းတက်နေလိုက်တာနဲ့ မင်းအိမ် ဖြစ်သွားမှာလား၊ ပိုင်ဆိုင်တယ်ဆိုတာ လက်ထဲမှာရှိတာ မရှိတာနဲ့ ဘာမှ မဆိုင်ဘူး"

မည်သို့ပြောပြော ချမ်းက သေတ္တာလေးကို လက်ထဲမှမချ။ သေတ္တာကလေးက အလျားခြောက်လက်မခန့်သာရှိပြီး ထုက ပါးပါးကလေးပင် ဖြစ်သည်။ ကန့်လန့်ထိုးလျှိုရသော ရှေးဟောင်းပုံသဏ္ဍာန် သော့ခလောက် တစ်မျိုးဖြင့် အသေခတ်ပိတ်ထားသောကြောင့် ဖွင့်မရ။ အပြာရောင်လဲ့နေသော သတ္တုတစ်မျိုးဖြင့် ပြုလုပ်ထားပြီး ရေလုံအောင် စေ့စေ့စပ်စပ် ဖန်တီးထားသည့် လက်ရာဖြစ်၏။

ရေညှိတချို့ တက်နေသည့်ကြားမှပင် အနည်းငယ် ပွတ်တိုက်ကြည့်လိုက်သောအခါ အရောင်လက်လာ၏။ မည်သည့် သတ္တုအမျိုးအစားမှန်းတော့ မသိ။ အဖုံးပေါ်တွင် ရှေးဟောင်း မစ်သရာ (Mithra) ဂိုဏ်း၏ အမှတ်အသားဖြစ်သော နတ်ဘုရားတစ်ပါးက ကျွဲကို ယှဉ်ပြိုင်သတ်ပုတ် အနိုင်ယူနေသည့် ပုံကို ရုပ်ကြွ ထုဆစ်ထား၏။

မစ်သရာ ဆိုသည်မှာ သမိုင်းတွင် ရှေးအကျဆုံး နတ်ဘုရားတစ်ပါး ဖြစ်ပြီး ဘီစီ-၄၀၀၀ ခန့်ကဟု ယူဆရသော အထောက်အထားကို အီရတ်နိုင်ငံတွင် တွေ့ရ၏။ တိုက်ဂါးရစ်မြစ်နှင့် ယူဖရိုက်တီး(စ်)မြစ်နှစ်သွယ်ကြားရှိ တောင်ကြားဒေသတွင် တွေ့ရခြင်းဖြစ်သည်။ (ထိုနေရာသည် သမ္မာကျမ်းစာတွင် ပါရှိသော ဧဒင်ဥယျာဉ်တည်ရှိခဲ့ရာ နေရာဖြစ်သည်ဟု ဆိုကြသည်)

မစ်သရာဂိုဏ်းဝင်တို့က လောကတွင် 'အကောင်း'နှင့် 'အဆိုး' ဟူသော နတ်ဘုရားနှစ်ပါးသည် တန်ခိုးချင်းညီမျှပြီး အားပြိုင်တိုက်ခိုက်နေကြသည်ဟု ခံယူကြ၏။ ထိုအယူအဆသည် အရှေ့အလယ်ပိုင်းဒေသ တစ်ဝှမ်းလုံးတွင် ပျံ့နှံ့သွားခဲ့ပြီး အီရန်နိုင်ငံ သမိုင်း၏ ဘီစီ-၁၀၀၀ခန့် တွင်မှ 'မစ်သရာ'ဟူသော အမည်ကို အထင်အရှား တွေ့ရသည်။ နောက်ပိုင်း ပေါ်ပေါက်လာသော ဇိုရာထရီယံ

www.burmeseclassic.com


ဂိုဏ်း နှင့် မင်နစ်စီယံဂိုဏ်းတို့သည် အကောင်းနှင့်အဆိုး နတ်ဘုရားနှစ်ပါးစလုံးကို လက်ခံ ကိုးကွယ်ခဲ့ကြသည်။

ချမ်းက သေတ္တာလေးကို ကိုင်လှုပ်ကြည့်လိုက်၏။ အတွင်းမှာပစ္စည်းတစ်စုံတစ်ရာ ရှိနေပုံရသည့် ထိခတ်သံ တဂျောက်ဂျောက်ကို ကြားရသည်။

"အထဲမှာ ဘာလဲမသိဘူးကွ"

"သာမန်ပစ္စည်းမျိုးတော့ မဖြစ်နိုင်ဘူး"

"မကောင်းကျိုးပေးမယ့် ပစ္စည်းတစ်ခုခုများလား"

"ဖြစ်နိုင်တယ်၊ မစ်သရာဂိုဏ်းဝင်တွေဟာ အမှောင်လမ်း ဂန္ဓာရီသမားတွေလို့ နာမည်ပျက်ရှိဖူးတယ်၊ ဒါပေမယ့် . . . တန်ခိုးကြက်တွိပတ် ရှိတဲ့ အရာတစ်ခုခုလည်း ဖြစ်နိုင်တယ်ကွ"

သေတ္တာလေးကို တစ်ယောက်တစ်လှည့် ကိုင်လှုပ်ကြည့်ကြပြီး သော့ခလောက်ကို ဖွင့်ရန် စဉ်းစားကြသည်။

"ကျောက်တုံးတစ်ခုခုနဲ့ သော့ခလောက်ကို ရိုက်ဖွင့်ကြည့်ရင် မကောင်းဘူးလား"

"သံချောင်းနဲ့ လျှိုပြီး ကန့်လန့် လိုက်ရင်ကော"

ပြောသာပြောနေကြသည်။ တကယ်တမ်း သေတ္တာကိုဖွင့်ဖို့ ဘယ်သူမှ အားမထုတ်ကြ။ ထိုင်မြဲ ထိုင်နေကြ၏။

နောက် . . . စကားမပြောဖြစ်ဘဲ တိတ်ဆိတ်နေမိကြပြန်သည်။ အတော်ကြာမှ ပြန်ရန်ဆုံးဖြတ်လိုက်ပြီး မတ်တပ် ထလိုက်ကြသည်။

"သေတ္တာထဲမှာ တစ်ခုခုရှိနေတာတော့ သေချာတယ်ကွ"

ကန်ဘောင်ရိုးအတိုင်း သူတို့ တရွေ့ရွေ့ ဆင်းလာခဲ့ကြသည်။

သူတို့နှစ်ယောက်စလုံး တစ်ကိုယ်လုံး ရွှံ့ရွှဲစိုနေကြသောကြောင့် မုတ်သုန်

www.burmeseclassic.com


ညလေပြေတစ်ချက် တိုးဝှေ့တိုက်ခတ်လိုက်သောအခါ ချမ်းပြီး တဆတ်ဆတ် တုန်ရင်သွားကြသည်။

ဒီဝိုင်းက ရယ်မောရင်း ပြောလိုက်၏။

"အစတုန်းကတော့ မိုးရွာရင် တစ်ကိုယ်လုံး ရွှဲရွှဲစိုတော့မှာပဲလို့ တွေးခဲ့ လိုက်ရတာ. . . တကယ်တမ်း ရေစိုစရာ ရှိလာတော့ မိုးမရွာပေမယ့်လဲ စိုရတာပဲ မဟုတ်လား"

"ဒီလိုပါပဲကွာ၊ ဘဝဆိုတာ တလွဲတွေ လျှောက်ဖြစ်နေတာ၊ ရယ်စရာ ကြီးပါကွာ"

သူတို့နှစ်ယောက် လမ်းဖြတ်ကူးမည် ပြင်ခိုက်မှာပင် လက်ခုပ်တီး၍ လှမ်းခေါ်သံကြားလိုက်ရသောကြောင့် လှည့်ကြည့်လိုက်သည်။ ကျောင်းတွင် အောင်စာရင်းသွားကြည့်ပြီး ပြန်လာကြသော သူငယ်ချင်းများဖြစ်၏။

"ဟိုနှစ်ယောက်. . . ဘယ်မှာသွားပုန်းနေတာလဲ၊ ရှာလိုက်ရတာ"

"ဟေ့ကောင်တွေ. . . မင်းတို့နှစ်ယောက်စလုံး အောင်တယ်၊ ဂုဏ်ထူး သုံးဘာသာစီ. . . အတူတူပဲ၊ ဒီတစ်ပွဲလည်း မင်းတို့ သရေပွဲပေါ့ကွာ"

"ကိုကိုမြင့်ကော. . . "

"ဒီကောင်က မင်းတို့ထက်သာသွားပြီကွ၊ ဒီကောင်က ဂုဏ်ထူးလေး ဘာသာတောင်. . . "

"ဟာ. . . ၊ ဒီကောင်က လျှိုထားတာကိုး"

"မင်းတို့နှစ်ကောင်စလုံး တစ်ကိုယ်လုံး စိုရွှဲလို့ ကြွက်စုတ် ဖြစ်နေပါလား၊ ဘယ်မြောင်းထဲ လိမ့်ကျလာတာလဲ"

"မြောင်းထဲလိမ့်ကျလာတာ မဟုတ်ဘူးကွ၊ ငါနဲ့ ဒီဝိုင်း လက်တွေ့

www.burmeseclassic.com


စမ်းသပ်ချက်တစ်ခု လုပ်ကြည့်လာတာ၊ ပါကစ္စတန်က ရေဘေးဒုက္ခသည် တစ်သန်းအတွက် ကယ်ဆယ်ရေးပစ္စည်းတွေ ပို့ပေးမလို့"

"ဘာတွေပို့ပေးမှာလဲ"

"ရေကူးနည်းစာအုပ်တွေ ပို့လိုက်မယ်လေ"

ချမ်း စကားကြောင့် သူတို့ ရယ်လိုက်ကြသည်။ ဒီဝိုင်းက. . .

"ဟဲ့. . . အိမ. . . နင်ကော"

"ငါ ဂုဏ်ထူးနှစ်ခုတောင် ပါတယ်တဲ့. . . သိလား၊ သင်္ချာနဲ့ သိပ္ပံတွဲ၊ ပျော်လိုက်တာဟာ. . . ငါက သင်္ချာတစ်ခုလောက်ပဲ ပါမယ်ထင်ထားတာ"

အိအိခိုင်က ဝမ်းသာလွန်း၍ ဆွေ့ဆွေ့ခုန်နေ၏။ သူတို့နှစ်ယောက်စလုံး အိအိခိုင်ကို ပြုံး၍သာကြည့်နေဖြစ်ကြသည်။ ကိုကိုမြင့်က အခြားသူငယ်ချင်းများ အောင်သူအောင်၊ ကျသူကျသည့်အကြောင်း ပြောပြနေစဉ်မှာပင် အိအိခိုင်က. . .

"နင်တို့နှစ်ယောက် အိမ်ပြန်မှာဆိုရင် ငါ့အိမ်ကို ပြောပြပေးစမ်းပါဟယ်. . . ငါ့အိမ်က လူကြီးတွေလဲ သိချင်လို့ မျှော်နေမှာ၊ ငါကတော့ အောင်စာရင်း မကြည့်ရသေးတဲ့ သူငယ်ချင်းတွေအိမ်ကို လိုက်ပြောလိုက် ဦးမယ်"

"အေး. . . အေး. . . ဝင်ပြောလိုက်မယ်၊ နင်တို့အိမ်က ဓမ္မာရုံရှေ့မှာ မဟုတ်လား"

"အင်းလေ. . . နင်တို့ ရောက်ဖူးသားပဲ၊ ခြံရှေ့မှာ 'အိမ်ငှားမည်' ဆိုတဲ့ ဆိုင်းဘုတ် ချိတ်ထားတယ်"

ချမ်းနှင့် ဒီဝိုင်းက သူငယ်ချင်းများကို နှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။

တံတားကြီးအနီးသို့ ရောက်သောအခါ ဒီဝိုင်းက အဆက်အစပ်မရှိဘဲ လှမောင်မောင်ညွှန့် အကြောင်းကို စပြော၏။

"လှမောင်မောင်ညွှန့်ဟာ တော်တော်သနားဖို့ကောင်းတယ်ကွ"

ချမ်းက ဘာမှပြန်မပြော။ ဒီဝိုင်းက ဆက်၍. . .

"ဒီကောင်. . . ဆယ်တန်းတုန်းက ကျောင်းမှာ စာမေးပွဲဖြေခါနီး နောက်ဆုံး နှုတ်ဆက်ပွဲလုပ်တော့ စားကြ၊ သောက်ကြ၊ ပါဆယ်ဂိမ်းတွေ ကစားကြနဲ့လေ. . .၊ နောက်. . . တစ်ယောက်နဲ့တစ်ယောက် အမှတ်တရ လက်ဆောင် အပြန်အလှန်ပေးကြတာ. . . သနားစရာကောင်းတာက လှမောင်မောင်ညွန့်ကို ဘယ်သူမှ လက်ဆောင်မပေးကြဘူး၊ ဒီကောင် တစ်ယောက်တည်း အပယ်ခံထားရသလို ဖြစ်နေတယ်၊ အဲဒါနဲ့ ဒီကောင် ဘာလုပ်သလဲ. . . သိလား၊ စတိုးဆိုင်သွားပြီး အကောင်းဆုံးလက်ဆောင် တစ်ခုဝယ်တယ်၊ ပြီးတော့ သူ့ကိုယ်သူ ပြန်ပြီး လက်ဆောင်ပေးလိုက်တယ်ကွ"

ဒီဝိုင်းအသံက လှောင်ပြောင်သရော်သော အငွေ့အသက်မပါ။ ပကတိ စာနာစိတ်ဖြင့် နွေးထွေးနေ၏။ ချမ်းက အဝေးသို့ငေး၍ နားထောင်နေရင်း သက်ပြင်းဖွဖွ ရှိုက်သည်။

လေပြေထဲတွင် ခရမ်းပြာရောင် မိုးစက်ရနံ့တွေ စိုစွတ်အေးမြနေလေသည်။ ဒီဝိုင်းက. . .

"လှမောင်မောင်ညွန့်အကြောင်းကို စဉ်းစားမိတိုင်း . . . 'လူဆိုတာ ဘာလဲ' ဆိုတဲ့မေးခွန်းကို ငါ့ဘာသာ ပြန်ပြန်မေးမိတယ်၊ ရင်ထဲက တစ်ခုခုကို တော့ သိလာသလိုပဲ"

တံတားပေါ်တွင် သူတို့နှစ်ယောက် ရပ်မိကြပြန်သည်။ တဝေါဝေါ စီးဆင်းနေသည့် ရေဂယက်တို့ကို ငုံ့ကြည့်ရင်း တိတ်ဆိတ်နေဖြစ်ကြ၏။ အတန်ကြာမှ ချမ်းက. . .

'ငါ့မှာ ဘကြီးတစ်ယောက်ရှိတယ်ကွ၊ သူက တောမှာနေတာ၊ သူ လုပ်ပုံကလဲ အဆန်းသား. . . တောထဲမှာ သစ်ပင် ဘယ်နှစ်ပင်ရှိသလဲဆိုပြီး လိုက်ရေကြည့်သတဲ့"

www.burmeseclassic.com


“ဘယ်လို ရေသလဲ”

“မနက်မိုးလင်း ထမင်းစားပြီးတာနဲ့ သောက်ရေဗူးထဲ ရေဖြည့်၊ မြေဖြူခဲလေးတစ်ချောင်းကိုင်ပြီး တောထဲဝင်သွားတော့တာပဲ၊ တွေ့သမျှ သစ်ပင်တွေပေါ်မှာ မြေဖြူနဲ့ တစ်၊ နှစ်၊ သုံး၊ လုံး ဂဏန်းတွေ အစဉ်လိုက် ရေးသွားတော့တာ၊ ညနေမိုးချုပ်လို့ ဘာမှမမြင်ရတော့မှ အိမ်ပြန်လာတယ်၊ အဲဒီလို လုပ်နေလိုက်တာ. . . နေ့တိုင်းပဲ”

“နောက်တော့ ဘာဖြစ်သွားလဲ”

“မသိဘူးကွ”

သူတို့နှစ်ယောက် စကားပြတ်သွားကြပြန်သည်။ တံတားလက်ရန်းပေါ်မှ ကိုယ်ကိုကိုင်းညွတ်ကာ အောက်သို့ ငုံ့ကြည့်ရင်း ရောက်တတ်ရာရာ စကားတွေ ဟိုတစ်ခွန်း ဒီတစ်ခွန်း ပြောမိကြသေးသည်။

သိပ်တော့ စိတ်ပါလက်ပါ မရှိလှ။

ကြာတော့ သူတို့နှစ်ယောက်လုံး ပျင်းရိလာကြသည်။

ချမ်းက. . .

“လူ့ဘဝဆိုတာ အဖုံးပိတ်ထားတဲ့ သေတ္တာတစ်လုံးပဲကွ၊ အထဲမှာ ဘာရှိသလဲတော့ မသိဘူး”

ဒီဝိုင်းက ချမ်းဘက်သို့ လှည့်ကြည့်ပြီး

“ဘာပဲရှိရှိပေါ့ကွာ. . . မထူးလှပါဘူး”

ဟု ပြန်ဖြေ၏။ ချမ်းက သူ့ဘောင်းဘီအိတ်ထဲထည့်ယူလာသော သေတ္တာကလေးကို သတိရသွားပြီး ဆွဲထုတ်လိုက်သည်။ အထဲက ဂလောက်ဂလောက် မြည်သံကြားရအောင် လှုပ်ကြည့်လိုက်သေးသည်။

ထို့နောက် ပြုံးပြီး သေတ္တာကလေးကို တံတားလက်ရန်းဘောင်ပေါ် ချထားလိုက်၏။ နောက်. . . ချမ်းက. . .

"ဟော့ကောင်. . . ဒီဝိုင်း၊ ဒီသေတ္တာထဲမှာ ဘာရှိသလဲဆိုတာကိုကော မသိချင်ဘူးလား"

ဒီဝိုင်း ပခုံးကို တစ်ချက်တွန့်ပြပြီး ပြန်လှည့်သွားသည်။ စီးဆင်း နေသော ရေများကို ငေးမြငေးနေ၏။ ချမ်းက လေတစ်ချက်ချွန်လိုက်ပြီး. .

"ငါလည်း မသိချင်ဘူး"

*

သူတို့အနီးသို့ တစ်စုံတစ်ရာ ပျံဝဲလာသည်။ ညဥ့်ငှက်ဆိုးတစ်ကောင်ဟု ထင်ရ၏။ ငှက်ဆိုးက ဂစ်ခနဲ မြည်သံတစ်ချက်ပေးလိုက်ပြီး အဝေးသို့ ပျံသန်း ထွက်ခွာသွားသည်။

"သေတ္တာထဲမှာ တစ်ခုခု ရှိနေတာတော့ သေချာတယ်ကွ"

"အေး. . . "

*

ရေတဝေါဝေါစီးသံမှ လွဲ၍ ညသည် တိတ်ဆိတ်နေ၏။

*

ရုတ်တရက်. . . ။

သေတ္တာကလေးသည် တံတားလက်ရန်းပေါ်တွင် ရှိနေရာမှ ဖျတ်ခနဲ ပြုတ်ကျသွား၏။ (ဘာကြောင့်ပြုတ်ကျသွားရသည်ကို သူတို့နှစ်ယောက်စလုံး မသိကြ။)

www.burmeseclassic.com


တဝေါဝေါစီးဆင်းနေသည့် ရေထဲတွင် မျောပါသွားသော သေတ္တာကလေး ကို သူတို့ ငြိမ်ငြိမ်သက်သက် ငေးကြည့်နေကြသည်။

ထို့နောက်. . .

တံတားပေါ်မှ ဆင်းပြီး ပြန်ခဲ့ကြတော့၏။

*

အိအိခိုင် အိမ်ရှေ့ရောက်သောအခါ ဒီဝိုင်းက. . .

"ဟော့ကောင်. . . ချမ်း၊ မင်းပဲ ဝင်ပြောလိုက်ကွာ၊ ငါ ခြံပြင်ကပဲ စောင့်မယ်"

ချမ်းက အိမ်ထဲဝင်သွားပြီး အိအိခိုင်၏ မိဘများကို အကျိုးအကြောင်း ပြောပြနေစဉ် ဒီဝိုင်းက ခြံဝတွင် ချိတ်ထားသည့် 'အိမ်ငှားမည်' ဟူသော ဆိုင်းဘုတ်ကို ခဲရာခဲဆစ် ဖြုတ်ယူသည်။

ထို့နောက်. . . 'အိမ်' ဟူသော စာလုံး၏ 'မ' အက္ခရာပေါ်မှ 'အသတ်' ကို ရေစိုနေသော သူ့အင်္ကျီစဖြင့် အသေအချာ ပွတ်တိုက်ဖျက်၏။

"အိမ ငှားမည်"

ထို့နောက် ဆိုင်းဘုတ်ကို နေရာတကျ ပြန်ချိတ်ထားလိုက်သည်။ အိမ်ထဲမှ ချမ်းပြန်ထွက်လာသောအခါ ဒီဝိုင်းက ဆိုင်းဘုတ်ကို မေးငေါ့ပြလိုက်ပြီး နှစ်ယောက်သား တခွီးခွီး ကျိတ်ရယ်ကြသည်။

"လာ. . . ဟော့ကောင်၊ လစ်စို့"

မနက်ဖြန် မနက်ဆိုလျှင် ထိုဆိုင်းဘုတ်ကိုဖတ်ပြီး အိမကို ငှားချင်သူများ အိမ်ရှေ့တွင် တန်းစီကောင်း စီနေပေလိမ့်မည်ဟု သူတို့ တွေးကာ ပြုံးဖြစ်ကြ၏။

❐

# အခန်း (၅)

(နိဂုံး)

'နိဂုံး' ဆိုသည်မှာ သုည၏ ဟိုဘက်အလွန်တွင်သာ ရှိသင့်သော အရာဖြစ်ပါသည်။

အရာရာကို နိဂုံးချုပ်လိုက်ပြီဆိုလျှင် အကြွင်းအဖြစ် သုညပင်လျှင် မကျန်ရစ်ခဲ့သင့်ပါ။

အဘယ်ကြောင့်ဆိုသော်. . . သုညသည် အရာရာတိုင်း၏ မိခင်ဖြစ်၏။ သုညရှိနေလျှင် ဘဝသည် အသစ်တစ်ဖန် ပြန်စနေရဦးမည်။ လောကသည် သံသရာအသစ် ပြန်လည်ရဦးမည်။

တကယ်တမ်း. . .

သင့်ကိုယ်သင် နိဂုံးချုပ်လိုလျှင်

သင့်စိတ်သည် သုည၏ ဟိုဘက်အလွန်အထိ ရောက်အောင် သွားသင့်ပါသည်။

# ၈

❐

ညသည် အိမ်တိုင်း၏ နောက်ဘက်တံစက်မြိတ်စွန်းတွင် တွဲလောင်း ခိုလျက်ရှိပြီ။

သူတို့နှစ်ယောက် လမ်းခွဲတော့မည်ဟု ဟန်ပြင်ချိန်တွင် အရုဏ်တက်တော့မည်။ ကိုယ့်အိမ်ကိုယ်ပြန်ရန် လမ်းဆုံလမ်းခွတစ်နေရာတွင် သူတို့နှစ်ယောက် ရပ်လိုက်မိကြသည်။

ကျောခိုင်းလှည့်ထွက်ဖို့သာ ရှိတော့သည်။

ထိုအချိန်တွင်

“မင်းကို ငါ မေးစရာရှိတယ်. . . ဒီဝိုင်း”

“မင်းကို ငါ မေးစရာရှိတယ်. . . ချမ်း”

www.burmeseclassic.com


နှစ်ယောက်စလုံး တိုက်ဆိုင်စွာ ပြိုင်တူပြောလိုက်မိသောကြောင့် ရယ်မောဖြစ်ကြသည်။

ဒီဝိုင်းက. . .

'ကဲကွာ၊ မင်းအရင်မေး'

ဟု ပြောသဖြင့် ချမ်းက. . .

"မင်းကိုကြည့်ရတာ စာမေးပွဲအောင်လို့လည်း ဘာမှ သိပ်ထူးထူး ခြားခြား ဝမ်းသာပုံမရဘူး၊ ဘာဖြစ်လို့လဲ"

ဒီဝိုင်းက. . .

"မင်းကလဲသိလျက်နဲ့ မေးနေပြန်ပြီ၊ မင်းကကော ဘာထူးလို့လဲ" ဟု အဓိပ္ပာယ်ရသည့် အပြုံးကြည့်ဖြင့် ကြည့်သည်။ ထို့နောက်. . .

"ချမ်းရာ. . . တကယ်တော့ 'အောင်မြင်တယ်' ဆိုတာကော 'ဆုံးရှုံးတယ်' ဆိုတာကော နှစ်ခုစလုံးဟာ ရေခွက်တစ်ခွက်ရဲ့ အပြင်နံရံမှာ ချယ်သထားတဲ့ အပြောက်အမွှန်းတွေပဲ၊ ဒါတွေက အဓိကမကျပါဘူး၊ တကယ့်အဓိက အစိတ်အပိုင်းက ရေခွက်ရဲ့ အတွင်းပိုင်းအနှစ်သာရဖြစ်တဲ့ ဗလာဟင်းလင်းဖြစ်မှုက ငါတို့ ရင်ထဲမှာ ရှိနေပြီပဲ၊ ဘာကို ထူးပြီး ဝမ်းသာရဦးမလဲ? ဘာကို ထူးပြီး ဝမ်းနည်းရဦးမှာလဲ. . . ချမ်း"

သူပြောနေပုံက သက်တောင့်သက်သာ ရှိလှသည်။ ထို့နောက် သူက ချမ်းဘက်လှည့်ပြီး. . .

"မင်းကိုလဲ ငါမေးရဦးမယ်. . . ချမ်း"

"ပြော. . . ဘာလဲ"

"မင်းကော. . . လှမောင်မောင်ညွှန့်ကို ဘာဖြစ်လို့ စိတ်မဆိုးတာလဲ

ချမ်းက တစ်ဖက်သို့လှည့်၍ ကျောခိုင်းလိုက်ပြီး ခေတ္တမျှ တိတ်ဆိတ်နေသည်။ နောက်မှ. . .

"လူတစ်ယောက်ရဲ့ အတွေးအခေါ်ဟာ အဲဒီလူရဲ့ ဘဝပဲကွ"

"အဲဒီတော့. . . "

"ငါတို့က တခြားလူတစ်ယောက်ရဲ့ အတွေးအခေါ်ကို မှန်သလား၊ မှားသလား ဆုံးဖြတ်ပေးခွင့် မရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူရဲ့ဘဝကိုကော. . . သူရဲ့ အတွေးအခေါ်ကိုကော ပုံစံသွင်း အရောင်ဆိုးပေးတာက အဲဒီလူရဲ့ 'စိတ်' ပဲ"

ချမ်းက စကားကိုဖြတ်ကာ ရှေ့သို့ ခြေတစ်လှမ်းနှစ်လှမ်းတိုးသွားသည်။ ခပ်ဖျော့ဖျော့ လင်းလက်နေသော လမ်းဓာတ်မီးတိုင်ကို မော့ကြည့်သည်။ တော်တော်ကြာအောင် နှုတ်ဆိတ်နေပြီးမှ စကားဆက်၏။

"လူတိုင်းဟာ သူ့စိတ်နဲ့ သူ့အတွေးအခေါ်နဲ့ လွတ်လွတ်လပ်လပ် ဆုံးဖြတ်လုပ်ရှားနေတယ်ဆိုတဲ့ အချက်ကို နားလည်ပြီးရင် ဘယ်သူ့ကို စိတ်ဆိုး စရာရှိတော့မှာလဲ၊ တကယ်တော့ လူ့စိတ်ဆိုတာကကွာ. . . "

" 'စိတ်' ဆိုတာ ဘာဖြစ်သလဲ ချမ်း"

" 'စိတ်' ဆိုတာ စောစောတုန်းက ငါတို့ရှေ့က ပျောက်ကွယ်သွားတဲ့ သေတ္တာလေးလိုပါပဲ၊ အထဲမှာ ဘာပဲရှိရှိပေါ့. . . သူ့ဘာသာသူ အရှိ. . . အရှိတိုင်းလေး ထားလိုက်သင့်တဲ့ အရာမျိုးပါ"

တဝေါဝေါ စီးဆင်းနေသည့်ရေထဲတွင် မျောပါသွားသော သေတ္တာလေးကို ငြိမ်ငြိမ်သက်သက် ငေးကြည့်နေသည့် ခံစားမှုမျိုးဖြင့် သူတို့ တိတ်ဆိတ်နေဖြစ်ကြ၏။

www.burmeseclassic.com


တကယ်တော့. . .။

တိတ်ဆိတ်ခြင်းဆိုသည်မှာ နိဂုံးတစ်ခုပင် ဖြစ်သင့်လေသည်။

❒

www.burmeseclassic.com

သူတို့နှစ်ယောက်. . .

တိတ်ဆိတ်စွာဖြင့်ပင်

ကျောခိုင်းလမ်းခွဲခဲ့ကြလေတော့သည်။

❒

www.burmeseclassic.com


စောင်းတို့ကို ရိုက်ချိုးလော့. . .၊
ထိုအခါ လူတို့သည် ကိုယ်ပိုင်နားရွက်ဖြင့်
ပကတိအတိုင်း နားထောင်တတ်လိမ့်မည်။

အမြင်စူးရှသူတို့၏ မျက်လုံးကို ပိတ်လော့. . .၊
ထိုအခါ လူတို့သည် ကိုယ့်မျက်စိဖြင့် ကိုယ်
ကြည့်မြင်တတ်ကြလိမ့်မည်။

မြင့်မြတ်ခြင်းကို ဖျက်သိမ်းလော့. . .၊
ထိုအခါ မြင့်မြတ်ကြလိမ့်မည်။

❐

# အပိုင်း (၂)



www.burmeseclassic.com

စောင်းတို့ကို ရိုက်ချိုးလော့. . .၊
ထိုအခါ လူတို့သည် ကိုယ်ပိုင်နားရွက်ဖြင့်
ပကတိအတိုင်း နားထောင်တတ်လိမ့်မည်။

အမြင်စူးရှသူတို့၏ မျက်လုံးကို ပိတ်လော့. . .၊
ထိုအခါ လူတို့သည် ကိုယ့်မျက်စိဖြင့် ကိုယ်
ကြည့်မြင်တတ်ကြလိမ့်မည်။

မြင့်မြတ်ခြင်းကို ဖျက်သိမ်းလော့. . .၊
ထိုအခါ မြင့်မြတ်ကြလိမ့်မည်။

www.burmeseclassic.com

# အခန်း (၆)

www.burmeseclassic.com

www.burmeseclassic.com

# ၈

❐

နှင်းငွေ့မြူငွေ့တွေ မှိုင်းမှိုင်းဝေရီသော လမ်းကလေးတစ်လျှောက်လုံး မှာ သော်ကပင်တွေ၊ ကုက္ကိုလ်ပင်တွေ၊ သရက်ပင်တွေ စိမ်းညို့ကာ အုပ်အုပ် ဆိုင်းဆိုင်း ဖြစ်နေလေသည်။

သစ်ရွက်တွေကြားမှာ နေရောင်ခြည်က ပြောက်တိပြောက်ကျား မြေပေါ် ခနေ၏။ ရုံဖန်ရံခါ ဖြတ်မောင်းသွားသော ကားသံလေးလေးတွဲ့တွဲ့ကို ကြားရ တတ်သည်မှလွဲ၍ ခြောက်မိုင်ခွဲ လူနေရပ်ကွက်ကလေးသည် ဆိတ်ငြိမ်အေးချမ်း သော ရပ်ဝှမ်းငယ်လေး ဖြစ်၏။

အင်းလျားကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော နံနက်ခင်း လေပြေလေညှင်းသည် ရပ်ကွက်ဝန်းကျင်ခပ်သိမ်းကို မှုန်ဝါးကာ ငွေအိုရောင် ပျပျဆိုင်းလျက် စိုစွတ်အေးမြနေစေလေသည်။

www.burmeseclassic.com


ချမ်းက ဒီဝိုင်းနေနေသော သူဦးလေး၏ လိပ်စာကို ရှာမတွေ့သောကြောင့် စိတ်တိုလာသည်။ လမ်းသွယ်ကလေးတွေ လမ်းမြှောင်ကလေးတွေက ရှုပ်ထွေးဖြာထွက်နေကြသည်။ အိမ်နံပါတ်များက တစ်ဆက်တည်းမရှိ၊ အချို့နေရာများတွင် ပြတ်တောင်းပြတ်တောင်း ဖြစ်နေကြ၏။

သည်နားတစ်ဝိုက်မှာဆိုတာတော့ သေချာတယ်ဟုတွေးရင်း အနီးဆုံးအိမ်တစ်အိမ်ကို ဝင်မေးရန် ဆုံးဖြတ်လိုက်၏။ သူရပ်နေသောနေရာ အနီးတစ်ဝိုက်က အိမ်များတွင် လူရိပ်လူယောင်ပင် မမြင်ရ။

ထို့ကြောင့်. . . ချမ်းက ရှေ့နားဆက်လျှောက်သွားလိုက်သည်။ ခြံဝင်းကျယ်တစ်ခုထဲတွင် ကရာတေးဝတ်စုံအဖြူဖြင့် သိုင်းလေ့ကျင့်နေသော ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

ခြံထောင့်ရှိ သရက်ပင်အောက်တွင် အသက်ငါးဆယ်ကျော်ခန့် လူကြီးတစ်ယောက်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ကားကားကြီးထိုင်လျက် ကောင်မလေး သိုင်းလေ့ကျင့်ပုံကို ကြည့်နေ၏။

ထိုလူကြီး၏မျက်နှာမှာ မုန်လာဥနှင့် တူသည်။ နဖူးပြောင်ပြောင်၊ မျက်နှာလုံးလုံး ရှည်မျောမျောနှင့် ဦးခေါင်းထိပ်တွင် ဆံပင်တွေကစုပြီး ထိုးထိုးထောင်ထောင် ဖြစ်နေ၏။

ခန္ဓာကိုယ်က ရေထိုးထားသော ကြက်ဆင်ဝဝကြီးတစ်ကောင်နှင့် တူနေသည်။

ချမ်းက ခြံတံခါးတွင် ချိတ်ဆွဲထားသော ခေါင်းလောင်းလေးကို လှုပ်ယမ်းလိုက်သည်။

"ချွင်. . . ချွင်"

မုန်လာဥနှင့်တူသော လူကြီးက ခြံဝသို့ တစ်ချက်ခေါင်းထောင် ကြည့်

သည်။ ချမ်းကိုမြင်သောအခါ စိတ်ပျက်စက်ဆုပ်ဟန်ဖြင့် မျက်နှာလွှဲသွားပြီး ကောင်မလေးကိုသာ ကြည့်မြဲကြည့်နေပြန်၏။

ချမ်းက စိတ်မရှည်စွာဖြင့်. . .

"ဗျို့. . . အိမ်ရှင်တို့၊ အိမ်ရှင်တို့"

ထိုလူကြီးက လှည့်၍ပင် မကြည့်တော့။ ချမ်းနှင့် စကားပြောဖို့ အဖက်မတန်ဟု ခံယူထားသည့်ဟန်ဖြင့် လက်တစ်ဖက်ကိုမြှောက်ကာ လက်ဝါးခါပြပြီး. . .

"သွား. . . သွား"

ဟု မောင်းထုတ်သည်။

ချမ်း စိတ်တိုတိုဖြင့် လှည့်ထွက်လာခဲ့၏။ ထိုစဉ် ဘေးမှကပ်လျက်ခြံတံခါး ပွင့်လာပြီး. . .

"ဟေ့ကောင်. . . ချမ်း"

ဒီဝိုင်း၏ လှမ်းခေါ်သံကြားလိုက်ရ၏။ ဒီဝိုင်းက သုတ်သုတ်ပျာပျာ ပြေးထွက်လာပြီး. . .

"ဟိုဘက်ခြံဝမှာ အသံပြုကြီးနဲ့ အော်ခေါ်နေတာ ကြားကတည်းက မင်းအသံပဲဖြစ်မယ်လို့ ထင်တော့ ထင်လိုက်သား"

ချမ်းက စိတ်ပျက်လက်ပျက်ဖြင့်

"အေးကွာ. . . မင်း လိပ်စာကလဲ ရှာရခက်လိုက်တာ"

ဒီကြားထဲ နည်းနည်းပါးပါး လမ်းညွှန်နိုင်မလားလို့ လှမ်းမေးမယ် စိတ်ကူးတာတောင် ငါ့ကို သူတောင်းစားလို မောင်းထုတ်လိုက်သေးတယ်"

ဒီဝိုင်းက ချမ်း၏ခရီးဆောင်အိတ်ကို ကူဆွဲရင်း ချမ်းကို အိမ်ထဲသို့ ခေါ်သွားပြီး

www.burmeseclassic.com


"ဟုတ်တယ်ကွ၊ ခေါင်းရင်းခြံက လူတွေက အဲဒီလိုချည်းပဲ၊ အတော် ဆက်ဆံရေးညံ့တယ်၊ အခု ဒီကို ငါရောက်နေတာ (၁၀) ရက်လောက်ရှိပြီ၊ ဒါ တောင် ခုထိ သူတို့နဲ့ ပေါင်းလို့သင်းလို့ မရသေးဘူး"

"ဒီလို အိမ်နီးချင်းမျိုးနဲ့တော့ ပေါင်းသင်းမနေပါနဲ့တော့ကွာ"

ဒီဝိုင်းက တစ်ချက်ပြုံးလိုက်သည်။

"မင်း တော်တော် စိတ်တိုလာတယ်နဲ့တူတယ်. . . ချမ်း၊ ဟုတ်လား"

"စိတ်မတိုပဲ နေမလားကွ၊ ပုဂ္ဂိုလ်ကြီးက ကုလားထိုင်ပေါ်မှာ ဇိမ်ယူပြီး ထိုင်နေလိုက်တာ၊ ငါ ဒီလောက်လှမ်းခေါ်နေတာတောင် ဝတ်ကျေတမ်းကျေ ထ လာဖော်မရဘူး"

"သူ့ဘောင်းဘီကြယ်သီးပြုတ်နေလို့ မတ်တပ်မထရဲတာလဲ ဖြစ်ချင် ဖြစ်မှာပေါ့"

ဒီဝိုင်းစကားကြောင့် ချမ်းက ရယ်မောလိုက်၏။

ဒီဝိုင်းက ချမ်းနေရမည့်အပေါ်ထပ်မှ အခန်းသို့ လိုက်ပို့သည်။ ခုတင် ဘေးရှိ နံရံကပ်ဘီဒိုထဲတွင် ချမ်း၏ အဝတ်အစားသေတ္တာကို ထည့်ပေးနေစဉ် ချမ်းက ခေါင်းရင်းပြတင်းပေါက်ကို သွားဖွင့်လိုက်၏။

ပြတင်းပေါက်မှ ငုံ့ကြည့်လိုက်သောအခါ တစ်ဖက်ခြံမှ ကောင်မလေး သိုင်းကစားနေပုံကို အပေါ်စီးမှ မြင်နေရသည်။ ချမ်း၏ စိတ်ထဲတွင် ကြယ်ကြွေ သလို လက်ခနဲ ပျော်မြူးသွားပြီး 'ရွှီ' ခနဲ လေချွန်လိုက်မိ၏။

ကောင်မလေးက သတိထားမိပုံမပေါ်သော်လည်း နံဘေးတွင် ပက် လက်ကုလားထိုင်ဖြင့် ထိုင်နေသော မုန်လာဥကြီးက လေချွန်သံကို ကောင်းစွာ ကြားသွားပြီး ဆတ်ခနဲ မော့ကြည့်သည်။

ချမ်းက ကမန်းကတန်းဖြင့် ပြတင်းပေါက်တံခါးနောက်တွင် ကွယ် နေလိုက်ရသည်။

ဒီဝိုင်းက ဘီဒိုတံခါးကို ပြန်ပိတ်နေရာမှ လှည့်ကြည့်ပြီး

"ဟော့ကောင်. . . ဘယ်သူ့ကို သွားစနေတာလဲ"

"ကောင်မလေးကွ၊ သူ့ကိုယ်သူ တရုတ်ကားထဲက မင်းသမီး အောက်မေ့နေသလားမသိဘူး၊ 'ယိ. . ယား'၊ 'ဟိ. . ယား' နဲ့အော်ပြီး လေထဲကို လက်သီးနဲ့ထိုး၊ ခြေထောက်နဲ့ကန် ကိုးယိုးကားယား လုပ်နေတယ်၊ ငါ့မျက်စိထဲမှာတော့ ရေနစ်နေတဲ့ ကြောင်ကလေးတစ်ကောင်လိုပဲ"

"ဟား. . . သွားမစနဲ့ကွ၊ ကောင်မလေးက ဒီလောက်မဟုတ်ပေမယ့် သူ့ကို အိမ်မှာအနီးကပ် သင်ပေးနေတဲ့ ဆရာက အာရှအဆင့်ပွဲတွေမှာ ချန်ပီယံကွ၊ ရွှေတံဆိပ် သုံး. . . လေးခါလောက်ရဖူးတယ်ဆိုပဲ၊ နာမည် က 'ကျား-အောင်ဒင်' တဲ့"

"ကျားထိုးတာ အတော်ဝါသနာပါတယ်နဲ့ တူတယ်"

"ဟုတ်မှာပေါ့၊ ငါနဲ့တော့ တစ်ခါမှ မဆုံဖြစ်သေးဘူး၊ လမ်းထဲက ဟိုလူဒီလူပြောတာ ကြားဖူးတာပဲ၊ မင်းလဲ သတိထား. . . ကောင်မလေးက တိုင်ပြောလိုက်လို့ ကျားအောင်ဒင်က သူ့တပည့်ကို နောက်ရမလားဆိုပြီး မင်းကို လာတီးနေလိမ့်မယ်"

ချမ်းက ပခုံးတွန့်ပြလိုက်၏။ သူ့မျက်စေ့ထဲတွင် မုန်လာဥပုံမျက်နှာနှင့် လူကြီးကို ပြန်မြင်ယောင်လာသည်။ သည်လူကြီးနှင့်သာဆိုလျှင် မလွယ်။ သူကြက်သီးထသွား၏။

သို့သော်. . . ချမ်းက ခပ်တည်တည်ဖြင့်. . .

"ကြိုက်ပြီကွာ. . . ငါကလည်း အဲဒီလိုပြိုင်ဖက်မျိုးနဲ့မှ တွေ့ချင်နေတာကွ၊ မင်းသိပါတယ်. . ဒီဝိုင်း၊ ငါကလည်း ကိုယ်ခံပညာနဲ့ပတ်သက်လာရင် ခေသူမှ မဟုတ်တာ၊ ငါ့ဆရာကတောင် လက်ဖျားခါရတယ်"

www.burmeseclassic.com


"သြော်. . . မင်းက ဆရာ့လက်ဖျားကို အုတ်ခဲနဲ့ ထုလိုက်မိသေးတာ ကိုး"

ဒီဝိုင်း၏ စကားကြောင့် ချမ်း မျက်နှာရှုံ့မဲ့သွား၏။ ဒီဝိုင်းက ပြုံးစေ့စေ့ဖြင့် ကြည့်ရင်း. . .

"မင်းစကား မင်းမြဲမြဲမှတ်ထားနော်. . . ချမ်း"

ဟု ပြော၏။

❒

www.burmeseclassic.com

# ၁

❐

နောက်တစ်နေ့မနက် အိပ်ရာထထချင်း ချမ်းက ခေါင်းရင်းမှ ပြတင်းပေါက်ကို အရင်ဆုံး ထဖွင့်သည်။

ကောင်မလေးက ခြံထဲတွင် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းလုပ်နေ၏။ ချမ်းက ပြတင်းပေါက်မှ ထိုင်ကြည့်ရင်း စိတ်ပါသလိုလို ဖြစ်လာသောကြောင့် သူပါ မတ်တပ်ထပြီး ကောင်မလေးလုပ်သလို လိုက်လုပ် ကြည့်သည်။ သိပ်အဆင်မပြေလှ။ အရုပ်ကို သံပတ်ပေးထားသလို ဆတ်တောက်ဆတ်တောက် ဖြစ်နေသည်ဟု သူ့ဘာသာပြန်တွေးမိပြီး ရယ်ချင်လာ၏။

ခဏကြာသောအခါ ကောင်မလေးက ကြိုးခုန်ပြန်သည်။ ချမ်း စိတ်ညစ်သွား၏။ သူ့အခန်းထဲတွင် ကြိုးကမရှိ။ ထို့ကြောင့် ခန်းဆီး ကန့်လန့်ကာစကို ဖြုတ်ပြီး ကျစ်ကျစ်ပါအောင်လိပ်၍ အစနှစ်ဖက်ကို ကိုင်ကာ ကြိုးလုပ်ပြီး ခုန်သည်။

www.burmeseclassic.com


အဝတ်စနှင့် ကြမ်းပြင်ထိရိုက်သံက တဖုန်းဖုန်း ကျယ်လောင်စွာ မြည်နေသောကြောင့် ကောင်မလေးက ကြားသွားပြီး ခေါင်းမော့ကြည့်သည်။ ချမ်းက လျှာထုတ်၊ မျက်လုံးပြူးပြီး ပြောင်စပ်စပ်လုပ်ပြလိုက်၏။ ကောင်မလေး ကြိုးကို ပစ်ချပြီး အိမ်ထဲသို့ ဆောင့်ဆောင့်အောင့်အောင့် ဝင်သွားသည်။

ထိုစဉ် ဒီဝိုင်းက အခန်းဝတွင် လာရပ်ပြီး

"ဟေ့ကောင်. . . ဘာအရူးထနေတာလဲ၊ ရေချိုးတော့လေကွာ. . . မြန်မြန်လုပ်၊ ကျောင်းသွားမယ်"

*

ညနေဖက်တွင် အတော်နောက်ကျပြီးမှ သူတို့နှစ်ယောက် ပြန်ရောက်ကြသည်။ ချမ်းက အိမ်ထဲ ဝင်ဝင်ချင်း ခေါင်းရင်းပြတင်းပါက်တံခါးကို ပြေးဖွင့်၏။

ဒီဝိုင်းက ချမ်းကို ပြုံးစေ့စေ့ဖြင့် ကြည့်သည်။ ထို့နောက်. . .

"ဟေ့ကောင်. . . သွားကြည့်မနေနဲ့တော့၊ အခုလောက်ဆို ကောင်မလေး သိုင်းလေ့ကျင့်တာ ပြီးနေလောက်ပြီ"

ချမ်းက လေတစ်ချက် တိုးတိုးချွန်လိုက်ရင်း. . .

"မပြီးသေးဘူးကွ၊ လာကြည့် လာကြည့်"

ပြတင်းပေါက်မှ သူတို့ ဦးခေါင်းနှစ်လုံး ပြူလျှက်ကြည့်ကြသည်။ ကောင်မလေးက သွက်လက်ဖျတ်လတ်စွာ လှုပ်ရှားရင်း သိုင်းကစားနေ၏။ သူမ၏ နဖူးဆံစတွင် ချွေးစက်တွေ ဥနေသည်။

ချမ်းက မနေ့က ပက်လက်ကုလားထိုင်ဖြင့် ထိုင်ကြည့်နေသော မုန်လာဥမျက်နှာနှင့် ပုဂ္ဂိုလ်ကြီး ရှိမရှိ မျက်စေ့ရှင်ရှင်ဖြင့် ဟိုဟိုဒီဒီကြည့်ကာ အကဲခတ်လိုက်သည်။ မတွေ့ရ။

"ဒီနေ့ သူ့ဆရာကြီး အနားယူတဲ့နေ့ဖြစ်မှာပဲ" ဟု ချမ်းက တွေးလိုက်ပြီး စိတ်ထဲတွင် လွတ်လပ်မြူးကြွလာ၏။

ချမ်းက ပြောင်ချော်ချော်မျက်နှာဖြင့် ဒီဝိုင်းဘက်ကို လှည့်ကြည့်သည်။ ဒီဝိုင်းက သူ့ကို မျက်စေ့တစ်ဖက်မှိတ်ပြ၏။ နောက်ဖို့ပြောင်ဖို့ကိစ္စဆိုလျှင် အထွေအထူးတိုင်ပင်နေစရာမလိုအောင်ပင် သူတို့နှစ်ယောက် တက်ညီလက်ညီ ရှိကြ၏။

လက်ဖဝါးချင်း ဖြန်းခနဲ ရိုက်လိုက်ကြပြီး ပြတင်းဝတွင် ကောင်မလေးဘက်သို့ မျက်နှာမူကာ ရင်ကော့၍ မတ်မတ်ရပ်လိုက်ကြသည်။

ကောင်မလေးက စင်ဖြင့်ထောင်ထားသော အုတ်ကြွပ်ပြားများကို ဖြောင်းကနဲ ဖြောင်းကနဲ မြည်အောင်ကန်ပြီး ခွဲနေ၏။

ကောင်မလေးက မာန်သွင်းပြီး 'ယိ. . .'ဟု အော်ဟစ်လိုက်လျှင် သူတို့နှစ်ယောက်ကလည်း ပြိုင်တူ 'ယိ. . .'ဟု လိုက်အော်ကြ၏။ ကောင်မလေးက 'ယား. . .'ဟု ဟစ်ကြွေးကာ လက်သီးထိုးလိုက်လျှင် သူတို့နှစ်ယောက်ကလည်း အသံပြဲကြီးများဖြင့် 'ယား. . .'ဟု ကြောင်စီစီအော်ကာ သူတို့၏လက်သီးများကို လေထဲသို့ ပြိုင်တူဆန့်ထုတ်လိုက်ကြသည်။

သုံးလေးကြိမ်ခန့် လိုက်အော်ဟစ်ပြီးသောအခါ ကောင်မလေးက စိတ်အနှောင့်အယှက်ဖြစ်ဟန်ဖြင့် မျက်မှောင်ကုပ်လျက် သူတို့နှစ်ယောက် ဘက်သို့ မော့ကြည့်သည်။

*

ချွေးစက်တွေဥနေသော သူမ၏ မျက်နှာကလေးက ပွင့်ဖတ်ပေါ် နှင်းစက်ကလေးတွေ တင်နေသည့် ကံကော်ပန်းတစ်ပွင့်နှင့်တူသည်။ သွယ်နွဲ့ညွတ်

www.burmeseclassic.com

BURMESE CLASSIC .com

ပျောင်းသော ခန္ဓာကိုယ်လှုပ်ရှားပုံက ဆောင်းဦးလေပြေထဲတွင် ယိမ်းသွားတတ်သည့် မိုးမခပင်ပျိုကလေးနှင့်တူ၏။ စိတ်အလိုမကျဟန် မှုန်ကုပ်ထားသော မျက်ဝန်းများကတော့ အပြာရောင်မှိုင်းမှိုင်း တိမ်တိုက် ကလေးများနှင့် တူနေလေသည်။

*

ကောင်မလေးက သူတို့နှစ်ယောက်၏ ပြောင်စပ်စပ်မျက်နှာများကို မြင်ရသောအခါ ချာခနဲလှည့်ပြီး အကြည့်လွှဲပစ်လိုက်သည်။ စုစည်းချည်နှောင်ထားသော ဆံနွယ်စတွေ ပုခုံးသားပေါ် ဖွာခနဲ လွင့်ခါသွားပုံက တစ်မျိုးကြည့်ကောင်းနေ၏။

ကောင်မလေးက အာရုံကို ပြန်စုစည်းလိုက်ပြီး စောစောကလိုပင် မာန်သွင်းလျက် အုတ်ကြွပ်ပြားများကို 'ဖြောင်းခနဲ' 'ဖြောင်းခနဲ' ကန်ခွဲပစ်နေသည်။ ကောင်မလေးကို ကြည့်ရင်း ချမ်းက စိတ်တက်ကြွလာပြီး နံရံတွင် ထောင်ထားသည့် တံမြက်စည်းကို အားရပါးရ ပစ်ကန်ထည့်လိုက်ရာ တံမြက်စည်းက 'ဂျွတ်'ခနဲ ကျိုးသွား၏။

"အဲ. . . ငါလည်း ဘယ်ဆိုးလို့လဲ"

ဟု ချမ်းက သူ့ဖာသာသူတွေးရင်း ဘဝင်မြင့်နေသည်။ ဒီဝိုင်းကတော့ ကျိုးသွားသောတံမြက်စည်းကို နှမြောတသစွာဖြင့် ကြည့်နေ၏။

ထိုအချိန်တွင် ခြံဝမှ လူခေါ်ခေါင်းလောင်းသံကြားရသည်။ သူတို့နှစ်ယောက်စလုံး အိမ်ရှေ့သို့ ပြေးထွက်သွားပြီး ကြည့်လိုက်ကြ၏။

"ဟိုက်. . . သေပြီ"

"ဟာ. . . ပြဿနာတော့ တက်ပြီဟေ့"

မုန်လာဥမျက်နှာနှင့် ပုဂ္ဂိုလ်ကြီးကို တွေ့လိုက်ရသောကြောင့် ချမ်း ရင်ထဲတွင် လှိုက်ခနဲ မောသွားသည်။ သူတို့နှစ်ယောက် ကောင်မလေးကို စပြီး နောက်ပြောင်နေကတည်းက သည်ပုဂ္ဂိုလ်ကြီးက တစ်နေရာရာမှ စောင့်ကြည့်နေခဲ့ပုံရသည်ဟု ချမ်း တွက်ဆလိုက်မိ၏။

“ဟေ့ကောင်. . . ချမ်း၊ သွားလေကွာ”

“ဟာ. . . မင်းကလဲ”

“ဩော်. . . မင်းပြောခဲ့တဲ့စကား မင်းမေ့ပြီလား ချမ်း၊ ဒီလို ပြိုင်ဖက်မျိုးနဲ့မှ တွေ့ချင်နေတာဆို”

ဒီဝိုင်းက ပြောပြောဆိုဆိုနှင့် ချမ်းကို တွန်းလွှတ်လိုက်၏။ ချမ်းက နောင်တကြီးစွာဖြင့် တွန့်ဆုတ်တွန့်ဆုတ် ခြံထဲဆင်းသွားသည်။

သူခြံတံခါးကို မပိတ်ဘဲ စေ့ရုံသာစေ့ထားခဲ့မိသည်ကို ပြန်သတိရလာ၏။ သူ ခြေလှမ်းရင်း ဒူးတွေ ခွေညွတ်ကျချင်သလိုလို ဖြစ်လာသည်။

ထိုစဉ်. . . ခြံတံခါးက ဝုန်းခနဲ ပွင့်သွားပြီး မုန်လာဥမျက်နှာနှင့် ပုဂ္ဂိုလ်ကြီးက ခြံထဲသို့ တစ်လှမ်းချင်း တိုးဝင်လာလေသည်။

ထိုပုဂ္ဂိုလ်ကြီးက ရှမ်းဘောင်းဘီနှင့် အင်္ကျီဖားဖားကြီးကို ဝတ်ဆင်ထားသောကြောင့် နဂိုကတည်းက ကြီးမားထွားကျိုင်းသော ခန္ဓာကိုယ်မှာ ဘီလူးကြီးတစ်ကောင်နှင့် တူနေ၏။

ထိုပုဂ္ဂိုလ်ကြီး၏ လက်ထဲတွင် ယင်းတိုက်နှစ်သားသဖွယ် မည်းနက်ပြောင်လက်နေသည့် တုတ်ရှည်တစ်ချောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

ထိုပုဂ္ဂိုလ်ကြီး ခြေလှမ်းလာပုံက သတိကြီးစွာဖြင့် တရွေ့ရွေ့၊ ဝါရင့်သိုင်းသမားတစ်ယောက်၏ ကိုယ်နေဟန်မျိုး။ ခါးကိုညွတ်ပြီး တိုက်ကွက်ကျဉ်းအောင် ခန္ဓာကိုယ်ကို ချုံ့ထား၏။

www.burmeseclassic.com


ချမ်းက တုန်ယင်လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင် စုစည်းလိုက်သည်။

"ရန်သူနဲ့တွေ့ရင် ကိုယ်က ဦးအောင် အရင်တိုက်"

ဟူသော သိုင်းသမားတို့၏ လက်သုံးဆိုရိုးကို သတိရသွား၏။

ချမ်း၏ အာရုံကြောများ ရုတ်ချည်း နိုးကြွလာသည်။ ထိုပုဂ္ဂိုလ်ကြီးက မလှုပ်မယှက် စူးရှသောမျက်ဝန်းများဖြင့် ချမ်းကို စိုက်ကြည့်နေ၏။

"ဟိတ်. . ."

ချမ်းက ဖျတ်ခနဲ ခုန်ဝင်သွားပြီး ပုဂ္ဂိုလ်ကြီး၏ မေးဖျားကို ခြေဖြင့် ခတ်လိုက်၏။ တည့်တည့်ထိသည်။ 'ဖျောင်း'ကနဲ မြည်၏။ ချမ်းက လူချင်းဝင်ပူး မိမိချင်း ညာလက်ဖဝါးစောင်းဖြင့် အားထည့်ပြီး ခုတ်ကာ တစ်ဆက်တည်း တံတောင်ဖြင့် ရင်ဝကိုတွက်လိုက်သည်။ ထိုပုဂ္ဂိုလ်ကြီးက အွတ်ခနဲ မြည်ကာ ပါးစပ်မှ လေတွေ ထွက်လာ၏။ ခွေကျသွားသော ပုဂ္ဂိုလ်ကြီး၏ ခါးဆစ်တည့်တည့်ကို ဖနောင့်ဖြင့် အားရပါးရ ကန်ထည့်လိုက်သည်။

"အေင်မလေး. . . သေပါပြီဗျ"

ထိုသူက နာကျင်စွာ အော်ဟစ်လိုက်ပြီး ချမ်း၏ ခြေရင်းတွင် ခွေခနဲ ပုံလျက်သား လဲကျသွားလေသည်။

အော်သံကြောင့် တစ်ဖက်ခြံမှ ကောင်မလေး ပြေးဝင်လာသည်။ ချမ်းက လက်နှစ်ဖက်ကို ခံ့ညားစွာပိုက်လျက် ကောင်မလေးကို မထီတရီ လှောင်ပြုံးပြုံးကာ ကြည့်လိုက်သည်။ သူ့ပုံစံက ဘာမှ မလှုပ်ရှားလိုက်ရသလို အေးဆေးတည်ငြိမ်လွန်းနေ၏။

"ရှင်. . . တော်တော်လက်မြန်တာပဲ"

ချမ်းက ဆံပင်တွေကို ဆတ်ခနဲ ခါလိုက်ပြီး လေသံအေးအေးဖြင့်. .

www.burmeseclassic.com


“ဆောရီးပဲကွာ. . . မင်းရဲ့ ဆရာကြီး ချန်ပီယံ ကျားအောင်ဒင်ကို ကိုယ့်ပညာ နည်းနည်းမြည်းစမ်းခွင့်ပေးလိုက်ရတာ စိတ်မကောင်းပါဘူး”

ကောင်မလေးက စိတ်မချမ်းမြေ့သည့် မျက်နှာဖြင့်. . .

“မဟုတ်သေးဘူးရှင့်. . . ရှင် အားရပါးရ တွယ်ထည့်လိုက်တာ ခါးနာနေလို့ လမ်းကောင်းကောင်းမလျှောက်နိုင်တဲ့ ကျွန်မရဲ့ အဖေပဲ”

❒

www.burmeseclassic.com

# ၇

❐

ချမ်းက အယုတ္တ အနတ္တတွေစုံအောင် ဆဲဆိုရေရွတ်ရင်း အိမ်ထဲ ပြန်ဝင်လာသည်။ ဒီဝိုင်းကတော့ သူ့ကို ပြုံးစေ့စေ့ဖြင့် ကြည့်နေ၏။

ချမ်းက. . .

"တိရစ္ဆာန်ကောင်၊ မင်း ချောက်တွန်းလို့. . ငါ့မှာ တရားစွဲမခံရတာ ကံကောင်း၊ ခုတောင် မနည်းကြီး ကန်တော့ပြီး တောင်းပန်လိုက်ရတယ်"

"ဩော်. . . မင်း အလှည့်တုန်းကတော့. . . နယ်ကလာတဲ့ ကောင်မလေးကို မျက်မမြင် ဒုက္ခိတလေးပါဆိုပြီး ချောက်တွန်းခဲ့တာ မေ့သွားပြီလား"

ချမ်းက ထိုစဉ်က ဒီဝိုင်းဖြစ်နေပုံကို ပြန်မြင်ယောင်ပြီး ရယ်မိသည်။

"အေး. . . ဒီပွဲလဲ သရေပဲ"

သူတို့နှစ်ယောက် လက်ဖဝါးချင်း 'ဖြန်း'ခနဲ ရိုက်လိုက်ကြ၏။

ချမ်းက. . .

“ငါချောက်တွန်းတုန်းကတော့ မင်းက ကိုးယို့ကားယား ဖြစ်ရုံပဲဖြစ်တာ၊ အခုကျတော့. . . မတော်တဆ ငါ့ကြောင့် အဖိုးကြီး ခါးတစ်ခုခုဖြစ်သွားရင် ဒုက္ခပဲ၊ ဆေးဖိုးပါ ထပ်ကုန်ဦးမှာကွ”

“မင်းက တွေ့လိုက်တာနဲ့ အကျိုးအကြောင်း မမေးမစမ်းဘဲ ပြေးပြီး ဆော် ထည့်လိုက်တာကိုး”

“ဘယ် မေးရဲမလဲကွ၊ သူ့လက်ထဲမှာ တုတ်ရှည်ကြီး ကိုင်ထားတော့ ငါ လက်ဦးမှုဖြစ်တော့မယ်လို့ အောက်မေ့လိုက်တာပေါ့၊ လက်စသတ်တော့ သူက လမ်းကောင်းကောင်း မလျှောက်နိုင်လို့ တောင်ဝှေးနဲ့ လာရတာကိုး”

“ဘာကိစ္စနဲ့ လာတာတဲ့လဲ”

“သရက်သီးဖိုး လာတောင်းတာတဲ့၊ ဟော့ကောင်. . . ဒီဝိုင်း၊ မင်းကိုလည်း အဘိုးကြီးက ဆဲသွားသေးတယ်၊ သူ့သရက်သီးတွေခိုးစားလို့တဲ့၊ ခွေးကောင် . . . ပြောစမ်း၊ ငါ မရောက်ခင်. . . မင်း ဘာတွေ ရှုပ်ထားလဲ”

ဒီဝိုင်းက မဖြေဘဲ တဟားဟား အော်ဟစ်ရယ်မောနေသည်။ နောက်မှ. . .

“အဲဒါက မင်းရောက်မယ့် မနက်ကမှ ဖြစ်တာကွ၊ ဒီလို. . . သူတို့ ခြံထောင့်က သရက်ပင်ကို မင်းမြင်တယ် မဟုတ်လား”

“လမ်းမဘက်ကို အကိုင်းတွေ ညွတ်ကျနေတဲ့အပင် မဟုတ်လား”

“အေး. . . ငါ စရောက်ခါစတုန်းကဆိုရင် အဲဒီအပင်မှာ သရက်သီး တွေ ပြွတ်နေအောင် သီးတာကွ. . . အဲဒါနဲ့. . . ”

❐

www.burmeseclassic.com



ရာသီချိန်မဟုတ်ဘဲ သီးသော သရက်သီးများဖြစ်သောကြောင့် အလွန် အရသာရှိလိမ့်မည်ဟု ဒီဝိုင်း တွေးနေမိသည်။ တစ်လုံးနှစ်လုံးခန့် သွားတောင်းပြီး ခူးစားလျှင် ကောင်းမည်လားဟုလည်း စဉ်းစားမိသေး၏။

ကိုယ်က ဒီရပ်ကွက်ထဲကိုရောက်သည်မှာ မကြာသေးသောကြောင့် လူ စိမ်းသက်သက်လို ဖြစ်နေ၏။ နောက်ပြီး. . . ခေါင်းရင်းခြံမှ ပိုင်ရှင် ဦးဝင်းကျော် ကလည်း ပေါင်းရသင်းရခက်သည့် လူစားမျိုးဟု ပြောသံကြားဖူး၏။ ထို့ကြောင့် ရင်းရင်းနှီးနှီး မရှိသေးဘဲ သွားတောင်းလျှင် မည်သို့ထင်မည်မသိ။

အိမ်နီးနားချင်းဆိုသည်မှာ အတောင်းအရမ်း အပေးအကမ်း ကင်းရှင်း လေ ကောင်းလေဖြစ်သည်ဟု ဒီဝိုင်း ထင်၏။

*

သရက်သီးတွေ သီးနေသောအကိုင်းက လမ်းမဘက် ညွတ်ကျနေ သောကြောင့် ရံဖန်ရံခါတွင် လမ်းသွားလမ်းလာများ၊ ကလေးငယ်များက သရက် သီးများကို တုတ်များ၊ ခဲများဖြင့် ပစ်သူက ပစ်၊ ဝါးလုံးရှည်ဖြင့် ရိုက်ချသူက ချပြီး တစ်လုံးစ နှစ်လုံးစ ခူးစားသွားကြသည်ကိုလည်း မြင်ရ၏။

ဦးဝင်းကျော်ကလည်း သူ့သရက်သီးများကို အလစ်မပေးဘဲ ခူးနေသူကို တွေ့သည်နှင့် တစ်ပြိုင်နက် ပြေးထွက်လာကာ အော်ဟစ်ကြိမ်းမောင်း တတ် သည်ကိုလည်း မြင်ရ၏။

ထို့ကြောင့် ဒီဝိုင်းက သရက်သီး စားချင်သောဆန္ဒကို အတော် ခက်ခက် ခဲခဲ ထိန်းချုပ်ထားရသည်။

“ဟေ့. . . ညတုန်းက ဘယ်ကနောတွေ ငါ့သရက်သီး ဝင်ခိုးသွားကြ

www.burmeseclassic.com


ပြန်ပြီလဲဟော့. . . မိမဆုံးမ ဖမဆုံးမလေးတွေ. . . ငါ. . . တယ်. . . ဆဲ ထည့်လိုက်ရ”

ဦးဝင်းကျော်၏ ဒေါသတကြီး အော်ဟစ်နေသံကြားရသောကြောင့် ဒီဝိုင်းက ခေါင်းရင်းပြတင်းပေါက်ကို အသာဟကာ ချောင်းကြည့်လိုက်၏။ ဦးဝင်းကျော်က လုံချည်စအောက်နားအစွန်းနှစ်ဖက်ကို လက်ဖြင့်မကာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း သူ့သရက်ပင်ကို မော့ကြည့်လိုက်. . . ဆဲလိုက် လုပ်နေ၏။ မျက်နှာ ကလည်း နီရဲနေသည်။

နောက် ဦးဝင်းကျော် အိမ်ထဲပြန်ဝင်သွားသည်ကို မြင်ရ၏။ တော်တော်ကြာမှ ပြန်ထွက်လာသည်။ လက်ထဲတွင် သစ်သားဆိုင်းဘုတ်တစ်ခု ပါလာသည်။ ထိုဆိုင်းဘုတ်ကို သရက်ပင် ခွဆုံနားတွင် သံဖြင့်ရိုက်ခါ ကပ်နေသည်ကို ဒီဝိုင်း အစအဆုံး မြင်နေရ၏။

နေ့လည်နေ့ခင်း ဦးဝင်းကျော် တစ်ရေးတစ်မော အိပ်နေလောက်ပြီဟု ထင်ရသောအခါတွင်မှ သူ တိတ်တိတ်ကလေး ထွက်လာပြီး ဆိုင်းဘုတ်တွင် ရေးထားသည့်စာကို သွားဖတ်ကြည့်သည်။

“သရက်သီးများကို တောင်းယူပြီးမှ ခူးပါ”

ဒီဝိုင်း ဝမ်းသာအားရဖြင့် အိမ်ပေါ်ပြန်တက်သွားပြီ တောင်းအကြီးကြီးတစ်လုံးကို ယူကာ ဆင်းလာသည်။ ထို့နောက်. . . ဝါးတံချူရှည်ဖြင့် သရက်သီးများကို တစ်လုံးမကျန် ခူးတော့သည်။

သရက်သီးများ ကုန်ခါနီးဆဲဆဲတွင်. . .

“ဟော့ကောင်. . . မင်း. . . မင်း. . . သရက်သီးသူခိုး. . . မိပြီ၊ ခွေးကောင်လေး. . . ငါ့သရက်သီးတွေကို လာလာခိုးနေတာ မင်းကိုး”

“ဗျာ. . . အန်ကယ်. . . ကျွန်တော် မခိုးပါဘူး”

www.burmeseclassic.com


"ဟ. . . ငါ့ကိုမပြောဘဲ ခူးတာ သူခိုးပေါ့ကွ၊ ဟောဟိုမှာကြည့်. . . ဆိုင်းဘုတ်မှာ ရေးထားတာမြင်လား"

"ဟုတ်ကဲ့. . . မြင်ပါတယ်ခင်ဗျ၊ တောင်းယူပြီးမှ ခူးပါ. . တဲ့၊ အဲဒါကြောင့် ကျွန်တော် တောင်းကြီးယူလာတယ်လေ. . . ဒီမှာကြည့်ပါလား 'တောင်း'၊ နည်းတဲ့ဟာကြီး မဟုတ်ဘူး. . . ဟဲ. . ဟဲ"

ဦးဝင်းကျော်က ရုတ်တရက် ဘာပြန်ပြောရမည်မှန်းမသိဖြစ်သွားပြီး သူ့ကို မျက်လုံးပြူး၊ အံကြိတ်ကာ စိုက်ကြည့်နေသည်။ ဆံပင်တွေက ရန်လိုတိုက်ခိုက်တော့မည့် ဖြူတစ်ကောင်၏ ဆူးတောင်တွေလို ထောင်ထလာသည်။

"တောက်. . !"

"ဟာ. . . ဒေါသကိုထိန်းပါ အန်ကယ်၊ ကျွန်တော် ကြားဖူးတာကတော့ ဒေါသမီး၊ လောဘမီးနဲ့ ဆေးလိပ်မီးဟာ အတော်ဆိုးတယ် ဆိုလားပဲ"

"တောက်. . . ဟင်း၊ မင်းက ရှူးသလို ပေါသလိုနဲ့ ငါ့ကို တစ်ပတ်ရိုက်ဖို့ ကြံနေတာပေါ့လေ. . . မရဘူးကွ. . . မရဘူး. . . ဝင်းကျော်တဲ့. . . တစ်ကျော်တည်း ရှိတယ်၊ သူများမျက်ခုံးမွေးပေါ် စကြီးလျှောက်လာခဲ့တဲ့ကောင်ကွ၊ မင်းတို့ ငါ့ခြေဖျားကိုတောင် မမီဘူး"

ဒီဝိုင်းက ဦးဝင်းကျော်၏ ခြေဖျားကို ငုံ့ကြည့်လိုက်ရင်း. . .

"အင်း. . . ဟုတ်မှာပါ၊ အန်ကယ့်ခြေသည်းတွေကလဲ ရှည်တာကိုး"

"ဟယ်. . . ခွေးမသားလေး၊ သေဖို့သာပြင်"

ဒီဝိုင်းက ဝါးတံချူရှည်ကို ကမန်းကတန်းကောက်ပြီး ချာခနဲ နောက်လှည့်ပြေးသည်။ သူ လှည့်အပြေးတွင် ဝါးလုံးရှည်က ဗိုခနဲ အရှိန်ဖြင့် ယမ်းသွားပြီး ဦးဝင်းကျော်၏ ခါးဆစ်ရိုးတည့်တည့်ကို ဖြောင်းခနဲ ရိုက်ထည့်လိုက်မိ၏။

ဦးဝင်းကျော်က 'အု. . . 'ခနဲ အသံခပ်အုပ်အုပ်ဖြင့် အော်ဟစ် ညည်းတွားပြီး ခွေကျသွားလေသည်။

❒

ချမ်းက ရယ်မောလိုက်ရင်း. . .

"ဒုက္ခပါပဲကွာ၊ အဘိုးကြီး ခါးနာသွားတာ မင်းကြောင့်ကိုး၊ ဒီနေ့ ငါက ထပ်ပြီး အဲဒီခါးကို ဆော်ထည့်လိုက်ပြန်တော့ အဘိုးကြီးက ငါတို့နှစ်ယောက်ကို ကမ္ဘာမကျေ ဖြစ်တော့မှာပဲ"

"ဘယ်တတ်နိုင်မလဲကွာ၊ တမင်လုပ်တာမှမဟုတ်ဘဲ၊ ငါလည်း မင်းလိုပဲ သူကျေနပ်အောင် အမျိုးမျိုး ကန်တော့ပြီး တောင်းပန်ရတော့တာပေါ့။ အဘိုးကြီးက ငါခူးထားတဲ့ သရက်သီးတွေ အကုန်လုံးပြန်သိမ်းသွားရော. . . ငါ့ တောင်းတောင် အဆစ်ပါသွားသေးတယ်၊ ရှက်ရမ်းရမ်းတာလားတော့ မပြော တတ်ဘူး၊ အရင်တုန်းက ပျောက်ထားတဲ့ သရက်သီးတွေကိုပါ ငါ ခိုးတယ်လို့ စွပ်စွဲပြီး အလျော်တောင်းတော့တာပဲကွာ"

ချမ်းက သက်ပြင်းတစ်ချက် ချလိုက်ရင်း. . .

"ဒီနေ့ သရက်သီးဖိုး လာတောင်းတော့လည်း အလျော်မရဘဲခါး ထပ်နာ သွားတာပဲ အဖတ်တင်သွားတာပေါ့။ ဟူး. . . မလွယ်ဘူးထင်တယ် ဒီဝိုင်းရေ. . . အဘိုးကြီးကိုဆေးဖိုးဝါးခ သွားလှူလိုက်ရင် ကောင်းမယ်ထင်တယ်၊ သရက်သီးဖိုး အလျော်ပေးတာပါလို့ပြောပြီး ကန်တော့လိုက်တာပေါ့၊ လူကြီးပဲကွာ. . . ကန် တော့လိုက်တာ ကုသိုလ်ရပါတယ်"

"တလွဲတွေ ထပ်မဖြစ်ရင်တော့ ကောင်းတာပေါ့ကွာ၊ ဒါပေမယ့်. . . ချမ်း၊ လောကကြီးက တော်တော်ရယ်ရတယ်ကွ၊ ကောင်းတာလုပ်တိုင်း ကောင်း တာဖြစ်တာမဟုတ်ဘူး"

❐

www.burmeseclassic.com

# ဃ

❒

စကြဝဠာသည် အခန်းကျယ်ကြီးတစ်ခန်းဖြစ်သည်ဆိုပါစို့။ ထိုအခန်းထဲရှိ နေရာအနှံ့အပြားတွင် နာရီများကို ဟိုမှာတစ်လုံး သည်မှာတစ်လုံး ဖြန့်ကျဲနေရာချထားလျှင် နာရီများသည် တစ်ခုနှင့် လည်ပတ်သွားနှုန်းချင်းလည်း မတူညီ။ အချိန်ချင်းလည်း ကွဲပြားနေသည်ကို တွေ့မြင်ရပေလိမ့်မည်။

အချိန်ဆိုသည်မှာ တွန့်လိမ်ကောက်ကွေးနေသော ကြိုးတစ်ချောင်းဖြစ်ပြီး စကြဝဠာဆိုသည်မှာ ဦးတည်ရာမဲ့ လွင့်စင်ပန်းထွက်နေသည့် ရေမှုန်ရေဖွားများ၏ အစုအဝေးသာလျှင် ဖြစ်ပါသည်။

လူဆိုသည်မှာ ထိုစကြဝဠာနှင့် အချိန်နှစ်ခုအကြား မျက်မမြင် ခရီးသွားဖြစ်လေသည်။

❒

www.burmeseclassic.com

# ၄

❐

"သမီးရယ်. . . ဖေဖေတို့ အန္တာရယ်ကင်း ဆွမ်းလေးဘာလေးကပ်ပြီး တရားနာရင် ကောင်းမယ်ထင်တယ်"

ခုတင်ပေါ်တွင် ခပ်စောင်းစောင်းလဲလျောင်းနေသည့် ဦးဝင်းကျော်က သူ့ခါးကို ကျပ်ထုပ်ထိုးပေးနေသော သမီးဖြစ်သူကို လှည့်၍ ပြောလိုက်သည်။ ခွာညိုက အံ့ဩသွားပြီး. . .

"ရှင်. . . ဘာဖြစ်လို့လဲ ဖေဖေ"

"ဖေဖေ. . . အခုတလော အကုသိုလ်ဝင်နေပုံရတယ်၊ ဟိုဘက်အိမ်ကို ရောက်လာတဲ့ ကောင်နှစ်ကောင်ဟာ အကုသိုလ်ကောင်တွေလို့ ထင်တာပဲ၊ တစ်ယောက်က သူခိုး၊ တစ်ယောက်က သိုင်းရူးရူးနေတဲ့ ငတိ၊ ဘုရား. . . ဘုရား၊ ဘယ့်နှယ်ဟာတွေနဲ့ လာဆုံဆည်းနေရပါလိမ့်"

www.burmeseclassic.com


ဖခင်၏ ညည်းညည်းတွားတွားစကားကြောင့် ခွာညို စိတ်ထဲမှာ ကျိတ်ပြီး ပြုံးနေမိသည်။ တစ်ဖက်ခြံမှ လူနှစ်ယောက်ကို ပြန်မြင်ယောင်လာ၏။ ညီအစ်ကို တွေတော့ ဟုတ်မယ်မထင်ဘူး၊ သူတို့ရုပ်ချင်းက တူမှမတူတာ. . ဟု သူမ တွေး လိုက်၏။

သို့ရာတွင် သူတို့နှစ်ယောက်မှာ တူညီသော တစ်စုံတစ်ရာရှိနေသည်ကို တော့ သူမ သတိထားမိသည်။

ထိုအရာမှာ. . . 'မျက်ဝန်းများ' ပင် ဖြစ်သည်။

ထူးဆန်းရှားပါးစွာ လောဘ၊ ဒေါသ မြူမှုန်များ ကင်းစင်ပြီး ပကတိ တောက်ပကြည်လင်နေသော မျက်ဝန်းအစုံ ဖြစ်၏။

သူတို့နှစ်ယောက်၏ မျက်ဝန်းများက သန့်စင်စွာ ပွတ်တိုက်ထားသည့် ရှင်းသန့်သော ကြေးမုံမှန်တစ်ချပ်နှင့် တူသည်။ အမှိုက်၊ ဒိုက်မှော် ကင်းစင်သည့် ကန်ရေပြင်နှင့် တူသည်။

သဘာဝအားဖြင့် အလိုလိုကြည်နူးပြုံးရယ်နေသည့် မျက်ဝန်းများ ဖြစ်ကြ လေသည်။

သူတို့နှစ်ဦး၏ နောက်တီးနောက်တောက် ပြောင်ချော်ချော် မျက်နှာ ပေါ်တွင် ခင်မင်နှစ်လိုဖွယ်ရာ 'အလင်း'တစ်ခု ရှိနေသည်ဟု ခွာညို ခံစားရ၏။

သို့သော်. . . ခွာညိုက ဖခင်ဖြစ်သူ စိတ်ကျေနပ်စေရန်. . .

"ဖေဖေကလဲ. . . ဘာမဟုတ်တာလေးကိုတွေးနေတယ်၊ ပြီး. . ပြီးရော သဘောထားလိုက်တော့ စိတ်သက်သာတာပေါ့ ဖေဖေရဲ့၊ အဲဒီနှစ်ယောက်က လည်း ဘာမှမဟုတ်ပါဘူး၊ အူကြောင်ကြောင်တွေပါ၊ ဟို သိုင်းရှူး ရှူးနေတဲ့တစ် ယောက်ဆို. . . အဖေ့ကို ကန်ရမလားဆိုပြီး သမီးက တွေ့ကရာနဲ့ ကောက်ရိုက် မယ်လဲ ဟန်ပြင်ရော ထိုင်ကန်တော့ပြီး တောင်းပန်တော့တာပဲ မဟုတ်လား၊ အလကားကောင်တွေ. . ."

ဦးဝင်းကျော်က ချောင်းတစ်ချက်ဟန့်လိုက်သည်။ ထို့နောက် အနီးမှ ထွေးခံထဲသို့ ကွမ်းတံတွေးတစ်ချက် ထွေးထည့်ရင်း. . .

“အလကားကောင်တွေဆိုတာကတော့ သေချာပါတယ် သမီးရယ်၊ အေး. . . ဒါပေမယ့် ဖေဖေ စိတ်ပူနေတာက. . . အဲဒီ အလကားကောင်တွေနဲ့ သမီး သွားပြီး အရောတဝင်မလုပ်ဖို့ပဲ”

“အို. . . ဖေဖေကလဲ”

ဖခင်၏စကားကြောင့် ခွာညို မျက်နှာပျက်သွား၏။ ရင်ထဲမှာ ကျိတ်၍ ပူလောင်လာသောစိတ်ကို တိတ်တိတ်ခိုး၍ သက်ပြင်းချလိုက်သည်။

‘ဖေဖေက ဒီလိုပြောနေကျပဲလေ. . . ဒါ သူ့ ဝသီပဲ’ ဟု တွေး၍ ဖြေလိုက်၏။

သူမနှင့် ဖခင်ဖြစ်သူတို့ မကြာခဏ သဘောကွဲလွဲရသည်မှာလည်း ထိုဝသီ ကြောင့်ပင်ဖြစ်၏။ ဖခင်ဖြစ်သူ ဦးဝင်းကျော်က သေးသေးဖွဲဖွဲ ကိစ္စကလေးများကို လစ်လျူမရှုတတ်။ စိတ်ထဲတွင် အမှန်ထင်ထင် ခံစားနေတတ်သည်။ သံသယဖြင့် ကြည့်ကာ စွပ်စွဲတတ်သည်။

တစ်ခါတစ်ရံ ဘာမဟုတ်သည့် ကိစ္စကလေးကိုပင် လေးငါးဆယ်ရက် ခန့် ပြောမဆုံးတော့။ သာမန်အားဖြင့် အလွန်သဘောကောင်း အေးဆေးပြီး သည်းခံတတ်သူဖြစ်သော်လည်း တစ်ခါတစ်ရံတွင် မမျှော်လင့်ဘဲ အကြီးအကျယ် ဒေါသပေါက်ကွဲတတ်သောကြောင့် ခန့်မှန်းရ ခက်လှသည်။

ထို့ကြောင့် ခွာညိုက ဖခင်ဖြစ်သူနှင့် အတိုက်အခံ အငြင်းအခုံ မဖြစ်မိ စေရန် ရှောင်သည်။ အခုလည်း သူမ ရင်ထဲမှ သက်ပြင်းဖွဖွချရုံမှတစ်ပါး မည်သို့မှ မတုံ့ပြန်ဘဲ ခေါင်းငုံ့နေလိုက်လေသည်။

သို့တိုင် ဦးဝင်းကျော်က စိတ်အလိုမကျသည့် မျက်နှာထားဖြင့်. . .

www.burmeseclassic.com


“ဖေဖေ့ကို စောဒကမတက်နဲ့ သမီး၊ သမီး မေမေကို ဖေဖေ အင်မတန်မြတ်နိုးပါလျက်နဲ့ ကွဲခဲ့ရတာလဲ ဒီလိုမျိုးကြောင့်ပဲ၊ ဖေဖေ သတိပေးတာကို နားမထောင်လို့။ သမီး မေမေက ယောက်ျားတွေ တရုန်းရုန်းနဲ့ လူကြားမကောင်း သူကြားမကောင်း. . . ”

“အို. . . တော်ပါတော့ ဖေဖေရယ်၊ ဒီအချိန်မှာ မေမေ့အကြောင်းကို မပြောရင် မရဘူးလား”

ခွာညို့စကားထဲတွင် မျက်ရည်၏ အသံပါရောစွက်နေသည်။ သို့သော် . . . သူမ မျက်ရည် မကျ။ နှလုံးသားဖြင့်သာ ငိုနေ၏။ သူမ ကလေးဘဝကတည်းက သည်အဖြစ်အပျက်ပေါင်းတို့ကို ကြားရတိုင်း မျက်ဝန်းဖြင့် မငိုမိအောင် အံကြိတ်ခဲ့ရလွန်းသောကြောင့် စိတ်အမာရွတ်တွေ ကြမ်းတမ်းလှပြီဖြစ်သည်။

သူမ မတ်တပ်ထကာ ချာခနဲလှည့်၍ နံရံကို မျက်နှာမူလိုက်၏။ သူမ အသက်ရှူသံတွေ မသိမသာ မြန်ဆန်နေသည်။ မျက်ဝန်းထဲတွင် ဘာမှမမြင်ရ။

“သမီး. . . သွားတော့”

ဖခင်၏ တိုတိုပြတ်ပြတ် စကားသံအဆုံးတွင် သူမ အခန်းထဲမှ ထွက်လာခဲ့သည်။ နွေဦးငိုကြွေးခြင်းခန်းမဆောင်ထဲတွင် စောင်းတစ်လက် ရှိုက်သံကြားရသည်။ ပန်းပွင့်သည်လည်းကောင်း၊ လရောင်သည်လည်းကောင်း ညှိုးနွမ်းပြီဟု မှတ်ရထင်ရ၏။

❒

ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်မိသောအခါ သစ်ခြောက်ပင်တစ်ပင်၏ အကိုင်းမွဲမွဲပေါ် နားရင်း မြည်ကျူးနေသည့် ရင်အုပ်ဝါဝါနှင့် ငှက်ကလေးတစ်ကောင်ကို မြင်ရ၏။

www.burmeseclassic.com


"ဒီသစ်ပင်မှာ အရွက်တွေ ဝေနေစဉ်တုန်းကလည်း ဒီငှက်ကလေး လာနားခဲ့ဖူးမှာပဲ၊ အခုလို ခြောက်သွေ့ပြီး အရွက်တွေ ကြွေကျနေတာကို မြင်ရလို့ ငှက်ကလေးက ငိုကြွေးနေတာ ဖြစ်ချင်ဖြစ်မှာ. . ." ဟု သူမ တွေးမိ၏။

သူမသည် ငှက်တစ်ကောင် ဖြစ်နေလေသည်။

*

"မေမေဟာ ဘယ်လိုမိန်းမတစ်ယောက်ဖြစ်ခဲ့ပါလိမ့်. . . သူဟာ အကျင့်စာရိတ္တပျက်ချင်လည်း ပျက်ခဲ့မယ်၊ ကောင်းချင်လည်း ကောင်းခဲ့လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် မေမေဟာ ငါ့အတွက်တော့ အမေပဲမဟုတ်လား"

ဟု သူမတွေးရင်း ညနေခင်းကို ငေးမောကြည့်နေမိသည်။

ဆည်းဆာလေပြေတစ်ချက် တိုးဝှေ့လိုက်သောအခါ အိမ်ရှေ့တံခါးဝမှ ဆည်းလည်းကလေး လှုပ်ခါသွားပြီး တချွင်ချွင်မြည်လာလေသည်။

❒

www.burmeseclassic.com

၅၁

❒

ဂျပန်ပုံပြင်တစ်ပုဒ်ထဲတွင် လေပြည်တိုးဝှေ့သောကြောင့် လှုပ်ယမ်းနေသည့် အလံငယ်ကလေးကိုကြည့်ပြီး လူနှစ်ယောက် ငြင်းခုံကြသည်။

တစ်ယောက်က. . .

"အလံက အဝတ်စကလေး လှုပ်ယမ်းနေတယ်"

အခြားတစ်ယောက်က. . .

"အဝတ်စက လှုပ်တာမဟုတ်ဘူး၊ လေက လှုပ်နေတာ"

ဟုပြော၏။ ထို့နောက်. . . သူတို့နှစ်ယောက်ကို အဆုံးအဖြတ်ပေးရန် တရားဓမ္မ အားထုတ်နေသည့် ဆရာဖြစ်သူကို သွားမေးကြသည်။

ဆရာက. . .

"အဝတ်က လှုပ်တာလဲမဟုတ်ဘူး၊ လေကလှုပ်တာလဲ မဟုတ်ဘူး၊ စိတ်ကလှုပ်နေတာ"

ဟု ဖြေလိုက်သည်။

❒

www.burmeseclassic.com

# အခန်း (၇)

www.burmeseclassic.com

# ၈

❒

"ဟော့ကောင် . . . ချမ်း၊ ဟိုက ကောင်မလေးကို ကြည့်စမ်း . . . မလှဘူးလား၊ တောက် . . . ငါ့ချစ်သူလေးသာရှိရင် ဒီအရွယ်လောက် ရောက်ပြီပေါ့ကွာ"

"ဘာ . . . မင်းချစ်သူ ဟုတ်လား၊ ဘယ်တုန်းက သေသွားလို့လဲ"

"ဘယ်ကလာ သေရမှာလဲ၊ ရှိရင် ဒီအရွယ်လောက်ရောက်ပြီလို့ ပြောတာ . . . မရှိကို မရှိသေးလို့ကွ"

ချမ်းနှင့် ဒီဝိုင်းတို့နှစ်ယောက်သား အတန်းချိန်ပြီးသွားသည့်တိုင် အိမ်မပြန်သေးဘဲ ကျောင်းကင်တင်းတွင်ထိုင်ပြီး လက်ဖက်ရည်သောက်ရင်း အကြည့်နှင့် စကားလုံးတွေကို မြက်ခင်းလွင်ပြင်ကျယ်ထဲ ရောက်နေသည့် သိုးအုပ်လို လွှတ်ထားမိကြသည်။

www.burmeseclassic.com


ထိုအချိန်တွင် ခွာညိုက သူတို့နှစ်ယောက်၏ နောက်ဘက်စားပွဲတွင် ဝင်ထိုင်ပြီး အအေးတစ်ပုလင်း မှာလိုက်၏။ နောက်တော့မှ. . သူတို့ နှစ်ယောက်ကို သတိထားမိသွားသည်။

အစကတော့ မသေချာသေး၊ စိတ်ထဲ ဝိုးတိုးဝါးတား အောက်မေ့မိသည်။ နောက်. . . သူတို့နှစ်ယောက် ပေါက်တတ်ကရ လျှောက်ပြောနေသည့် စကားများကို ကြားရသောအခါတွင်မှ ပိုသေချာသွား၏။

"မင်းကများ ရည်းစားရှိချင်နေရသေးတယ်၊ မဖြစ်ပါဘူး ဒီဝိုင်းရာ"

"ဘာလို့မဖြစ်ရမှာလဲကွ"

"ခုခေတ် ကောင်မလေးတွေက အရုပ်ရှည်ရှည်နဲ့ မင်းက ပုနေရင် တွဲလို့ ဘယ်ကောင်းမလဲ၊ ဘေးကလူတွေက ကြည့်ပြီး ပဒုမပေါင်တိုဇာတ် ကနေတယ် ထင်မှာပေါ့"

ဒီဝိုင်းက ရယ်လိုက်ရင်း. . .

"အောင်မာ. . . ငါ့ကို မနှိမ်ပါနဲ့ကွာ. . . ငါက အရုပ်အမောင်း သိပ်မရှိပေမယ့် ရုပ်ရည်ကတော့ ကောင်မလေးတွေ ငေးကြည့်ရတဲ့ရုပ်မျိုးပါ၊ ငါတို့ ခေါင်းရင်းအိမ်က ကောင်မလေးဆို ငါ့ကို ခြံထဲမှာ မြင်လိုက်ရင် အကြာကြီးစိုက်ပြီး ကြည့်တာကွ"

"သူ လှမ်းထားတဲ့ထဘီတွေ ပျောက်သွားတဲ့အချိန်မှာများ မင်းက ရောက်သွားတာများလား"

"ခွေးကောင်. . . ချမ်း၊ မင်းရဲ့ ကျက်သရေမရှိတဲ့ သရဲပါးစပ်ကြီးကို ပိတ်ထားစမ်း"

"ဘာလို့ ပိတ်ရမှာလဲကွ၊ မင်းချည်းပဲ ချစ်တတ်ကြိုက်တတ်တယ်လို့ ထင်လို့လား၊ ဟင်း. . . ငါ တစ်ယောက်လုံး ရှိနေတာတောင်မှ မင်းက ကြံစည်ချင်သေးတယ်၊ မြဲမြဲမှတ်ထားစမ်းပါ. . . ဒီဝိုင်း၊ အဲဒီကောင်မလေးဟာ ငါ့အတွက်ပဲ"

www.burmeseclassic.com


"ဒီနေရာမှာတော့ ငါနဲ့ မပြိုင်ချင်စမ်းပါနဲ့ ချမ်းရာ၊ သူ့အဖေကြီးကိုတောင် မင်းက ဖနောင့်နဲ့ ပေါက်ထားပြီးမှတော့ ကောင်မလေးက မင်းကိုချစ်ပါဦးမတဲ့လား၊ စိတ်လျှော့လိုက်. . . စိတ်လျှော့လိုက်. . ."

"အဲဒီလို အပြတ်ပြောလို့ ဘယ်ရမလဲကွ၊ ဟိုစကားပုံ မင်းကြားဖူးတယ်မဟုတ်လား. . . လှန်ထားတာကို မြင်ရတယ်၊ ကာထားတာကို မမြင်ရဘူးဆိုလား"

"လှံထမ်းလာတာ မြင်ရတယ်၊ ကံထမ်းလာတာ မမြင်ရဘူး. . . လုပ်စမ်းပါကွာ"

"အေး. . . အဲဒါပဲကွာ ဒီဝိုင်း၊ ငါ့ရဲ့ ကံကြမ္မာကို မင်း မမြင်ရပါဘူးကွာ"

သူတို့နှစ်ယောက်၏ စကားများကို ကြားနေရသော ခွာညိုက

'အမယ် . . . ငါ့ကိုများ ပိုင်စိုးပိုင်နင်း ပြောနေလိုက်ကြတာ. . .'

ဟု တွေးကာ စိတ်တိုလာ၏။

"ကောင်မလေးနာမည်က ဘယ်သူလဲ မသိဘူးနော်. . . ဒီဝိုင်း၊ မင်းမစုံစမ်းထားဘူးလား"

"ဟင့်အင်း. . . ကောင်မလေးက ဖြူဖြူဖွေးဖွေးလေးကွ၊ တရုတ်မလေးများလားမသိဘူး၊ ပီမိုးနင်းဝတ္ထုတစ်ပုဒ်ထဲက တရုတ်မလေး နာမည်လိုမျိုးဖြစ်နေရင်တော့ ဒုက္ခပဲ"

"နာမည်က ဘာတဲ့လဲ"

ချမ်းက. . .

" ကြံကြံဖန်ဖန် နာမည်ကွာ. . ." ဟု ပြောပြီး ရယ်၏။ ဒီဝိုင်းက. . .

"ဟုတ်တယ်ကွ၊ မရယ်နဲ့. . . အပြင်မှာ ဒီလိုနာမည်မျိုး တကယ်ရှိတတ်တာပဲ"

www.burmeseclassic.com


ခွာညို၏ ဒေါသက ချက်ချင်းပင် အရှိန်မြင့်တက်သွားသည်။ (တစ်ချိန်တည်းမှာ ရယ်လည်းရယ်ချင်နေသောကြောင့် နှုတ်ခမ်းကို ဖိကိုက်ထားရ၏။) စားပွဲထိုးလေးကိုခေါ်ပြီး အအေးပုလင်းဖိုး ရှင်းလိုက်သည်။ ထိုင်နေရာမှ ထမည်ပြုခိုက်မှာပင်. . .

"အခုနေများကွာ. . . ကောင်မလေးက ဗြုန်းကနဲရောက်လာပြီး ကိုဒီဝိုင်းရယ်. . . ရှင့်ကို ကျွန်မ မြင်မြင်ချင်း ချစ်နေမိတာပါပဲရှင်. . . လို့ လာပြောရင်တော့ ဒုက္ခပဲနော်. . . ချမ်း၊ ငါ့မျက်နှာကို ဘယ်နားထားရမှန်း သိမှာမဟုတ်ဘူး"

"အမျိုးသမီး အိမ်သာထဲ သွားပစ်ထည့်ထားကွာ"

"တကယ်ပြောတာကွ၊ ငါကလဲ စိတ်မြန်လက်မြန်နဲ့ဆိုတော့ အခုနေကောင်မလေးသာ အနားရောက်လာလို့ကတော့ ပြေးပြီး ဖက်. . ဖက်. . "

"ဘာပြောတယ်ရှင့်"

သူတို့နှစ်ယောက်စလုံး လန့်သွားပြီး ဗြုန်းခနဲ နောက်ပြန်လှည့်ကြည့်လိုက်ကြသည်။

"ကဲ. . . အခု ကျွန်မ ရောက်လာပြီ၊ လုပ်လေ. . သတ္တိရှိရင်. . . ရှင်တို့ဘာလုပ်ချင်လဲ. . . ဟင်း"

"ဟိုလေ. . . ဖက်. . . ဖက်ထုပ်ကြော်ဝယ်ကျွေးမလို့. . ဟဲ. . ဟဲ"

ဒီဝိုင်းက မျက်လုံးကို ပေကလပ် ပေကလပ်လုပ်ရင်း ဟန်ဆောင်ထားမှန်းသိသာသော တမင် ထူအအ ထုံထိုင်းထိုင်း အမူအယာဖြင့် ဖြေ၏။

ချမ်းကတော့ နဖူးမှာ ချွေးစက်တွေ စို့လာသည်။ မျက်နှာ ဖြူဖပ်ဖြူလျော်။ မျက်လုံးကို စုံမှိတ်ထားပြီး. . . တေးသွားတစ်ပိုဒ်ကို ခပ်တိုးတိုး လေချွန်နေ၏။ ဒီဝိုင်းက လှမ်းမေးသည်။

“ဟော့ကောင်. . . ချမ်း၊ နည်းနည်းပါးပါး ဝင်ရှင်းပြလေကွာ၊ အရေးထဲမှာ ဘာဖြစ်လို့ လေချွန်နေတာလဲ”

“လောလောဆယ် ငါ့အသုဘအတွက် တီးဝိုင်းငှားဖို့ စရိတ်မရှိလို့ ကိုယ့်ဘာသာကိုယ် လေချွန်နေရတာ”

“မင်းကလဲကွာ. . . ဒီလောက်တော့ အားငယ်မနေပါနဲ့၊ ဒီနေရာမှာတင် ပွဲချင်းပြီး အသက်ထွက်လောက်အောင်တော့ ခံရမယ်မထင်ပါဘူး၊ ဒီကောင်မလေးက ငါတို့ကို ညှာမှာပါ. . . ဟုတ်တယ် မဟုတ်လားဟင်”

“ဒီမှာ. . . ရှင်တို့ ပါးစပ်သရမ်းပြီး စည်းမဲ့ကမ်းမဲ့ ပြောချင်တိုင်း ပြော၊ ဆိုချင်တိုင်း ဆိုနေတာကို အကုန်ကြားထားပြီးပြီရှင့်. . . ရှင်တို့ ယောကျာ်းတွေ မဟုတ်ဘူးလား. . . လုပ်ရဲရင် ခံရဲရမှာပေါ့“

ခွာညိုက မျက်နှာထားတင်းတင်းဖြင့် အံကြိတ်ပြီး ပြောနေသောကြောင့် ချမ်းနှင့် ဒီဝိုင်းတို့ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ဘာပြန်ဖြေရမည်မှန်းမသိ ဖြစ်နေကြ၏။

ဒီဝိုင်းက သူ့နားရွက်ဖျားကို သူ ပြန်ပွတ်သပ်ရင်း ခြေတုန်လက်တုန် ဖြစ်လာသည်။ မျက်လုံးများက ခွာညို့ကို မကြည့်ရဲစိတ်တစ်ဝက်ဖြင့် မျက်တောင်တဖျတ်ဖျတ် ခတ်နေ၏။

ချမ်းက နဖူးတွင် ဥနေသော ချွေးစက်တို့ကို အကြောက်ကြောက် အလန့်လန့်ဖြင့် ပွတ်သပ်လိုက်ရင်း. . .

“ငါတို့တော့ မဟာဇနက္က သင်္ဘောပျက်ကိန်းနဲ့ ကြုံနေရပြီထင်တယ် . . . ဒီဝိုင်းရေ”

“အင်း. . . သင်္ဘောပြောင်းစီးကြတာပေါ့”

www.burmeseclassic.com


အခက်အခဲဖြစ်နေသည့်ကြားက ပေါက်ကရပြောဖြစ်အောင်ပြောနေကြသော သူတို့နှစ်ယောက်ကိုကြည့်ရင်း ခွာညို ပိုရယ်ချင်လာ၏။

ချမ်းက. .'အပာမ်း' ဟု ချောင်းတစ်ချက်ဟန့်လိုက်ရင်း ခွာညို့နဖူးမှ ဆံနွယ်စကလေးများကို မရဲတရဲ ခိုးကြည့်ပြီး. . .

"ဒီလိုပါ. . . ဒီလို. . . ဟို. . ကျွန်တော်တို့ ပါးစပ်သရမ်းပြီး စည်းမဲ့ကမ်းမဲ့ ပြောခဲ့မိကြတာကို ဝန်ခံပါတယ်၊ ဒီအတွက် အပြစ်တင်မယ်ဆိုရင်လဲ ခံရမှာပါပဲ၊ ဒါပေမယ့်. . . "

"ဘာရှင့်. . . ! ဘာ ဒါပေမယ့်လဲ"

"အောင်မယ်လေး. . . လန့်လိုက်တာဗျာ. . ဖြည်းဖြည်းပြောပါ၊ ဒီလိုလေ. . . ကျွန်တော်တို့တွေဟာ ကျောင်းသားကျောင်းသူတွေ အချင်းချင်း ပျော်ချင်လို့ နောက်တာပြောင်တာဖြစ်တဲ့အတွက် အပြစ်မယူဘဲ ခွင့်. . . ခွင့်လွှတ်ပါ. . လို့နော်၊ ခွင့်လွှတ်တယ်ဆိုတာ ခုဘဝအတွက်လဲကောင်း၊ နောင်သံသရာအတွက်လဲ ကောင်းပါတယ်၊ ဟို. . ဘဝသံသရာသီချင်း ကြားဖူးတယ်မဟုတ်လား၊ ကျွန်တော် နည်းနည်းဆိုပြမယ်နော်. . . ဘာတဲ့. . .

ဘဝ သံသရာ၊ အဖေကုလား၊ အမေကုလား ကားယားကားယားပါ. . . ဘဝ သံသရာ. . . "

ခွာညို ရယ်ချင်စိတ်ကို ထိန်းမထားနိုင်တော့။ ထိုအခိုက်မှာပင် ဒီဝိုင်းက ဝင်၍. . .

"ဟုတ်ပါတယ်ဗျာ. . . သနားသဖြင့် ခွင့်လွှတ်ပေးပါနော်၊ ခင်ဗျားခွင့်မလွှတ်ရင်တော့ အဲဒီစိတ်နဲ့ ကျွန်တော် သေရပါလိမ့်မယ်၊ ဟော. . . ဟော . . . ပြောရင်းဆိုရင်း အခုတောင် ကျွန်တော့်မျက်လုံးတွေ ပြာလာပြီ၊ လုပ်ကြပါဦး"

ခွာညိုက လှစ်ခနဲ တစ်ချက်ပြုံးလိုက်ရင်း. . .

"တော်စမ်းပါရှင်. . . ပေါက်ကရတွေ၊ ရှင်တို့လုပ်တာနဲ့ ကင်တင်းက လူတွေအားလုံး ဝိုင်းကြည့်ကုန်ပြီ၊ ဖယ်ပါ. . . ကျွန်မသွားမယ်"

"ဟို. . . ခဏလေးနေပါဦး. . . နာမည်လေးသိချင်လို့ တဆိတ်လောက် ပြောခဲ့ပါလား"

"အိုး. . . ဘာဆိုင်လို့လဲ. . . မပြောနိုင်ပါဘူး၊ ဖယ်. . . ဖယ်"

သူမက ဒီဝိုင်းကို တွန်းဖယ်၍ စကြံပေါ်သို့ ခြေလှမ်းလိုက်သည်။ အလောတကြီး တိုးထွက်လိုက်သောကြောင့် ဒေါက်ဖိနပ်ခွာက အုတ်ဘောင်နှင့် မလွတ်ဘဲ တိုက်ပြီးယိုင်သွား၏။ ဒီဝိုင်းက လက်လှမ်းဆွဲသည်ကို ရှောင်ကာ ခြေထောက်ကို ဟန်ချက်မိအောင်အလှမ်းတွင် ချိုင့်ထဲ တအားဆောင့်နင်းလိုက်သလို ဖြစ်သွားပြီး ဒေါက်ဖိနပ်ခွာ ပြုတ်ထွက်သွား၏။

"ဟောတော့. . . သွားပါပြီ"

ပြုတ်ထွက်သွားသော ဒေါက်ဖိနပ်ကို ငုံ့ကြည့်ရင်း ခွာညို မျက်နှာပျက် သွား၏။

"ပြဿနာပဲ. . . အဲဒါ ရှင်တို့ကြောင့်၊ ဒီပုံစံနဲ့ ကျွန်မ ဘယ်လိုလမ်း သွားလို့ရတော့မှာလဲ"

"ဟင်၊ ခြေထောက်နာသွားလို့လား. . . လာ. . လာ ကျွန်တော့်ကိုတွဲ"

"အရေးထဲ. . . အသားယူချင်သေးတယ်၊ ခြေထောက်နာသွားလို့ မဟုတ် ဘူးရှင့်၊ ဒီမှာ. . . ဒေါက်ဖိနပ် ခွာပြုတ်ထွက်သွားလို့. . . မမြင်ဘူးလား"

ချမ်းနှင့် ဒီဝိုင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြ သည်။ ဒီဝိုင်းက. . .

"ဩော်. . . ဒါလား၊ ကိစ္စမရှိပါဘူး၊ မပူပါနဲ့. . . ကျွန်တော် ကြည့်လုပ် ပေးပါ့မယ်"

www.burmeseclassic.com


ချမ်းက ဒီဝိုင်း၏ နားနားသို့ ကပ်၍ လေသံဖြင့်. . .

"ဟေ့ကောင်. . . အရမ်းကြီး အာမခံမနေနဲ့ကွာ၊ ဒေါက်ဖိနပ်တစ်ရံ ဈေးဘယ်လောက်ရှိတယ်ဆိုတာ မင်းသိလို့လား၊ ဝယ်ပေးဖို့ ငါတို့မှာ ပိုက်ဆံမှ မရှိတာ"

"ငါကကော. . . ဝယ်ပေးမယ်လို့ ပြောသေးလို့လားကွ၊ မင်း တော်တော် ညံ့သေးတာပဲ ချမ်းရာ၊ ဟောဒီမှာ ငါ့ဦးနှောက်ကို အားကိုးစမ်းပါ"

"မင်း. . . ဘယ်လိုလုပ်မှာလဲ ဒီဝိုင်း"

"ကျန်တဲ့ ဒေါက်ဖိနပ် ခွာတစ်ဖက်ကိုပါ ထပ်ဖြုတ်ပစ်လိုက်မယ်လေ၊ ဒါဆို. . . အနိမ့်အမြင့် ညီသွားတော့ စီးလို့ရသွားရော မဟုတ်လား"

"အေး. . . ကောင်းတယ်၊ လုပ်ကွာ"

သူတို့နှစ်ယောက်က "ပေး. . ပေး. . ကျန်တဲ့ဖိနပ်တစ်ဖက် ချွတ်ပေး"

ဟု အတင်းတောင်းသဖြင့် ခွာညိုက ဘုမသိဘမသိဖြင့် ကျန်ဖိနပ် တစ်ဖက်ကိုပါ ချွတ်ပေးလိုက်သည်။

ချမ်းနှင့် ဒီဝိုင်းက ဖိနပ်ကို ကောက်ကိုင်ပြီး အတင်း အလုအယက် ဖြင့်. . .

"ဆွဲ. . . ဆွဲ. . . မင်း အဲဒီဖက်ထိပ်ကဆွဲ"

"မင်း မြဲမြဲကိုင်ထား. . . ရတော့မယ်၊ ဒီမှာ. . . နည်းနည်းတော့ နဲ့လာ ပြီ"

"တအားဆွဲလေကွာ. . . မင်းပုံစံက အားမရှိသလိုပဲ"

"ကဲကွာ. . . ကဲ. . . ကဲ"

တစ်ယောက်က ဖိနပ်ဦးမှ ကြိုးကိုကိုင်ပြီး ကျန်တစ်ယောက်က ဒေါက်နှင့် ဖိနပ်ခါးလည်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ဆောင့်. . . ဆောင့် ဆွဲလိုက်ရာ. . .

www.burmeseclassic.com


"ဖြုတ် . . ."

"ဟာ . . . သွားပြီဟ"

ဖိနပ်က ဒေါက်မှမပြုတ်ဘဲ ကြိုးက ပြတ်ထွက်သွား၏။

"ဘုရားရေ . . ကျွန်မတော့ ဖိနပ်တစ်ရံလုံးဆုံးပါပြီ၊ ရှင်တို့ဦးနှောက်တွေကတော့ ကမ္ဘာကျော်ပါပဲ၊ စိတ်ရောဂါဖြစ်နေတဲ့ ဝက်တစ်ကောင်နဲ့ ယှဉ်ရင်တောင် ရှုံးမယ့်ဦးနှောက်မျိုး၊ ကဲ . . . သေသာသေ လိုက်ကြပေတော့"

ဒီဝိုင်းကော ချမ်းပါ . . . ခေါင်းများပုဝင်ကာ ကိုယ်ကို ကျုံ့ထားရသောကြောင့် ရေနစ်ထားသည့် ကြောင်ကလေးများနှင့် တူနေ၏။

ဒီဝိုင်းက ချမ်းကို တံတောင်ဆစ်ဖြင့်တွက်ကာ မသိမသာ အချက်ပြလိုက်ပြီး . . .

"ဟာ . . . အခုမှ သတိရတယ်၊ ချိန်းထားတာလေးတစ်ခုရှိလို့ သွားလိုက်ဦးမယ်နော်"

"ဘာ . . . ဒီလိုသွားလို့ရမလား၊ ဟင်း . . . ရှင်တို့ လစ်ပြေးမယ် မကြံနဲ့နော်"

ခွာညိုက သူတို့နှစ်ယောက်စလုံး၏ လွယ်အိတ်ကြိုးစများကို ဆွဲထား၏။

"ဒီမှာ . . . ရှင်တို့ကြောင့် ကျွန်မ စီးစရာဖိနပ်မရှိတော့ဘူး၊ ကဲ . . . ဘယ်လို ရှင်းမလဲ"

"ဟိုဒင်းလေ . . . အဲဒါ"

"ဘာမှပြောမနေနဲ့ . . . ဒီကိစ္စကို ကျွန်မပဲ ဆုံးဖြတ်မယ်၊ ကဲ . . . ရှင်တို့နှစ်ယောက်စလုံး တစ်ယောက်ကို ဖိနပ်တစ်ဖက်စီ ချွတ်ပေး"

"ဗျာ . . ."

"ဟို . . . အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ စီးချင်ရင် ကျွန်တော့ဖိနပ်တစ်ရံလုံး စီးသွားလိုက်ပါ"

www.burmeseclassic.com


"အို. . . မလိုချင်ဘူး၊ ကျွန်မပြောတဲ့အတိုင်း လုပ်ပါ. . . ဒါပဲ"

ချမ်းက ညာဘက်ဖိနပ်ချွတ်ပြီး ဒီဝိုင်းက ဘယ်ဘက်ဖိနပ် ချွတ်ပေးလိုက်ရသည်။

"ဒုက္ခပါပဲ. . . ဒီဝိုင်းရာ၊ ငါတို့ကိုယ်ငါတို့ ဆိုးလှပြီ တေလှပြီလို့ အောက်မေ့ထားတာ. . . အခုတော့ ငါတို့ထက်ပိုပြီး ဆိုးတေတဲ့ဟာလေးနဲ့ လာတွေ့နေပါလား"

"အေးကွာ. . . ဘယ်လိုမှ ထင်မထားဘူး၊ ငါတို့ဖိနပ် မတော်မရော်တွေစီးပြီး ဘယ်တွေများ လျှောက်သွားဦးမလဲ မသိဘူး"

"ဘယ်သွားရမှာလဲ၊ ကျွန်မက အတန်းပြီးပြီရှင့်. . အိမ်ပြန်မှာပေါ့"

"ဟာ. . . အတော်ပဲ၊ ကျွန်တော်တို့လဲ အိမ်ပြန်မှာ. . . လိုက်ခဲ့မယ်နော်"

"ရှင်တို့ အခုလို ဖိနပ်တစ်ဖက်တည်း စီးထားလျက်နဲ့ လျှောက်ပြီး လိုက်ရဲရင် လိုက်ခဲ့ပေါ့"

ဒီဝိုင်းက ချမ်းဘက်ကိုလှည့်ပြီး 'ဘယ်လိုလဲ' ဟု မေးသည့်သဘောမျက်ခုံးပင့်ပြသည်။ ချမ်းက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး. . .

"အိုကေ"

သူတို့နှစ်ယောက် လက်ဝါးချင်း 'ဖြန်း' ခနဲ ရိုက်လိုက်ကြ၏။

❒

www.burmeseclassic.com

# ၁

❐

ကောင်မလေးရယ်. . .
ငါ့ရဲ့ မလိမ်မိုး မလိမ္မာ အိပ်မက်တွေက
မင်း ခြေထောက်တစ်စုံကိုပဲ ထည့်ထည့်မက်နေခဲ့တယ်. . .၊

တို့တွေ ဆုံဆည်းခွင့်ရခဲ့တဲ့
မတော်တဆအဖြစ်ဟာ
တကယ်တော့. . . ဘာမှမဟုတ်ပေဘူး၊

ဒါပေမယ့်. . .
အဲဒီ 'ဘာမှမဟုတ်ဘူး' ကိုပဲ

www.burmeseclassic.com



ငါ သေသေချာချာ သိမ်းဆည်းထားတယ်
မင်းကို သတိရတဲ့အခါ
မကြာ. . . မကြာ ထုတ်. . . ထုတ်ကြည့်ချင်လို့. . . ။

ကောင်မလေးရေ. . .
မင်းကို ငါက 'မိုးခေါ်သံ' လို သဘောထားခဲ့တာပါ။

❒

www.burmeseclassic.com

# ၈

❐

‘နေထွက်သည်’ ဟု မည်သူပြောပါသည်။ ‘နေဝင်သည်’ ဟုကော မည်သူ ပြောပါသနည်း။

နေဆိုသည်မှာ ဝင်လည်းမဝင်၊ ထွက်လည်းမထွက်ဘဲ သူ့ဘာသာသူ တည်ငြိမ်နေသည့် အရာတစ်ခုသာ ဖြစ်ပါသည်။ တကယ်တမ်း ရွေ့လျား ပြောင်းလဲ သွားသည်မှာ ကမ္ဘာမြေကြီးနှင့် လူသားတို့သာ ဖြစ်၏။

သို့သော်. . . မည်သူကမှ ကမ္ဘာမြေကြီး ရှေ့သို့လည်သွားသည်ဟု လည်းကောင်း၊ ကမ္ဘာမြေကြီး အနောက်သို့ လည်သွားသည်ဟု လည်းကောင်း မပြောဆိုကြပါ။

လူတိုင်း နားလည်စေချင်လျှင် ‘နေဝင်ပြီ’၊ ‘နေထွက်ပြီ’ ဟူသော ဝေါဟာရ အများအယွင်းကိုပင် သုံးနှုန်းပြောဆိုရမည်ဖြစ်၏။

www.burmeseclassic.com



“မှားနေလျှင် ပြင်လိုက်ပေါ့”

ဟု ခပ်လွယ်လွယ် အကြံမပေးစေလိုပါ။

*

တကယ်တမ်း. . . မှားပြီဆိုလျှင် ပြင်ဖို့ခက်ပါသည်။

*

အထူးသဖြင့်. . . လူတွေအများကြီး တစ်ညီတစ်ညွတ်တည်း မှားကြသော အမှားများသည် ပြင်ဖို့ရန် အခက်ဆုံးဖြစ်၏။

*

ပျက်အစဉ်၊ ပြင်ခဏ. . . ဟု မည်သူပြောခဲ့ပါသနည်း။ ထိုသို့ ပြောခဲ့သူများသာ မမှားအောင် ဂရုစိုက်စေချင်ပါသည်။ စကားလုံး အမှားအယွင်းများဖြင့် ထုဆစ်ထားသော တိမ်တိုက်တွေထဲမှာ နူးညံ့စွတ်စိုသော နှင်းပွင့်တွေ ငွေ့ရည်ဖွဲ့နေကြ၏။

တိမ်ဖြူမှိုင်းမှိုင်းတွေကြားမှ ဖြာကျလာသော နေခြည်သည် အစိမ်းရင့်ရင့် သစ်ရွက်တို့၏ နှုတ်ခမ်းမှာ အနမ်းလို နွေးထွေးစေးကပ်နေလေသည်။

*

"နာမည်က. . . 'နွယ်ခွာညို' တဲ့လား၊ လှတယ်နော်"

"ဒါဆို. . . ကျွန်တော်တို့က 'နွယ်' လို့ခေါ်ရင် ကောင်းမလား မသိဘူး"

သူတို့နှစ်ဦး၏ စကားအဆုံးတွင် သူမက ပြုံး၍ ခေါင်းခါ၏။ နီညိုရောင် ဖျော့ဖျော့ဆိုးထားသော ဆံပင်ကြောင့် အသားဖြူဝင်းသည့် သူမ၏ မျက်နှာသည် ဥရောပဆန်ဆန် လှပနေလေသည်။

"ဟင့်အင်း. . . 'နွယ်' လို့ မခေါ်ပါနဲ့၊ အဲဒီ အခေါ်အဝေါ်ကို ကျွန်မ မနှစ်ခြိုက်ဆုံးပဲ"

ခေါင်းခါယမ်းလိုက်သောကြောင့် သူမလည်တိုင်တွင် ဆွဲထားသော ပလက်တီနမ် ဆွဲကြိုးဖြူဖြူပါးပါးကလေးတွင် ချိတ်ထားသည့် စတော်ဘယ်ရီသီးပုံ လော့ကက်လေး လှုပ်ခါသွားသည်ကို ချမ်းက ငေးကြည့်နေမိ၏။

"ဘာဖြစ်လို့. . . 'နွယ်' လို့ မခေါ်စေချင်ရတာလဲ"

"ကျွန်မက ဘယ်သူ့ကိုမှ မနွယ်တတ်ဘူး"

သူမ၏ အဖြေကြောင့် ဒီဝိုင်းက ဟက်ဟက်ပက်ပက် ရယ်မောမိသည်။

ချမ်းကတော့ စိတ်ထဲမှနေ၍ "ဟုတ်မှာပါ. . . မင်းကတော့ 'အမာ စား' လေးပဲ၊ ကလေးတွေ ပြောတဲ့စကားနဲ့ ပြောရရင်. . . မင်းက ၂၅ ကျပ်တန် ကျောက်ဆစ်ဂေါ်လီပေါ့'

ဟု တွေးနေလိုက်၏။

သူမက. . .

"ဟုတ်တယ်လေ. . . နွယ် ဆိုတဲ့ နာမည်က သိပ်ကို မိန်းမဆန်လွန်းပြီး သိပ်ကို ပျော့ညံ့လွန်းရာ ကျမနေဘူးလား'

နွယ်. . . ဆိုတာမျိုးက သူ့အနားမှာရှိတဲ့ တခြားသစ်ပင်တစ်ပင်ပင်၊ စင် တစ်ခုခုကို အားပြုမှီခိုပြီးမှ အပေါ်ကို တက်နိုင်တာမျိုး'

www.burmeseclassic.com


ကျွန်မက အဲဒီအဖြစ်မျိုးကို မုန်းတီးတယ်၊ အထူးသဖြင့် မိန်းမတွေဟာ အဲဒီနွယ်ပင်လိုမျိုး တစ်စုံတစ်ယောက်ကို မှီခိုနေမှုဖြစ်မယ်. . ဆိုတဲ့ အတွေးအခေါ်ကို မုန်းတီးတယ်”

ခွာညိုက သူတို့နှစ်ယောက်စလုံးကို မကြည့်ဘဲ လမ်းဘေးဓာတ်တိုင်တွင် သွယ်တန်းထားသည့် ဓာတ်ကြိုးများပေါ် နားနေကြသော ငှက်ကလေးများကို ငေးကြည့်ရင်း အသံခပ်တိုးတိုးပြောသည်။ သူမ၏ စကားသံက ခပ်သြသြ၊ တစ်လုံးချင်း ပီပီသသ။ လေးလံပြီး ခွန်အားရှိသည့်အသံမျိုး ဖြစ်၏။

သူမ၏ မျက်ဝန်းများလိုပင် ကြည်လင်စွာ အနက်ရောင် တောက်ပနေသည့် အသံမျိုး ဖြစ်လေသည်။

“ကျွန်မက အတန်းထဲက မိန်းကလေးအတော်များများနဲ့ တရင်းတနှီး သူငယ်ချင်းဖြစ်ခွင့်မရဘူးလေ၊ သူတို့ကလဲ ကျွန်မကို နားမလည်နိုင်ကြဘူး၊ ကျွန်မကလဲ အဲဒီမိန်းကလေးတွေ အားရင်လူစုပြီး လက်ဖက်သုပ်၊ ဂျင်းသုပ်စားကြ၊ အတင်း စုပြောကြတဲ့ ကိစ္စကို ဘယ်လိုမှ နားလည်ပေးလို့ မရဘူး”

“လက်ဖက်သုပ်၊ ဂျင်းသုပ်စားတာကိုလည်း မုန်းတီးတာပဲလား”

ချမ်း၏မေးခွန်းကြောင့် သူမရယ်သည်။ ရယ်လိုက်သောအခါ သူမ၏ မျက်နှာသည် ပန်းပွင့်လို၊ လေညင်းလို၊ လရောင်လို နူးညံ့ ပျိုမျစ်သွား၏။

သူမ၏ ဝဲဘက်ပါးပြင်ပေါ်တွင် အမာရွတ်သေးသေးကလေး တစ်ခုရှိရာ ရယ်လိုက်သောအခါတွင် အနည်းငယ်ချိုင့်ဝင်သွားပြီး ပါးချိုင်းကလေးနှင့် တူနေလေသည်။

“ဟုတ်ပါရဲ့. . . မေးစရာပဲ၊ ကျွန်မမှာလဲ မုန်းတီးစရာတွေက သိပ်များလွန်းနေတာကိုး”

"နောက်ကော. . . ဘာတွေ မုန်းတီးသေးလဲ"

"အင်း. . . ပြီးတော့. . . ကျွန်မက ယောက်ျားတွေကိုလဲ မုန်းတာပဲ"

"ဘာဖြစ်လို့လဲ"

"ယောက်ျားဆိုတာ ကြောင်နဲ့တူတယ်၊ ပလူးပလဲ လာလုပ်တယ်၊ ပြီးတော့ ထွက်ပြေးတယ်"

သူတို့သုံးယောက်စလုံး ပေါ့ပါးစွာ ရယ်မောပစ်လိုက်ကြသည်။ သူတို့ အချင်းချင်း စိတ်ချင်းနီးကပ်လာသလို ခံစားရ၏။

သူတို့သုံးယောက် အတူလျှောက်လာခဲ့ကြသော လမ်းမပေါ်တွင် စကားပွင့်ဝါဝါတွေ ကြွေကျနေကြသည်။ ဖိနပ်မပါသော ခြေဖဝါးဖြင့် ပန်းပွင့်များကို နင်းမိ သောအခါ နူးညံ့သော အတွေ့အထိကို ခံစားရ၏။

လမ်းတွင် ဆုံမိသောလူများက သူတို့သုံးယောက်ကို အထူးအဆန်းလို ကြည့် . . . ကြည့်သွားကြ၏။ အလယ်မှ ကောင်မလေးက မတော်တရော် ဖိနပ် နှစ်ဖက်ကို ဘယ်တစ်ဖက် ညာတစ်ဖက် တစ်မျိုးစီ စီထား၏။ ဘေးမှ ယောက်ျား လေးနှစ်ယောက်က ခြေဖဝါးတစ်ဖက်က ဗလာနှင့် အခြားတစ်ဖက်တွင် ဖိနပ် စီးထားလျက်. . .။

သူတို့ သုံးယောက်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်သလို ခေါင်းမော့ပြီး လျှောက်လာခဲ့ကြသည်။

"ကျွန်တော့နာမည်က 'ချမ်း'၊ သူ့နာမည်က 'ဒီဝိုင်း' "

"သြော်. . . ရှင်တို့လား၊ အင်း. . . ဒီနာမည်တွေကိုတော့ ကြားဖူးတယ်၊ ကျောင်းစဖွင့်တာမှ သိပ်မကြာသေးဘူး. . . ရှင်တို့ နာမည်နဲ့ သတင်းတွေကတော့ တစ်ကျောင်းလုံး ပျံ့နေပြီ"

www.burmeseclassic.com


"ဟင်. . . ဘာသတင်းတွေလဲ၊ သတင်းကောင်းလား. . . သတင်းဆိုးလား၊ သတင်းဆိုးတွေ ဆိုရင်တော့ မယုံနဲ့နော်"

"ဟုတ်တယ်. . . ဟုတ်တယ်၊ မနာလိုတဲ့လူတွေက ကျွန်တော်တို့ကို သက်သက်နာမည်ဖျက်တာပဲဖြစ်ရမယ်၊ ဟိုစကားပုံ ကြားဖူးတယ် မဟုတ်လား . . . 'အမြင့်ဆုံးသစ်ပင်ဟာ လေတိုက်အခံရဆုံး' တဲ့"

"အမြင့်ဆုံးသစ်ပင်က ဓာတ်ကြိုးနဲ့မလွတ်လို့ အခုတ်ခံလိုက်ရတာ တွေလဲ ရှိတယ်ကွ"

သူတို့နှစ်ယောက်က နောက်နောက်ပြောင်ပြောင်ဖြင့် ကြားဖြတ်ပြီး ဝင်ပြောနေကြသောကြောင့် ခွာညို စိတ်တိုသွား၏။ မျက်မှောင်ကုပ်လိုက်သော ကြောင့် ကွေးညွှတ်သည့် မျက်ခုံးများက စွန်ရဲတစ်ကောင်၏ အတောင်ပံလို တင်းတင်းစေ့သွားကြသည်။

"ကဲပါ. . . တိတ်တိတ်နေကြစမ်းပါ၊ စကားများနေမည့်အစား ဒီနေရာမှာ လဲသေလိုက်ကြပါလား၊ ရှင်တို့နှစ်ယောက်ရဲ့ အလောင်းကောင်တွေပေါ်မှာ ကျွန်မ တက်ပြီး ခုန်ချင်လို့"

ချမ်းနှင့် ဒီဝိုင်းတို့ ပါးစပ်များကို လက်ဖဝါးဖြင့် ပိတ်လိုက်ကြ၏။

"အဲ. . . အဲ. . . ကျွန်တော်တို့ စကားမများတော့ပါဘူး၊ ဆိုပါဦး. . ဘာသတင်းတွေလဲလို့"

"အစုံပဲပေါ့. . . ကောင်းတာကော. . . ဆိုးတာကော၊ တချို့ကလဲ ရှင်တို့ကို သိပ်တော်တာပဲလို့ ချီးကျူးကြတယ်၊ တချို့ကျတော့လဲ ရှင်တို့ကို 'ငကြောင်' နှစ်ယောက်တဲ့"

"အင်း. . . သူတို့ပြောတာ အားလုံးမှန်သားပဲ၊ လူတွေအားလုံးဟာ တစ်

နေရာရာမှာမှာ တော်ပြီး၊ တခြား တစ်နေရာရာမှာတော့ ငကြောင် ဖြစ်နေကြတာချည်းပဲ မဟုတ်လား”

“ကျွန်မတို့ ဓာတုဗေဒမေဂျာမှာ အိအိခိုင်ဆိုတဲ့ တစ်ယောက်ရှိတယ်၊ သူနဲ့တော့ မကြာခဏ စကားပြောဖြစ်တယ်၊ အဲဒါ. . . ရှင်တို့နဲ့ ကျောင်းနေဖက်တွေဆို”

“ဟုတ်တယ်”

“အင်း. . . အိအိခိုင်ကတော့ ရှင်တို့ကို ချီးကျူးဖော်ရပါတယ်၊ ရှင်တို့နှစ်ယောက်က အမှတ်ကောင်းကောင်းရရဲ့သားနဲ့ ဒဿနိကမေဂျာကိုမှ ဝါသနာပါလို့ တမင် ရွေးလျှောက်တာလို့ သူ ပြောပြတယ်”

“အဲဒီအချက်ကတော့ ချီးကျူးစရာ မဟုတ်ပါဘူး”

ဟု ဒီဝိုင်းက လေးလေးနက်နက် ဝင်ပြောလိုက်၏။ ခွာညိုက. . .

“ဒါဖြင့်. . . ဘာလဲ၊ ကဲ့ရဲ့စရာလား”

“ကျွန်တော်တို့က ချီးကျူးခြင်းနဲ့ ကဲ့ရဲ့ခြင်းကို မခွဲခြားတတ်ဘူး”

ဟု ချမ်းက ဖြေသည်။ ထိုစကား နောက်ကွယ်တွင်ပါသော အတွေးအရောင်ရင့်ရင့်များကို သူတို့နှစ်ဦး၏ မျက်ဝန်းများထဲတွင် ခွာညို တွေ့မြင်လိုက်ရလေသည်။

ခွာညိုက တစ်ချက် ပြုံးလိုက်ရင်း. . .

“ရှင်တို့နှစ်ယောက်က တော်တော်အတွဲညီတယ်နော်. . . ကျွန်မ ဘာကို သွားသတိရသလဲဆိုတော့. . . အင်း. . . ရှင်တို့ ကက်စတာ (Castor) နဲ့ ပိုလပ် (Pollux) ဆိုတဲ့ အမြွာညီနောင်နှစ်ယောက် နာမည်ကို ကြားဖူးလား”

“ကြားဖူးတယ်လေ၊ မေလ ၂၂ ရက်နဲ့ ဇွန် ၂၁ ရက် အတွင်းမွေးတဲ့

www.burmeseclassic.com


သူတွေကို ခေါ်တဲ့ GEMINI နက္ခတ်ထဲက ကြယ်စင်နှစ်လုံးနာမည် မဟုတ်လား၊ နံနက်ခင်း ကြယ်က Castor၊ ညနေဆည်းဆာ ကြယ်က Pollux တဲ့”

“ဟုတ်တယ်. . . ကျွန်မက ရှင်တို့နှစ်ယောက်ကို ကက်စတာနဲ့ ပိုလပ်(စ်) လို့ နာမည်ပေးချင်တာ”

သူမ၏ စကားအဆုံးတွင် ချမ်းက ခေါင်းကို ခါယမ်း၏။ ဒီဝိုင်းက ပြည် လမ်းမပလက်ဖောင်းပေါ် ကိုင်းညွတ်ကျနေသော စွယ်တော်ပင်ပုပုကလေး၏ ကိုင်း ခက်ကို လက်ဖြင့် သိမ်းဖယ်လိုက်ရင်း. . .

“ကျွန်တော်တို့က အဲဒီနာမည်ကို မကြိုက်ဘူး”

“ဘာဖြစ်လို့လဲ”

“အဲဒီ ကြယ်နှစ်ပွင့်ကို ‘လမ်းပြစစ်သူကြီးကြယ်’ လို့လဲ ခေါ်ကြတယ် မဟုတ်လား၊ ကျွန်တော်တို့က သူများတွေကို လမ်းပြချင်တဲ့သူတွေ မဟုတ်ဘူး”

ကားတစ်စီးက သူတို့နံဘေးမှကပ်ပြီး အရှိန်ပြင်းပြင်း မောင်းနှင်သွား သောကြောင့် မီးခိုးငွေ့တွေ လွင့်လာသည်။ ခွာညို၏ ကော်ဖီရောင် ဖျော့ဖျော့ တီရှပ်အင်္ကျီလက်အဖျားတွေ လေဟပ်ခံရသောကြောင့် တဖျတ်ဖျတ် လှုပ်ယမ်း သွားကြ၏။

ချမ်းက. . .

“နောက်ပြီးတော့. . . သူများတွေ လမ်းပြတဲ့နောက်ကိုလိုက်မယ့် လူတွေ လဲမဟုတ်ဘူး၊ ကျွန်တော်တို့က ကိုယ့်လမ်းကိုယ်ဖောက်ပြီး သွားမယ့်လူတွေ”

“ရှင်တို့က ‘လူတွေ’ ကို ဘယ်လို သဘောထားလို့လဲ”

“ကျွန်တော်တို့က ‘လူတွေ’ ကို ‘လူတွေ’ လို့ပဲ သဘောထားတယ်၊ လူတွေ

ဟာ တစ်ခါတလေမှာ ကောင်းတယ်၊ တစ်ခါတလေ ဆိုးတယ်၊ တစ်ခါတလေ အရူးထတယ်၊ ဒါပါပဲ၊ ဟော. . . ဟိုမှာ ကြည့်ပါလား၊ လူတွေကို. . . ”

သူတို့၏ မျက်နှာချင်းဆိုင်မှ လာနေသောလူများက သူတို့သုံးယောက်၏ ခြေထောက်မှ ကိုးယိုကားယားဖိနပ်များကို အထူးအဆန်းလိုကြည့်ကာ ပြုံးစေ့စေ့ လုပ်သူက လုပ်သွားကြ၏။ ‘အရူးတွေ. . . ’ ဟူသော မျက်ဝန်းဘာသာစကားဖြင့် ကြည့်သူက ကြည့်သွားကြ၏။

သူတို့သုံးယောက်ကတော့ ခေါင်းမော့ကာ သူတို့လမ်းကို သူတို့ မှန်မှန် လျှောက်ဆဲ. . .။

“ဟုတ်တယ်. . . ဒီနေရာမှာတော့ ရှင်တို့နဲ့ ကျွန်မ. . . လူတွေ အပေါ် သဘောထားပုံချင်း တူသွားပြီ၊ တစ်ခါတလေမှာ ကာယကံရှင်တွေအတွက် ဘာမှ မဟုတ်တဲ့ သွေးရိုးသားရိုးကိစ္စလေးတွေကို လူတွေက သူတို့နဲ့မဆိုင်ဘဲ ဝိုင်းပြီး အံ့ဩပစ်လိုက်တတ်ကြတယ်၊ ရှုပ်ထွေးသွားအောင် ဆန်းကြယ်သွားအောင် လုပ် ပစ်လိုက်တတ်ကြတယ်၊ တကယ်တော့. . . လူတွေဟာ အသက်ကြီးနေတဲ့ ကလေး ငယ်လေးတွေပါပဲ”

ခွာညိုက ပြောပြီး နှစ်ခြိုက်စွာ ရယ်မောလိုက်၏။ ချမ်းနှင့် ဒီဝိုင်းတို့က လည်း ပေါ့ပါးလွတ်လပ်စွာ ရယ်မောလိုက်သောကြောင့် လေပြေလေညင်းထဲတွင် ပန်းပွင့်ရနံ့တွေ လွင့်ပျံ့သွားကြလေသည်။

တိမ်တွေ ခရမ်းနုရောင် သန်းနေကြသည်။

❐

www.burmeseclassic.com


လူအတော်များများသည် 'ကြိုးတန်းပေါ်တွင် လမ်းလျှောက်နေသူ'ကို အားကျတတ်ကြ၏။ သို့ရာတွင် သူတို့ကိုယ်တိုင်ကမူ မြေပြင်ပေါ်တွင် မည်သို့လမ်းလျှောက်ရမည်ကို မသိကြချေ။

❐

www.burmeseclassic.com

# အခန်း (၈)

www.burmeseclassic.com


❒

လူ့ဘဝကို အပြည့်အဝရရှိသော လူသားစစ်စစ်တစ်ယောက်ဖြစ်ရန် အချက်နှစ်ချက် လိုအပ်ပါသည်။ ယင်းအချက်များမှာ -

(၁) အန္တရာယ် (Danger) နှင့်

(၂) လှုပ်ရှားကစားခြင်း (Playing) တို့ ဖြစ်၏။

❒

ကျောင်းစကြံထောင့်တွင် မြေပြင်နှင့်ထိအောင် ညွှတ်ကိုင်းနေသော စွယ်တော်ပင်တစ်ပင်ရှိသည်။ ရံဖန်ရံခါများတွင် စွယ်တော်ပင်အကိုင်းပေါ် လာနားသော ရင်အုပ်နီနီ ငှက်ကလေးများကိုလည်း မြင်ရတတ်၏။

ဒီဝိုင်းက စွယ်တော်ရွက်များကို ငေးကြည့်နေခိုက်မှာပင် အောင်စည်ဟိန်းက. . .

"ဟေ့ကောင်. . . ဒီဝိုင်း၊ မနေ့တုန်းက မင်းတို့နှစ်ယောက် 'ပင့်ကူတစ်ကောင်' ဖမ်းပြီး ပြန်သွားကြတယ်ဆို"

www.burmeseclassic.com


သူတို့ သူငယ်ချင်းများအုပ်စုက ဆွဲဆောင်မှုရှိသော (ဖမ်းစားတတ်သော) မိန်းကလေးများကို 'ပင့်ကူ' ဟု ချစ်စနိုးဖြင့် နာမည်ဝှက် သုံးတတ်ကြ၏။ ဒီဝိုင်းက. . .

"အေး. . . ပင့်ကူမလှလှလေးတစ်ကောင်ကွ၊ ငါတို့နဲ့ ခြံချင်းကပ်လျက်မှာနေတာ. . . နွယ်ခွာညို. . . တဲ့"

"ဒါဆို. . . မင်း ပင့်ကူက ထင်သလောက် မလှပါဘူးကွာ၊ ပါးပေါ်မှာ အမာရွတ်လေးနဲ့ မဟုတ်လား၊ နောက်ပြီးတော့ အဲဒီပင့်ကူက ပြဿနာ ရှိတယ်ကွ"

"ဘယ်လိုပြဿနာလဲ"

"မင်းတို့က အခုမှ အဲဒီအိမ်ကို ပြောင်းလာတာဆိုတော့ ဘယ်သိဦးမှာလဲ. . . အဲဒီပင့်ကူက ငါနဲ့ ငယ်ငယ်တုန်းက ကစားဖက်ကွ"

ဒီဝိုင်းက မျက်လုံးပြူး မျက်ဆံပြူးဖြင့် ပျာပျာသလဲ မေးလိုက်သောကြောင့် အောင်စည်ဟိန်းက ရယ်သည်။

"ဟင့်အင်း. . . အဲဒီကစားနည်းတော့ မပါဘူး"

"ဒါဆို တော်သေးတာပေါ့. . . ဆက်ပြောပါဦး"

"အဲဒီ. . . နွယ်ခွာညို့ အဖေ ဦးဝင်းကျော်ဆိုတာက အင်မတန် သံသယကြီးတဲ့ လူကြီးကွ၊ ရပ်ကွက်ထဲမှာ ခဏခဏ ပြဿနာတက်တယ်၊ ဒေါသလည်း ကြီးတယ်"

"ဒါကတော့ကွာ. . . သူ့သမီးကိုလိုချင်ရင် သူ့အဖေကို ဖျာလိပ်လိပ်ပြီး ထိပ်ပေါ်တင်ရမှာပေါ့"

"ဦးဝင်းကျော်ကြီးကို ထိပ်ပေါ်တင်ရမယ်ဆိုရင်တော့ မင်း မသက်သာဘူးထင်တယ် ဒီဝိုင်း၊ ဒီလူကြီးက ဝဝတုတ်တုတ်ကြီးကွ၊ အတော်လေးမှာ"

www.burmeseclassic.com


ကြားမှ ဝင်ဖြတ်ပြောသောစကားသံကြောင့် လှည့်ကြည့်လိုက်သည့်အခါ တင်ကိုကိုကို တွေ့လိုက်ရသည်။ တင်ကိုကိုကလည်း ခြောက်မိုင်ခွဲတွင် အဆောင်ငှားနေပြီး ကျောင်းတက်သူ ဖြစ်၏။

သူတို့သုံးယောက်သား တဟီးဟီး တဟားဟားဖြင့် နောက်ပြောင်ရင်း ကင်တင်းဘက်သို့ လျှောက်လာခဲ့ကြသည်။ လမ်းတွင် အောင်စည်ဟိန်းက စကားဆက်၏။

"တကယ့်ပြဿနာက ဒီလိုကွ၊ ဦးဝင်းကျော်က အလိုလိုနေရင်းကမှ သံသယကြီးရတဲ့အထဲ သူ့မိန်းမ. . . အဲ. . . နွယ်ခွာညို့အမေက အနေအထိုင် သိပ်မရှင်းလှဘူး"

လူကြီးတွေ ပြောသံကြားတာကတော့ အဲဒီအမျိုးသမီးကြီးက ဦးဝင်းကျော်နဲ့ လက်မထပ်ခင်ကတည်းက ရည်းစားတွေ အတော်များတယ်ဆိုပဲ၊ ဦးဝင်းကျော်နဲ့ ယူပြီးတဲ့နောက်မှာလဲ ယောကျ်ားလေးတွေတရုန်းရုန်းနဲ့ ပါတီပွဲသွားလိုက်၊ ပစ်ကနစ်ထွက်လိုက်လုပ်နေတုန်းပဲ. . . တဲ့၊ နွယ်ခွာညိုကို မွေးပြီးတဲ့အချိန်အထိ သူတို့လင်မယား တကျက်ကျက်နဲ့ပေါ့၊ တစ်ခါကဆိုရင် ဦးဝင်းကျော်ကြီးက တုတ်ဆွဲဓားဆွဲ အထိ ဖြစ်သွားတာ. . .၊ သူ့မိန်းမက ရည်းစားဟောင်းနဲ့ လူကွယ်ရာမှာ နမ်းနေတာကို မြင်လိုက်လို့တဲ့"

"သြော်. . . သူက လူမြင်ကွင်းမှာပဲ နမ်းသင့်တယ်လို့ ထင်တယ်ပေါ့လေ"

အောင်စည်ဟိန်းက ကွမ်းထုတ်ကိုဖြေကာ ပါးစပ်ထဲထည့်ပြီး ဝါးလိုက်ရင်း. . .

"နွယ်ခွာညို. . ၈ နှစ် ၉ နှစ်သမီးအရွယ်လောက် ရောက်တဲ့အချိန်မှာ သူ့အမေဟာ ဒုတိယကိုယ်ဝန်ဆောင်ရော. . . အဲဒီမှာ ပြဿနာတက်တော့တာပဲ. . . "

www.burmeseclassic.com

BURMESE CLASSIC .com

ဦးဝင်းကျော်က အဲဒီကိုယ်ဝန်ဟာ သူနဲ့ရတဲ့ ကိုယ်ဝန်မဟုတ်ပါဘူးဆိုပြီး စွပ်စွဲတယ်၊ သူ့ဇနီးကလဲ ပြန်မဖြေရှင်းဘူး၊ အိမ်ကဆင်းသွားတယ်၊ နောက်. . . သူ့ငယ်ရည်းစားနဲ့ပဲ လက်ထပ်လိုက်တော့ ပိုပြီး ပြောစရာဖြစ် သွားတော့တာပေါ့၊ ဦးဝင်းကျော်ကြီးဆိုတာ ခြေမကိုင်မိ လက်မကိုင်မိကို ဖြစ်နေတော့တာပဲ”

“ခြေမကိုင်မိ လက်မကိုင်မိဆိုတော့ လေထဲမှာ ကားယားကြီး ဖြစ်နေမှာ နော်. . . အတော်အကြည့်ရဆိုးမှာပဲ”

တင်ကိုကိုက ဝင်ပြောသည်။ ခါတိုင်း နောက်နေပြောင်နေကျ ဒီဝိုင်းက ဒီတစ်ကြိမ်တွင်တော့ နှုတ်ဆိတ်နေ၏။

စကြိုလမ်းတွင် ခင်းထားသော ကျောက်ပြားတွေကို ငြိမ်သက်လေးလံစွာ ငေးစိုက်ကြည့်ရင်း တစ်လှမ်းချင်း လျှောက်လာသည်။ အောင်စည်ဟိန်းက ကွမ်းတံတွေးကို ဗျစ်ခနဲ တစ်ချက်ထွေးလိုက်ရင်း. . .

“နောက်တော့ကွာ. . . ဦးဝင်းကျော်ကြီးကလဲ လူတွေနဲ့ အဆက်အဆံ နည်းလာတယ်၊ ပိုပြီး တဇွတ်ထိုးဆန်လာတယ်. . . အဲဒီမှာ ခက်တာက နွယ်ခွာညို ပေါ့. . . လူမှန်းသိတတ်စကတည်းက အပေါင်းအသင်းမရှိ. . . ဘာမရှိနဲ့ အထီး ကျန်ဆန်ဆန် ကြီးပြင်းလာရတာ၊ အဓိက ကတော့ သူ့အဖေကြီးကြောင့်လို့ပဲ ဆိုရမှာပေါ့. . . ဦးဝင်းကျော်ကြီးက ကလေးတစ်ယောက်ကို လူ့အဖွဲ့အစည်းထဲမှာ အံဝင်ခွင်ကျ ပျော်မွေ့ကြီးပြင်းအောင် ဘယ်လို ပျိုးထောင်ရမယ်ဆိုတာ သိတာ မဟုတ်ဘူး. . .

လောကမှာ မိဘနဲ့သားသမီး အပေးအယူ နားလည်မှုလွဲတာဟာ အဆိုး ဝါးဆုံး အဆိပ်ပဲ”

မှောင်သောတိမ်တိုက်တွေ အနောက်ဘက် ကောင်းကင်ထောင့်စွန်းတွင်

www.burmeseclassic.com


စုဝပ်၍နေကြသည်။ လေပြည်လေညင်းထဲတွင် စောင်းသံတယောသံလို လွင့်ပျံ့လာသော ဂီတသံသဲ့သဲ့ကြားရ၏။ ငိုချင်စရာကောင်းသည်ဟု စိတ်က အလိုလို အောက်မေ့စေလေသည်။

ဒီဝိုင်းက ကင်တင်းဆီသွားသော ကျောက်စရစ်ခဲလမ်းကလေးပေါ် ကျနေသည့် နေရောင်ဖျော့ဖျော့ဆီကို အကြည့်ငေးရင်း. . .

“မိဘနှင့် သားသမီးဆိုတာကတော့ကွာ. . . တစ်ခါတလေမှာ အနီးဆုံးလူတွေဟာ အဝေးဆုံးလူတွေ ဖြစ်တတ်ကြတာပဲ၊ ဘယ်သူ့မှာမှ အပြစ်မရှိပါဘူး”

သူတို့တွေ နောက်ထပ် စကားဆက်မဆိုဖြစ်ကြတော့။

*

ကင်တင်းလက်ဖက်ရည်ဆိုင်တွင် မျက်စိပျက် မျက်နှာပျက်ဖြင့် ထိုင်နေသော ‘ချမ်း’ ကို တွေ့လိုက်ရသောကြောင့် သူတို့ အံ့အားသင့်သွားကြသည်။

အောင်စည်ဟိန်းက စပြီးမေးလိုက်၏။

“ဟေ့ကောင်. . . ချမ်း၊ ဘာဖြစ်နေတာလဲ”

ချမ်းက စိတ်မချမ်းမြေ့စွာဖြင့် သက်ပြင်းတစ်ချက်ကို ချလိုက်ရင်း တစ်စုံတစ်ရာကို ပြောတော့မည်ပြုပြီးမှ ပြန်လည် စိတ်ပြောင်းသွားဟန်ဖြင့်

“အလကားပါကွာ. . . ထားလိုက်ပါ. . . ဘာမှမဟုတ်ပါဘူး”

“ပြောပါကွ၊ မင်း ဘာအခက်အခဲရှိလို့လဲ၊ ငါတို့ ကူညီနိုင်တာ ဝိုင်းကူရတာပေါ့”

တင်ကိုကိုက အတင်းတိုက်တိုက်တွန်းတွန်း မေး၏။ ဒီဝိုင်းကတော့ ဘာမှ ဝင်မပြော။ မသိမသာ အကဲခတ်နေသည်။ သူက ချမ်း၏ဉာဏ်နီ ဉာဏ်နက်များပုံကို အတွင်းသိ အစင်းသိ ဖြစ်နေသောကြောင့် သိပ်မယုံ။

www.burmeseclassic.com


'ဒီကောင် ဘာ လှည့်ကွက်ဆင်နေပြန်ပြီလဲ' ဟူသည့် အတွေးဖြင့် မယုံသင်္ကာကြည့် ကြည့်နေ၏။

အောင်စည်ဟိန်းနှင့် တင်ကိုကိုကတော့ ချမ်းက ဘာမှမပြောလေလေ . . . ပိုစိတ်ပူလာပြီး အတင်း တိုက်တွန်းလေလေ ဖြစ်နေသည်။

"ဟေ့ကောင်. . . ချမ်း၊ ပြောပါကွ"

"ငါ ဘယ်လိုပြောရမှာလဲကွာ၊ ခက်တယ်ကွ. . . မင်းတို့ကလဲ အယူသည်းတာတွေ၊ အိပ်မက်တွေ၊ အစွဲအလမ်းတွေကို သိပ်ယုံကြည်တဲ့ လူတွေ မဟုတ်ဘူး၊ ငါကိုယ်တိုင်လဲ မယုံကြည်ပါဘူးလေ၊ ဒါပေမယ့်. . . အခုဟာက. . ."

"အခုဟာက. . . ဘာဖြစ်လို့လဲ၊ ပြောလေကွာ"

ချမ်းကတော့ စိတ်မသက်မသာဖြစ်နေသည့် မျက်ဝန်းများဖြင့် ခေါင်းကိုသာ တွင်တွင်ခါနေ၏။

ဒီဝိုင်း၏ စိတ်ထဲတွင်တော့. . .

"ပြဿနာပဲ၊ ဒီကောင် ဘာရစ်နေပြန်ပြီလဲ မသိဘူး၊ အချိန်တွေ ကြာကုန်တော့မှာပဲ၊ အခုကို. . . သုံးနာရီထိုးဖို့ ဆယ်မိနစ်ပဲ လိုတော့တယ်၊ ခွာညို အတန်းပြီးတော့မှာ. . . အပြန်ကို မမီလိုက်ရင်တော့ ဒုက္ခပဲ"

ဒီဝိုင်းက ချမ်းကို တစ်ဖက်လှည့်ဖြင့် မသိမသာထားရစ်ခဲ့ပြီး နွယ်ခွာညို့ အပြန်ကို သူတစ်ယောက်တည်း သွားစောင့်ကြိုရန် စိတ်ကူးထားသည်။

ထိုစဉ် ရုတ်တရက်. . . တင်ကိုကိုက သူ့ပခုံးကို ပုတ်လိုက်သောကြောင့် ဒီဝိုင်း အတွေးပြတ်သွား၏။

"ဟေ့ကောင်. . . ဒီဝိုင်း၊ ဘာငိုင်နေတာလဲ၊ ဒီမှာ. . . ချမ်းကို မေးစမ်းပါဦး. . . ဒီကောင် ဘာဖြစ်နေတာလဲ မသိဘူး"

www.burmeseclassic.com


"ဟေ့. . .၊ အေး. . . အေးပါ၊ ငါလဲ အဲဒါပဲ စဉ်းစားနေတာ ဒီကောင့်အတွက် ဘာလုပ်ပေးရင် ကောင်းမလဲလို့၊ ဟေ့ကောင်. . . ချမ်း၊ မင်းကလဲ ပွင့်ပွင့်လင်းလင်း ပြောလေကွာ"

ချမ်းက နှုတ်ခမ်းကိုကိုက်ရင်း အဝေးကို တွေတွေကြီး စိုက်ကြည့်နေရာမှ. . .

"ငါပြောရင် မင်းတို့ယုံမှာမဟုတ်ဘူး၊ အေးလေ. . . ငါကိုယ်တိုင်တောင် ကိုယ့်ကိုယ်ကိုယ် မယုံချင်သလို အံ့ဩနေမိသေးတာ. . . ပြီးတော့လဲ အရင်တုန်းက ငါ့စကားဆိုရင် နောက်တာပြောင်တာက များနေတော့ အခုစကားကို မင်းတို့ အတည်မယူမှာလဲ စိုးတယ်"

"မင်းက ဒီလောက် နိဒါန်းတွေ ရှည်ရှည်လျားလျား ပြောနေရအောင် ဘာစကားမို့လို့လဲ"

ဒီဝိုင်း စိတ်ဝင်စားလာ၏။ နွယ်ခွာညို့ အတန်းပြီးချိန်အမီ သူတစ်ယောက်တည်း ကျိတ်ပြီးသွားကြိုရန် တွေးထားသည့် စိတ်ကူးကို မေ့လျော့သွားသည်။

ချမ်းက သက်ပြင်းတစ်ချက်ကို လေးလေးတွဲ့တွဲ့ မှုတ်ထုတ်လိုက်ရင်း. . .

"မနက်. . အိမ်က မထွက်ခင်ကတည်းက မင်းကို အရင်ဆုံးဖွင့် တိုင်ပင်မလို့ပဲ ဒီဝိုင်း၊ ငါ့စိတ်တွေ မရဲတာနဲ့. . . "

"ကဲ. . . ပြောမှသာ ပြောစမ်းပါကွာ"

"ငါ. . . ညက အိပ်မက်တစ်ခုတည်းကိုပဲ ထပ်တလဲလဲ မက်တယ် ဒီဝိုင်း၊ အိပ်မက်ထဲမှာ သေမင်းလိုလို ဝတ်ရုံနက်ခြုံထားတဲ့ သတ္တဝါကြီးတွေက ငါ့ကို သူတို့နဲ့လိုက်ခဲ့ရမယ်ဆိုပြီး အတင်းလာခေါ်တယ်၊ ငါစိတ်ထဲမှာ အိပ်နေရင်းတန်း

www.burmeseclassic.com


လန်းက ဒါဟာ. . . အိပ်မက် မက်နေတာဆိုတာလဲ စိတ်က သိနေတယ်၊ နိုးချင်နေပေမယ့်လို့လဲ နိုးလို့မရဘူး"

"အေး. . . ဘီလူးစီးခံရသလို ဖြစ်နေတာပေါ့"

"ဟုတ်တယ်ကွ၊ ငါကလဲ 'မလိုက်ဘူး. . . မလိုက်ဘူး' ဆိုပြီး အတင်းရုန်း၊ သူတို့ကလဲ အတင်းဆွဲနဲ့. . . နောက် ဖျတ်ခနဲလန့်နိုးမှ သက်သာသွားတယ်၊ ပြီးတာနဲ့ ငါလဲ မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြီး ပြန်အိပ်ပျော်သွားပြန်ကော. . . အိပ်ပျော်သွားတာနဲ့တစ်ပြိုင်နက် စောစောက အိပ်မက်အတိုင်း တစ်သွေမတိမ်း နောက်ထပ်တစ်ခေါက် မက်ပြန်တာပဲဟ. . .၊ အဲဒီအတိုင်းချည်းပဲ တစ်ညလုံး ငါးခါခြောက်ခါလောက် ဖြစ်နေတာ"

"ဟာ. . . မင်းဟာက အဆန်းပါလား"

ချမ်းက လေးလေးတွဲ့တွဲ့ ခေါင်းညိတ်လိုက်ရင်း. . .

"အင်းပေါ့ကွာ. . . အဲဒါကြောင့် ငါလဲ ယုံရအခက် မယုံရအခက် ဖြစ်နေတာပေါ့. . . ပြီးတော့ အိပ်မက်က မဆုံးသေးဘူး၊ အဲဒီသတ္တဝါတွေက ပြောသွား သေးတယ်"

"ဟင်. . . ဘာ ပြောသွားသေးလဲ"

"အဲဒီသတ္တဝါတွေက အတင်းဆွဲခေါ်. . . ငါက ရုန်းနဲ့ နောက်ဆုံး လွတ်တော့မလိုလို ဖြစ်နေတဲ့အချိန်မှာ အဲဒီသတ္တဝါတွေထဲက တစ်ကောင်က. . . 'မင်း. . . ငါတို့နဲ့ မလိုက်ချင်ရင် ဒန့်ကျွဲပင်က အညွန့်ခုနစ်ညွန့်ကို ခူး၊ အသက်အောင့်ပြီး ခုနစ်ခါနမ်း၊ ပြီးရင်. . . ရေစီးနေတဲ့မြောင်း၊ ချောင်း. . . ဒါမှမဟုတ် မြစ်တစ်ခုခုထဲကို ပစ်လိုက်' လို့ပြောပြီး ငါ့ကို လွှတ်ပေးလိုက်တယ်"

အောင်စည်ဟိန်းနှင့် တင်ကိုကိုက တအံ့တဩဖြင့် တစ်ယောက် မျက်နှာတစ်ယောက် ကြည့်မိကြ၏။

www.burmeseclassic.com


"အဲဒီတော့. . . မင်း ဘယ်လိုစဉ်းစားထားသလဲ ချမ်း"

"ငါလည်းမပြောတတ်တော့ဘူးကွာ၊ စိတ်ထဲမှာတော့ အရမ်းပဲ လေးနေတယ်"

"ယုံတာ မယုံတာ အပထားးကွာ. . . အိပ်မက်ထဲကအတိုင်း ဒန့်ကွဲ့ရွက်ရှာပြီး လုပ်ကြည့်လိုက်ဖို့ကောင်းတယ် ထင်တယ်ကွ၊ ဘာမှ အပန်းကြီးတာမှ မဟုတ်ဘဲ၊ ဟော့ကောင်. . . ဒီဝိုင်း၊ မင်းကော ဘယ်လိုထင်လဲ"

ဒီဝိုင်းက အသေအချာ စဉ်းစားနေပြီးမှ. . .

"အင်းပေ့ါလေ. . . လူ့စိတ်ဆိုတာ ပြောရခက်တဲ့ကိစ္စတစ်ခုပဲ၊ စိတ်အနှောက်အယှက်ကို ဖြေရှင်းဖို့က သိပ္ပံနည်းကျတာ မကျတာ၊ ယုတ္တိရှိတာ၊ မရှိတာနဲ့ မဆိုင်ပါဘူး၊ အရေးကြီးတာက မင်းရင်ထဲမှာ ပေ့ါပေ့ါပါးပါး ဖြစ်သွားဖို့ပဲ၊ လုပ်လိုက်ပေ့ါကွာ"

ချမ်းက ဒီဝိုင်းကို တစ်ချက်လှမ်းကြည့်လိုက်ရင်း. . .

"ဒါပေမဲ့. . . ခက်နေတာက ဒန့်ကွဲ့ပင်ဆိုတာကို ငါ တစ်ခါမှ မမြင်ဖူးဘူး၊ ဘယ်သွားရှာရမလဲ"

"အင်း. . . ငါ့အသိတစ်ယောက် အိမ်မှာတော့ရှိတယ်၊ သွား ခူးပေးရမလား"

ဒီဝိုင်း၏စကားကြောင့် ချမ်း မျက်လုံးတွေ တောက်ပလင်းလက်သွားကြ၏။ သို့သော် ချက်ချင်းပင် အရောင်ပြန်မှိန်သွားပြီး စောစောကလိုပင် ညှိုးညှိုးငယ်ငယ် ပြန်ဖြစ်သွား၏။

ချမ်းက ပင့်သက်တစ်ချက်ကို ရှိုက်လိုက်ရင်း. . .

"ဟူး. . . ထားလိုက်ပါတော့ကွာ၊ ငါ့ထိုက်နဲ့ ငါ့ကံပဲ ဖြစ်ချင်တာ ဖြစ်ပါစေတော့"

www.burmeseclassic.com


“ဟာ. . . ဒီလို ဘယ်ဟုတ်မလဲကွာ၊ ဘာမှ ခဲယဉ်းတဲ့ကိစ္စမှမဟုတ်တာ၊ ကဲ. . . ကဲ. . . ဒီဝိုင်း ဒန့်ကွဲရွက် သွားရှာပေးလိုက်ပါကွာ”

“ဟာ. . . ငါ့အသိအိမ်က (၁၀)မိုင်ကုန်းမှာကွ၊ ဒန့်ကွဲရွက်က အဲဒီအထိအောင် သွားခူးရမှာ”

“မင်းကလဲကွာ. . . ကိုယ့်သူငယ်ချင်းရဲ့ သေရေးရှင်ရေးပဲဟာ. . . သွားပေးလိုက်ပါကွာ”

“ဟေ့ကောင်. . . ခုနှစ်ညွှန့်နော်. . . မမေ့နဲ့”

အားလုံးကဝိုင်းပြောနေကြသောကြောင့် ဒီဝိုင်းက အူကြောင်ကြောင်ဖြင့် လက်ဖက်ရည်ဝိုင်းမှ ထပြီး. . .

“ကဲ. . . ဒါဆို မင်းနဲ့ငါ သွားခူးရအောင်. . . လာ. . . ချမ်း”

“ဟင့်အင်း. . . ငါ ဒီနေရာကကို မထချင်ဘူး ဖြစ်နေတယ်၊ စိတ် တွေလေးနေတယ်ကွာ၊ မတော်တဆ သွားရင်းလာရင်း မော်တော်ကားတွေ ဘာတွေနဲ့ တစ်ခုခု ဖြစ်. . . ”

“ကဲ. . . ကဲ. . .၊ ဒါဆိုလဲ မင်း ဒီနေရာကနေ ဘယ်မှမသွားနဲ့. . . ထိုင်စောင့်နေ၊ ခုချက်ချင်း. . . ငါ မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့မယ်”

ဒီဝိုင်းက ပြောပြောဆိုဆို သုတ်သီးသုတ်ပျာဖြင့် ထွက်သွား၏။ အတော်ဝေးဝေးရောက်သွားပြီး ဒီဝိုင်းကို မမြင်ရတော့သည့်အခါတွင်မှ ချမ်းက ‘ရှီ’ ခနဲ လေချွန်ကာ ဝမ်းသာအားရဖြင့် လက်ဖျောက်တစ်ချက် တီးလိုက်၏။

“အိုကေ. . . ငါ လစ်တော့မယ်”

“ဟာ. . . မင်းက ဘာထပြီး ဖြစ်ရပြန်တာလဲ. . . ချမ်း၊ စောစောကတော့ ချက်ချင်းပဲ မိုးကြိုးပစ်ပြီး သေတော့မလိုလို၊ ခွေးရူးကိုက်ပြီး သေတော့

www.burmeseclassic.com


မလိုလိုနဲ့ အခုကျပြန်တော့လဲ ရုပ်ပျက်ဆင်းပျက် မြူးတူးနေလိုက်တာ. . . ဟာ. . . ဟာ. . . နေပါဦး. . . အခု ဘယ်သွားမလို့လဲ"

"အသာနေစမ်းပါကွာ. . . သုံးနာရီထိုးတော့မယ်ကွ၊ ငါ သွားစရာရှိသေးတယ်"

"ဟေ့ကောင်. . . ဒီဝိုင်းက မင်းအတွက် ဒန့်ကွဲပင်ရှာပြီး ပြန်လာမှာလေ . . . မင်း မစောင့်တော့ဘူးလား"

တင်ကိုကိုက အလောတကြီးသွားမည့်ဟန်ပြင်နေသော ချမ်းကို အတင်း လက်ဖမ်းဆွဲထားပြီး နားမလည်နိုင်စွာဖြင့် မေးနေ၏။

"မင်း. . . ဘယ်သွားမှာလဲ ချမ်း"

"ဟိုကွာ. . . ငါ့ဘကြီးတစ်ယောက် ကလေးမွေးလို့. . . တဲ့၊ ရာဇဝင်မှာ ပထမဦးဆုံး အကြိမ်ပေ့ါ၊ သိပ်တော့ မသေချာဘူး. . . လျှောက်မပြောနဲ့နော်"

ချမ်းက နောက်တီးနောက်တောက်ပြောရင်း ကင်တင်းမှ ပြေးထွက်သွားသည်။ သူ ဦးတည်ရာက နွယ်ခွာညို့အတန်းရှိရာ ဓာတုဗေဒစာသင်ခန်းများ ရှိရာဆီသို့. . .။

•

ကျောက်စရစ်ခဲနှင့် သဲများ ရောနှောနေသော လမ်းကလေးပေါ်သို့ အရိပ်ကျနေသည်။ အေးမြစိမ့်သက်ပြီး အိပ်မက်ဆန်သော ရနံ့တစ်ခုဖြင့် ဝန်းကျင် ခပ်သိမ်းသည် ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်နေ၏။

သစ်ပင်ရိပ်တွေအောက်မှ သူမ လမ်းလျှောက်လာနေသည်ကို ချမ်း လှမ်းမြင်နေရသည်။

www.burmeseclassic.com


သခင်ကို မျှော်သော အမဲလိုက်ခွေးတစ်ကောင်၏ အကြည့်မျိုးဖြင့် သူမ ရှိရာဆီ တမ်းတမ်းတတ ငေးကြည့်မိလေသည်။

လေပြေလေညင်း တိုက်ခတ်သောအခါ သူမ၏ အဝါရောင်နုနုသန်းသော ဆံနွယ်စတွေ တဖျတ်ဖျတ် လှုပ်ခါသည်ကို မြင်ရသည်။ လည်ပင်းအကွပ်ပါသော အနီရောင်ဆွယ်တာလေးကြောင့် သူမ၏ မျက်နှာကလေးသည် သွေးရောင်လွှမ်းသလို ပန်းနုရောင်သန်းသည်ဟု ပိုထင်စရာ ကောင်းနေ၏။

သူမ၏ ရဲရင့်သော နှုတ်ခမ်းတွေကို ဆိုးဆေးဖြင့် အနားကွပ်ပုံဖော်ထားသည်မှာ သူရဲကောင်းတံဆိပ်တစ်ခုလို အောက်မေ့ရ၏။

သည်လိုအလှမျိုးဖြင့် မဟာဆန်ဆန် လမ်းလျှောက်သွားသည်ကို မြင်ရလျှင် သချိုင်းကုန်းမှ လူသေကောင်များပင် ခေါင်းထောင်ထပြီး ကြည့်ကြလိမ့်မည်ဟု ချမ်း တွေးမိ၏။

ဖြူဖွေးသောခြေဖမိုးအစုံ သွက်နား နီးကပ်လာသည်ကို ချမ်း စိုက်ကြည့်နေဖြစ်၏။ အနီးသို့ ရောက်လာသောအခါ သူမက စမေးသည်။

"ချမ်း. . . တစ်ယောက်တည်းလား၊ ဒီဝိုင်းကော မပါဘူးလား"

"ဟာ. . . ဒီဝိုင်းအကြောင်းတော့ မပြောချင်ပါဘူး ခွာညိုရယ်. . . ခက်ပါတယ်"

"ဟင်. . . ဘာဖြစ်လို့လဲ"

ခွာညိုက တအံ့တသြဖြင့်မေးသည်။ ချမ်းက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းလိုက်ရင်း. . .

"ဒီကောင်က မိန်းကလေးနဲ့ ပတ်သက်လာရင် ပြောလို့ဆိုလို့လဲ မရဘူး၊ အခုလဲ Zoo မေဂျာက ကောင်မလေးတစ်ယောက်နောက်ကို လိုက်သွားပြန်ပြီလေ"

“ဪ. . . ဒီလိုလား”

ဟုတ်တယ် ခွာညိုရဲ့၊ သူ့အကြောင်း ပြောလည်းမပြောချင်ပါဘူး၊ ဒါပေမယ့်. . . ခွာညို့ကို ကိုယ် သတိမပေးဘူးဆိုရင်လည်း ကိုယ် တာဝန်မကျေရာကျမယ်၊ ဒီငတိက ကောင်းတာမဟုတ်ဘူး၊ မိန်းကလေးတွေကို သူဒုက္ခပေးခဲ့ပေါင်းလဲ များလှပြီ. . . ကလေ့စားချေချင်တဲ့ မိန်းကလေးတွေရဲ့ အဖေတစ်ရာကျော်လောက်က တုတ်ကိုင်ပြီး သူ့ကို လိုက်ရှာနေကြတာ၊ မိဘမဲ့ကလေးများဂေဟာနားကို သူရောက်သွားတဲ့အခါများဆိုရင် သူ့ကို ‘ဖေဖေ. . .’၊ ‘ဖေဖေ. . .’နဲ့ လှမ်းခေါ်တဲ့ကလေးတွေ အများကြီး. . . လမ်းဘေးရေမြောင်းထဲမှာ လဲနေတဲ့ကောင်မလေးတွေဟာ သူ ပစ်ထားခဲ့တဲ့ မိန်းကလေးတွေပေါ့၊ သူနဲ့ ဒီနေ့ တွဲပြီးသွားပြီဆိုရင် အဲဒီမိန်းကလေးကို နောက်တစ်နေ့ မြောင်းထဲပစ်ထည့်လိုက်တာပဲ”

ခွာညိုက မျက်လုံးကလေး အဝိုင်းသားဖြင့်ကြည့်နေ၏။ အံ့သြနေသော မျက်ဝန်းနက်နက်ကလေးများအပေါ်တွင် ဆံနွယ်တွေ ပြေပြေလျော့ လျော့ကျနေပုံက တစ်မျိုးကြည့်ကောင်းနေသည်။

သစ်ရွက်တွေကြားမှ ကျလာသော ဆည်းဆာနေခြည်က သူမ၏ပါးပြင်ပေါ်ကျနေသောကြောင့် အမာရွတ်သေးသေးကလေးကို ပိုပြီးထင်ထင် ရှားရှားမြင်ရသည်။ သူမက. . .

“အင်းပေါ့လေ. . . လူဆိုတာ ဒီလိုပါပဲ”

“ဟင်. . . ခွာညို့လေသံကလဲ ဟိုကောင့်ကို အပြစ်မတင်ချင်တဲ့ လေသံနဲ့”

“ဟုတ်တယ်လေ. . . ဘာလို့ အပြစ်တင်ရမှာလဲ၊ လူဆိုတာ တစ်ယောက် တစ်မျိုးတော့ အားနည်းချက်ရှိကြစမြဲ မဟုတ်လား”

“ဟုတ်တယ်. . . ခွာညို၊ ကိုယ့်စိတ်ထဲမှာ တစ်ခါတစ်ခါ လူတွေကို ကြည့်ရတာ ဘောလုံးပွဲနဲ့တူနေသလိုမျိုး အောက်မေ့မိတယ်”

www.burmeseclassic.com


"ဘာဖြစ်လို့လဲ"

"လူတိုင်းဟာ ကိုယ့်ခြေထောက်ထဲ ဘောလုံးပါလာဖို့ပဲ ဂရုစိုက်ကြတယ်၊ တခြားသူရဲ့ ခြေထောက်ထဲကနေ ဘောလုံးလွတ်သွားရတဲ့အတွက် ဆုံးရှုံးကျန်ရစ်ခဲ့သူရဲ့ရင်ထဲမှာ ဘယ်လိုခံစားရမယ်ဆိုတာကို စာနာကြည့်ဖို့ ဘယ်သူမှ မတွေးကြည့်ကြဘူး"

ခွာညိုက ပြုံးသည်။ သူမ၏ အပြုံးက နွေဦးတွင် အရွက်ဝေသော မိုးမခပင်နှင့် တူ၏။

"ကျွန်မကကော. . . ရှင်ပြောသလို ကိုယ် ဘောလုံးရဖို့ကိုပဲ အာရုံစိုက်နေတဲ့ လူမျိုးနဲ့ တူလို့လား"

"ဟင့်အင်း. . . မတူပါဘူး၊ ခွာညို့ကို ကြည့်ရတာ အရမ်းကို အတ္တကင်းပြီး နူးညံ့တဲ့ပုံပေါက်ပါတယ်၊ ဒါပေမယ့်. . . ကရာတေးကစားနေတာ မြင်ရတုန်းကတော့ ကိုယ့်စိတ်ထဲက ကျိတ်ပြီး နာမည်တစ်ခုပေးခဲ့ဖူးတယ်၊ 'စပရိန်' လို့"

"ဟင်. . . ကျွန်မကို ဘယ်လိုနာမည်ကြီးလဲ"

"စပရိန် ဆိုတာ ပျော့ပျော့ခွေခွေလေးပဲလေ. . . ခွာညို့ရဲ့၊ ဒါပေမယ့် . . . သူ့ကို ဖိလိုက်ရင် ပြန်တွန်းကန်နိုင်တဲ့ ခွန်အားအပြည့်ရှိတယ် မဟုတ်လား"

ခွာညိုက ရယ်မောလိုက်သည်။ သူမ၏ ရယ်သံက သစ်ရွက်တွေကို လှုပ်ခါသွားစေ၏။ ထို့နောက် သူမက. . .

"ကျွန်မကတော့ ကိုယ့်ကိုယ်ကိုယ် အဲသည်လို မထင်ဘူး"

"ဘယ်လိုထင်သလဲ"

"ကျွန်မကိုယ် ကျွန်မ သွေးစုပ်ဖုတ်ကောင် (Vampire) နဲ့ တူတယ်လို့ ထင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ညဖက်ဆို မအိပ်တတ်ဘူး၊ နေ့ဖက်ဆို အစာစားချင်စိတ် မရှိဘူး၊ နောက်ပြီး. . . ကြက်သွန်ဖြူဆို အသေအလဲ ကြောက်

www.burmeseclassic.com


တယ်၊ အသက်သာ အသေခံမယ်. . . ကြက်သွန်ဖြူကိုတော့ မစားဘူးဆိုတဲ့ လူစားမျိုး. . .၊ အနံ့တောင်ခံလို့ မရဘူး”

“ဘုရားရေ. . . ဒါဆို မင်းက သွေးကောစုပ်တတ်သေးလား”

“သွေးတော့ မစုပ်ဘူး၊ ဒါပေမယ့် လူတွေရဲ့ ခံစားချက်ကို စုပ်ယူတယ်၊ အထူးသဖြင့် ကျွန်မကို ‘ဘယ်လိုမိန်းမမျိုးလဲ’ ဆိုတဲ့ အကြည့်နဲ့ ကြည့်တတ်တဲ့ လူတွေ၊ ‘သနားလိုက်တာ’ ဆိုပြီး အရသာခံတတ်တဲ့ လူတွေကိုပေါ့”

ဆည်းဆာလေပြည်ထဲတွင် ကော်ဖီရနံ့သင်းနေသည်။ သူတို့နှစ်ယောက် တိတ်ဆိတ်စွာဖြင့် မိုးကုတ်စက်ဝိုင်းဆီ ငေးကြည့်နေမိကြ၏။ ဆည်းဆာနေခြည်ကြောင့် သူတို့၏ အရပ်တွေ ရှည်လျားနေကြလေသည်။

သူတို့နှစ်ယောက်၏ ပုံရိပ်ကို ကြည့်ရသည်မှာ ခြောက်လှန့်စရာ အိမ်မရှိသောကြောင့် တိတ်တဆိတ် လှည့်လည်သွားလာနေရသော တစ္ဆေ နှစ်ကောင်နှင့် တူနေလေ၏။

❒

“ဟိုကောင်. . . ချမ်း၊ ဘယ်ရောက်သွားပြီလဲ”

ဒီဝိုင်းက လက်ထဲတွင် ဒန့်ကျွဲရွက်တွေကိုင်ရင်း ပြန်ရောက်လာရာမှ အမောတကော မေးလိုက်သည်။

တင်ကိုကိုက မျက်နှာငယ်လေးဖြင့်

“ငါတို့ကိုလဲ သေသေချာချာ ပြောမသွားဘူးကွ၊ သူ့ဘကြီးတစ်ယောက် ကလေးမွေးလို့ဆိုလားပဲ. . . ကမန်းကတန်း ထွက်သွားတယ်”

ဒီဝိုင်း ဦးနှောက်ထဲတွင် ‘လက်’ခနဲ သိလိုက်သည်။ ဒီကောင်. . . ငါ့ကို

www.burmeseclassic.com


တစ်ပတ်ရိုက်သွားပြီဟု တွေးလိုက်၏။

"ခွေးမသား. . . ချမ်း၊ ဒီကောင်ဟာ မနက်မိုးလင်း သွားမတိုက်ခင် ကတည်းက လိမ်ပြောတတ်တဲ့ကောင်ပဲ. . . တောက်! ငါ သတိတစ်ချက် လွတ် သွားတာ. . . နာတယ်ကွာ"

"ဟေ့ကောင်. . . ဒီဝိုင်း၊ ဘာဖြစ်နေတာလဲ"

"ဟာ. . . မင်းတို့မသိပါဘူးကွာ၊ အဲဒီကောင်ကို တွေ့အောင်ရှာစမ်းပါ၊ ဒီမှာ. . . ငါ့ရင်ထဲမှာ မီးတောက်နေပြီကွ"

"ဟင်. . . မင်းရင်ထဲမှာ မီးတောက်နေတာနဲ့ ချမ်းက ဘာဆိုင်လို့လဲ. . . ချမ်းက မီးသတ်တပ်ဖွဲ့ထဲ ဝင်ထားလို့လား"

အောင်စည်ဟိန်းက ကြောင်စီစီဖြင့် ဝင်မေးလိုက်သောကြောင့် ဒီဝိုင်း ပိုစိတ်တိုသွား၏။

"ခွေးသားတွေ. . မနောက်နဲ့ကွာ၊ ဒါ. . . ကလေးကစားတာ မဟုတ်ဘူးကွ"

"ဩော်. . . လူကြီး ဖဲရိုက်တာပေါ့"

"တော်. . . တော်၊ ဟေ့ကောင်တွေ. . . မင်းတို့နဲ့ စကားဆက်ပြောလို့ မဖြစ်တော့ဘူး၊ ဟိုငတိကို တွေ့အောင်လိုက်ရှာပြီး ဆုံးမလိုက်ဦးမယ်"

တင်ကိုကိုက ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်၏။

"မဟုတ်သေးဘူး. . . ဒီဝိုင်းရဲ့၊ ရန်ကိုရန်ချင်း မတုံ့ပြန်ချင်စမ်းပါနဲ့ကွာ၊ ဒီမှာ. . . မှတ်ထား ဒီဝိုင်း၊ မီးတောက်ဆိုတာ ရေနဲ့လောင်းရင် ငြိမ်းတာပဲ၊ အဲသည် လို ငြိမ်းတာချင်းအတူတူ ဘာဖြစ်လို့ ရေနွေးပူနဲ့ လောင်းမှာလဲ၊ ရေနွေးကိုင်တဲ့လူရဲ့ လက်ပဲ ပူမှာပေါ့. . . ရေအေးနဲ့ပဲလောင်းပြီး ငြိမ်းပါကွာ"

❒

www.burmeseclassic.com

# အခန်း (၉)

www.burmeseclassic.com

❐

မှန်ရှေ့တွင် အဝတ်အစားတွေ တစ်စုံပြီးတစ်စုံ လဲလှယ်ဝတ်ဆင်လိုက်၊ ပြန်ချွတ်လိုက်၊ ထပ်ဝတ်ကြည့်လိုက် လုပ်နေသည့် ချမ်းကိုကြည့်ရင်း ဒီဝိုင်း မျက်စေ့နောက်လာသည်။

ချမ်းက. . . မှန်ထဲမှ သူ့ရုပ်ကို သူကြည့်နေရာမှ ဒီဝိုင်းဘက်လှည့်ကာ. . .

"ဟေ့ကောင်. . . ဒီဝိုင်း၊ ဟောဒီ ဘောင်းဘီအနက်ရောင်နဲ့ ငါနဲ့ လိုက်ဖက်ရဲ့လား၊ ဟို့. . . မြင်းချေးရောင်လေးဝတ်ရင် ပိုကြည့်ကောင်းမလား မသိဘူး"

"အေး. . . ကောင်းတယ်၊ မြင်းချေးရောင်တင် မကဘူး၊ နွားချေးရောင်၊ ခွေးချေးရောင် အစုံသာဝတ်ကွာ. . . မင်းနဲ့လိုက်တယ်"

ဒီဝိုင်း၏ စကားကြောင့် ချမ်း စိတ်ညစ်သွား၏။

"မင်းကလဲကွာ. . . ငါ တစ်ခါတလေလေး လှလှပပဝတ်တာများ မနာလိုတဲ့အသံနဲ့၊ ရုပ်ချောတဲ့လူတွေကို စာရင်းလိုက်လုပ်ရင် ငါက ထိပ်သီးပါကွ"

www.burmeseclassic.com


"အေး. . . မင်းခေါင်းပေါ် ပန်းအိုး ပြုတ်ကျထားတာကိုး"

"ဟာ. . . မင်းကလဲကွာ၊ စကားအကောင်းပြောပါကွ၊ သေချာနားထောင် စမ်း. . . ဒီဝိုင်း၊ ရာဇဝင်မှာ ရုပ်ရည်ချောမောလှပါတယ်ဆိုတဲ့ ဥမ္မာဒန္တီဟာ ငါ့ အမေရဲ့ အဘွားလေးဘက်ကစပ်ရင် ဆွေမျိုးနီးစပ်တောင် တော်တယ်ဆိုပဲ"

ဒီဝိုင်းက ခေါင်းကို ကုတ်လိုက်ရင်း. . .

"စဉ်းစဉ်းစားစားလဲ ပြောပါကွာ၊ ဥမ္မာဒန္တီတို့. . သိဝိမင်းတို့ ဆိုတာက ရာဇဝင်အရဆိုရင် အိန္ဒိယဘက်ကကွ၊ ဘယ်လိုလုပ်ပြီး မင်းနဲ့ အမျိုးလာတော်နေရ တာလဲ"

"အေး. . . အဲဒါခက်တာပေါ့ ဒီဝိုင်းရဲ့၊ တကယ်တော့ ဥမ္မာဒန္တီဟာ မင်းတို့ထင်သလို အိန္ဒယသူ စစ်စစ်မဟုတ်ဘူး၊ အိန္ဒိယသွေးတစ်ဝက်၊ မြန်မာသွေး တစ်ဝက်၊ ကပြား. . . ကွ၊ အိန္ဒိယနာမည်က ဥမ္မာဒန္တီ၊ မြန်မာ နာမည်သပ်သပ် ရှိသေးတယ်. . . ဒေါ်အုန်းသီးတဲ့"

"တော်စမ်းကွာ. . . ပေါက်ကရတွေ"

ဒီဝိုင်းက ပြောပြီး ချမ်း၏ အခန်းထဲမှ လှည့်ထွက်ခဲ့သည်။ အောက် ထပ်သို့အဆင်း လှေကားရင်းသို့ရောက်ခါမှ 'ဒီကောင်. . . ဘာဖြစ်လို့ ဒီလောက် အူမြူးနေရပါလိမ့်' ဟု တွေးလိုက်မိသည်။

အကြောင်းတစ်ခုခုတော့ ရှိကိုရှိရမည်ဟု သူ တွက်ဆမိ၏။ သူ့ တွက် ကိန်းမမှားလျှင် ထိုအကြောင်းသည် ခွာညိုနှင့် ပတ်ကိုပတ်သက်နေရ ပေလိမ့် မည်။

"ခွေးကောင်. . . ချမ်း၊ ဒီကောင် ငါ့ကိုမပြောဘဲ သူ့ဘာသူ ကျိတ်ပြီး ကြံစည်ထားတာ တစ်ခုခုတော့ ရှိနေတာသေချာပြီ"

ဒီဝိုင်းက တယ်လီဖုန်းရှိရာသို့သွားပြီး ခွာညိုတို့ အိမ်တယ်လီဖုန်း နံပါတ်

www.burmeseclassic.com


ကို နှိပ်လိုက်သည်။ ဘုရားသိကြားမလို့ ဦးဝင်းကျော်ကြီးနဲ့ မတိုးပါစေနဲ့. . . ဟု ကျိတ်ပြီး ဆုတောင်းနေမိ၏။

တစ်ဖက်မှ တယ်လီဖုန်းကို ကောက်ယူနားထောင်လိုက်သံကြားရသည်။

"ဟဲလို. . . အမိန့်ရှိပါခင်ဗျာ. . . ဝင်းကျော်ပါ"

ဟာ. . . သွားပါပြီကွာဟု ဒီဝိုင်း ရင်ထဲမှ စိတ်ပျက်လက်ပျက် ညည်းတွားလိုက်မိ၏။ သို့သော်. . . ချက်ချင်းပင် ဣန္ဒြေဆယ်လိုက်ပြီး ခပ်တည်တည်ဖြင့်. . .

"ခွာညိုနဲ့ စကားပြောချင်လို့ပါ။ ကျွန်တော်က သူ့ကျောင်းက ဆရာ ပါ"

"သမီး ကျူရှင်သွားပါတယ် ခင်ဗျာ၊ ပြန်ရောက်ချိန်တော့ နီးပါပြီ၊ ဩော်. . . မေ့သွားလို့၊ သမီး ဒီနေ့ အပြန်နောက်ကျမယ်လို့ မှာသွားတယ်၊ ဒီနေ့ သူ့မွေးနေ့မို့ ဘုရားသွားမလို့တဲ့၊ ဩော်. . . ဒါနဲ့ အခုပြောနေတာ ဘယ်ကဆရာလဲ"

ဦးဝင်းကျော်က လွှတ်ခနဲ ဖြေလိုက်မိပြီးခါမှ ပြန်မေးသည့် လေသံက သက်ာမကင်း ဖြစ်နေကြောင်း သိသာသည်။ ဒီဝိုင်းက. . .

"ကျွန်တော်က သူ့အတန်းကိုသင်တဲ့ အင်္ဂလိပ်စာဆရာပါ"

ဓာတုဗေဒ အဓိကကျောင်းသူများအနေဖြင့် မည်သည့် Minor ဘာသာများ သင်ရမှန်း သေသေချာချာ သိမထားသောကြောင့် 'အင်္ဂလိပ်စာတော့ သင်ရမှာ ကျိန်းသေပဲ' ဟု တွေးပြီး ဒီဝိုင်းက ဖြီးလိုက်ခြင်းဖြစ်၏။

သို့သော် ကံဆိုးချင်တော့ နွယ်ခွာညို့အတန်းကို သင်ရသည့် အင်္ဂလိပ် ဆရာမက ဦးဝင်းကျော်၏ အစ်မအရင်း ဒေါ်ဖြူဖြူကျော် ဖြစ်နေ၏။

ထိုအကြောင်းကို သိထားသော ဦးဝင်းကျော်က ပို၍သံသယဝင်သွားပြီး. . .

www.burmeseclassic.com


"နေစမ်းပါဦး. . . သမီးတို့ရဲ့ အင်္ဂလိပ်စာဆရာမက ဒေါ်ဖြူဖြူကျော် မဟုတ်လား၊ မောင်ရင်က ဘယ့်နှယ်. . . "

"ဪ. . . ဟုတ်ပါတယ်၊ ကျွန်တော်က အရင်ဆရာမ ဒေါ်ဖြူဖြူကျော် နေရာမှာ အစားဝင်လာတဲ့ ဆရာပါ"

"အရင် သင်နေတဲ့ ဒေါ်ဖြူဖြူကျော်က ဘာဖြစ်သွားလို့တုန်း"

"ဪ. . . ဒေါ်ဖြူဖြူကျော်လား၊ သူ. . . သေသွားပြီခင်ဗျ"

"ဟေ. . . "

ဦးဝင်းကျော်၏ စကားအသွားအလာကို ရိပ်ဖမ်းသံဖမ်းကြည့်ပြီး ပါးစပ်ထဲ အဆင်ပြေသလို လျှောက်ပြောနေသည့် ဒီဝိုင်းက တစ်ဖက်မှ တုန်လှုပ်အံ့သြစွာ 'ဟေ' ခနဲ ရေရွတ်လိုက်သံကို ကြားကြားချင်း တစ်ခုခု အမှားအယွင်းဖြစ်သွားပြီမှန်း ရိပ်မိလိုက်၏။

"ဟေ့. . . အဲဒီ ဒေါ်ဖြူဖြူကျော် ဆိုတာ ငါ့အစ်မအရင်းကွ၊ မနေ့ကအထိ အကောင်းကြီး ရှိသေးတာ ဘာဖြစ်လို့ သေရမှာတုန်း. . . လက်စသတ်တော့ ငါ့ကို ဖုန်းလိမ်ဆက်နေတာကိုး. . . သေတော့မှာပဲ. . . ငါ. . တယ်၊ ပြောစမ်း. . . ပြောစမ်း. . . မင်း ဘယ်သူလဲ"

"ကျွန်တော့်နာမည် ရောဘတ်ဝမ်ချောင်အဒူလတစ်ပါ ခင်ဗျ၊ နောက်မှ တွေ့ကြမယ်နော်"

ဒီဝိုင်းက ကမန်းကတန်း ဖုန်းကိုပြန်ချလိုက်သည်။ ကိစ္စမရှိတော့။ သူသိချင်သောအချက်ကို သိလိုက်ရပြီဖြစ်၏။

သည်နေ့. . . နွယ်ခွာညို့ မွေးနေ့။

ဟိုကောင် အကြံအဖန် တစ်ခုခုလုပ်ပြီး နွယ်ခွာညို့မွေးနေ့ကို သိအောင်

ကြိုးစားထားတာပဲဖြစ်ရမည်ဟု ဒီဝိုင်း တွေးမိရင်းက စိတ်တိုလာ၏။ ပြီးလျှင် . . . ကျူရှင်မှာ သွားကြိုမည်။ စကားတွေ တောင်တောင်အီအီ ပြောမည်။ ဘုရား လိုက်သွားမည်။ ခွေးမသား. . . တော်တော် အကြံပိုင်တဲ့ အကောင်၊ အင်း. . . ငါ ဘာလုပ်ရင်ကောင်းမလဲ။

ဒီကောင်. . . ဒီအတိုင်း လက်ချည်းသက်သက်တော့ သွားမှာမဟုတ် ဘူး၊ ကောင်မလေးအတွက် လက်ဆောင်တွေဘာတွေတော့ ဝယ်သွားမှာ သေ ချာတယ်။

ဒီဝိုင်း ခေါင်းကို စိတ်ရှုပ်ရှုပ်ဖြင့် ကုတ်ဖွနေမိ၏။ ဘာအကြံအစည်၊ ဘာစိတ်ကူးမှ ပေါ်မလာ။

ထိုအချိန်မှာပင် အိမ်ရှေ့ဆီမှ. . .

"ကိုချမ်း ရှိပါသလားခင်ဗျာ"

ကုမ္ပဏီရုံးဝန်ထမ်းဝတ်စုံနှင့် လူတစ်ယောက်ကို မြင်ရသည်။ ဒီဝိုင်း က. . . 'ရှိပါတယ်. . . အပေါ်ထပ်မှာ' ဟု ပြောတော့မည် ဟန်ပြင်ပြီးခါမှ ထိုသူ ဝတ်ထားသော ယူနီဖောင်းသည် ချမ်း၏ ဖခင်ဖြစ်သူ ဖွင့်ထားသည့် ကုမ္ပဏီ ဝတ်စုံမှန်း သတိရလိုက်သောကြောင့်. . .

အကြောင်းထူးတစ်ခုခုတော့ ရှိပုံရတယ်. . ဟု တွေးကာ. .

"ဆိုပါဦး. . . ဘာကိစ္စလဲ မသိဘူး"

"သြော်. . . ကိုချမ်းရဲ့ အဖေက ပိုက်ဆံပေးခိုင်းလိုက်လို့ပါ။ အစတုန်း ကတော့ သူကိုယ်တိုင် လာမလို့ပဲတဲ့၊ ခုတော့ အရေးပေါ်ကိစ္စတစ်ခုနဲ့ ဆေးရုံကို သွားတယ်"

"ဗျာ. . . ဆေးရုံကို"

"ဟုတ်ကဲ့. . . သူ့မိတ်ဆွေတစ်ယောက် အူအတက်ပေါက်လို့ ခွဲစိပ်ထား ရတာ. . . သွားပြီး သတင်းမေးတာပါ"

www.burmeseclassic.com


ဒီဝိုင်းက တစ်ချက်ပြုံးလိုက်သည်။ နောက်. . . ခပ်တည်တည်ဖြင့်

"ဩော်. . . ကောင်းပါပြီခင်ဗျာ၊ ချမ်းကို ကျွန်တော် ပြောလိုက်ပါမယ်"

ထိုသူ ပြန်လှည့်သွားလျှင်သွားချင်း ဒီဝိုင်းက အပေါ်ထပ်သို့ အမောတကော ပြေးတက်သွားကာ အော်ဟစ်ပြီး. . .

"ဟေ့ကောင်. . . ချမ်း၊ ဟေ့ကောင်. . . "

ချမ်းက တအံ့တသြ လှည့်ကြည့်လျက်

"ဘာဖြစ်လာတာလဲကွ၊ ရေးကြီးသုတ်ပြာနဲ့"

"ချမ်း. . . စိတ်ခိုင်ခိုင်ထားကွာ၊ ဟို. . . ဟိုလေ. . . မင်းအဖေ ဆေးရုံ ရောက်နေသတဲ့"

"ဘာ! "

ချမ်းက တစ်ချက်မျက်နှာပျက်သွားသည်။ နောက်မှ. . . ဒီဝိုင်း အတည်ပေါက်နှင့် နောက်ပြောင်ချောက်တွန်းတက်မှန်း သိသောကြောင့် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး. . .

"ဟေ့ကောင်. . . လာ မနောက်စမ်းနဲ့ကွ၊ ဒီကိစ္စမျိုးက နောက်သင့်တဲ့ဟာမျိုး မဟုတ်ဘူး"

"ဘာ. . . ဟေ့ကောင် ချမ်း၊ မင်းကို ငါ နောက်နေတာမဟုတ်ဘူး၊ မင်းအဖေ ကုမ္ပဏီက လွှတ်လိုက်တဲ့လူတောင် အခုလေးတင် ပြန်သွားတာ၊ ဟော. . . ဟော. . . ဟိုမှာ ခြံဝပဲရောက်သေးတယ်၊ လာကြည့်"

ချမ်းက ဝရန်တာဆီပြေးသွားပြီး ဒီဝိုင်း လက်ညှိုးညွှန်ပြရာဆီ လှမ်းကြည့်သည်။ သူ့အဖေ၏ ကုမ္ပဏီမှ ဝန်ထမ်းဝတ်စုံနှင့်လူကို မြင်ရ၏။

ချမ်း မျက်လုံးတွေ ပြာဝေသွားသည်။

www.burmeseclassic.com



ထိုအခိုက် ဒီဝိုင်းက လှမ်းအော်ပြီး မေးလိုက်သည်။

"ဟေ့လူ. . . ဟေ့လူ. . . ချမ်းရဲ့အဖေက ဘယ်ဆေးရုံမှာရောက်နေတာလဲ၊ ရန်ကုန်ဆေးရုံကြီးမှာလား၊ မြောက်ဥက္ကလာဆေးရုံကြီးမှာလား"

ထိုသူက ခြံဝမှ ထွက်ခွာတော့မည့်ဆဲဆဲတွင် လှည့်ကြည့်ပြီး. . .

"ရန်ကုန်ဆေးရုံကြီးမှာဗျ"

ပြန်အော်ပြောပြီး ထွက်သွား၏။

ဒီဝိုင်းက ချမ်း၏ ပခုံးကို ကိုင်လှုပ်ကာ. . .

"သူငယ်ချင်း. . . မင်း အခုချက်ချင်း လိုက်သွားမှ ဖြစ်မယ်ထင်တယ်"

"နေဦး. . . ဒီဝိုင်း၊ ငါ အိမ်ကို ဖုန်းဆက်ကြည့်လိုက်ဦးမယ်"

"အို. . . ဖုန်းဆက်နေလို့ ဘာထူးမှာလဲ၊ မင်းအိမ်က လူတွေအားလုံး ဆေးရုံကို လိုက်သွားကြလောက်ရောပေါ့၊ မင်းသာ မှီအောင် မြန်မြန်သွား"

ဒီဝိုင်း၏ စကားအဆုံးတွင် ချမ်းက အခန်းတွင်းသို့ လျင်မြန်စွာ ပြေးဝင်ပြီး ပိုက်ဆံအိတ်ကိုဆွဲယူ၍ ခါးကြားထိုးကာ လှေကားကို တစ်ထစ်ကျော် နှစ်ထစ်ကျော် ခုန်ပေါက်ပြီး တစ်ဟုန်ထိုးဆင်းသွားလေသည်။

●

www.burmeseclassic.com


ဝရန်တာမှ ကြည့်နေသော ဒီဝိုင်းက တက္ကစီတစ်စီးကို ကမန်းကတန်း ငှားကာ ပြေးတက်သွားသည့် ချမ်း၏ ကျောပြင်ကို ငေးစိုက်ရင်း ပြုံးလိုက်၏။

●

နောက်. . . နှစ်နာရီခန့်အကြာတွင် ချမ်း ပြန်ရောက်လာသည်။

သူ့မျက်နှာတစ်ခုလုံး နီရဲကာ ဒေါသဖြင့် ရှုံ့ရှုံ့ရှားရှား ဖြစ်နေ၏။ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ ဒီဝိုင်းကို မတွေ့ရ။

*

အရေးကြီးသော အချက်အလက်တစ်ခုကို သတိရလိုက်မိပြီး မျက်လုံးနှစ်လုံးကြားထဲတွင် လင်းခနဲ ပြိုးပြက်သွားသည်။ သူ့ အိပ်ခန်းထဲကို အလောတကြီး ပြေးဝင်သွားပြီး အိပ်ရာအောက်တွင် သူဝှက်ထားခဲ့သော ‘နွယ်ခွာညို့အတွက် လက်ဆောင်ပစ္စည်း’ ကို ရှာကြည့်လိုက်၏။

မရှိတော့။

❒

www.burmeseclassic.com

## အခန်း (၁၀)

www.burmeseclassic.com

❒

ဘုရားရင်ပြင်တော်ပေါ်တွင် ငြိမ်းချမ်းအေးမြသော အလင်းစာတ်တစ်မျိုးဖြင့် နူးညံ့နုသက်စွာ ဝင်းပနေ၏။ လေပြည်အတိုက်အခတ်တွင် တိုးတိုးသဲ့သဲ့ ဆည်းလည်းလှုပ်ခတ်သံကို ကြားရသည်။ ရင်ထဲတွင် ချမ်းမြေ့လာလေ သည်။

ဒီဝိုင်းက ခေါင်းလောင်းကြီးရှိရာ တန်ဆောင်းမှနေ၍ ငေးကြည့်နေ၏။ ရင်ပြင်တော်ပေါ်တွင် ဘုရားဝတ်ပြုနေသော နွယ်ခွာညိုကို မြင်နေရသည်။ ခဏကြာသောအခါ. . . သူမက ရေသပ္ပာယ်၊ အလင်းဆီမီး ထွန်းညှိပြီးစီး၍ ဒီဝိုင်းရှိရာဆီ ပြန်လျှောက်လာသည်။

ဒီဝိုင်းက ဆီးကြိုပြုံးပြရင်း. . .

“ဘုရားမှာ ဘာဆုတွေ တောင်းခဲ့လဲ”

သူမက ခေါင်းခါသည်။ ထို့နောက်. . .

“ကျွန်မက ဘုရားရှိခိုးရင် ဆုမတောင်းဘူး”

“ဘာဖြစ်လို့လဲ. . . ခွာညိုရဲ့”

www.burmeseclassic.com


"ဆုတောင်းဖို့ တစ်ခုခုလိုချင်လို့ ဘုရားရှိခိုးတာမှ မဟုတ်ဘဲ"

သူမ၏ စကားကြောင့် ဒီဝိုင်းအတွေးတွေ ဗလာဟင်းလင်းကောင်းကင်ထဲ လွှင့်ပစ်ခံလိုက်ရသလို မျောလွင့်သွား၏။

အဖြူထည်သက်သက်. . .။

သူည. . .။

*

ထိုသုညသည် အရာရာပြီးပြည့်စုံသော သုညဖြစ်၏။

*

"ဘာဆုမှ မတောင်းချင်ဘူးလား. . . ဘာမှ မလိုချင်ဘူးပေါ့"

ဒီဝိုင်းက မေးလိုက်သည်။ သူမက အဖြူရောင်အပြုံး ပြုံးလိုက်ရင်း. . .

"လိုချင်တာတွေတော့ ရှိတာပေါ့၊ ဒါပေမယ့်. . . ရမှာမှ မဟုတ်တာ"

"ဘာတွေ လိုချင်တာလဲ"

"အနည်းဆုံးတော့ ဖေဖေ့ရဲ့ နားလည်မှုပေါ့၊ နောက်ပြီး ဖြစ်နိုင်မယ်ဆိုရင်. . . အိမ်ကလေးတစ်လုံးထဲမှာ ဖေဖေရယ်၊ မေမေရယ်၊ ကျွန်မရယ်. . . အတူတူ. . . ပျော်ပျော်ပါးပါးနေချင်တာ၊ ဒါပေမယ့်. . . ဖြစ်မှမဖြစ်နိုင်တာ ဘာလို့ဆုတောင်းနေမှာလဲ"

သူမ၏ လေသံက သစ်တော်သီးတစ်လုံး၏ အရသာမျိုးဖြစ်နေ၏။

ဒီဝိုင်းက တစ်စုံတစ်ရာမေးဖို့ ဟန်ပြင်လိုက်သည်။

www.burmeseclassic.com


သို့သော်. . . မမေးတော့ပါဘူးလေဟု တွေးနေခိုက်မှာ. . .

ရုတ်တရက်ပင် ခွာညိုက သူ့ဘက်လှည့်ပြီး. . .

“ဟင်. . . ဘာမေးလိုက်တာလဲ”

“ဗျာ. . . ကျွန်တော် ဘာမှမမေးမိပါဘူး”

ဒီဝိုင်းက တုန်လှုပ်စွာ ပြန်ပြောလိုက်ရင်း ‘ငါ့ရင်ထဲက မေးခွန်းကို သူ ကြားသွားသလား’ ဟု တွေးမိ၏။

ခွာညိုက ခေါင်းလောင်းလက်ခတ်ကို ကောက်ကိုင်ကာ ခေါင်းလောင်းကို ထိုးလိုက်သည်။ ရင်ကွဲသောငှက်တစ်ကောင် မြည်တွန်သလို အသံချိုချိုမြမြ လွင့်လာ၏။

သူမ၏ အကြည့်က ခေါင်းလောင်းသံလွင့်သလို လေပြည်ထဲမှာ လွင့်သွားသည်။

“ရှင်. . . မေးချင်နေတာကို ကျွန်မ သိပါတယ်၊ ကျွန်မကလည်း ရှင့်ကို အတိုင်းအတာ တစ်စုံတစ်ခုထိတော့ ပြောပြချင်ပါတယ်၊ နားထောင်မှာလား”

ဒီဝိုင်း ခေါင်းညိတ်ပြလိုက်မိ၏။

❐

www.burmeseclassic.com

❐

အဖြူနှင့် အစိမ်းဝတ်စုံ ဝတ်ထားသော ငါးနှစ်အရွယ်ကလေးများက ကိုယ်စီလက်ပိုက်လျက် ကျောက်သင်ပုန်းပေါ်တွင် ဆရာမ ရေးထားသည့်. . .

'ပတ်ဝန်းကျင် သင်ခန်းစာ'

ဟူသော စာတမ်းကို ငေးစိုက်ကြည့်နေကြသည်။

ပြတင်းပေါက် မြင့်မြင့်ကျယ်ကျယ်ကြီးများရှိသောကြောင့် ကျောင်းစာသင်ခန်းအတွင်း အလင်းရောင်ကောင်းစွာရနေ၏။ မျက်နှာကျက်ကို ဆေးအဖြူသုတ်ထားခြင်းဖြင့် ပိုပြီးမြင့်မားကျယ်ဝန်းသလို အောက်မေ့ရသည်။

အုတ်ညှပ်စီထားသော တိုင်များသည် ရေနံချေးရောင်ဝလျက် ညိုမှိုင်းနေကြ၏။ ကျောင်းသင်ပုန်းကို အနက်ရောင်မသုတ်ဘဲ အစိမ်းရောင် သုတ်ထားသောကြောင့် စိတ်လက်ရွှင်လန်းချမ်းမြေ့ဖွယ် ကောင်းသည်။

ဆရာမက ကျောင်းသင်ပုန်းဖက် လှည့်ထားရာမှ ကလေးငယ်များဆီသို့ မျက်နှာပြန်မူလိုက်ပြီး မိခင်တစ်ယောက်၏ အပြုံးဖြင့်. . .

www.burmeseclassic.com


"ကဲ. . . သားတို့ သမီးတို့ရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့လူတွေအကြောင်း သူတို့လုပ်တဲ့ အလုပ်အကိုင်တွေအကြောင်း မှတ်လာခဲ့ဖို့ ဆရာမ မနေ့က မှာလိုက်တယ်နော်"

"မှာလိုက်ပါတယ် ဆရာမ"

ကလေးများက အသံကို ရှည်ရှည်လေးလေးတွဲ့တွဲ့ဆွဲပြီး တစ်ညီတစ်ညာတည်း ပြန်ဖြေကြသည်မှာ ချစ်စရာကောင်းလွန်းနေသည်။ သို့သော်. . . အတန်းထောင့်ဆုံးခုံတွင် ထိုင်နေသည့် 'နွယ်ခွာညို' အမည်ရှိ ကျောင်းသူကလေး တစ်ဦးကမူ မဖြေဘဲ ခေါင်းငုံ့နေသည်ကို သတိထား လိုက်မိသောကြောင့် ဆရာမ ရင်ထဲတွင် ထင့်ခနဲ ဖြစ်သွား၏။

ဆရာမက. . .

"ကဲ. . . ကဲ၊ ဒါဆို ဖိုးသားကစပြီး မေးကြည့်ရအောင်. . . ဖိုးသားရဲ့ မေမေက ဘာလုပ်သလဲကွယ်"

"သားမေမေက ဆရာဝန်မကြီးပါ ဆရာမ"

ကလေးငယ်ကလေးက လက်ပိုက်ပြီး မတ်တပ်ထရပ်လိုက်ရင်း သွက်လက်စွာ ပြန်ဖြေ၏။ ဆရာမက အသာခေါင်းဆတ်ကာ ထိုင်ရန် အချက်ပြလိုက်ပြီး နောက်တစ်ယောက်ကို ဆက်မေးသည်။

"ဟောဒီ. . . သားလေးရဲ့ မေမေကကောကွယ်"

"သား မေမေက. . . အိမ်မှာ ထမင်းတွေဟင်းတွေချက်ပါတယ် ဆရာမ၊ သားတို့ရဲ့ အင်္ကျီဘောင်းဘီတွေကိုလဲ လျှော်ပါတယ်"

"ဟောဒီက. . . သမီးလေး အလှည့်၊ ကဲ. . . ပြောပါဦး"

"သမီး မေမေက အဆိုတော်ပါ ဆရာမ"

"အေး. . . ဟုတ်တယ်၊ ကဲ. . . ယုယု ပြောပါဦး"

www.burmeseclassic.com


"သမီး မေမေက ကုမ္ပဏီပိုင်ရှင်ပါ"

အတန်းထဲရှိ ကလေးငယ်အားလုံးတို့၏ တောက်တောက်ပပ မျက်ဝန်းအစုံက မိမိအလှည့် ဘယ်တော့ရောက်လေမလဲဟု မျှော်လင့်စောင့်စားသောအကြည့်ဖြင့် ဆရာမ လက်ညှိုးညွှန်ရာကို ဝိုင်းကြည့်နေကြ၏။

သို့သော်. . . နွယ်ခွာညိုက ဆရာမကိုလည်းမကြည့်၊ အတန်းထဲမှအခြားကလေးများကိုလည်း မကြည့်ဘဲ မျက်လွှာချပြီး ကိုယ်ကို ကျုံ့ကျုံ့ကလေးလုပ်ကာ ထိုင်နေသည်။

ဆရာမ. . .

"ကဲ. . . ဟိုထောင့်က သမီးလေး နွယ်ခွာညို. . . ထပါဦးကွယ်၊ သမီးမေမေကကော ဘာလုပ်သလဲ"

နွယ်ခွာညိုက လက်ပိုက်ပြီး အေးအေးဆေးဆေး မတ်တပ်ထရပ် လိုက်သည်။ ထို့နောက်. . .

"သမီး မေမေက ရုပ်ရှင်မင်းသမီးပါ"

ဆရာမ အံ့သြသွားသည်။ အတန်းထဲတွင် ဟိုမှသည်မှ တီးတိုးကန့်ကွက်ပြောဆိုသံများ၊ လှောင်ပြောင် ရယ်မောသံများ ထွက်ပေါ်လာ၏။

"ဟင်. . . ဟုတ်လဲ မဟုတ်ဘဲနဲ့"

"မဟုတ်ဘူး ဆရာမ၊ သူ ညာပြောတာ"

ကလေးများက ဆူညံစွာဖြင့် တစ်ယောက်တစ်ပေါက် ပြောကြသည်။ ဆရာမက ကြောင်ငေးကြည့်နေ၏။

နွယ်ခွာညိုက ခပ်တည်တည်နှင့်ပင် လက်ပိုက်ထားလျက်က တစ်ချက်မှမျက်နှာမပျက်ဘဲ ထပ်ပြော၏။

"သမီး မေမေက ဆရာဝန်မကြီးပါ"

"ဟေး. . . မဟုတ်ဘဲနဲ့ ဆရာမ. . . သူ ညာပြောတာ"

နွယ်ခွာညိုက လုံးဝတုံ့ဆိုင်းတွန့်ဆုတ်ခြင်းမရှိ နောက်တစ်ခွန်း ထပ်ပြောပြန်၏။

"သမီး မေမေက ကုမ္ပဏီပိုင်ရှင်"

"ဟား. . . ဟား. . . အလကား၊ အလကား၊ ဟုတ်လဲမဟုတ်ဘူးဟေ့"

ဆရာမက ကလေးများကို ဝင်ဟန့်သည်။

"ဟေ့. . . သားတို့သမီးတို့ အဲသည်လို မနောက်ပြောင် ရဘူးလေ"

ဆရာမက မျက်စိပျက် မျက်နှာပျက်ဖြစ်နေသည့်တိုင် နွယ်ခွာညိုက တော့ ခပ်တည်တည်နှင့်ပင် ကျယ်လောင်စွာ အော်ဟစ်ပြီး တစ်ခွန်းပြီးတစ်ခွန်း ဆက် တိုက်ပြောချလိုက်သည်။

"သမီးမေမေက အဆိုတော်ပါ၊ သမီးမေမေက ကျောင်းဆရာမပါ၊ သမီး မေမေက ပန်းချီဆရာမပါ၊ သမီးမေမေက. . . "

တိတ်ဆိတ်လျက်ရှိသော စာသင်ခန်းမထဲတွင် အဖော်ကွဲသော တောရိုင်း တိရစ္ဆာန်တစ်ကောင် နာကျင်စွာ ညည်းညူနေသည့်အသံမျိုးဖြင့် တတွတ်တွတ် ရွတ်ဆိုနေသည့် ကလေးမလေးတစ်ယောက်၊ မျက်ဝန်းထဲတွင် မျက်ရည်တွေ ဝဲနေလေသည်။

❒

www.burmeseclassic.com

❐

နွယ်ခွာညို့ မျက်ဝန်းထဲတွင် မျက်ရည်တွေ ဝဲနေလေသလားဟု ဒီဝိုင်း ကြည့်မိသည်။

ဟင့်အင်း. . . မဟုတ်ပါဘူး။

သူမရဲ့ မျက်ဝန်းတွေကိုက အရောင်လက်နေတာပါ။

ဘာဖြစ်လို့ ဒီကောင်မလေးရဲ့ မျက်ဝန်းတွေက ဒီလောက် အလင်းရောင်တောက်ပ စူးရှနေရပါလိမ့်ဟု ဒီဝိုင်း တွေးနေမိ၏။ စေတီပေါ်မှ ဆည်းလည်းသံကို ကြားရလေသည်။

သစ်ရွက်တွေ အုံလိုက်ဖွဲ့လိုက် ကြွေကျသံလိုလို ထင်မိ၏။ ရင်ထဲမှာ တစ်စုံတစ်ရာ ကြွေကျသွားသည်ကတော့ အမှန်ပင် ဖြစ်လေသည်။

သူမက စတင်ပြီး မေးသည်။

“သစ်ရွက်မရှိတဲ့ သစ်ပင်ဟာ ဘာဖြစ်မလဲ”

“ဘာမှမဖြစ်ဘူး၊ သစ်ပင်ဟာ သစ်ပင်ပဲပေါ့”

www.burmeseclassic.com


"ဟုတ်တယ်၊ ဒါပေမယ့်. . . သစ်ပင်မရှိတဲ့ သစ်ရွက်ကျရင်တော့ သစ်ရွက် မဟုတ်တော့ဘူး၊ အမှိုက်ဖြစ်သွားပြီ"

သူမ ပြောသောစကား၏ အဓိပ္ပာယ်ကို ဒီဝိုင်း နားလည်သလိုလို မလည် သလိုလို ဖြစ်နေ၏။

"ခွာညို့ရဲ့ မေမေကြောင့် ဒီလိုခံစားနေတယ်လို့ အပြစ်တင်ချင်တာလား"

"ဟင့်အင်း. . . မေမေ့ကို အပြစ်မတင်ချင်ပါဘူး၊ သူဟာ ဘယ်ကိုရောက် နေနေ ဘာဖြစ်နေနေ. . . ကျွန်မရဲ့ အမေဟာ အမြဲတမ်း ကျွန်မ မေမေပဲလေ၊ ဒါပေမယ့်. . . ဖေဖေကျတော့ ဒီလိုမဟုတ်တော့ဘူး၊ မေမေနဲ့ သူ မပတ်သက် တော့တာနဲ့ ကျွန်မဟာလဲ သူ့သမီး မဟုတ်တော့သလိုပဲ၊ အဲဒါကြောင့်ပြောတာ ကျွန်မဟာ သစ်ပင်မရှိတော့တာနဲ့ သစ်ရွက် မဟုတ်တော့ဘူး၊ အမှိုက်ဖြစ်သွား ပြီ. . လို့"

ဒီဝိုင်းက ခေါင်းကို အလိုလို ခါယမ်းမိလေသည်။

"ဟုတ်ရဲ့လား. . . ခွာညိုရယ်၊ ခွာညို့ဖေဖေက အဲသည်လောက်တော့ သဘောထားသေးမယ် မထင်ပါဘူး"

"သဘောထားသေးတယ်လို့တော့ မဟုတ်ဘူးပေါ့လေ၊ ဒါပေမယ့် သူ့ ရင်ထဲ အကျိတ်အခဲတွေကို ကျွန်မအပေါ်မှာ လာပေါက်ကွဲတဲ့သဘောပေါ့၊ ဥပမာ . . . ဟို. . . ဘယ်လိုပြောရမလဲ၊ မေမေနဲ့ သူ့ချစ်သူ အပြန်အလှန် ရေးကြတဲ့ စာတွေကို ဖေဖေက အခုထိ သိမ်းထားတယ်၊ သူ စိတ်ဆိုး လာပြီဆိုရင် ကျွန်မကို အဲဒီစာတွေ ထုတ်ထုတ်ပြပြီး 'နင့်အမေက ဘယ်လို ဘယ်ပုံ' စသဖြင့် ပြောတော့ တာပဲ"

"ဪ. . . "

"ပိုပြီး ဆိုးတာက ကျွန်မကို သူစိတ်တိုင်းမကျတဲ့အခါတိုင်း 'နင်က

www.burmeseclassic.com


နင့်အမေလိုဖြစ်မယ့် သမီး’ တို့၊ ‘အမေ့စရိုက်ကို ပြနေတာလား’ တို့၊ ‘နင်က နင့်အမေ အကျင့်အတိုင်းပဲ၊ နင့်အမေမျိုးရိုးဘက်ကို လိုက်တာ’ တို့ဆိုတဲ့ အသုံးအနှုန်းတွေနဲ့ပြောတာ. . . ‘နင်ဟာ ငါ့သမီးအရင်းတောင် ဟုတ်ချင် မှ ဟုတ်မှာ’ဆိုတဲ့ သံသယစကားတွေပြောတာ၊ အဲဒါတွေက ကျွန်မ နှလုံးသားကို ဖြည်းဖြည်းချင်း လက်သည်းချွန်နဲ့ ကုတ်ဖဲ့ထုတ်နေသလိုပဲ“

ဒီဝိုင်း ဘာစကားမှ ပြန်ပြောစရာမရှိ။ ဘုရားအရှေ့ဖက်မုခ်စောင်းတန်းတစ်လျှောက် တိတ်ဆိတ်စွာ ဆင်းလာခဲ့သည်။

ကားလမ်းမပေါ် ခြေချမိသည်အထိ သူ့ကိုယ်သူ မည်သို့ရွေ့လျားနေမှန်း ပင်မသိ။ တစ်ကိုယ်လုံး အထိအတွေ့မှန်သမျှ ထုံကျင်နေသလို ခံစားရ၏။

ဘုရားစောင်းတန်းအလွန် စျေးဆိုင်များဆီမှ ကက်ဆက်ဖွင့်သံ၊ စျေးခေါ်သံတို့ကို ကြားရတစ်ချက် မကြားရတစ်ချက် အိပ်မက်မက်သလို ဖြစ်နေ၏။

နွယ်ခွာညိုက ဆက်ပြောသည်။

“တစ်ခါတစ်ခါ. . . ကျွန်မက မခံစားနိုင်လို့ ပြန်ပြောမိရင် အိမ်ပေါ်ကတောင် နှင်ချတာ”

“ဘာ. . . အိမ်ပေါ်က နှင်ချတယ်. . . ဟုတ်လား”

“ဟုတ်တယ်. . . မှတ်မှတ်ရရ ပြောရရင် ခြောက်ခါ၊ ခုနှစ်ခါထက် မနည်းရှိပြီ”

ဒီဝိုင်း စိတ်တွေလေးလံလာ၏။ မိန်းကလေးတစ်ယောက်တန်မယ့် အိမ်ပေါ်က ဆင်းရသည့်အခါ မည်မျှဒုက္ခရောက်မည်ကို တွက်ဆကြည့်မိသည်။ သူ အသက်ရှူ နှေးကွေးလာသည်။

“အဲဒီလို နှင်ချတော့. . . ဘယ်မှာသွားနေလဲ”

www.burmeseclassic.com


"ဖေဖေ့ အစ်မတစ်ယောက်ရှိတယ်လေ. . . တက္ကသိုလ်က ဆရာမပဲ၊ ဒေါ်ဖြူဖြူကျော်. . တဲ့၊ သူ့ဆီမှာ သွားသွားနေရတယ်"

ဒေါ်ဖြူဖြူကျော် ဟူသော အမည်ကို ကြားလိုက်ရသောကြောင့် ဒီဝိုင်းက သူဖုန်းဆက်ခဲ့သည့်အကြောင်း ပြန်ဆက်စပ်စဉ်းစားမိသွားပြီး ပြုံးလိုက်၏။

"ရှင်က ဘာပြုံးတာလဲ"

နွယ်ခွာညိုက ဖျတ်ခနဲ လှည့်မေးလိုက်သည်။ သူမ၏ စကားသံထဲမှာ ရယ်လိုသော အငွေ့အသက် အရိပ်အယောင်တို့ ဝိုးတဝါး ယှက်သန်းနေ၏။

ဒီဝိုင်း၏အပြုံးကို မြင်ရသောကြောင့် သူမ၏ လေးလံ မှုန်မှိုင်းရီဝေနေသောအတွေးများ မြူခိုးနှင်းငွေ့လို ပျယ်လွင့်ကာ ပေါ့ပါးရွှင်လန်းသကဲ့သို့ ဖြစ်လာပုံရသည်။

ဒီဝိုင်းက နွယ်ခွာညို စိတ်ဆင်းရဲစရာများအကြောင်းကို တွေးမနေစေချင်သောကြောင့် ရယ်စရာမောစရာဖြစ်အောင် စကားလွှဲပြောလိုက်၏။

"ဘာမှမဟုတ်ပါဘူး"

"အို. . . အကြောင်းတစ်ခုခုတော့ ရှိလို့ဖြစ်မှာပါ။ ကိုဒီဝိုင်း ပြုံးလိုက်တာ ကျွန်မ မြင်သားပဲဟာ. . . ပြောမှာလား၊ မပြောရင် စိတ်ဆိုးမှာနော်"

"မိန်းမတွေကို စိတ်ဆိုးအောင်လုပ်ရတာဟာ ခွေးပေါက်စလေးတွေကို စိတ်ဆိုးအောင် လုပ်ရတာလောက်တောင် မခက်ဘူးဆိုပဲ"

"ဘာ. . . ရှင် ဘာပြောလိုက်တယ်"

ဒီဝိုင်းက နွယ်ခွာညို၏ မျက်ဝန်းများကို တည့်တည့်စိုက်ကြည့်ကာ ပြုံးလိုက်၏။

"အလကားပါ. . . ခွာညို စိတ်ညစ်စရာတွေ စဉ်းစားနေမိမှာစိုးလို့ တမင် ရယ်စရာလုပ်နေတာ၊ တကယ်ပြောပြချင်တာက ပုံပြင်လေးတစ်ပုံ"

www.burmeseclassic.com


"ဟင်. . . ဟုတ်လား၊ ဘာပုံပြင်လဲ"

"ဟိုးရှေးရှေးတုန်းကပေါ့၊ လူတစ်ယောက်ဟာ နက္ခတ်ကြယ်တာရာတွေကို ကွယ်ဖျောက်ပစ်နိုင်တဲ့ တန်ခိုးစွမ်းအားရချင်လို့ ဆိုပြီးတော့ ဆုတောင်းသတဲ့"

ဒီဝိုင်းပြောသောပုံပြင်ကို ခွာညိုက စိတ်ပါဝင်စားစွာ နားထောင်နေ၏။ ဒီဝိုင်းက ဆက်ပြောသည်။

"အဲဒီလို နေ့တိုင်းဆုတောင်းဖန်များလာတော့ တစ်နေ့မှာ. . . "

"တစ်နေ့မှာ ဘာဖြစ်သလဲ. . . ဆက်ပြောလေ"

ခွာညိုက အားမလို အားမရဟန်ဖြင့် တိုက်တွန်း၏။ ဒီဝိုင်းက. . .

"ဟိုလေ. . . ပါးစပ်ဖျားလေးတင် မေ့နေလို့၊ ဘာတဲ့. . . သစ်ပင် ပေါ်မှာ နေတာလေ. . . ဘာလို့ခေါ်သလဲ"

"တောက်တဲ့လား"

"ဟာ. . . မဟုတ်ဘူး၊ ရုက္ခစိုး. . . ရုက္ခစိုးကို ပြောချင်တာ"

ခွာညိုက ခစ်ခနဲရယ်၏၊ ဒီဝိုင်းက ဆက်ပြောသည်။

"ဟုတ်တယ်. . . ရုက္ခစိုးကြီးက သူ ဆုတောင်းနေတာကြားတော့ သူဖြစ်စေချင်တဲ့ တန်ခိုးရစေလို့ ဆုပေးလိုက်တယ်၊ ဒါနဲ့ပဲ အဲဒီလူဟာ 'နက္ခတ်တွေ ကြယ်တာရာတွေကို ကွယ်ဖျောက်နိုင်စွမ်းရှိတဲ့လူ' ရယ်လို့ တစ်စထက်တစ်စ နာမည်ကြီးလာတယ်၊

သူ့သတင်းကိုကြားတော့ မြို့စားကြီးက သူ့ကို ခေါ်ပြီး၊ ဓူဝံကြယ်ကြီးကို လက်ညှိုးထိုးပြပြီးတော့ 'မင်းမှာ တကယ်အစွမ်းရှိတယ်ဆိုရင် အဲဒီကြယ်ကြီးကို ဖျောက်ပြစမ်းကွာ' လို့ ခိုင်းတယ်။

ဟိုလူကလဲ အစကတော့ မလုပ်ပါရစေနဲ့လို့ တောင်းပန်သေးတယ်၊

နောက်တော့. . . မြို့စားကြီးက အတင်းခိုင်းတာနဲ့ ဟိုလူက မန်းမှုတ်ပြီး ဓူဝံကြယ်ကြီးကို 'ကွယ်ပျောက်စေ' လို့ အမိန့်ပေးလိုက်တယ်၊

ဒါပေမယ့် ဓူဝံကြယ်ကြီးကို မြင်နေရတုန်းပဲ. . . တဲ့၊ နောက်နေ့. . . နောက်နေ့တွေမှာလည်း ဓူဝံကြယ်ကို မြင်နေရသေးတာပဲ. . တဲ့"

"ဒါနဲ့. . . မြို့စားကြီးက ဟိုလူကို 'ဒီကောင် လူလိမ်ပဲ' လို့ စွပ်စွဲပြီး 'သတ်စေ'လို့ အမိန့်ချလိုက်တယ်၊ ဒီလိုနဲ့ နေလာလိုက်တာ နှစ်ပေါင်းများစွာ ကြာသွားရော . . . တဲ့။

နောက်. . . နှစ်ပေါင်းသုံးထောင်ပြည့်ဖို့ လအနည်းငယ်သာလိုတော့တဲ့ ရက်တစ်ရက်မှာ ဓူဝံကြယ်ကြီးဟာ ဖြုန်းကနဲ ကွယ်ပျောက်သွားပါလေရော တဲ့"

"ဟင်. . . ဘယ်လိုဖြစ်တာလဲ"

"ဓူဝံကြယ်ကြီးရဲ့ နောက်ဆုံးအလင်းရောင်တန်းဟာ ကမ္ဘာမြေပေါ် ရောက်ဖို့ နှစ်ပေါင်းသုံးထောင်လောက် ကြာတာကိုး"

ပုံပြင်အဆုံးတွင် ခွာညိုက ငေးငေးငိုင်ငိုင် ဖြစ်သွား၏။ သစ်ရွက်တွေ တဖွဲဖွဲကြွေနေသော သစ်စိမ့်ပင်ကြီးကို လှမ်းကြည့်ငေးမောနေလေသည်။

အတန်ကြာမှ. . .

"သိပ်လေးနက်တဲ့ပုံပြင်ပါပဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ကျွန်မကို ဒီပုံပြင် ပြောပြတာလဲ"

"ဩော်. . . စောစောက ခွာညိုပြောခဲ့တယ်မဟုတ်လား၊ 'လိုချင်တာတွေတော့ရှိတယ်၊ ဒါပေမယ့်. . . ရမှာမဟုတ်တော့ ဆုမတောင်းချင်ဘူး' ဆိုတာလေ"

"အင်း"

www.burmeseclassic.com



ဒီဝိုင်းက ကောင်းကင်ကို မော့ကြည့်ရင်း စကားတစ်ခွန်း ခပ်တိုးတိုး ပြောသည်။

"ဖြစ်သင့်ဖြစ်ထိုက်တာတွေဟာ အချိန်တန်ရင်တော့ ဖြစ်လာတာချည်းပါပဲ. . . ခွာညိုရယ်၊ ဒါပေမယ့်. . . အဲဒီ 'အချိန်' ဆိုတာကိုတော့ စောင့်ဆိုင်းတတ်ရလိမ့်မယ်"

❐

www.burmeseclassic.com

# အခန်း (၁၁)

www.burmeseclassic.com

www.burmeseclassic.com

# ၈

❐

နွယ်ခွာညို အိမ်ထဲသို့ ဝင်လိုက်လျှင် ဝင်လိုက်ချင်း ဧည့်ခန်းပြတင်းပေါက်နံဘေးတွင် ခါးထောက်၍ ရပ်ကြည့်နေသော ဖခင်ဖြစ်သူ ဦးဝင်းကျော်ကို တွေ့လိုက်ရသည့်အတွက် ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားမိသေး၏။

နောက်မှ. . . အို. . . ငါ ဘာဖြစ်လို့လန့်နေမှာလဲ၊ ငါ့မှာ ဘာအပြစ်မှ မရှိတာဟု ပြန်တွေးမိပြီး စိတ်ကိုဖြေလိုက်ရ၏။

ဖခင်ဖြစ်သူက စိတ်အလိုမကျသည့်အခါတိုင်း ထိုသို့ ခါးထောက်ပြီး ကြည့်လေ့ရှိသောကြောင့် သူမ အမြဲခံစားနေကျအတိုင်း အကျင့်ပါပြီး ကြောက်လန့်နေမိခြင်းဖြစ်သည်။

ဦးဝင်းကျော်က ဧည့်ခန်းပြတင်းပေါက်ခန်းဆီးကို ကွယ်ရင်း လမ်းမဆီ တစ်ချက်လှမ်းကြည့်လိုက်ပြန်၏။ သူ့မျက်ဝန်းထဲတွင် ‘ငါ့သမီး အိမ်အပြန်မှာ

www.burmeseclassic.com


နောက်က ဘယ်သူများကပ်ပါလာသေးသလဲ? ဟူသည့် သံသယတွေက ပူပြင်းတောက်လောင် စူးရှနေသည်။

လမ်းမပေါ်တွင် မည်သူ့ကိုမှ မတွေ့ရတော့မှ အိမ်အတွင်းခန်းထဲ ဝင်သွားသည်။ နွယ်ခွာညိုကို လှမ်းခေါ်လိုက်သည်။

"သမီး. . . ခွာညို၊ ဒီကိုလာဦး"

"ရှင်. . . ဘာဖြစ်လို့လဲ ဖေဖေ"

ဦးဝင်းကျော်က သမီးဖြစ်သူကို မယုံသင်္ကာစိတ်ဖြင့် သေသေချာချာ အကဲခတ်ကြည့်ရှုသည်။ နွယ်ခွာညို၏ နှလုံးသည်းပွတ်ထဲတွင် ဖိကြိတ် နင်းချေခံရသလို နာကျင်လာစေသော မသင်္ကာအကြည့်မျိုးဖြစ်သည်။

"သမီး မရှိတုန်း. . . အိမ်ကိုဖုန်းလာတယ်"

"ဟုတ်လား ဖေဖေ. . . ဘယ်သူတဲ့လဲ"

"ဖေဖေက နာမည်မေးလိုက်တော့ နောက်တီးနောက်ရွှတ်ပြောသွား တယ်၊ ဒါပေမယ့်. . . ဖေဖေ့စိတ်ထင် ပြောရရင် ဟိုဘက်အိမ်က နှစ်ယောက်ထဲက တစ်ယောက်ယောက်ပဲ ဖြစ်ရမယ်. . . သေချာတယ်၊ သေချာတယ်. . . ဒင်းတို့ပဲ"

"ဘယ်သူတွေကို ဒေါသဖြစ်နေတာလဲ ဖေဖေရဲ့၊ သမီးကိုလဲ ပြောပြပါဦး"

"ဟိုဘက်အိမ်က အကုသိုလ်နှစ်ယောက်ပေ့ါ၊ တစ်ယောက်ဆို အမည်က ခပ်ဆန်းဆန်းပဲ၊ ဘာတဲ့. . . သူ့နာမည် ငါမှတ်မိပါတယ်၊ သူ့ အမည်မှာ ကကြီးနဲ့ ဇကွဲပါတယ်လေ. . . အဲ. . . အဲ. . . ဒိုးဝိုင်းဆိုလား ဘာဆိုလား"

နွယ်ခွာညိုက ခစ်ခနဲ အသံထွက်အောင် ရယ်မိ၏။ ဦးဝင်းကျော်က မျက်ထောင့်နီကြီးဖြင့် ချာခနဲ လှည့်ကြည့်ပြီး

"အောင်မာ. . ဘာရယ်တာလဲ"

www.burmeseclassic.com


ဟု ခပ်ဆတ်ဆတ်မေးသည်။ နွယ်ခွာညိုက. . .

"ဖေဖေ မှတ်မိပုံကလဲ အဆန်းပဲ၊ နာမည်က ကကြီးနဲ့ ဇကွဲပါတယ် ဆိုပြီး. . . ဖေဖေ ပြောလိုက်တဲ့နာမည်ထဲမှာလဲ ဆင်ဆင်တူတဲ့အက္ခရာ တစ်လုံးမှ မပါဘူး၊ အဲဒီတော့ သမီး ရယ်မိတာပေါ့ ဖေဖေရဲ့"

"တော်စမ်း. . . တော်စမ်း၊ အူမြူးမနေနဲ့၊ ဒီလောက်ပြောနေဆိုနေ ဆုံးမ နေတဲ့ ကြားထဲက အပိုးကို မကျိုးဘူး၊ နင်ဟာလေ. . . ငါနဲ့ တစ်စက်မှကို မတူ ဘူးသိလား၊ တစ်ခါတလေဆို. . . နင်ဟာ ငါ့သမီးအရင်း ဟုတ်မှ ဟုတ်ပါ လေစလို့တောင် တွေးမိတယ်"

"အို. . . ဖေဖေကလဲ မဆီမဆိုင် သမီးကို၊ ကဲပါ. . . ဖေဖေရယ်. . . ဒီလိုနေ့မျိုးမှာ ဖေဖေနဲ့ သမီး ပျော်ပျော်ရွှင်ရွှင် နေကြရအောင် ဖေဖေရယ်နော် . . .၊ ဒီနေ့ သမီးမွေးနေ့လေ"

နွယ်ခွာညိုက သူမ ရင်ထဲမှ ဝမ်းနည်းမှုကို ဖုံးဖိကွယ်ဝှက်ရင်း စကား လမ်းကြောင်းပြောင်းဖို့ ကြိုးစားကြည့်သော်လည်း ဦးဝင်းကျော်က. .

"အေး. . . ငါသိတယ်၊ ပိုဆိုးတာက ဟိုအကုသိုလ်နှစ်ယောက်ကပါ နင့် မွေးနေ့မှန်း သိနေပုံရတယ်၊ ဒါကြောင့် အကြောင်းမရှိ အကြောင်းရှာပြီး ဖုန်းဆက် တာပေါ့၊ ငါ့ကို မှန်မှန်ပြောစမ်း ခွာညို. . . နင့်မွေးနေ့ကို ဟိုကောင်တွေကို ပြောပြ ထားသလား"

"အို. . . ဖေဖေကလဲ၊ သမီး မပြောထားပါဘူး"

"အေး. . . ဒီတစ်ခါတော့ ငါယုံလိုက်မယ်၊ ဒါပဲနော်. . . ကြပ်ကြပ် သတိထား ခွာညို၊ ဘယ်ယောက်ျားလေးနဲ့မှ အရောမဝင်နဲ့. . . အထူးသဖြင့် ဟိုဖက်အိမ်က အကုသိုလ် နှစ်ယောက်ပဲ၊ ဒီကောင်တွေမျက်နှာကို ငါကြည့်လို့ကို မရဘူး၊ သူတို့ မျက်နှာတွေက ဆင်ခရမ်းသီးကို မီးဖုတ်ထားတဲ့ မျက်နှာမျိုးတွေ"

www.burmeseclassic.com


"ဟင်. . . မျက်နှာပုံသဏ္ဌာန်က အဆန်းသားပဲနော် ဖေဖေ၊ ဘယ်လိုလဲဆိုတာ သေသေချာချာ သိရအောင် ဆင်ခရမ်းသီးကို ဈေးက ရှာဝယ်လာပြီး မီးဖုတ်ကြည့်ဦးမယ်"

ဦးဝင်းကျော် မျက်လုံးဝိုင်းသွား၏။

"တယ်. . . ဒီကောင်မလေး"

ဦးဝင်းကျော်၏ ကြိမ်းမောင်းသံ မဆုံးမီမှာပင် နွယ်ခွာညိုက မြူးတူးစွာရယ်မောပြီး အိပ်ခန်းထဲ ပြေးဝင်သွားခဲ့သည်။

*

အိပ်ခန်းတံခါးကို ပိတ်လိုက်ပြီးမှ သူမ၏ ညာဘက်မျက်ဝန်းမှ မျက်ရည်စက တလိမ့်လိမ့် စီးကျလာ၏။

ဖခင်ဖြစ်သူကို စိတ်ညစ်စရာများ တွေးမိနေမည်စိုးသောကြောင့် သူမက တမင် ရွှင်ရွှင်ပျပျ နောက်ပြောင်ကျီစယ်ပြနေရသည့်တိုင် သူမ၏ နှလုံးသား တစ်ခုလုံးကတော့ အာကာသတွင်းနက် (Black Hole) ထဲ ပစ်ချခံရသော ငိုကြွေးသံဖြင့် ပြည့်နှက်နေလေသည်။

သြော်. . . ဟန်ဆောင်တာမဟုတ်ဘဲ တကယ်ပဲ ဖေဖေနဲ့ အခုလို ရယ်မော ကျီစယ်နေခွင့်ရမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲဟု သူမ တွေးမိ၏။

□■

www.burmeseclassic.com

# ၁

❐

နောက်ထပ် တစ်နာရီခန့်ကြာမှ ဒီဝိုင်း ပြန်ရောက်လာသည်။ နွယ်ခွာညိုနှင့် အတူတူပြန်လျှင် သူမ၏ ဖခင်က ရိပ်မိသွားမည်စိုးသောကြောင့် တမင် ကားချင်း ခွဲပြီး စီးလာခဲ့ကြခြင်းဖြစ်၏။

သည်ကြားထဲ ဒီဝိုင်းစီးလာသောကားက လမ်းတွင်ပျက်နေသဖြင့် ပိုပြီး အချိန်ကြန့်ကြာသွားရသေး၏။ ဒီဝိုင်းက စိတ်ထဲတွင် နွယ်ခွာညို အိမ်ပြန်ရောက် ချိန်နှင့် ကွာခြားလေ ပိုကောင်းလေဟုတွေးမိပြီး ကားပြောင်းမစီးဘဲ ဒရိုင်ဘာကို ကူညီ၍ စက်ဖုံးထဲ ဟိုနှိုက်သည်နှိုက်၊ ဟိုကလိ သည်ကလိဖြင့် တတ်သလောက် မှတ်သလောက် ဝိုင်းပြင်ပေးနေလိုက်သေးသည်။

www.burmeseclassic.com


ဒီဝိုင်း အိမ်ပြန်ရောက်သောအခါ အတော်ပင် နေရောင်ညို့ဆိုင်း မှုန်ပျ နေပြီဖြစ်၏။

*

အိမ်တံခါးဝတွင် မျက်နှာစူပုပ်ပုပ်ဖြင့် ခါးထောက်ပြီး ရပ်နေသော 'ချမ်း'ကို မြင်ရသည်။

ချမ်းက ဒေါသဖြစ်နေသည့်လေသံဖြင့် မာကျောကျော ခက်ထန်ထန် ဆီး၍ မေး၏။

"ဟေ့ကောင်. . . ဒီဝိုင်း၊ ဘယ်လိုလဲ အဆင်ပြေခဲ့တယ်ပေ့ါလေ"

"ဟာ. . . သိပ် အဆင်ပြေတာပေါ့"

ဒီဝိုင်း၏ ရွှင်မြူးလန်းဆန်းစွာ ဖြေလိုက်သော လေသံကြောင့် ချမ်း၏ မျက်ဝန်းထဲတွင် နွယ်ခွာညို၏ ပုံရိပ်ကို ဖျတ်ခနဲ မြင်ယောင်မိပြီး နှမြောကြေကွဲ သလိုလို ခံစားလိုက်ရသည်။ နောက်မှ. . . 'အို. . . ဘာဖြစ်လဲ၊ ငါနဲ့ အဆင်မပြေ ပေမယ့် ငါ့သူငယ်ချင်းနဲ့ အဆင်ပြေသွားတယ်ဆိုရင် ဝမ်းသာပေးနိုင်ရမှာပေါ့' ဟု ဖြေတွေး တွေးလိုက်ရင်းက. . .

"အင်း. . . ဆိုစမ်းပါဦး၊ ဘယ်လိုလုပ်ပြီး အဆင်ပြေသွားရတာလဲ ဒီဝိုင်း"

"ထွေထွေထူးထူး မဟုတ်ပါဘူးကွာ၊ အဖုံးလှန်ပြီး ဟိုနှိုက်သည်နှိုက် လုပ်လိုက်တာပါပဲ"

"ဟာ. . . ဘာလဲကွ၊ မင်းစကားက. . . မထိတ်သာ မလန့်သာနဲ့"

"ကားပြင်တာလေ. . . ဆီပိုက်ထဲမှာ ချေးဆို့နေလို့ ဆိုလားပဲ"

ချမ်းက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုကုတ်လိုက်ရင်း. . .

"ငါ. . . မင်းကို မေးနေတာ ကားပြင်တဲ့အကြောင်းမဟုတ်ဘူးကွ၊ နွယ်ခွာညို့အကြောင်း၊ မင်း ငါ့ကို တစ်ပတ်ရိုက်ပြီး ခွာညို့ကို သွားတွေ့တယ် မဟုတ်လား. . . ဒီဝိုင်း"

ဒီဝိုင်းက ရှက်ရယ်ရယ်လိုက်ရင်း "အေးကွ" ဟု ဖြေ၏။ ချမ်းက ပိုစိတ်တိုလာဟန်ဖြင့်. . .

"ငါ. . . ခွာညို့ကို ပေးဖို့ သိမ်းထားတဲ့ လက်ဆောင်ကိုလဲ မင်း ပစ္စည်းလိုလို ဘာလိုလိုနဲ့ ပေးပစ်လိုက်ပြီ မဟုတ်လား"

"ဒါလဲ. . . ဟုတ်တာပဲကွ၊ ဒါပေမယ့်ကွာ. . . ငါလုပ်တာက မင်း ငါ့ကို ဒန့်ကျွဲရွက်တွေ သွားရှာခိုင်းတာလောက်တော့ မဆိုးသေးပါဘူးကွာ"

"ဩော်. . . မင်းက ငါ့ကို ကလဲ့စား ပြန်ချေတာပေါ့လေ"

ဒီဝိုင်းက မျက်လုံးများ မှေးစင်းကာ မေးစေ့ကို လက်ဖြင့်သပ်၍ မပွင့်တပွင့် ပြုံးလိုက်ရင်း. . .

"အေးကွ၊ အဲဒါ. . . ငါ ဘယ်လောက်ဉာဏ်ကောင်းသလဲဆိုတာကို ပြလိုက်တာလို့ပဲ မင်းမှတ်လိုက်ပေတော့. . . တောက်! ငါ့အမေ့နှယ်ကွာ၊ ငါ့ကို မွေးတာ နောက်ကျသွားလို့. . . စောစောစီးစီးသာမွေးခဲ့ရင် ငါ့လို ဉာဏ်ကောင်းပုံမျိုးနဲ့ဆို ပိုက်သာဂိုရပ်(စ်) ထက်တောင် သာဦးမှာ"

"ဟုတ်ပါရဲ့၊ တခြားနေရာမှာတော့ မသိဘူး၊ မင်းနဲ့ ပိုက်သာဂိုရပ်(စ်) ဖဲပြိုင်ရိုက်ရင်တော့ မင်းနိုင်မှာ သေချာတယ်ကွ၊ မင်းက အင်မတန် ကလိမ်ကကျစ် ဉာဏ်များတဲ့ အကောင်"

ချမ်း၏ စကားကြောင့် ဒီဝိုင်းက မျက်နှာရှုံ့မဲ့သွားရာမှ. . .

www.burmeseclassic.com


"ဒါ. . . ကလိမ်ကကျစ်ဉာဏ်မဟုတ်ဘူးကွ၊ တီထွင်ဖန်တီးနိုင်တဲ့ ဉာဏ်၊ အင်္ဂလိပ်လို Creative Mind လို့ ခေါ်တယ်၊ ဒါမျိုးက ပါရမီရှင် တွေမှသာ ရှိတာမျိုး . . . ငါဆို ငယ်ငယ်လေးကတည်းက တီထွင်ဖန်တီးတဲ့ အတွေးမျိုး တွေးတတ်တာ. . ."

ချမ်းက လှောင်ရယ်ရယ်လိုက်ပြီး. . .

"ဘာ တီထွင်ဖန်တီးတဲ့အတွေးလဲ၊ ပေါက်ကရတွေ. . . မင်း ငယ်ငယ်တုန်းက တွေးတဲ့ အကြံအစည်တွေ ငါသိပါတယ်ကွာ. . . လကမ္ဘာပေါ် ပူဖောင်းတွေ သယ်သွားပြီး အောက်စီဂျင်ဆိုပြီး ညာရောင်းဖို့ ကြံစည်တာ မဟုတ်လား"

"ဒါတွေက အသေးအမွှားပါကွာ၊ သုံးတန်းရောက်တဲ့နှစ်မှာ 'ဝေလငါးဟာ အကြီးဆုံးနို့တိုက်သတ္တဝါဖြစ်တယ်'ဆိုတာ သင်ရတော့ ငါ အသက်ကြီးလာရင် ဝေလငါးတွေမွေးပြီး နို့ညှစ်ရောင်းဖို့တောင် စိတ်ကူးမိသေးတယ်၊ တကယ် စီးပွားဖြစ်မှာကွ. . 'ဝေလငါးနို့' ဆိုရင် 'နွားနို့' ထက်တော့ ရောင်းကောင်းမှာ သေချာတယ်"

ချမ်းက အော်ရယ်လိုက်ရင်းက. . .

"အလကား ငကြောင်. . . ဘူးသီးပုပ်ကောင်၊ ဘာတွေ ပေါက်ကရ လျှောက်ပြောနေတာလဲ"

ပြောပြောဆိုဆို ခြေထောက်ဖြင့် ကန်မည့်ဟန် ရွယ်လိုက်သောအခါ ဒီဝိုင်းက ကမန်းကတန်း တိမ်းရှောင်လိုက်ပြီး. . .

"ငါက အစတုန်းကတည်းက အကောင်းပြောမလို့ပါကွ၊ မင်းက ဘာတွေ လျှောက်မေးနေမှန်းမှ မသိတာ"

"ကဲ. . . အဲဒါဆို ပြောပြကွာ၊ အတည်ပြောနော်. . . မင်းနဲ့ ခွာညိုတို့ ဘာတွေ ပြောဖြစ်ကြသလဲ"

ဒီဝိုင်းက မျက်နှာတည်သွားပြီး သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

အိမ်ရှေ့က ရိုးတံနီနီ ပိန်းပန်းပင်တွေပေါ် အမှောင်ရိပ်ကျနေပုံကို ငေးကြည့်နေမိ၏။ ငှက်တွေ အိပ်တန်းဝင်ရန် အိမ်ပြန်ကြပြီ။

ဒီဝိုင်းက သူ့ကို နွယ်ခွာညို ပြောပြခဲ့သော အကြောင်းအရာများကို ချမ်းအား ပြန်ပြောပြနေဖြစ်၏။

ချမ်းက တိတ်ဆိတ်စွာ နားထောင်ရင်း အမှောင်ရိပ်ထဲတွင် အဝါရောင် လင်းလက်နေသည့် နွယ်ခွာညို၏ အိမ်မှန်ပြတင်းပေါက်ဆီ လှမ်းမျှော် ကြည့်နေသည်။

အေးစက်သောလေထုထဲတွင် ကြေကွဲသောဂီတသံတစ်ခု လွင့်ပါးလာ၏။

ဒီဝိုင်း ပြောပြသမျှကို နားထောင်ပြီး ဆုံးသောအခါတွင်မှ ချမ်းက. . .

"အေးကွာ. . . သူတို့သားအဖအဖြစ်ကလဲ ကြားရတာ စိတ်မကောင်း စရာပဲ၊ ဟေ့ကောင်. . . ဒီဝိုင်း"

"ဟင်. . . ဘာလဲ"

"ခွာညိုနဲ့ သူ့အဖေ အဆင်ပြေသွားအောင် ငါတို့ တစ်ခုခုလုပ်ပေးကြရင် မကောင်းဘူးလား"

ချမ်း၏စကားကြောင့် ဒီဝိုင်း တွေဝေသွား၏။ အတန်ကြာ စဉ်းစား နေပြီးမှ. . .

"အေး. . . ငါလဲ တစ်ခုခုတော့ လုပ်ပေးချင်တယ်၊ ဒါပေမယ့် ငါတို့ကလဲ အရာရာနဲ့ အကြောင်းကြောင်းကွ၊ လုပ်လိုက်တိုင်း အလွဲလွဲ အချော်ချော် ဖြစ်နေ တော့. . . ငါတို့ ဝင်ကူညီလိုက်မှ ပိုဆိုးသွားရင် ဒုက္ခပဲ"

သူတို့နှစ်ယောက်စလုံး ရယ်မောမိကြသည်။

www.burmeseclassic.com


'အကောင်း' ဆိုတာ ဘာလဲ? 'အဆိုး' ဆိုတာ ဘာလဲ? လောကတွင် မည်သူမှ အဓိပ္ပာယ် မဖွင့်ဆိုတတ်ကြပါ။ (သင်ကော ဖွင့်ဆိုတတ်ပါသလား)

လူ့ဘဝသည် ကောင်းတာလုပ်တိုင်း ကောင်းတာမဖြစ်တတ်သော မှော် ဥယျာဉ်တစ်ခု ဖြစ်ပါသည်။

❒

www.burmeseclassic.com

# အခန်း (၁၂)

www.burmeseclassic.com

www.burmeseclassic.com

# ၈

❐

သည်နေ့ ကျောင်းပိတ်ရက်ဖြစ်သောကြောင့် သူတို့နှစ်ယောက် နေမြင့်မှ အိပ်ရာထကြသည်။ ထို့ကြောင့် သူတို့စားနေကျ အင်းလျားကန်ဘောင် အစွန်း မုန့်ဟင်းခါးဆိုင်သို့ ရောက်သောအခါ အတော်ပင် လူနည်းနေပြီ ဖြစ်၏။

သူတို့နှစ်ယောက်က ဝင်ထိုင်လိုက်ရင်း

"ထုံးစံအတိုင်းပဲပေါ့. . . ဘူးသီးကြော်နဲ့ နှစ်ပွဲ"

"ဘူးသီးကြော် ကုန်သွားပြီကွဲ့၊ ဒီနေ့ ငါ့တူတို့က နောက်ကျတာကိုး"

သည်ဆိုင်က ဘူးသီးကြော် နာမည်ကြီးသောကြောင့် စောစောစီးစီး ကုန်သွားသည်ကို သူတို့နှစ်ယောက် မအံ့ဩမိ။

"ဒါဖြင့်လဲ ရတဲ့အကြော်နဲ့ပဲပေါ့. . . အဒေါ်ရယ်"

ဟု ပြောပြီး ဖြစ်သလို စားလိုက်ကြသည်။ နောက်ထပ် မုန့်ဟင်းခါး စားမည့်သူ သုံးယောက် ရောက်လာသော်လည်း 'ဘူးသီးကြော် ကုန်သွားပြီ' ဟု ပြောလိုက်သောကြောင့် ပြန်ထွက်သွားကြ၏။

www.burmeseclassic.com


တစ်ဆိုင်လုံးတွင် သူတို့နှစ်ယောက်တည်းသာ ရှိသည်။

ထိုအချိန်တွင် ကားတစ်စီးထိုးဆိုက်သံ ကြားလိုက်ရသောကြောင့် သူတို့နှစ်ယောက် ပြိုင်တူ လှည့်ကြည့်ဖြစ်ကြ၏။

"ဟာ. . . ဦးဝင်းကျော်ကြီးကွ"

အဖြူရောင်ဆန်နီ စူပါစလွန်းကားပေါ်မှ ဆင်းလာသော ဦးဝင်းကျော်ကို တွေ့လိုက်ရသောကြောင့် သူတို့နှစ်ယောက်စလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။

ဦးဝင်းကျော် ဆိုင်ထဲဝင်ဝင်လာချင်း ဒီဝိုင်းက ထိုင်ခုံတစ်လုံး ပြေးဆွဲပြီး ပျာပျာသလဲဖြင့်. . .

"အန်ကယ်. . . လာ. . . လာ. . . ဒီမှာထိုင်"

"ဘာလို့ ထိုင်ရမှာလဲကွ၊ ငါ့ဘာသာငါ ထိုင်ချင်တဲ့နေရာမှာ ထိုင်မှာပေါ့"

ဦးဝင်းကျော်က စိတ်ဆိုးမာန်ဆိုးဖြင့် တစ်ချက်လှမ်းကြည့်ကာ ပြောလိုက်ရင်း သူတို့နှစ်ယောက်နှင့် ခပ်ဝေးဝေးတွင် သွားထိုင်သည်။

ချမ်းက အစွမ်းကုန်ကြိုးစားပြီး ချိုမြိန်ထားရသည့်အပြုံးဖြင့် ဦးဝင်းကျော်အနီးသို့ တိုးကပ်သွားရင်း. . .

"အန်ကယ်ရော. . . ဘူးပဲလား"

"ဘာကွ၊ မင်း ဘာစကားပြောတာလဲ၊ မိုက်ရိုင်းလှချေလား"

"ဟာ. . . အထင်မလွဲပါနဲ့ အန်ကယ်၊ ကျွန်တော်ပြောတာက ဟိုဒင်းလေ. . . ဘူးသီးကြော်နဲ့ စားမှာပဲလားလို့ မေးတာ"

ဦးဝင်းကျော်က အံကြိတ်ထားရာမှ စိတ်လျော့ချလိုက်သည့် လေသံဖြင့်. . .

"အင်း. . . ဟုတ်တယ်၊ ဘူးသီးကြော်နဲ့"

"ဟာ. . . အဲဒါပြောတာပေါ့ အန်ကယ်၊ အခု ဒီဆိုင်မှာ ဘူးသီးကြော်ကုန်နေတယ်၊ အဲဒီတော့. . . "

www.burmeseclassic.com


ချမ်း၏ စကားမဆုံးမီပင် ဦးဝင်းကျော်က ဆိုင်ရှင်အဒေါ်ကြီး၏ မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်၏။ ဆိုင်ရှင်က. . .

"ဟုတ်တယ်ရှင့်"

"ခွကျတာပဲဗျာ"

ဦးဝင်းကျော် ညည်းညူသည့်စကားမဆုံးမီမှာပင် ချမ်းက. . .

"အို. . . ဘာမှစိတ်မညစ်ပါနဲ့ အန်ကယ်၊ အန်ကယ် စားချင်တဲ့ ဘူးသီးကြော်စားရဖို့ ကျွန်တော်တို့နှစ်ယောက်ရဲ့ တာဝန်ထားပါ၊ စိတ်ချ. . စိတ်ချ. . . ကျွန်တော်တို့ ခုချက်ချင်းသွားပြီး စီစဉ်လိုက်မယ်. . . ခဏ စောင့်နော်"

ဦးဝင်းကျော် ဘာမှ ပြန်မပြောနိုင်ခင်မှာပင် ချမ်းက ဒီဝိုင်းကို မျက်ရိပ်ပြပြီး ဆိုင်ပြင်သို့ လှစ်ခနဲ ပြေးထွက်လာခဲ့၏။

"ဟေ့ကောင်. . . ဒီဝိုင်း၊ ဒါ. . . ငါတို့အတွက် အခွင့်ကောင်းပဲ၊ အခုကိစ္စမှာ သူစိတ်ကျေနပ်အောင် လုပ်ပေးနိုင်ရင် ငါတို့နဲ့ ဆက်ဆံရေး အဆင်ပြေသွားမယ်"

"ဟုတ်တယ်ကွ၊ အရင်က ငါတို့ပေါ် မကြည်မလင် ဖြစ်ခဲ့တာတွေ အကုန်လုံး ဒီတစ်ချက်တည်းနဲ့ သင်ပုန်းချေလို့ရသွားမှာ၊ ကဲ. . လာ. . ချမ်း. . လစ်စို့"

•

နောက်. . . ဆယ့်ငါးမိနစ်ခန့်အကြာတွင် အင်းလျားကန်ဘောင်ရိုးတစ်လျှောက် ပခုံးပေါ်တွင် ဘူးသီးတစ်ယောက်တစ်လုံးစီထမ်းပြီး လမ်းလျှောက်လာနေကြသော ချမ်းနှင့် ဒီဝိုင်းကို မြင်ရ၏။

လူတွေက ဝိုင်းကြည့်နေကြသော်လည်း သူတို့နှစ်ယောက်က ခပ်တည်

www.burmeseclassic.com


တည်ပင်။ စကြာဝတေးမင်းလောင်းကို ကျောပေါ်ထမ်းလာသော စစ်မြင်းကြီးနှစ်ကောင်သဖွယ် ဘူးသီးကြီးနှစ်လုံးကို ဂုဏ်ယူဝင့်ကြွားစွာထမ်းလျက် ခြေလှမ်းညီညီဖြင့် ရင်ဘောင်တန်းလျက် မြူးတူးတက်ကြွစွာ လျှောက်လာခဲ့ကြ၏။

သီချင်းတစ်ပုဒ်ကိုပင် ပြိုင်တူလေချွန်နေလိုက်ကြသေးသည်။

*

သူတို့နှစ်ယောက် လာနေပုံကို မုန့်ဟင်းခါးဆိုင်ထဲမှ လှမ်းမြင်နေရသော ဦးဝင်းကျော်ကတော့ အတော်ပင် စိတ်တိုနေ၏။

"ခွေးမသားလေးတွေ. . . မဟုတ်က ဟုတ်က လုပ်လာကြပြန်ပြီ"

ဆိုင်ထဲသို့ ဝင်လာကြသော ဒီဝိုင်းနှင့် ချမ်းက ဘူးသီးများကို စားပွဲပေါ် ချလိုက်ရင်း. . .

"ကဲ. . . အန်ကယ်၊ ဘူးသီးရပြီ"

"မင်းတို့ ဘူးသီးတွေကို ငါ ဘာလုပ်ရမှာလဲကွ"

"ဟောဗျာ. . . အန်ကယ်ပဲ ဘူးသီးကြော် စားချင်တယ်ဆို"

"စားချင်တာတော့ ဟုတ်တာပေါ့ကွ၊ ဒါပေမယ့်. . . မင်းတို့ ဘူးသီးကြီးကြော်နေတာကို ငါက တစ်နေကုန်အောင် ထိုင်စောင့်နေရမှာလား၊ လုပ်လိုက်မှဖြင့် တလွဲချည်းပဲ၊ ငါက ဟိုနားဒီနားဆိုင်က ဘူးသီးကြော် သွားဝယ်လာမယ် အောက်မေ့လို့ ဗိုက်ဆာတာကို မနည်းအောင့်ပြီး ထိုင်စောင့်နေမိတာ၊ တောက်. . . အခုတော့ အလကားသက်သက် အချိန်တွေ ပုပ်သွားပြီ၊ ထွီ. . . သွားမယ်"

ဦးဝင်းကျော်က ပြောပြောဆိုဆိုဖြင့် ထိုင်နေရာမှ ထရပ်သည်။ သူ့ဒူး

www.burmeseclassic.com


ဆစ်ဖြင့် စားပွဲစွန်းကို တိုက်လိုက်မိသောကြောင့် ဘူးသီးကြီးတစ်လုံးက စားပွဲပေါ်မှ လိမ့်ကာလိမ့်ကာဖြင့် အောက်သို့ ပြုတ်ကျပြီး 'ခွပ်'ခနဲ ကွဲသွား၏။

ဦးဝင်းကျော်၏အကြည့်က ဘူးသီးအောက်ခြေပိုင်းတွင် ရေးခြစ်ထားသော "W.K" ဟူသည့် အက္ခရာနှစ်လုံးကို မြင်သွားရာမှ ချက်ချင်းပင် မျက်လုံးများ ပြူးကျယ် ဝိုင်းစက်သွားပြီး. . .

"ဟင်. . . ဒါ. . . ဒါ. . . ငါ့ခြံဝင်းက ဘူးသီးတွေ မဟုတ်လား"

ထိုအမေးကြောင့် ချမ်းနှင့် ဒီဝိုင်းတို့ ထိတ်လန့်သွားကြသည်။ တကယ်လည်း မှန်နေသောကြောင့် ဘာပြန်ဖြေရမည်မှန်း မသိကြ။

"အဲ. . . ဟို၊ ဒါက. . . ဒါက. . . "

ချမ်းက စကားကို ပီပီသသ မပြောနိုင်ဘဲ တစ်ကိုယ်လုံး တုန်ရီနေ၏။ ဦးဝင်းကျော်က တဆတ်ဆတ်တုန်နေသည့် ချမ်း၏ ပခုံးများကို ကြည့်လိုက်ရင်း. . .

"ငါမေးတာဖြေလေကွာ. . . မင်းက ဘာဖြစ်လို့ တုန်ပြနေရတာလဲ၊ နေမကောင်းဘူးလား"

ချမ်းက ကြိုးစားပမ်းစားဖြင့် သွားတွေကို ဖြဲကာ ရယ်ပြလိုက်သည်။

"ဟီး. . ဟီး. . ဟီး"

"ဟော. . . ပြောရင်းဆိုရင်း မင်းက အဖျားတောင်တက်လာပါရောလား"

ဒီဝိုင်းက အခြေအနေကို ကမန်းကတန်း ဝင်ထိန်းသည်။

"ဟာ. . ဒါ အန်ကယ့်ခြံထဲက ဘူးသီးမဟုတ်ပါဘူး၊ ဒီမှာ ခြစ်ထားတဲ့ W.K ဆိုတာက ဘူးသီးလက်ကားရောင်းတဲ့ဆိုင်ရဲ့ အမှတ်အသားပါ"

"ဟုတ်ရဲ့လားကွ၊ မင်းတို့ဟာက တိုက်ဆိုင်လှချည်လား၊ W.K ဆိုတော့ ဘူးသီးရောင်းတဲ့လူ နာမည်ကလဲ ဝင်းကျော်ပဲလား"

www.burmeseclassic.com


"W.K ဆိုတာ ဝင်းကျော် မဟုတ်ဘူးခင်ဗျ၊ အဲ. . . ဟိုဒင်း 'ဝက်ကြီး' တဲ့"

ဦးဝင်းကျော်က မသင်္ကာသောမျက်လုံးများဖြင့် အတန်ကြာအောင် စိုက်ကြည့်နေရင်း. . .

"အေး. . . ငါကလဲ ငါ့ခြံထဲက ဘူးသီးတွေကို အဲဒီလို အမှတ်အသား လုပ်ထားတာကွ၊ ငါတို့လမ်းထဲမှာ သရက်သီးခိုးတဲ့ကောင်တွေ၊ ဘူးသီးခိုးတဲ့ကောင်တွေက ပေါလွန်းလို့"

ဒီဝိုင်းက သူ့ကို ဦးဝင်းကျော်က တမင်ရိပြီးပြောမှန်းသိသော်လည်း ဘာမှပြန်မပြောသာသောကြောင့် ခေါင်းပုပြီး နေရ၏။ ဦးဝင်းကျော်က. .

"အင်းပေါ့လေ. . . မင်းတို့ ဈေးကဝယ်သလား၊ ငါ့ခြံထဲက ခိုး သလား ဆိုတာ ငါ အိမ်ပြန်ရောက်လို့ စစ်ကြည့်လိုက်ရင် သိမှာပဲ၊ အဲဒီတော့မှ တွေ့ကြ သေးတာပေါ့"

ဦးဝင်းကျော်က ဆန်နီစူပါဆလွန်းကားလေးပေါ်တက်ပြီး ဝူးခနဲ မောင်း ထွက်သွားလေ၏။

•

ဒီဝိုင်းက. . .

"မင်းကို ငါပြောသားပဲကွ၊ သူ့ခြံထဲက ဘူးသီးကို သွားမခူးပါနဲ့ဆို၊ ဟော. . . ခုတော့ ပြဿနာတက်တော့မယ်၊ ဘယ့်နှယ်လုပ်မလဲ"

"ဟာ. . . ဒီအချိန်ကြီးမှာ ဈေးတွေအားလုံး သိမ်းပြီပဲဥစ္စာ၊ ဘယ်မှာ သွားဝယ်မလဲ၊ နီးနီးနားနားမှာ အမြန်ဆုံး ရနိုင်တဲ့ နည်းလမ်းက ဒါပဲရှိတာ မဟုတ် လား"

အစတုန်းကတော့ ချမ်း စိတ်ကူးထားသည်က တစ်မျိုးဖြစ်၏။ ဘူးသီး

တွေခူးလာပြီး ကြော်ကာ ဦးဝင်းကျော်ကို တစ်ဝကြီးကျွေးမည်၊ ဦးဝင်းကျော်က 'အရသာရှိလိုက်တာကွာ' ဟု ပြောလျှင် 'ဒါ. . . အန်ကယ်ခြံထဲက ဘူးသီးတွေလေ၊ ဒါကြောင့်မို့ အရသာရှိတာပေါ့' ဟု ပြောပြီး ကြံဖန်ချီးကျူးမည်။

ဦးဝင်းကျော်က သူစိုက်ထားသော သစ်ပင်ပန်းပင်များအတွက် ဂုဏ်ယူနေလောက်သည့် အချိန်ကျမှ. . .

'ကျွန်တော်တို့လဲ သစ်ပင်စိုက်ချင်လို့ မျိုးစေ့လေး နည်းနည်းမျှပါ အန်ကယ်' ဘာညာနှင့်ပြောကာ ခင်မင်ရင်းနှီးအောင်လုပ်မည်ဟု စိတ်ကူးထားခြင်း ဖြစ်၏။

ခုတော့. . . ဘာမှမတတ်နိုင်တော့။

*

သူတို့နှစ်ယောက် တစ်ယောက်ပုခုံးကို တစ်ယောက်ဖက်ရင်း အင်းယားကန်ဘောင် အုတ်လှေခါးထစ်တွေအတိုင်း ဆင်းလာခဲ့ကြသည်။

ဒီဝိုင်းက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်. . .

"ဟေ့ကောင်. . . ချမ်း၊ အန်ကယ်ဦးဝင်းကျော်က ဒီနေ့မှ ထူးထူးခြားခြား ဆန်နီစူပါဆလွန်းတွေ ဘာတွေ ကိုယ်တိုင်မောင်းလို့ပါလားကွ"

"အေး. . . ဟုတ်တယ်၊ ငါလဲ အဲဒါပြောမလို့ပဲ. . . အရင်တုန်းက သူတို့အိမ်မှာ တစ်ခါမှ မတွေ့မိပါဘူး"

"သူများဆီက ငှားစီးလာတာ များလားကွာ"

"ဟာကွာ. . . သူ့လို ခွကျကျ မာနကြီးကြီး အဘိုးကြီးက သူများကား

www.burmeseclassic.com


ငှားစီးပြီး ဟန်ရေးဝါရေးပြမလားကွ၊ နောက်ပြီး သူ့လို အဘိုးကြီးကိုကော ဘယ်သူက ကိုယ့်ကားအနာခံပြီး သက်သက်ငှားမလဲ၊ ငါ့အထင် ပြောရရင် မနေ့ကမှ . . . ဒါမှမဟုတ် ဒီနေ့မှ သူ ဝယ်လိုက်တာဖြစ်မယ်”

ချမ်း၏ အတွေးကို ဖြစ်နိုင်ချေရှိသည်ဟု ထောက်ခံသည့်သဘောဖြင့် ဒီဝိုင်းက ခေါင်းညိတ်၏။

“အေး. . . ဖြစ်နိုင်တယ်၊ ဒီနေ့ကျမှ သူကလဲ ထူးထူးခြားခြား စိတ်ကောင်းဝင်နေလို့၊ ခါတိုင်းလိုသာဆို ငါတို့နှစ်ယောက် မလွယ်ဘူး၊ နေရာမှာတင် အသက် ပျောက်သွားနိုင်တယ်”

“မတတ်နိုင်ဘူးကွာ၊ ငါတို့လဲ အဆင်ပြေမလားလို့ ကြိုးစား ကြည့်တာပဲ”

သူတို့နှစ်ယောက်စလုံး မနက်ကတည်းက ဘာမှ မစားရသေးသောကြောင့် ဗိုက်ဆာနေကြသည်။

“လာကွာ. . . လှည်းတန်းလမ်းဆုံဘက်သွားပြီး တစ်ခုခုစားရအောင်”

ဒီဝိုင်းက အစဖော်ပေးသဖြင့် သူတို့နှစ်ယောက် လှည်းတန်းဆီ ခြေဦးလှည့်ဖြစ်ကြလေသည်။

•

www.burmeseclassic.com

❐

“ဟေ့ကောင်. . . ချမ်း၊ ဟိုမှာကြည့်စမ်း၊ လက်ဖက်ရည်ဆိုင်ထဲမှာ ဦးဝင်းကျော်ကြီး မဟုတ်လား”

“အေး. . . ဟုတ်တယ်ကွ၊ လက်စသတ်တော့ သူက ဒီလာပြီး အကျအန စားသောက်နေတာကိုး”

ဒီဝိုင်းက ခေါင်းကိုကုတ်ရင်း မဝံ့မရဲလေသံဖြင့်. . .

“အခုနေ သွားပြီး သူ့ခြံထဲက ဘူးသီးဝင်ခိုးမိတဲ့အကြောင်းဝန်ခံလိုက်ရင် ဘယ်လိုနေမလဲဟင်”

“ဟာ. . . လူကြားထဲ ဆဲလွှတ်လိုက်လို့ အရှက်ကွဲနေပါဦးမယ်”

“ညနေကျရင်လဲ သိသွားမှာပဲကွ၊ အဲဒီအခါကျမှ ပိုဆိုးမယ်”

“ဆိုးတာကတော့ ဘယ်လိုပဲဖြစ်ဖြစ် ဆိုးတော့မှာပဲ. . . မတတ်နိုင်ဘူး၊ ဒီနေ့ ညနေကစပြီး သုံးလေးရက်လောက် ငါတို့ အိမ်ပြန်မအိပ်ဘဲ ရှောင်နေကြ ရုံပေါ့”

www.burmeseclassic.com


ထိုစကားကြောင့် ဒီဝိုင်း၏ မျက်ဝန်းများ အရောင်တောက်ပလာကြပြီး ချမ်း၏ ပခုံးကိုအသာဆွဲဖက်ကာ ခပ်တိုးတိုး ပြောလိုက်သည်။

"ဟော့ကောင်. . . ချမ်း၊ ရှောင်ပြေးရမည့်အတူတူတော့ မထူးဘူး သူ့ကို တစ်ခုခု ကျီစယ်သွားရအောင်"

ချမ်းက လက်ဖျောက် တစ်ချက်တီးလိုက်ပြီး

"အိုကေ. . . ငါ အကြံရပြီ၊ ဟောဟိုဆိုင်ရှေ့မှာရပ်ထားတဲ့ ဆန်နီစူပါ စလွန်းအဖြူရောင်လေးက သူ့ကား မဟုတ်လား"

"ဟာ. . . ငါ နံပါတ်ကို အသေအချာ သတိမထားမိလိုက်ဘူးကွ၊ အမှတ် တမဲ့ပဲ. . . မင်းဟာ သေချာလို့လား"

"အို. . . နံပါတ်မှတ်မိစရာမလိုပါဘူးကွာ. . . ဒီနားမှာ ရပ်ထားတဲ့ ကားတွေ ထဲက အဖြူရောင်စူပါစလွန်းဆိုလို့ ဒီတစ်စီးပဲရှိတာ. . . ဟုတ်မှာပါ"

"မင်းက ဘယ်လိုလုပ်ချင်လို့လဲ. . . ချမ်း"

"နိုင်လွန်ကြိုး အလုံးသေးသေး ရှည်ရှည်တစ်ချောင်း သွားဝယ်ကွာ"

"ပြီးတော့. . . "

"ဟောဟိုမှာ. . . ဘရာကြော်ရောင်းနေတဲ့ လူကြီးတွေလား၊ သူ့ရှေ့မှာ မီးဖိုကလေးချထားတာလေ. . . အဲဒီမီးဖိုကို ကြိုးချည်၊ ပြီးရင် ကျန်တဲ့ ကြိုးစနဲ့ ကားဘန်ပါမှာ ချည်ထားလိုက်မယ်ကွာ"

ချမ်းက မေးငေါ့ပြရင်း ပြောလိုက်၏။

ရပ်ထားသော ဆလွန်းကားအဖြူလေးနှင့် မလှမ်းမကမ်း ပလက်ဖောင်း ပေါ်တွင် မီးဖိုသေးသေးကလေးတစ်လုံးဖြင့် ဒယ်အိုးတစ်လုံး ဇကာခြင်းတစ်ခု ချခင်းပြီး ဘရာကြော်ရောင်းနေသူကို ဒီဝိုင်း လှမ်းကြည့်လိုက်ပြီး. .

"အိုကေ"

www.burmeseclassic.com


သူတို့နှစ်ယောက် လက်ဖဝါးချင်း ရိုက်လိုက်ကြ၏။

●

"ဘရာကြော်. . . ငါးဆယ်ဖိုးပေးပါ"

ချမ်းက ဘရာကြော်ဝယ်နေခိုက်တွင် ဒီဝိုင်းက ချမ်း၏ ခန္ဓာကိုယ်ကို အကာအကွယ်ယူလျက် နိုင်လွန်ကြိုး အစတစ်ဖက်ဖြင့် မီးဖိုကလေး၏တိုင်ငုတ်တွင် ချည်သည်။

ဈေးရောင်းသူက လေကလေးတချွန်ချွန်ဖြင့် ဘရာကြော်ကို စိတ်ပါလက်ပါ ကြော်နေခိုက်ဖြစ်သောကြောင့် မကြာခင်ကျရောက်လာမည့် အန္တရာယ်ကို မသိရှာ။

*

ပြီးလျှင်ပြီးချင်း ကျန်သည့်ကြိုးတစ်ဖက်စွန်းကို ဆလွန်းကားနောက်ဘန်ပါတွင် ခဲခဲယဉ်းယဉ်း ချည်နှောင်သည်။ ဒီဝိုင်းက ကိုယ်ဖြင့် အကာအကွယ်လုပ်ပေးထားခိုက်တွင် ချမ်းက မယောင်မလည်ဖြင့် ကားအနား ကပ်သွားပြီး ဟိုဟာကုန်းကောက်သလိုလို ဒီဟာ ကုန်းကောက်သလိုလိုဖြင့် ကမန်းကတန်းလုပ်ရခြင်းဖြစ်၏။

"ဟေ့ကောင်. . . ချမ်း. . . အမြန်လုပ်၊ ဦးဝင်းကျော်ကြီး ကောင်တာမှာ ငွေရှင်းနေပြီ၊ ထွက်လာတော့မယ်"

သူတို့နှစ်ယောက် ကားအနီးမှ အမြန်ခွာပြီး မလှမ်းမကမ်းရှိ ထီဆိုင်တစ်ဆိုင်ကို အကာအကွယ်ယူကာ အကဲခတ်နေကြသည်။

www.burmeseclassic.com


"ဟိုက်. . . ဘယ်လိုဖြစ်တာလဲ"

"လွဲပြီနဲ့ တူတယ်"

ဦးဝင်းကျော်က ဆလွန်းကားဖြူလေးဆီသို့ မသွားဘဲ သူတို့ရှိရာ တည့်တည့် မတ်မတ် လျှောက်လာသောကြောင့် သူတို့နှစ်ယောက် တအံ့တသြ ရေရွတ်မိကြသည်။

အခုမှတော့ ထွက်ပြေး၍လည်း မရတော့။

ဦးဝင်းကျော်က သူတို့နှစ်ယောက်ကို မြင်သွားပြီး. . .

"ဟင်. . . မင်းတို့နှစ်ယောက်၊ ဒီနားမှာ ကုပ်ချောင်းချောင်းနဲ့ ဘာလုပ်နေကြတာလဲ"

"ဟိုဒင်းလေ. . . ဟို. . . အန်ကယ့်ရဲ့ကား. . . "

"ငါ့ကားက ဘာဖြစ်သလဲကွ၊ ဒီမှာ မင်းတို့နောက်မှာတင် ရပ်ထားတာပဲ"

သူတို့နှစ်ယောက် ပြိုင်တူ လှည့်ကြည့်လိုက်မိကြသည်။

သူတို့ကွယ်ပြီးရပ်နေသော ထီဆိုင်၏ နောက်ဖက်လမ်းကြားထဲတွင် ရပ်ထားသည့် ဦးဝင်းကျော်၏ ကားအသစ်စက်စက်ကလေးကို မြင်လိုက်ရသောကြောင့် နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြ၏။

"ဟိုက်"

"ဒါ. . . ဒါဆို၊ ဟိုလက်ဖက်ရည်ဆိုင်ရှေ့မှာ ရပ်ထားတဲ့ကားက အန်ကယ့်ကား မဟုတ်ဘူးပေါ့နော်"

ဒီဝိုင်း လက်ညှိုးထိုးပြရာဆီသို့ ဦးဝင်းကျော် လိုက်ကြည့်သည်။

ထိုစဉ်. . . လက်ဖက်ရည်ဆိုင်ထဲမှ လူဝဝကြီးတစ်ယောက် ထွက်လာပြီး လက်ဖက်ရည်ဆိုင်ရှေ့မှ စူပါဆလွန်းအဖြူလေးပေါ် တက်သွားသည်ကို မြင်လိုက်ရ၏။

"ဟာ. . . သွားပါပြီ"

ချမ်းကော ဒီဝိုင်းပါ မကြည့်ရဲသဖြင့် သူတို့၏ မျက်နှာကို လက်ဖဝါးဖြင့် အုပ်ထားလိုက်မိကြသည်။

ဦးဝင်းကျော်က ဘုမသိ ဘမသိဖြင့် ငေးကြည့်နေဖြစ်သောကြောင့် အဖြစ်အပျက်ကို အစအဆုံး တွေ့မြင်လိုက်ရ၏။

ဆလွန်းကား စက်နှိုးပြီး တရှိန်ထိုးမောင်းအထွက်. . .။

"ဝူး. . . ဝူး. . . ဝေါ"

ကားဘန်ပါတွင် ချည်နှောင်ထားသော ကြိုးစက တင်းခနဲဖြစ်သွားပြီး. . .

"လဝန်းလေးနဲ့တူတယ် မောင့်ကိုလားကွယ်. . ဟရေး. . . . အသည်းထဲစွဲနေပါသတဲ့ အမီနာရယ်. . . ဟရေး. . . ကန်ကလေး"

လေကလေးတချွန်ချွန်ဖြင့် ဘရာကြော်သည် သံယောက်မကို စည်းချက်ဝါးချက်ညီညီ မွှေလိုက်ခေါက်လိုက် လုပ်နေသော ဘာရာကြော်သည်ကြီး၏ မီးဖိုနှင့် ဒယ်အိုးသည် ကြိုးဆွဲရာနောက်သို့ ဖျတ်ခနဲပါ အသွား. . ။

"ဟိုက်. . . ငါ့မီးဖို ဘာဖြစ်သွားပါလိမ့်"

မီးဖိုသည် မှော်အတတ်ဖြင့် စီရင်ထားသည့် ကော်ဇော်ပျံသဖွယ် လွှားခနဲ လေထဲလွင့်မျောကာ 'ဒုံး. . . ဂလွမ်း. . . ဒုံး. . . ဒုံး' ဟူသည့် အသံကို မြည်ဟီးစေလျက် မော်တော်ကားနောက် ကတ္တရာလမ်းမ တစ်လျှောက်။

"ဟရေး. . . ဟရေး. . . ငါ့မီးဖို. . . မီးဖို. . . ပြန်ပေး"

ဘရာကြော်သည်ကြီးသည် ဂီတအနုပညာမှော်ရုံတောတွင် ယစ်မူးနေရာမှ အလန့်တကြား နိုးထပြီး ဒရွတ်တိုက်ပါသွားသော မီးဖိုနောက်သို့ ပြေးလိုက်လေတော့သည်။

●

www.burmeseclassic.com


ချမ်းနှင့် ဒီဝိုင်းတို့၏ လည်ဂုတ်ကို ဦးဝင်းကျော်က ဖျစ်ညှစ်ကိုင်ရင်း. . .

"အကုသိုလ်ကောင်လေးတွေ. . . ဒါ မင်းတို့နှစ်ယောက် လက်ချက် မဟုတ်လား၊ သွား. . . အခုသွားပြီး အဲဒီဘာရာကြော်သည်ကြီးကို ဈေးဖိုး ပြန်လျော်ပေးလိုက်၊ မဟုတ်လို့ကတော့ မင်းတို့နှစ်ယောက်စလုံးကို ငါ ရဲစခန်းပို့မယ်"

ချမ်းနှင့် ဒီဝိုင်းတို့က အင်္ကျီအိတ်ကပ်များကို ကိုယ်စီစမ်းရင်း ရှုံ့မဲ့မဲ့ ဖြင့် ရှိစုမဲ့စု ပိုက်ဆံလေးများကို ထုတ်လိုက်ကြ၏။

*

အဲသည်ညနေမှစ၍ နောက် ငါးရက်ကြာသည်အထိ သူတို့ အိမ်ပြန် မအိပ်ရဲကြတော့။

❒

www.burmeseclassic.com

# အခန်း (၁၃)

www.burmeseclassic.com

# ၈

❐

သစ်ဆိမ့်ပင်ရွက်ချပ် အကြိုအကြားမှ နေရောင်ခြည်သည် မြေသားပေါ် နူးနူးညံ့ညံ့ ကျရောက်ကာ အရိပ်အေးအေးကို ထင်နေစေ၏။ ဝိုင်းစက်စက်ရွှေရောင် နေခြည်ပြောက်တစ်စက်က သူမ၏ ပါးပြင်ပေါ်မှ အမာရွတ်သေးသေးလေးပေါ် အလင်းရောင် ဟပ်နေလေသည်။

သူမက နှုတ်ခမ်းနှစ်လွှာကို လှပဝိုင်းစက်စွာစု၍ အအေးပိုက်ကို ငုံလိုက်ပြီး ဖြေးဖြေးချင်း ညှင်းစုပ်ယူနေသည်။ ဝါမှုန်ရီလဲ့နေသော သူမ၏ လည်တိုင်မှ အကြောကလေးတွေ လှုပ်ရှားသွားသည်ကိုပင် မြင်ရ၏။

ဒီဝိုင်းက ခပ်ညည်းညည်း လေသံဖြင့်

“အစကတော့ ငါတို့လဲ အတတ်နိုင်ဆုံး ကြိုးစားခဲ့ကြတာပါပဲ ခွာညိုရယ်”

နွယ်ခွာညိုက ‘ခစ်’ ခနဲ ရယ်လိုက်မိသောကြောင့် အအေးတွေ လည်ချောင်းဝမှာ သီးသွား၏။ ချမ်းက. . .

www.burmeseclassic.com


“အခုလောက်ဆို. . ခွာညို့အဖေ စိတ်ပြေလောက်ပြီလား မသိဘူးနော်”

“ဟင်. . . ကျွန်မ အဖေလား စိတ်ပြေမှာ၊ ဖေဖေက အစွဲအလမ်း သိပ်ကြီးတာရှင့်၊ ခုနေများ ရှင်တို့ကို တွေ့လိုက်လို့ကတော့ သတ်မှာ”

နွယ်ခွာညိုက သူတို့ကို တမင်ခြောက်လှန့်ပြော ပြောလိုက်သည်။ ဒီဝိုင်းက. . .

“အင်း. . . ခွာညို့အဖေ စိတ်အစွဲအလမ်းကြီးတယ်ဆိုတာ ဟုတ်မှာ။ ဟိုတစ်ခါ ပြောပြသလိုလေ. . . ခွာညို့မေမေနဲ့ သူချစ်သူ အပြန်အလှန် ရေးတဲ့စာတွေကို အခုထို သိမ်းထားပြီး စိတ်ဆိုးလာတိုင်း အဲဒီစာတွေ ပြန် ပြန် ထုတ်ပြတယ်၊ ဆူဟယ်ပူဟယ် လုပ်တယ်ဆိုကတည်းက. . ”

“အဲဒါလဲ စိတ်ဝေဒနာတစ်မျိုးကွ၊ ဆစ်ဂမန်ဖရွိုက် (Sigmund Freud) ရဲ့ စာအုပ်တစ်အုပ်ထဲမှာ ငါ ဖတ်ဖူးတယ်”

ချမ်းက ဝင်ပြောသည်။ ဒီဝိုင်းက မျက်ခုံးပင့်ပြီး

‘ခွာညို့ရှေ့မှာမို့လို့ ဒီကောင် အသားလွတ်ဝင်ကြွားနေတာလား’ ဟူသည့်အကြည့်ဖြင့် ကြည့်၏။

ခွာညိုက စိတ်ဝင်စားစွာဖြင့်. . .

“ဘယ်လို. . . စိတ်ဝေဒနာဟုတ်လား၊ ရူးနေတယ်လို့ ဆိုလိုတာလား”

“ရူးတာတော့မဟုတ်ဘူး ခွာညိုရဲ့၊ တစ်မျိုးပေါ့. . . အဲဒါကို Fixation လို့ခေါ်တယ်၊ စိတ်စွဲတာပေါ့. . . ဥပမာကွာ. . . ကိုယ်က ဒူးရင်းသီးကို မကြိုက်တဲ့လူဆိုပါတော့. . . တကယ် ဒူးရင်းသီးနဲ့မဟုတ်ဘဲနဲ့ ကိုယ့် စိတ်ထဲက ဒူးရင်းသီးလို့ ထင်လိုက်မိရုံနဲ့ ပျို့ချင်အန်ချင်သလို ဖြစ်လာတာမျိုး”

“ဟင်. . . အဲဒါနဲ့ ခွာညို့အဖေ ဘာဆိုင်လို့လဲ”

“ဆိုင်တယ် ခွာညိုရဲ့၊ တစ်စုံတစ်ယောက်ကို မုန်းတာကြောင့် အဲဒီ လူနဲ့

ဆင်တူတဲ့သူ. . . ဒါမှမဟုတ် ဆင်တူတယ်လို့ သူ့ဘာသာသူထင်တဲ့ လူကိုလဲ ဣန္ဒြေမရ မုန်းတတ်တာမျိုးကို ဒီလို Fixation လို့ပဲ ခေါ်ရတာပဲ”

ခွာညိုက တွေတွေငေးငေး ဖြစ်သွားရင်း လက်ဆစ်ကလေးများကို အသာဖွဖွ ငုံ့ကိုက်၍ စဉ်းစားနေရာမှ. . .

“ဒါဆို. . . ဖေဖေ့စိတ်ထဲမှာ ကျွန်မက မေမေနဲ့တူတယ်လို့ စွဲနေလို့ ဖြစ်မှာပေါ့”

“အင်း. . ဖြစ်နိုင်တယ်၊ နောက်ပြီးတော့ ဆစ်ဂမန်ဖရွိုက်ရဲ့ စာအုပ်ထဲမှာပါသေးတယ်၊ ဥပမာ. . . ကိုယ် အရမ်းမုန်းတီးတဲ့လူရဲ့ဒဏ်ရာ (ဒါမှမဟုတ်) အနာကနေ သွေးစက်ဖြစ်ဖြစ် ပြည်စက်ဖြစ်ဖြစ် ကိုယ့်လက်ဖမိုးပေါ်ကို ထိမိစင်မိတယ် ဆိုပါစို့. . .၊

အဲဒီအညစ်အကြေးစက်ကို ဆေးကြောပြီးလဲပဲ ကိုယ့်စိတ်ထဲက ဖျောက်လို့မရဘဲ အဲဒီနေရာကို အမြဲပွတ်သတ်ပြီး တစ်သက်လုံး အကျင့်စွဲသွားတာမျိုး၊ အဲဒါစိတ်အစွဲနဲ့ ဆိုင်တယ်၊ စောစောက ပြောသလိုပေါ့၊ ခွာညို့မေမေရဲ့ စာအဟောင်းတွေကို သိမ်းထားပြီး စိတ်ဆိုးတိုင်း ထုတ်ထုတ် ပြတယ်. . ဆိုတာ အဲဒါမျိုးပဲ ဖြစ်လိမ့်မယ် ထင်တယ်”

ခွာညိုက သက်ပြင်းကို ဖွဖွမှုတ်ထုတ်လိုက်၏။

အအေးဖန်ခွက်အပြင်တွင် ကပ်ညှိတင်နေသော ရေစက်လေး တစ်စက် လျှောကျသွားသည်။

ဟိုးအဝေးဆီက ငှက်တစ်ကောင် တွန်ကျူးနေသံသဲ့သဲ့ ကြားရသည်။ လေပြေသည် အဝါရောင်ဖျော့ဖျော့သန်းနေ၏။ စည်းရိုးအစပ်ရှိ ပန်းပွင့်ဖြူဖြူကလေးတွေ လေတိုက်တိုင်း ယိမ်းနွဲ့နေကြသည်။

လေပြည်သည်လည်းကောင်း. . .

www.burmeseclassic.com


ပန်းပွင့်သည်လည်းကောင်း. . .

ငှက်ငယ်သည်လည်းကောင်း. . .

သဘာဝတရားနှင့် အငြင်းအခုံမဖြစ်ကြ။ လောကနှင့် အငြင်းမပွားကြ။

လောကသည် အရှိအရှိတိုင်းဖြစ်၏။ သဘာဝဝန်းကျင် ခပ်သိမ်းသည် အရှိအရှိအတိုင်းပင် ဖြစ်လေသည်။

လူ့စိတ်ဆိုသည်မှာ 'အရှိအတိုင်းကလေးသာ ရှိပါစေ' ဟု ထားသင့်သောအရာ ဖြစ်၏။

စိတ်သည် လေပြေနှင့်အတူ. . .၊ ပန်းပွင့်နှင့်အတူ၊ ငှက်ငယ်နှင့် အတူ . . . တသားတည်း လွတ်လပ်သန့်စင် ငြိမ်းအေးနေရမည့်အရာ ဖြစ်ပါသည်။

❒


www.burmeseclassic.com

# ၁

မိမိ၏ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအတွင်း ပေါင်းသင်းဆက်ဆံရာတွင်ဖြစ်စေ၊ ခေတ်၏ အပြောင်းအလဲနှင့်ဖြစ်စေ၊ အတွေးအခေါ် အယူအဆများ ပြုပြင်ပြောင်းလဲနေသော အသွင်ဖြင့်ဖြစ်စေ. . . လိုက်လျောညီထွေဖြစ်အောင် မနေတတ်ပဲ မိမိတစ်ဦးတည်း ဘေးထွက်နေသူများ၊ အံဝင်ခွင်ကျ မဖြစ်သူများ၊ အထိုက်အလျောက်လိုက်၍ ကိုယ့်စိတ်ကိုယ် သက်သာအောင် မနေတတ်ဘဲ ပင်ပန်းဆင်းရဲ နေသူများ၏ စိတ်သဘောကို MALADJUSTMENT ဟု ခေါ်သည်။

ဆစ်ဂမန်ဖရွိုက် (Sigmund freud)

# အပိုင်း (၃)



www.burmeseclassic.com



သူတို့သုံးယောက်၏ ခင်မင်ရင်းနှီးမှုသည်
ဝါးပင်နှင့် တူ၏။
ဝါးပင်သည် စတင်ပေါက်သည့် အချိန်မှစ၍
ကာလအနည်းငယ်အတွင်းမှာပင်
သန်မာထွားကျိုင်းစွာ ရှည်လျား ဖွံ့ဖြိုးတတ်လေသည်။

'ဝါး'သည် ကြံ့ခိုင်သန်မာ၏။
သို့သော်. . . ပျော့ပျောင်း၏။
အလိုရှိသည့်ပုံစံအတိုင်း ကွေးညွတ်၍ ရသလို
ပြန်လွှတ်လိုက်ရင်လည်း
နဂိုအတိုင်း ပြန်ဖြစ်သွားပြီး ဆက်လက်သန်မာ ဖွံ့ဖြိုးမြဲ
ဖွံ့ဖြိုးနေသည်သာ ဖြစ်၏။

လူဆိုသည်မှာ
ရံဖန်ရံခါတွင် ဝါးပင်နှင့်တူဖို့ လိုအပ်ပါသည်။

# အခန်း (၁၄)

www.burmeseclassic.com

# ၈

❐

စာသင်ခန်း ပြတင်းအပြင်ဘက်သို့ လှမ်းကြည့်လိုက်လျှင် စိမ်းမြစိုလက်နေသော မြက်ခင်းနှင့် ပင်လယ်ကဗွီးပင်များကို မြင်ရသည်။

အရိပ်အာဝါသ အေးအေးနှင့် ရွှေရောင်လက်ပနေသော ညနေ အလင်းကြောင့် စာသင်ခန်းတစ်ခုလုံးသည် လန်းဆန်းဆွတ်ပျံ့နေလေသည်။

စာသင်ခန်း၏ နောက်ဆုံးခုံတန်းတွင် ထိုင်နေကြသည့် ချမ်းနှင့် ဒီဝိုင်းတို့က ဆရာပြောသမျှကို စူးစူးစိုက်စိုက် နားထောင်နေကြသည်။

တစ်ခန်းလုံးရှိ ကျောင်းသားကျောင်းသူအားလုံးတို့၏ အာရုံသည် ဆရာဦးကြည်သစ်၏ ဒဿနိက ပို့ချချက်ထဲတွင် နစ်မျောနေ၏။

"အနောက်တိုင်း ဒဿနသမိုင်းကို ကြည့်ရင်. . . အိုင်အိုနစ် အစဉ်အလာ (Ionic tradition) နဲ့ ဆော့ခရတ္တိ အစဉ်အလာ (Socratic tradition) ဆိုပြီး နှစ်ပိုင်းကွဲနေတာကို မင်းတို့ တွေ့ရလိမ့်မယ်"

www.burmeseclassic.com


ဆရာက စကားကိုခေတ္တဖြတ်ပြီး တစ်ခန်းလုံးကို မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။

အသက်ရှူသံပြင်းပြင်းပင် မကြားရလောက်အောင် တိတ်ဆိတ်သော ငြိမ်သက်မှုမျိုးဖြင့် ကျောင်းသားအားလုံး ငြိမ်သက်နေကြ၏။

တစ်ချိန်က ဘောလီဘောလက်ရွေးစင်ဖြစ်ခဲ့ဖူးသော ဆရာ ဦးကြည်သစ်၏ ခြောက်ပေနီးပါး အရပ်အမောင်း ထွားကျိုင်းကျိုင်း ကိုယ်လုံးကိုယ်ထည်နှင့် ရေနွေးအိုး အငယ်စားအရွယ်ခန့်ရှိသော ဆရာ့လက်သီးတို့ကို ကျောင်းသားများ လန့်ကြသည်ကလည်း ငြိမ်သက်နေရခြင်း၏ အကြောင်းတစ်ချက် ဖြစ်နိုင်ပါသည်။

(ဆရာ မောင်ကြည်သစ်သည် သာယာဝတီသားဖြစ်ပြီး ဒေါသလည်း အလွန်ကြီး၏)။

"အိုင်အိုနစ်အစဉ်အလာ ဆိုတာကတော့ကွာ. . . ဆော့ခရတ္တိ မတိုင်မီခေတ်တုန်းက အတွေးအခေါ်ပညာရှင်တွေဟာ စကြာဝဠာကြီးရဲ့သဘောကို လေ့လာဖို့ အဓိကထားခဲ့တယ်၊ စကြာဝဠာကြီးဟာ ဘယ်ကစသလဲ၊ ဒီကမ္ဘာလောကကြီးကို ဘယ်သူဖန်ဆင်းသလဲ. . . စတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ပဲ အဓိကထားခဲ့တယ်၊ အဲ. . . ဒါပေမယ့် ဆော့ခရတ္တိ လက်ထက်ကျတော့ အဲသည်လို မဟုတ်တော့ဘူး"

ချမ်းနှင့် ဒီဝိုင်းက မှတ်စုစာအုပ်နှင့် ဘောပင်တို့ကို ချထားပြီး အသေအချာ စူးစိုက်နားထောင်နေသည်။ ဆရာမောင်ကြည်သစ်က. .

"ဆော့ခရတ္တိလက်ထက်ကစပြီး တွေးခေါ်ပညာရှင်တွေဟာ 'လူသား' အပေါ်မှာ အာရုံစိုက်လာကြတယ်၊ 'လူသားနဲ့ သူ့ရဲ့ပြဿနာတွေ' ကို ဖြေရှင်းဖို့ အဓိက ထားလာကြတယ်"

"တစ်ခု မေးခွင့်ပြုပါ ဆရာ"

ဒီဝိုင်းက လက်ညှိုးထောင်ပြီး မတ်တပ်ထရပ်လိုက်သည်။ ဆရာက သူ့ကို လှည့်ကြည့်လိုက်သောအခါ. . .

"သူ ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ ဆရာ"

ဆရာက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး. . .

"အဲဒီ မေးခွန်းဟာ သိပ်ကောင်းတယ်. . .

ဂရိတွေးခေါ်ပညာရှင်ကြီး ပလေတိုကတော့. . .

'Unfeathered Two Legged animal' လို့ ဖွင့်ဆိုခဲ့တယ်၊ ဆိုလိုတာကတော့. . .'လူဆိုတာ အမွေးအတောင်မပါတဲ့ ခြေနှစ်ချောင်းသတ္တဝါ' ဖြစ်တယ်ပေါ့"

❒

နောက်တစ်နေ့ ကျောင်းတက်သောအခါ ချမ်းနှင့် ဒီဝိုင်းတို့၏ လက်ထဲတွင် သတ္တဝါတစ်ကောင် ပါလာသည်။

အမွေးများ ပြောင်နေအောင် နှုတ်ထားသော ကြက်ဖကြီးတစ်ကောင် ဖြစ်၏။

***

ဆရာမောင်ကြည်သစ်က မြင်သွားသောအခါ သူတို့နှစ်ယောက်ကို မျက်မှောင်ကုပ်ကြည့်ပြီး မေးသည်။

"ဟေ့ကောင်တွေ. . . မင်းတို့လက်ထဲက ဘာကြီးလဲ"

www.burmeseclassic.com


“ပလေတိုရဲ့ ‘လူ’ ပါ ဆရာ”

ချမ်းက အမွေးမရှိတော့သည့် ကြက်ဖကြီးကို ပြရင်း ပြောလိုက်သည်။

ဆရာမောင်ကြည်သစ်၏ လက်ဝါးနှစ်ဖက်က သူတို့၏ နားရင်းများကို ‘ဖြောင်း’ ခနဲအောင် ရိုက်လေသည်။

●

၂၁ ရာစုတွင် Globalization (ကမ္ဘာဆန်ခြင်း)၏ အထွေထွေ ပြဿနာများကို ဖြေရှင်းရန် တစ်ခုတည်းသော နည်းလမ်းမှာ. . .

‘လူဆိုတာ ဘာလဲ’ ဟူသော မေးခွန်းကို ယဉ်ကျေးမှု အမျိုးမျိုး၊ အတွေးအခေါ် အမျိုးမျိုး ကွဲပြားနေသော ကမ္ဘာတစ်ဝှမ်းလုံးက တညီတညွတ်တည်း လက်ခံနိုင်မည့် အဖြေကို ရှာဖွေရန်ဖြစ်ပါသည်။

❒

www.burmeseclassic.com

# ၁

❐

ဒုတိယနှစ်ကျောင်းပြန်ဖွင့်စဖြစ်သောကြောင့် တက္ကသိုလ်ပရဝုဏ်ထဲတွင် လူသူ အသွားအလာ စည်ကားကာ ရှုပ်ယှက်ခတ်နေလေသည်။

ချမ်းနှင့် ဒီဝိုင်းက ဒီနှစ်မှ ပထမနှစ် စတက်လာသော ကျောင်းသား ကျောင်းသူအသစ်ကလေးများကို လိုက်ပြီး နောက်ပြောင်နေ၏။

"ဒီက ညီမလေးတွေက နယ်ကနေပြီး ကျောင်းလာတက်တာ ထင်ပါရဲ့. . . ဟုတ်လား"

"ဟုတ်ကဲ့. . . ကျွန်မတို့က သုံးဆယ်မြို့ကပါ"

"ဩော်. . . တိုက်ဆိုင်လိုက်တာ၊ အစ်ကိုတို့နှစ်ယောက်ကလဲ သုံးဆယ်သားပဲ"

ကောင်မလေးများက မယုံ။ မျက်စောင်းတစ်ချက် လှည့်ထိုးပြီး. . .

www.burmeseclassic.com


"ဟွန်း. . . ပလီပလာနဲ့. . . ဟုတ်လို့လား"

"ဩော်. . . တကယ်ပါ၊ အစ်ကိုက သုံးဆယ်သားအဆစ်၊ အခုတော့ ခရီးပန်းလာလို့ အစိတ်သားပဲ ကျန်တော့တယ်"

ကောင်မလေးများက ရယ်ရတော့မလိုလို၊ စိတ်ဆိုးရတော့မလိုလို ဖြစ်သွားပြီး. . .

"သွား. . . သွား၊ ဘာတွေလာပြောနေမှန်း မသိဘူး"

"ယုံပါ ညီမလေးတို့ရယ်. . . ဘုရားစူး မိုးကြိုးပွတ်"

"ဟေ့ကောင်. . . မိုးကြိုးက မပစ်ဘဲ ဘာဖြစ်လို့ ပွတ်သွားရတာလဲ"

"သကြားမင်း မအားလို့၊ သူ့မိန်းမကို လွှတ်လိုက်တာကိုးကွ"

ချမ်းနှင့် ဒီဝိုင်းတို့ အပြန်အလှန် ပြောချင်ရာတွေပြောပြီး သူတို့ ဘာသာ သဘောကျကာ တခွီးခွီးရယ်ကြ၏။ ထိုစဉ်. . .

"ဟေ့ကောင်တွေ. . . မင်းတို့ 'ပင့်ကူ' ကို တွေ့မိသေးလား"

အနားသို့ ပြုန်းခနဲရောက်လာပြီး မေးလိုက်သည့် အောင်စည်ဟိန်း၏ အသံကြောင့် သူတို့ ရုတ်တရက် လန့်သွားကာ လှည့်ကြည့်မိသည်။ ဒီဝိုင်းက. . .

"နွယ်ခွာညိုကို မေးတာလား၊ သွေးလှူဖို့ ရှိလို့ဆိုလားပဲ၊ တက္ကသိုလ် များဆေးရုံကိုသွားတယ်၊ ဘာဖြစ်လို့လဲ"

"ငါ့ကို လူတစ်ယောက် လာမေးနေတယ်ကွ၊ နွယ်ခွာညိုနဲ့ တွေ့ချင်လို့တဲ့ . . . အဲဒီလူက. . . အဲ. . . "

အောင်စည်ဟိန်းက စကားကို ဆက်မပြောသေးဘဲ ချင့်ချိန်နေပြီးမှ ပင့်သက်တစ်ချက် ခပ်မြန်မြန် ရှိုက်လိုက်ရင်း. . .

"အဲဒီလူက ဟိုဒင်းကွာ. . . နွယ်ခွာညိုနဲ့ကွဲနေတဲ့ သူ့အမေရဲ့ယောကျ်ား လို့ ပြောတာပဲ"

www.burmeseclassic.com


ချမ်းက ခေါင်းကို ကုတ်လိုက်ရင်း. . .

"ပြဿနာပဲ. . . အဲဒီလူက ဘာကိစ္စနဲ့ တွေ့ချင်ရတာတဲ့လဲ၊ ငါတို့က နွယ်ခွာညိုကို လိုက်ခေါ်ပေးပြီးမှ ကောင်မလေးက မတွေ့ချင်ပါဘူးဆိုရင် နေရင်းထိုင်ရင်း မျက်နှာပျက်ရဦးမယ်"

"အေး. . . ငါလဲ စဉ်းစားမိတယ်၊ အဲဒါကြောင့် အခု အဲဒီလူကြီးကို ကင်တင်းမှာ ထိုင်စောင့်နေခိုင်းထားပြီး မင်းတို့နှစ်ကောင်ဆီ ငါပြေးလာတာ။ မင်းတို့က ပင့်ကူကို တွေ့အောင်ရှာပြီး အကျိုးအကြောင်း ပြောပြလိုက်ကွာ၊ သူက တွေ့ဖို့ဆန္ဒ ရှိတယ်ဆိုရင်လဲ ခေါ်လာခဲ့လိုက်ပေါ့၊ အဲသည်လိုမှ မဟုတ်ဘဲ 'မတွေ့ချင်ဘူး' ဆိုရင်တော့လဲ ဟိုဧည့်သည်ကို ငါတို့က ကြည့်ကောင်းအောင် ပြောပြီး ပြန်လွှတ်လိုက်ရတော့မှာပဲ"

ချမ်းနှင့် ဒီဝိုင်းတို့က စိတ်လေးလေးပင်ပင်နှင့်ပင် ပြိုင်တူခေါင်းညိတ်ဖြစ်ကြ၏။

အောင်စည်ဟိန်းက. . .

'ငါ. . . မင်းတို့ကို ကင်တင်းကပဲ စောင့်နေမယ်. . . "

ဟု နှုတ်ဆက်ပြော ပြောကာ လှည့်ထွက်သွားသည်။

ချမ်းနှင့် ဒီဝိုင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက် ငေးကြည့်နေမိကြလေသည်။

❐

www.burmeseclassic.com


## ၇

❐

သွေးဖောက်ယူထားပြီးခါစဖြစ်သောကြောင့် ငြိမ်ငြိမ်ကလေး ခဏလောက် လှဲလျောင်းနေဖို့ရန် ဆရာဝန်က ပြောသော်လည်း နွယ်ခွာညို လှဲနေ၍ မရလောက်အောင် စိတ်တွေဂဏှာမငြိမ် ဖြစ်နေ၏။

စောစောတုန်းက သွေးမလှူရသေးခင် သွေးစစ်နေသည့်အချိန်အထိ သူ့သွေးကိုသူ 'A' (အေ) သွေးဟု အောက်မေ့ထားခဲ့သည်။

သူမကိုယ်တိုင်ပဲ အမှတ်မှားသလားတော့ မသိ။ မှတ်ပုံတင်လုပ်ဖို့ လျှောက်လွှာရှိ ဇယားကွက်များကို ဖြည့်စဉ်တုန်းက သူမအဖေ ပြောခဲ့ဖူးသည်။ (သို့မဟုတ်. . . ပြောခဲ့ဖူးသည်ဟု သူမစိတ်က ထင်နေ၏။)

"အဖေ့သွေးလဲ 'A' သွေးပဲ၊ နင့်အမေသွေးလဲ 'A' သွေးဆိုတော့ သေချာပါတယ်. . . သမီး သွေးအုပ်စုလဲ 'A' ပဲ ဖြစ်မှာပေါ့"

သူမကလည်း အဖေ ပြောသည့်အတိုင်းပင် လျှောက်လွှာဖယား ကွက်ထဲ၌ ဖြည့်လိုက်၏။ ယခုအချိန်ထိလည်း သူမ၏ မှတ်ပုံတင်ထဲတွင် 'သွေးအုပ်စု' ဆိုသော နေရာ၌ 'A' ဟု ဖော်ပြထားဆဲပင် ဖြစ်သည်။

သို့သော်. . .

ယခု သွေးမလှူခင် သွေးလှူဘဏ်မှ ကျွမ်းကျင်သူက သူမ၏သွေးကို ဖောက်စစ်ကြည့်ပြီး. . .

"ညီမလေးရဲ့သွေးက 'O' (အို) အုပ်စုပဲ"

ဟု ပြောသောအခါ သူမ အံ့သြသွားရသည်။

ဘုရားရေ. . . တစ်ခုခုတော့ မှားယွင်းနေပေါ့။

စိတ်ကို တည်ငြိမ်အောင် အာရုံစုစည်းပြီး သူမ အသေအချာ စဉ်းစားကြည့်လိုက်သည်။

မှားယွင်းနိုင်သည်မှာ အချက်အလက် (၃) ခုသာ ရှိ၏။

(၁) သူမ၏ အဖေကို စစ်ထားသည့်သွေးအုပ်စု သတ်မှတ်ချက်က မှားယွင်းနေခြင်းလည်း ဖြစ်နိုင်၏။

(၂) သူမ၏ အမေကို စစ်ထားသည့်သွေးအုပ်စု သတ်မှတ်ချက်က မှားယွင်းနေခြင်းလည်း ဖြစ်နိုင်၏။ (သို့မဟုတ်) အမေ့သွေးအုပ်စုကို သူမ၏ ဖခင်ဖြစ်သူ ဦးဝင်းကျော်က သေသေချာချာ သိမထားဘဲ အမှတ်မှားနေခြင်းလည်း ဖြစ်နိုင်၏။

ထိုသို့မှ. . . မဟုတ်လျှင်တော့. . .

www.burmeseclassic.com



နံပါတ် (၃) အချက်သည်. . . . . . . . . ။

ထိုနံပါတ် (၃) အချက်ကို သူမ တွေးမကြည့်ရဲတော့ပါ။ အို. . . ဘုရား. . . ဘုရား. . . မဟုတ်ပါစေနဲ့. . . မဟုတ်ပါစေနဲ့. . . ။

ဒီအကြောင်းကို ဖေဖေသာ သိသွားရင် ဘယ်လိုတွေဖြစ်ကုန်ဦးမှာလဲ. . . ?

?

?

?

www.burmeseclassic.com

◆

အမြစ်တွေ ရှည်လျားလွန်းလိုက်တာ
ငါဟာ ဘာသစ်ပင်ပါလိမ့်ကွယ်

◆

www.burmeseclassic.com

◆

မျှော်လင့်ချက်တွေကလည်း
သစ်ရွက်တွေလိုပဲ
တဖွဲဖွဲ ကြွေကျတတ်လွန်းတော့
ငါ့မှာ
လေပြည်လေညင်းတိုက်ခတ်မှာကိုတောင်
ကြောက်ရွံ့နေရ
. . . . . . . .

◆

◆

ဒီလိုသာဆို

လူဖြစ်ရတာ ဘာများအဓိပ္ပာယ်ရှိသေးလို့လဲ . . .။

◆

www.burmeseclassic.com

# ဃ

❒

“နင့်ကို ကြည့်ရတာ စာအုပ်အသစ်တစ်အုပ်ကို ဖြန်းခနဲ လှန်ဖတ်လိုက်ရသလိုပဲ၊ စောစောကပုံစံနဲ့ ဘာမှမဆိုင်တော့ဘူး၊ ချက်ချင်းကြီး ရင့်ကျက်သွားတယ်”

ဒီဝိုင်းက နွယ်ခွာညို ရှင်းပြသမျှကို အစအဆုံး နားထောင်ပြီးနောက် မှတ်ချက်ပေး၏။ ခွာညိုက ခေါင်းခါလိုက်ရင်း. . .

“ရင့်ကျက်သွားတာမဟုတ်ဘဲ ရင့်ရော်သွားတာလဲ ဖြစ်နိုင်တာပဲ”

“မဟုတ်ပါဘူး၊ ဒီလို အခြေအနေမျိုးကို မိန်းကလေးတစ်ယောက် အနေနဲ့ မျက်ရည်တစ်စက်မှ မကျဘဲ၊ တုန်လှုပ်ချောက်ချားတာတွေမရှိဘဲ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်တာကို ငါက ချီးကျူးတာပါ”

ချမ်းက ဝင်ပြောလိုက်သည်။

“လောလောဆယ်မှာတော့ ဒီကိစ္စကို နင့်အဖေကို အသိမပေးနဲ့ဦးပေါ့. . ။

www.burmeseclassic.com



ဖြစ်နိုင်ရင် တစ်သက်လုံး အသိမပေးဘဲ ထားလိုက်ဟာ. .။ သူ စိတ်အနှောင့် အယှက်ကင်းကင်းနဲ့ နေသွားနိုင်ပါစေ"

"ကျွန်မလဲ အဲသည်လိုပဲ စိတ်ကူးထားပါတယ်"

"နင့်အဖေကို အသိမပေးဘဲ ထားရမယ့် နောက်ထပ်ကိစ္စတစ်ခု ရှိသေးတယ်"

ခွာညိုက နားမလည်နိုင်စွာဖြင့် လှည့်ကြည့်ရင်း. . .

"ဘာလဲ"

"နင့်ကိုတွေ့ချင်လို့တဲ့ . . . ဧည့်သည်တစ်ယောက် ရောက်နေတယ်၊ အခု. . . အဲဒီလူကို ကင်တင်းမှာ ထိုင်စောင့်ခိုင်းထားတယ်၊ အဲ. . . အဲဒီ လူက. . ."

ဒီဝိုင်းက စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်ထားဖြစ်၏။ ခွာညို က ဒီဝိုင်း၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်သည်။ တစ်စုံတစ်ရာကို ရှာဖွေနေသော မြွေဆိုး တစ်ကောင်၏ အကြည့်မျိုးဖြင့်. . .

"အဲဒီလူက ဘယ်သူလဲ"

"အဲ. . . အဲဒီလူက နင့်အမေရဲ့ ခင်ပွန်းလို့ ပြောတယ်"

"ဩော်. . ."

ထိုစကားအဆုံးတွင် တိတ်ဆိတ်သွားသည်။ လူသေအလောင်းတစ်လောင်း၏ မျက်ဝန်းလို ပကတိ တိတ်ဆိတ်သွား၏။

*

ကမ္ဘာမြေတစ်ခုလုံး ဆွတ်ဆွတ်ဖြူကာ တိတ်ဆိတ်နေသည်ဟုပင်

အောက်မေ့ရ၏။ သစ်ရွက်တွေ တိတ်ဆိတ်စွာ ကြွေကျနေကြ၏။ လေပြည်သည် တိတ်ဆိတ်စွာ တရွေ့ရွေ့ဖြင့် တွားသွားရွေ့လျားလာ၏။ ထွက်သက် ဝင်သက် ကလေးတစ်ချက် ရှိုက်လိုက်သည်ကအစ နူးညံ့စွာ တိတ်ဆိတ်နေလေသည်။

*

သူမ၏ ပါးပြင်ပေါ်တွင်ရှိသော ဒဏ်ရာအမာရွတ်သေးသေး ကလေးကို တိတ်တဆိတ်ဖြင့်သာ ငေးကြည့်နေမိတော့သည်။

***

"နင်. . . အဲဒီလူကို တွေ့ချင်တဲ့ဆန္ဒရှိရဲ့လား"

သူမက အသာအယာပင် ခေါင်းညိတ်သည်။

"တွေ့မှာပါ"

သူမစကားက မဆုံးသေးသလို လေပြည်ထဲတွင် ဝေ့ဝဲနေဆဲရှိသေး၏။ ခွာညို့အကြည့်က ဟိုးအဝေးရှိ ခရမ်းရောင်သန်းသော သစ်ပင်အရိပ် စိမ်းညို့ညို့ တွေဆီ ငေးစိုက်နေသည်။ နောက်မှ သက်ပြင်းကို တစ်ချက်ချလိုက်ပြီး စကားကို ဆက်သည်။

"တွေ့မှာပါ. . . ပြီးတော့ အခုလိုတွေ့ဖြစ်တဲ့အကြောင်းကို ဖေဖေ့ကို ပွင့်ပွင့်လင်းလင်း အသိပေးလိုက်မှာပါ။ သူ့အတွက် စိတ်အနှောင့် အယှက်မဖြစ် လောက်တဲ့ကိစ္စဆိုရင်ပေါ့လေ"

www.burmeseclassic.com


"နင့်အဖေက အစကတည်းက စိတ်က ခပ်တိုတိုဥစ္စာ. . .'နင် ဘာဖြစ်လို့ လက်ခံစကားပြောရတာလဲ' လို့ မေးရင် ဘယ်လိုဖြေမလဲ"

သူမ ခေါင်းခါသည်။ အဝေးဆီ ငေးလက်စအကြည့်ကို ကောင်းကင်ဆီ ရွှေ့၏။ လေပြည်တစ်ချက် တိုက်ခတ်လိုက်သောကြောင့် နားရွက်အစပ်ရှိ ဆံစတွေ လှုပ်ခါသွားသည်။

ကြေကွဲစရာကောင်းသော စကားတစ်ခွန်းကို သူမ ဆို၏။

"နဂိုကတည်းက မှားနေတဲ့မေးခွန်းတစ်ခုကို ဖြေဖို့ကြိုးစားခဲ့တဲ့ လူဟာ ကျွန်မပဲလေ"

❒

www.burmeseclassic.com

# ၄

❐

ငှက်ငယ်တို့ တွန်သံကျူးသံသဲ့သဲ့ကြားရသည်။

ကျောင်းကင်တင်းတွင် လူသူကင်းရှင်းစပြုပြီ။ မြေသားမှုန်တွေကပ်ညှိနေသော ကွန်ကရစ်လမ်းပေါ်သို့ နေရောင်ခြည် ပြောက်တိပြောက်ကျား ကျနေ၏။

ကံ့ကော်ပင်တွေ ခြောက်သွေ့ညှိုးရော်စွာ စီတန်းပေါက်နေသည်ကို ကြည့်ရ သည်မှာ ကြေကွဲမှုသချိုင်းတွင် စိုက်ထူထားသည့် အလွမ်းလက်ဝါးကပ်တိုင်များနှင့် တူနေလေသည်။

“သမီးက နွယ်ခွာညို ဆိုတာလား”

“ဟုတ်ပါတယ်. . . အန်ကယ်”

နာရီလက်တံက နှေးကွေးလက်လံစွာ တစ်ချက်ရွေ့လျားသွားသည်။ သစ်ရွက်ကြွေတွေပေါ် လျောတိုက်ဖြတ်သန်းသွားသော မြွေတစ်ကောင်ကို မြင်ရ၏။

www.burmeseclassic.com



"အန်ကယ့်နာမည်က ဦးငြိဏ်းဝေပါ. . . အန်ကယ်က သမီး မေမေ ရဲ့. . . "

"ကျွန်မ သိပြီးပါပြီ အန်ကယ်၊ မိတ်ဆက်မနေပါနဲ့တော့၊ အန်ကယ် . . . ကျွန်မကို တွေ့ချင်ရတဲ့ အကြောင်းရင်းလေးကိုသာ သိပါရစေရှင်"

ဦးငြိဏ်းဝေက ခွာညိုနှင့် မျက်လုံးချင်းမဆုံမိအောင် အကြည့်လွှဲလိုက်ရင်း. . .

"အန်ကယ်က တွေ့ချင်တယ်ဆိုတာထက် သမီးမေမေက တွေ့ချင် တာလို့ပြောရင် ပိုမှန်မယ်ထင်တယ် သမီး၊ ဒါပေမယ့်. . . "

သူ့စကားက တစ်ခုခုကို လျှို့ဝှက်ထားသလိုမျိုး မီးခိုးရောင်ပျပျ ဆိုင်းနေ၏။ သူက ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ စကားကိုဆက်သည်။

"ဒါပေမယ့်. . . လောလောဆယ်မှာ သမီးရဲ့မေမေက သမီးဆီ အရောက်လာနိုင်တဲ့အခြေအနေ မရှိလို့. . . "

"ရှင်. . . မေမေ ဘာဖြစ်လို့လဲ"

"မင်း မေမေ ပြီးခဲ့တဲ့ တနင်္လာနေ့က ကျောက်ကပ်တစ်လုံး ခွဲစိပ်ပြီး ထုတ်လိုက်ရတယ်၊ ခုထိလည်း အခြေအနေက သိပ်မကောင်းဘူး"

"ဪ. . . "

သူမက 'ဪ. . . ' ဟု ညည်းရင်း ကျောပိုးအိတ်ထဲမှ CHEWING GUM (ပီကေ) တစ်ခုကို ထုတ်ယူပြီး စက္ကူပတ်ကို ဖြေသည်။ ထို့ နောက် ပါးစပ်ထဲ ပစ်ထည့်ကာ ဝါးနေလိုက်၏။

"အဲဒါ. . . သမီးမေမေက သူ မသေခင်. . . သမီးကို တွေ့သွားချင်ပါတယ်လို့ တဖွဖွပြောနေတာနဲ့ အန်ကယ်ကိုယ်တိုင် လာ အကြောင်းကြားတာပါ၊ ဖြစ်နိုင်ရင်. . . သမီး လိုက်တွေ့စေချင်တယ်"

www.burmeseclassic.com


ဦးငြိဏ်းဝေက စကားကို အဆုံးသတ်ပြီး ခွာညို့မျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်သည်။ သူမက ခေါင်းလည်းမညိတ်၊ ခေါင်းလည်း မခါ ပီကေကိုသာ ဝါးနေ၏။

ဦးငြိဏ်းဝေက. . .

"သမီး မေမေကို လိုက်တွေ့ဖြစ်အောင်တွေ့ပါကွယ်. . . လိုက်မယ် မဟုတ်လားဟင် သမီး"

သူမ ပီကေကို နှုတ်ခမ်းဖျားတွင် စုကာ ဖွဖွကလေး မှုတ်လိုက်သည်။ နှုတ်ခမ်းဝိုင်းဝိုင်းကလေး၏အစပ်တွင် ပီကေပူဖောင်းတစ်လုံး စူလာ၏။

ခဏမျှသာ ကြာလိုက်သည်။ ပူဖောင်းက ဖေါက်ကနဲ ပေါက်ထွက်သွား၏။

www.burmeseclassic.com

◆

အမြစ်တွေ ရှည်လျားလွန်းလိုက်တာ
ငါဟာ ဘာသစ်ပင်ပါလိမ့်ကွယ်

◆

www.burmeseclassic.com


ဟုတ်တယ်။ ငါ လိုက်သွားသင့်တယ်။ ဒါဟာ မေမေနဲ့ တွေ့ရဖို့ နောက်ဆုံး အခွင့်အရေး ဖြစ်ချင်ဖြစ်နေနိုင်တယ်။ ပြီးတော့ ငါသိချင်တဲ့ မေးခွန်းတွေ အားလုံးကို ဖြေဆိုနိုင်မယ့် သူဟာလည်း ဒီကမ္ဘာလောကကြီးထဲမှာ မေမေ တစ်ယောက်ပဲရှိတာ မဟုတ်လား။

◆

သူမက အေးတိအေးစက်ဖြင့်. . .

"လိုက်မယ်"

ဟု ခေါင်းညိတ်ပြလိုက်သောအခါ အားလုံးက အံ့အားသင့်သွားကြ၏။ ဒီဝိုင်းက လေသံခပ်တိုးတိုးဖြင့် မေးလိုက်သည်။

"နင့်အဖေက သဘောတူမယ် မထင်ဘူး၊ သူက လိုက်ခွင့်မပြုရင် ဘယ်လို လုပ်မလဲ"

"ဒါတော့. . . မတတ်နိုင်ဘူး၊ တစ်ခုကို လိုချင်ရင် တစ်ခုကိုတော့ စွန့်လွှတ်ရမှာပဲ၊ စကားပုံတစ်ခုရှိတယ်၊ ရှေ့ကိုခြေတစ်ဖက်လှမ်းရင်. . . နောက်မှာ ခြေတစ်ဖက်တော့ ကျန်ရစ်ခဲ့တာပဲ. . . တဲ့"

"နင်က ရှေ့ကို ဆက်လှမ်းဖို့ ဆုံးဖြတ်ထားပြီးပြီပေါ့. . . ဟုတ်လား"

ခွာညို့ဆံပင်တွေက လေအဝှေ့မှာ မျက်နှာပေါ် ဝဲကျလာသည်။ သူမက. . .

"ဟုတ်တယ်. . . အမှန်တရားကို တွေ့ချင်ရင် လေးဖက်ထောက်ပြီးပဲ သွားရသွားရ ရှေ့ကိုတော့ ဆက်သွားရမှာပဲ"

❒

www.burmeseclassic.com

# အခန်း (၁၅)

www.burmeseclassic.com

- - .

www.burmeseclassic.com

❐

အိမ်ထဲသို့ လှမ်းဝင်ဝင်လိုက်ချင်းမှာပင် အေးစက်မှုတစ်ခုဖြင့် သူမ တစ်ကိုယ်လုံး နာကျင်သွားသလို ခံစားရလေသည်။

ငါ စိတ်ထဲက ထင်လို့ဖြစ်မှာပါ. . . ဟု တွေးရင်း ညင်သာသော ခြေလှမ်းများဖြင့် ဧည့်ခန်းကို သူမ ဖြတ်လျှောက်လာခဲ့၏။

"သမီး. . . ညနေဘက် ဘယ်သွားစရာရှိသေးလဲ"

ဦးဝင်းကျော်၏ စကားသံကြောင့် သူမ တုံ့ခနဲရပ်သွားပြီး လှည့်ကြည့်ဖြစ်သည်။

"မရှိ. . . မရှိပါဘူး ဖေဖေ၊ ဘာဖြစ်လို့လဲ"

"ဖေဖေ. . . ခေါင်းထဲကမူးသလိုပဲ၊ သွေးများတက်သလားမသိဘူး၊ အဲဒါ ညနေကျရင် ဆေးခန်း သွားပြချင်လို့"

ညနေကျရင် ဘူတာဆင်းမည့်ကိစ္စကို ဖေဖေကို ဘယ်လိုပြောရပါ့မလဲဟု တွေးရင်း စကားအစရှာမရဘဲ သူမ ငိုင်တွေကာ ရပ်နေမိသည်။

www.burmeseclassic.com


ဦးဝင်းကျော်က သူမ၏ အမူအယာကို သတိမထားမိသေး။ လက်ဖက်တစ်ဇွန်းကို ကောက်ဝါးရင်း သူပြောချင်သည်ကိုသာ ပြောနေသည်။

"ဖေဖေကလည်း အသက်ကကြီးလာပြီဆိုတော့. . . ကျန်းမာရေးက မကောင်းတော့ဘူး. . . သေဖို့နီးလာတဲ့အချက်ပေး ခေါင်းလောင်းသံတွေပေါ့ကွယ် . . . အဲဒါကြောင့် ဘုရားကဟောတာ. . . အနိစ္စ၊ ဒုက္ခ၊ ပလပ်. . . ပလပ် . . . တဲ့"

"ဖေဖေကလဲ. . . အနိစ္စ၊ ဒုက္ခ၊ အနတ္တပါ၊ ဘယ်က. . . အနိစ္စ၊ ဒုက္ခ . . . ပလပ်. . . ပလပ် ရမှာလဲ"

"ဩော်. . . ပလပ်. . . ပလပ်ဆိုတာက ဖေဖေ လက်ဖက်ဝါး လိုက်မိတဲ့ အသံပါ"

ဦးဝင်းကျော်က ပြောပြောဆိုဆိုနှင့် လက်ဖက်ကိုသာ တစ်ဇွန်းပြီး တစ်ဇွန်း ငုံ့စားနေသည်။ ခွာညိုက သူမ၏ ဖခင်အနီးသို့ တစ်လှမ်းချင်း လျှောက်သွားပြီး ကြမ်းပြင်ပေါ်တွင် ဒူးတုပ်ထိုင်ချလိုက်၏။

"ဖေဖေ. . . "

သူမ. . . တိုးညှင်းစွာ ခေါ်မိ၏။ ဦးဝင်းကျော်က တစ်ချက်မော့ကြည့်ပြီး မျက်ဝန်းဖြင့်မေးသည်။

"ဖေဖေ့ကို သမီး ပြောစရာတစ်ခုရှိတယ်"

"ဘာလဲ. . . သမီး"

"ဒီနေ့. . မေမေဆီက လွှတ်လိုက်တဲ့ ဧည့်သည်တစ်ယောက် သမီးဆီရောက်လာတယ်၊ အဲဒီဧည့်သည်က မေမေရဲ့ အိမ်ထောင်ဖက်ပါ. . . ဦးငြိမ်းဝေ တဲ့"

❐

www.burmeseclassic.com

❐

တယ်လီဖုန်းအနီးတွင်ထိုင်ရင်း ချမ်းနှင့် ဒီဝိုင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေဖြစ်ကြသည်။

နံရံပေါ်ရှိ တိုင်ကပ်နာရီမှ ညနေ ခြောက်နာရီထိုးသံ ပေါ်ထွက်လာသည်။

ဒီဝိုင်းက တယ်လီဖုန်းကို တစ်ချက်လှမ်းကြည့်လိုက်ရင်း. . .

"ခွာညိုက မန္တလေးသွားဖြစ်ရင် ဘူတာဆင်းခါနီး ဖုန်းဆက်မယ်လို့ အသေအချာမှာခဲ့တာပဲ၊ ခုချိန်ထိ ဖုန်းမဆက်သေးပုံထောက်တော့ မသွားဖြစ်တော့ဘူးနဲ့ တူတယ်၊ သူ့အဖေနဲ့ ပြဿနာတက်နေပြီလား မသိဘူး"

ချမ်းက စောင့်ဆိုင်းနေရသည်ကို စိတ်မရှည်သလိုမျိုး ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်ပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ ထို့နောက်. . .

"အင်း. . . ဦးငြိဏ်းဝေကတော့ ၅း၃၀ ရထားနဲ့ မန္တလေး ပြန်တက်သွားလောက်ပြီ. . . မမီတော့ဘူး"

www.burmeseclassic.com



"ပြောလို့တော့ မရသေးဘူး၊ ခုနေ. . . ခွာညိုထွက်မယ်ဆိုရင် ၇း၃၀ ရထားတစ်စင်းတော့ မီဦးမှာပါ၊ အရေးကြီးတာက သူ့အဖေကြီးက သဘောတူဖို့ပဲ"

နှစ်ယောက်စလုံး သက်ပြင်းကို ပြိုင်တူချမိကြ၏။ ချမ်းက. . .

"အခုနေ. . . ဖြစ်နိုင်ရင် သူတို့အိမ်ထဲကို အတင်းအဓမ္မဝင်ပြီး ခွာညို့ကို မရ ရတဲ့နည်းနဲ့ ဆွဲခေါ်ထုတ်လာချင်လိုက်တာ"

"ငါလဲ မင်းလိုပဲပေါ့ကွာ၊ ခွာညို့ဖက်ကလဲ စဉ်းစားကြည့်ပါဦး၊ သူ အရမ်း သွားချင်နေရှာမှာ"

"မင်းခေါင်းထဲမှာကော ဘာအကြံဉာဏ်မှ မရှိတော့ဘူးလား၊ နည်းလမ်း လေး ဘာလေး ရှာပါဦးကွ"

ဒီဝိုင်းက ခေါင်းကို ခါယမ်းလိုက်ပြီး. . .

"သူတို့ ခြံတံခါးကို ဆင်နဲ့ အတင်းတိုက်ဖျက်ပြီး ခေါ်ထုတ်မှရမယ့် အခြေ အနေမျိုးကွ၊ ဘယ်ဖြစ်နိုင်မှာလဲ. . . ရာဇဝင်ထဲမှာတော့ ဆင်တွေကို နိုင်နင်းတဲ့ ဥဒ္ဒိန္နမင်းဆိုတာ ရှိဖူးတယ်၊ သူ့ရည်းစား ဝါသဝဒတ္တမင်းသမီးရဲ့အဖေ ဘုရင်ကြီးက သူနဲ့ သဘောမတူဘူးလေ"

"အဲဒီတော့. . . "

"အဲဒီတော့ ဝါသဝဒတ္တ မင်းသမီးက ဆင်နဲ့ ခိုးရာလိုက်ပြေးရတာပေါ့"

"ဘုရား. . . ဘုရား. . . မဖြစ်သင့်တာကွာ၊ လူလူချင်းဆိုတော်သေး တယ်၊ ခုတော့. . . ဒီမင်းသမီးချော ကြံကြံဖန်ဖန် ဆင်နဲ့မှ ဖြစ်ရတယ်လို့"

ဒီဝိုင်းက ခပ်တိုးတိုးဆဲ၏။

"ဟေ့ကောင်. . . ပေါက်တတ်ကရတွေ မတွေးနဲ့၊ ဥဒ္ဒိန္နမင်းက ကောင် မလေးကို ဆင်ပေါ်မှာတင်ပြီး ခိုးပြေးတာလို့ ပြောတာ"

ချမ်းက သက်ပြင်းတစ်ချက်ချပြီး ရေတစ်ခွက်ကို မော့သောက်၏။ ထို့ နောက်. . .

www.burmeseclassic.com


"အေး. . . ခုတော့ မင်းကော ငါကော ဥဒ္ဒိန္နဘုရင် မဟုတ်ဘူး၊ ဆင်လဲ မရှိဘူး. . . ခွာညို့ကို အတင်းခေါ်ထုတ်ဖို့ ဖြစ်မှမဖြစ်နိုင်တာ"

ပြောပြောဆိုဆိုဖြင့် သူတို့နှစ်ဦးစလုံး၏အကြည့်က တယ်လီဖုန်းဆီ ရောက်သွားပြန်၏။

တိတ်မြဲ တိတ်ဆိတ်နေဆဲပင် ရှိလေသည်။

❐

www.burmeseclassic.com

❒

"အမေ ဆိုတာ . . . သမီးဘဝအတွက် သိပ်အရေးကြီးတဲ့ လူတစ်ယောက်ပါ ဖေဖေ၊ အခု . . . သူရဲ့ နောက်ဆုံးအချိန်ကို သမီး သွားကြည့်ပါရစေ"

"လုံးဝ သွားခွင့်မပြုနိုင်ဘူး သမီး"

ဦးဝင်းကျော်က နံရံတွင် ထောင်ထားသောတုတ်ကောက်ကို ဆွဲယူကာ အားပြုရင်း မတ်တပ်ထရပ်လိုက်သည်။ ဒေါသဖြင့် သူ့တစ်ကိုယ်လုံး ယိမ်းယိုင်တုန်လှုပ်နေသည့်ကြားမှ . . .

"ဘာကိစ္စပဲရှိရှိ . . . နင့်အမေနဲ့ သွားပတ်သက်စရာမလိုဘူး၊ ငါ မကြိုက်ဘူး၊ ဒါ . . . နောက်ဆုံးစကားပဲ"

"ဘာဖြစ်လို့ ကျွန်မကို မေမေနဲ့ မပတ်သက်၊ မဆက်ဆံစေချင်ရတာလဲ ဖေဖေ"

"အကျင့်စာရိတ္တမကောင်းတဲ့သူနဲ့ ဆက်ဆံနေရင် နင်ပါ အကျင့်ပျက်သွားမှာပေါ့"

www.burmeseclassic.com


"ဒါတော့ မဟုတ်သေးဘူးထင်တယ် ဖေဖေ၊ နေရောင်ခြည်ဟာ အမှိုက်ပုံပေါ် လဲကျတာပဲ. . . ရေဆိုမြောင်းထဲလဲ ဝင်တာပဲ၊ ဒီ့အတွက် နေရောင်ခြည်ဟာ ညစ်ပတ်သွားသလား၊ အရာရာမှာ ကိုယ်သာအဓိကပါ ဖေဖေ၊ အခုကိစ္စမှာ ဖေဖေ့ဘက်က သဘောထားကြီးဖို့ တစ်ခုပဲလိုပါတယ်"

ဦးဝင်းကျော်က တုတ်ကောက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရာမှ ကြမ်းပြင်ကို 'ဒုန်း'ခနဲ မြည်အောင် စိတ်ဆိုးမာန်ဆိုးဖြင့် ဆောင့်လိုက်ပြီး. . .

"တော်ပြီ. . . သမီး၊ ဘာမှဆက်ပြောမနေနဲ့၊ အဲဒီကို သမီး လုံးဝမသွားရဘူး"

"သမီး. . . အနူးအညွတ် တောင်းပန်နေတာပါ ဖေဖေ"

"အေး. . . ဖေဖေကလည်း ပြတ်ပြတ်သားသား တားမြစ်နေတာပဲ၊ တစ်ခုတော့ပြောထားလိုက်မယ်၊ နင့်အနေနဲ့ ငါ မသိအောင် ခိုးပြီး သွားချင်လဲ သွားနိုင်တယ်၊ အေး. . . ဒါပေမယ့်. . . သွားပြီးရင်တော့ ဘယ်တော့မှ ပြန်မလာနဲ့တော့. . . ဒါပဲ"

❒

www.burmeseclassic.com

◆

‘ခွင့်လွှတ်ခြင်း’ ကို မမွေးမြူတတ်သူတစ်ဦး၏
နှလုံးအိမ်သည် ပူလောင်မှုအဆိပ်သစ်သီးများကိုသာ
သိမ်းပိုက်ထားရသော ဥယျာဉ်ဖြစ်လေသည်။

❒

www.burmeseclassic.com

❐

“ကလင်. . . ကလင်. . . ကလင်”

တယ်လီဖုန်းသံကြောင့် ချမ်းက ကုလားထိုင်ပေါ်တွင် ထိုင်လျက်သား အိပ်ပျော်နေရာမှ ရုတ်တရက် နိုးလာ၏။

နံရံပေါ်မှ တိုင်ကပ်နာရီကို ကြည့်လိုက်သောအခါ နံနက် ၄း၀၀ နာရီ ထိုးခါနီးနေပြီ၊ အရုဏ်မလင်းသေး၊ အပြင်အပတွင် မှောင်မိုက်နေဆဲ ရှိသေး၏။

ကမန်းကတန်းထကာ တယ်လီဖုန်းကို ကိုင်လိုက်သည်။

“ဟဲလို. . . ”

“ကျွန်မပါ”

သူ အံ့သြသွားသည်။ မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်ပေါ်မှ ဒီဝိုင်းသည် အိပ်ချင်မူးတူး မျက်နှာဖြင့် ‘ဘယ်သူလဲ’ ဟု မေးငေါ့ပြီး မေး၏။

ချမ်းက. . . ‘ခွာညို ဆက်နေတာ’ ဟု လှမ်းပြောလိုက်ပြီး တစ်ဆက်တည်း. . .

www.burmeseclassic.com


"ခွာညို. . . အခြေအနေ ဘယ်လိုလဲ၊ ငါတို့ နင့်ဆီက ဖုန်းကို တစ်ချိန် လုံးစောင့်နေတာ၊ နင် မန္တလေး သွားဖြစ်လား"

"သွားဖြစ်တယ်. . . အခု မနက် ၅း၃၀ ရထားနဲ့ လိုက်မှာ၊ ခဏနေရင် ဘူတာရုံကို ဆင်းတော့မလို့"

ချမ်းက အံ့ဩသွားသည်။

"ဟ. . ဘယ်လိုဖြစ်တာလဲ၊ မှောင်ကြီးမည်းမည်းထဲ ဘယ်သူလိုက်ပို့ မှာလဲ လက်မှတ်ကော ရပြီးပြီလား"

"ရှင်ကလဲ. . . မေးနေရသေးလား၊ ဘယ်သူလိုက်ပို့မှာလဲ၊ ကျွန်မတစ် ယောက်ထဲ သွားမှာပေ့ါ၊ အဖေ မသိအောင် ခိုးထွက်ရမှာ. . . လက်မှတ်ကိုလဲ ဟိုရောက်မှပဲ ကြည့်စီစဉ်တော့မယ်၊ ခုံမဲ့ပဲရ ရ ဘာပဲရရ. . . ရရာ လက်မှတ် ဝယ်ပြီး လိုက်ရတော့မှာပဲ"

"ဟိုက်. . . ဘယ်ဖြစ်မလဲ၊ မိန်းကလေးတစ်ယောက်တည်း. . . နေဦး . . . နေဦး. . . ငါ ဟိုကောင်နဲ့ တိုင်ပင်လိုက်ဦးမယ်"

ချမ်းက ဒီဝိုင်းဘက်လှည့်ကာ အခြေအနေကို ရှင်းပြလိုက်သည်။ ချမ်းက စကားမဆုံးမီမှာပင် ဒီဝိုင်းက အခန်းထဲမှ ပြေးထွက်ရင်း. . .

"ဟေ့ကောင်. . . ခွာညိုကို စကားနည်းနည်းပြောပြီး အချိန်ဆွဲထား၊ ငါတို့ နှစ်ယောက်စာ အဝတ်အစားတွေကို ခရီးဆောင် အိတ်နှစ်အိတ်ထဲ အမြန်ထည့် လိုက်ဦးမယ်. . . ခဏလေး. . . ခဏလေး"

ဟု အော်ပြောကာ အပေါ်ထပ်ဆီ တဒုန်းဒုန်း ပြေးတက်သွား၏။ ထို စဉ်. . . တစ်ဖက်မှ ခွာညိုက. . .

"ရှင်တို့ ဘာတွေတိုင်ပင်နေတာလဲ၊ ပြောစရာရှိရင် မြန်မြန်ပြော. . ကျွန်မ က အချိန်မီအောင် သွားရဦးမှာ"

"ဟိုဒင်းလေ. . . ခွာညို့ရဲ့ ဒါက ဒီလိုရှိတယ်၊ အခု. . . နင်က မိန်းကလေးတစ်ယောက်တည်း ခရီးသွားမှာဆိုတော့ အရေးအကြောင်းပေါ်ရင် အကူအညီရအောင် အဖော်လိုမှာပေါ့၊ လူစွမ်းကောင်းတစ်ယောက်လောက် ဘော်ဒီဂတ်ခေါ်သွားပါလား"

"ဘာလဲ. . . ရှင်တို့နှစ်ယောက်ကို ခေါ်သွားရမှာလား. . . နေစမ်းပါ၊ ကျွန်မ ကိစ္စအတွက် ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ဘူး၊ နေ. . . နေ. . . မလိုက်ခဲ့နဲ့"

"မဟုတ်သေးဘူးလေ. . . ပုဂံရာဇဝင်မှာ နာမည်ကြီးခဲ့တဲ့ ဟိုသူရဲကောင်းကို ကြည့်ပါလား၊ ဘယ်သူ. . . အဲ. . . ထီးဆိုင်ဖွင့်ပြီးရောင်းတဲ့သူလေ. . . 'ထီးဆိုင်ရှင်' လို့တောင် ခေါ်ကြတာ"

ခွာညို့ဆီမှ စိတ်ပျက်လက်ပျက် ရယ်သံသဲ့သဲ့ ကြားရ၏။

"ပေါက်ကရတွေ. . . ဘယ်က 'ထီးဆိုင်ရှင်' ရမှာလဲ၊ ထီးလှိုင်ရှင်ပါ"

"ဩော်. . . ဟုတ်တယ်. . . ဟုတ်တယ်၊ သူပေါ့. . . မဏိစန္ဒာမင်းသမီးကို လိုက်စောင့်ရှောက်တာ၊ အဲဒီ သူရဲကောင်းဆို ငယ်ငယ်ကတည်းက ရေသောက်တဲ့အခါ ပါးစပ်ထဲက အရောင်အဝါတွေ ပြိုးပြိုးပြက်ပြက် တောက်ပသတဲ့"

"ဘုန်းတန်ခိုး ကြီးလို့လား"

"ဟင့်အင်း. . . ရွှေသွားတွေ စိုက်ထားလို့"

ခွာညိုက အသံခပ်အုပ်အုပ်ဖြင့် ရယ်လိုက်ရင်း. . .

"တော်စမ်းပါရှင်. . . အရေးထဲမှာ နောက်မနေစမ်းပါနဲ့၊ ကဲ. . ကဲ ဒါပဲမဟုတ်လား. . . ဖုန်းချလိုက်တော့မယ်နော်. . . ကျွန်မ သွားမယ်"

"ခွာညို. . . ခွာညို. . . ခဏ. . . "

စကားမဆုံးမီမှာပင် ခွာညို့ဖက်မှ တယ်လီဖုန်း ချသွားသံကြားရ၏။

www.burmeseclassic.com


ချမ်းက စိတ်ပူပန်စွာဖြင့် အခန်းထဲမှ ပြေးအထွက်၊ ခရီးဆောင် အိတ်နှစ်အိတ်ကိုပွေ့ပြီး အပေါ်ထပ်မှ ဆင်းလာသော ဒီဝိုင်းနှင့် တိုးသည်။

“ဟော့ကောင်. . . အသင့်ပဲလား”

“အေး. . . အားလုံးပြင်ဆင်ပြီးပြီ၊ လာ. . . သွားစို့”

●

www.burmeseclassic.com

❐

ခွာညိုက ခြံဝင်းတံခါးကိုကျော်ပြီး လမ်းမဖက်သို့ ခုန်ချလိုက်သည်။ ဓာတ်တိုင်အောက်တွင် ခရီးဆောင်အိတ်ကိုယ်စီဖြင့် ငုတ်တုတ်ကလေး ထိုင်နေကြသော ချမ်းနှင့် ဒီဝိုင်းကို တွေ့လိုက်ရသောကြောင့် သူမ အံ့အားသင့်သွား၏။

"ဟင်. . . ရှင်တို့နှစ်ယောက်က ခရီးဆောင်အိတ်တွေနဲ့ ဘာလုပ်ကြမလို့လဲ"

"မန္တလေး သွားမလို့လေ. . . အဟဲ. . . ကိုယ့်ဦးလေးတစ်ယောက်ဆီ သွားလည်မလို့၊ သူက ဟိုမှာ ကားထောင်ထားတာ"

"ဟုတ်တယ်. . . ဟုတ်တယ်၊ ချမ်းရဲ့ ဦးလေးက မန္တလေးမှာ ကားထောင်တာ၊ လူတွေက အမြင်မတော်ဘူးလို့ ဝိုင်းပြောကြလို့ အခုတော့ ငုတ်တုတ်ကလေးပဲ ပြန်ထိုင်နေရတယ်"

ချမ်းက စိတ်တိုတိုဖြင့် တစ်ခွန်းတိုးတိုး ဆဲရေးလိုက်ပြီး. . .

"အေး. . . ဟုတ်တယ်၊ ဒီကောင့် ဦးလေးကမှ တကယ့်အလုပ်ကြီးအကိုင် ကြီးသမား၊ သူ့အောက်မှာ လူငါးရာလောက်ရှိသတဲ့"

www.burmeseclassic.com


“ကုမ္ပဏီ ထောင်ထားတာလား”

“မဟုတ်ဘူး. . . သူဦးလေးက သချိုင်းမှာ မြက်ရိပ်တာ”

သူတို့နှစ်ယောက်ကို ဘယ်လိုမှ ပြန်နှင်လွှတ်၍ ရလိမ့်မည်မဟုတ်မှန်း ခွာညိုသိ နေသောကြောင့် မလိုက်ခဲ့ဖို့ တားမြစ်မနေတော့။

●

စစ်မှန်ပြီး တန်ဖိုးရှိသော အကူအညီဆိုသည်မှာ တမင်ဖိတ်ခေါ် ရသော သံတမန်တစ်ပါးမဟုတ်ပါ။ အချိန်တန်လျှင် သူ့အလိုလို ရိုးသားစွာ ပွင့်လာတတ်သည့် အဖြူရောင်ပန်းတစ်ပွင့်သာ ဖြစ်ပါသည်။

●

လမ်းဓာတ်မီးတိုင်များ၏ အလင်းကြောင့် သူတို့၏အရိပ်တွေ ရှည်လျားစွာ လဲလျောင်းနေကြ၏။

အရှက်မလင်းသေးမီ မှောင်ရီပိုးတဝါး။ ပဟောဠိဆန်သော ရနံ့တစ်ခု လွင့်ပျံလာသည်။ အိပ်မက်သစ်သီးတစ်လုံး၏ ရနံ့ဟုပင် အောက်မေ့ချင်စရာ ကောင်း၏။

တိတ်ဆိတ်သောလမ်းမပေါ်တွင် သူတို့သုံးဦးသား တရွေ့ရွေ့ ရှေ့သို့ တိုးသွားနေကြသည်။

❐

www.burmeseclassic.com

# အခန်း (၁၆)

www.burmeseclassic.com

www.burmeseclassic.com

# ၈

❐

မိုးတစ်ပြိုက် ရွာချလိုက်သောကြောင့် သစ်ရွက်ကိုင်းခက်တွေ အစိမ်းရောင်စိုကာ လန်းသစ်လာသည်။ မြေသားတွေ ဖုံသိပ်သွားသောကြောင့် သင်းပျံ့လာသော မြေသင်းရနံ့ကို ရှူရရှိုက်ရ၏။

ဂဝံကျောက်ခဲနီနီကလေးများပေါ် ဖြတ်သန်းစီးဆင်းနေသည့် ကြည်လင်သောရေစီးကြောင်းလေးကို မြင်ရသည့်အခါ စိတ်ထဲမှာ အေးမြပျို့မျစ် သွားသလို ခံစားရလေသည်။

●

သူတို့သုံးယောက် ရထားပေါ်မှအဆင်းမှာပင် မိုးရွာသည်။ မုတ်သုန်ဝင်စပြုပြီဖြစ်သောကြောင့် ဖြတ်သန်းတိုက်ခတ်လာသော လေပြည်သည် အေးစိမ့်ချိုလွင်နေ၏။

www.burmeseclassic.com


သူတို့၏ ကိုယ်ခန္ဓာပေါ် မိုးစက်တွေ တဖွဲဖွဲကျနေသည်။ လေပြည် အတိုးအဝှေ့တွင် မိုးရေစက်တွေက ဂစ်တာကြိုးတွေလို တုန်ခါသွားကြ၏။ မိုးရွာနေပုံမှာ သီချင်းတစ်ပုဒ်ကို ဂစ်တာဖြင့် တီးခတ်နေသည်နှင့် တူနေလေသည်။

●

သူတို့စီးလာသော တက္ကစီက နှစ်ထပ်တိုက်တစ်လုံး၏ရှေ့တွင်ထိုး ရပ်လိုက်၏။ တက္ကစီ ဒရိုင်ဘာက. . .

"ညီလေးတို့ပေးတဲ့ လိပ်စာအတိုင်းဆို ဒီအိမ်ပဲကွ"

ဟု ပြောသည့် စကားမဆုံးမီမှာပင် ခွာညိုက ကားတံခါးကို ဖွင့်ဆင်းနှင့်ပြီးနေပြီဖြစ်သည်။

မိုးရေစက်တွေ တပေါက်ပေါက်ကျနေသည့်အရှိန်ကြောင့် မြေကြီးပေါ်မှ ရွှံ့စက်ကလေးတွေက သူမ၏ ခြေဖမိုးပေါ် လာစင်သည်။ အနေရခက်သောခံစားမှုတစ်ခုဖြင့် စိတ်ထဲတွင် မသန့်သလို ခံစားရ၏။

"အိမ်ထဲ ဝင်ကြရအောင်လေ ခွာညို"

နံဘေးမှ ရပ်နေသော ဒီဝိုင်းက သတိပေးလိုက်သည်။ သူမ ခြေလှမ်းတွေ စတင် ရွေ့လျားလာ၏။

သူတို့သုံးယောက်သား ခြံတံခါးကို ဖွင့်ပြီးဝင်လိုက်မိစဉ်မှာပင် အိမ်ထဲမှ လူနှစ်ယောက် ထွက်လာသည်ကို မြင်လိုက်ရ၏။

ပထမလူက အတက်ချီကွေ့စ်ကိုကိုင်ထားပြီး ထိုသူ့နောက်မှ ကပ်လိုက်လာ သူက ဦးငြိဏ်းဝေပင် ဖြစ်သည်။

ဦးငြိဏ်းဝေက. . .

www.burmeseclassic.com



“အခုလို အစွမ်းကုန်ကြိုးစားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဒေါက်တာ”

ဟု ပြောနေရာမှ ခွာညို့ကို မြင်သွားသောအခါ နွေးထွေးသော မျက်ဝန်း အကြည့်ဖြင့် နှုတ်ဆက်လှမ်းခေါ် လိုက်ပြီး. . .

“ဟော. . . အတော်ပဲ ဒေါက်တာ၊ မိတ်ဆက်ပေးရဦးမယ်၊ အခု လာနေတာ သူ့သမီးအကြီးဆုံးပေါ့။ နွယ်ခွာညို. . . တဲ့၊ ရန်ကုန်မှာ နေတာလေ”

ဆရာဝန်က နှုတ်မှ “ဪ. . . ” ဟု ရေရွတ်ရင်း ခွာညို့ကို စိတ်မကောင်းသည့်အကြည့်ဖြင့် လှမ်းကြည့်၏။

ဦးငြိဏ်းဝေက. . .

“လာ. . . လာ. . . သမီး၊ ဟောဒါ. . . သမီးရဲ့ မေမေကို ကုပေးတဲ့ ဒေါက်တာဦးကိုကိုမောင် ပေါ့”

ခွာညိုက ခရီးပန်းလာသည့်ကြားမှ အတတ်နိုင်ဆုံး ယဉ်ကျေးစွာ ပြုံးပြလိုက်ပြီး. . .

“ဟုတ်ကဲ့. . . ဆရာ၊ တွေ့ရတာ ဝမ်းသာပါတယ်၊ အခုကော မေမေ့ အခြေအနေ ဘယ်လို နေသေးသလဲဟင်”

ဒေါက်တာဦးကိုကိုမောင်က တစ်ချက်မျှ မျက်နှာပျက်သွားပြီး ဦးငြိဏ်းဝေဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်သည်။

“ကဲ. . . အထဲဝင်ပါဦး သမီးရယ်၊ သမီးတို့လဲ ခရီးပန်းလာကြရောပေါ့၊ အိမ်ထဲကျမှ အေးအေးဆေးဆေး ပြောကြရအောင်”

•

www.burmeseclassic.com

❒

အခန်းထဲမှာ အလင်းရောင်က ခြောက်သွေ့နေသည်။

အမွှေးနံ့သာများ ပက်ဖျန်းထားသည့်တိုင် စူးရှနောက်ကျိသော ဆေးဝါးတို့၏အနံ့ကို ဖုံးလွှမ်းမထားနိုင်။ စိတ်နှလုံးကို လေးလံထိုင်းမှိုင်းစေသော အငွေ့အသက်တစ်မျိုးဖြင့် အခန်းထဲရှိလေထုသည် စိုစွတ်ကာ အနက်ရောင်သန်းနေလေသည်။

ခုတင်နံဘေးရှိ စားပွဲပုလေးပေါ်တွင် ပန်းအိုးတစ်လုံးကို တွေ့ရသည်။ သို့သော်. . . ပန်းတစ်ပွင့်မှ ထိုးစိုက်မထားခြင်းကြောင့် အခွံသက်သက် ဟာလာဟင်းလင်း ဖြစ်နေ၏။

***

ခုတင်ပေါ်တွင် လဲလျောင်းငြိမ်သက်နေသည့် အသက် ငါးဆယ်အရွယ်အမျိုးသမီးကြီး၏ ခန္ဓာကိုယ်ပေါ်သို့ နွမ်းရော်ခြောက်သွေ့သော အလင်းရောင်ပျပျလွှမ်းနေ၏။

●

သူမကို ကြည့်ရသည်မှာ ပိုးကိုက်ရာဗရပွနှင့် သစ်ရွက်အိုတစ်ရွက် မြေပြင် ပေါ် ဆွေးရိကြွေကျထားပုံနှင့် တူနေလေသည်။

www.burmeseclassic.com


မျက်တွင်းဟောက်ပက် ချိုင့်ဝင်ကာ မျက်ဝန်းတွေက အင်အားမဲ့စွာ မှေးမှိတ်လျက် မေးရိုးပြုတ်ကျပြီး ပါးစပ်ကအနည်းငယ်ဟလျက် တစ်ကိုယ်လုံး မလှုပ်မယှက် ငြိမ်သက်နေ၏။ တစ်ချက် တစ်ချက်မှသာ (အသက်ရှူနေသည်ဟု ဆိုရရုံ) ရင်ညွန့်တွင် မသိမသာ လှုပ်သွားခြင်းကို မြင်ရသည်။

"ဘုရားရေ. . . ဒါ. . . ကျွန်မ အမေတဲ့လား"

ခွာညို့စိတ်ထဲမှ ရေရွတ်လိုက်ရင်း ခုတင်အနီးသို့ တိုးကပ်သွားလိုက်သည်။

အမျိုးသမီးကြီး၏ ခန္ဓာကိုယ်မှ ရနံ့က စံပယ်ပွင့် အကြွေအပျက်များကို အစုလိုက်အပုံလိုက် စွန့်ပစ်ထားရာမှ ထွက်ပေါ်လာသောအနံ့ ဆွေးဆွေးတစ်မျိုးနှင့် တူနေ၏။

●

အသက်ရှင်နေသေးသည်ဟု ပြောနိုင်ရုံသက်သက်မျှသာ ရှိတော့သည်။ မျက်တောင်တစ်ခတ်တမျှပင် လှုပ်ရှားနိုင်ခြင်းမရှိတော့၊ အကြားအာရုံသည် လည်းကောင်း၊ အမြင်အာရုံသည် လည်းကောင်း ရာသက်ပန် ပြန်လည်နိုးထနိုင်စွမ်းမရှိတော့။

စားပွဲပေါ်မှ ပန်းအိုးလိုပင်. . .

စိတ်ဝိညာဉ်ကင်းမဲ့သော ခန္ဓာကိုယ် အခွံဟောင်းလောင်းကိုသာ မြင်နေရခြင်း ဖြစ်လေသည်။

"ဒါ. . . ဒါဟာ သူ့ဘဝရဲ့ နောက်ဆုံးအချိန်ပဲ သမီးရယ်"

ဦးငြိဏ်းဝေ၏ စကားသံက တီးတိုးညင်သာစွာ တုန်ယင်နေ၏။ လေထုထဲတွင် တစ်စစီ ကြေမွလွင့်စင်နေသလို အောက်မေ့ရသည်။

"အန်ကယ်. . . ရန်ကုန်က ပြန်ရောက်ချိန်ကတည်းက သူ့ကို. . . သူ့ကို

www.burmeseclassic.com



. . . ဒီပုံစံအတိုင်း တွေ့ရတော့တာပဲကွယ်၊ အခုတော့. . . သမီး ရောက်လာတာကိုလဲ သူ သိမသွားနိုင်တော့ဘူးပေါ့”

နောက်ဆုံးစကားလုံးများကို ပီပီသသ မကြားနိုင်တော့သည်အထိ သူ့အသံက တိမ်မြုပ်သွား၏။

ခွာညို သက်ပြင်းတစ်ချက်ကို ဖွဖွချရင်း ခေါင်းကို ဖြေးလေးစွာ ခါယမ်းမိလေသည်။

(သူမ. . . သိချင်သောမေးခွန်းများ၏အဖြေကို ဘယ်တော့မှ သိနိုင်တော့မည်မဟုတ်သည့်အတွက် စိတ်ပျက်သွားမိခြင်းကိုမူ ဝန်ခံရပါလိမ့်မည်။)

. . . . .

ဦးငြိဏ်းဝေက ဇနီးဖြစ်သူကို တွေတွေငေးငေး စိုက်ကြည့်နေရာမှ ခွာညို့ဖက်ကို လှည့်၍. . .

“ကဲ. . . သမီး၊ သမီး ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ. . . ပြောပါ၊ အားမနာနဲ့. . . သမီးအတွက် အန်ကယ် ဘာစီစဉ်ပေးရမလဲ”

ခွာညိုက လေးလံစွာဖြင့် ပခုံးကို အသာတွန့်လိုက်သည်။ (သူမ နှုတ်ခမ်းမှ ထွက်လာသောစကားသံက တည်ငြိမ်လွန်းလှသဖြင့် ကိုယ့်ကိုယ်ကိုယ်ပင် အံ့သြနေဖြစ်သေးသည်။)

“ကျွန်မအတွက် ကော်ဖီခါးခါးတစ်ခွက်လောက်ရရင် တော်ပါပြီ”

သည်လောက်ပဲပြောပြီး သူမ. . . အခန်းထဲမှ လှည့်ထွက်လာခဲ့တော့သည်။

●

ထိုည. . . ဆယ်နာရီ မိနစ် ငါးဆယ်တွင် မေမေ ဆုံးသည်။

❐

www.burmeseclassic.com


# ၁

❐

သူမအတွက်တော့ . . .

အမေဆုံးပြီး နောက်တစ်နေ့ ညသည်လည်း ခါတိုင်းညများနှင့် အတူတူပင် ဖြစ်နေသည်ကို တွေ့ရလေသည်။

ထောင်းလမောင်းထအောင် ကြေကွဲနေခြင်းမျိုးတွေ မရှိပါ။ ပန်းနု ရောင် ဖျော့ဖျော့ စွန်းနေသည့်မျက်ရည်စက်များလည်း မရှိပါ။ မိုးရေဥတို့ ခိုတွဲကာ ကိုင်း ညွှတ်နေသည့် အတိတ်ဘဝ၏ မြက်ပင်ရှည်ရှည်တို့လည်း မရှိပါ။ သည်အတိုင်းပင် ဖြစ်သည်။ ခါတိုင်းနေ့တွေလိုပင် ဖြစ်သည်။ ခါတိုင်းညတွေလိုပင် ဖြစ်သည်။

သူမသည် စိမ်းလန်းမြဲ စိမ်းလန်း နေလေသည်။

အိမ်ပေါ်တွင် အသုဘလာမေးသူ ဧည့်သည်တွေ များပြားလာသော ကြောင့် သူမ စိတ်အနေကျပ်သလို ဖြစ်လာ၏။

ဦးငြိဏ်းဝေကလည်း လာသမျှဧည့်သည်တိုင်းနှင့် သူမကို မိတ်ဆက်ပေး နေသည်။

www.burmeseclassic.com


ဦးငြိမ်းဝေက ဧည့်သည်များကို 'ဒါ. . . ရန်ကုန်နေတဲ့ သမီးအကြီးဆုံးပေါ့'ဟု မိတ်ဆက်ပေးသည့်အခါ သူမက အလိုက်သင့် ယဉ်ကျေးဖွယ်ရာ ပြုံးပြရသည်။ ထိုအခါ ဧည့်သည်များကလည်း သူမကို ဝမ်းနည်းသလို (သို့မဟုတ်) သနားသလို အကြည့်တစ်မျိုးဖြင့် ကြည့်ကြ၏။ သြော်. . . ဟုတ်လား. . စသဖြင့် အဓိပ္ပာယ် မယ်မယ်ရရမရှိသော အာမေဋိတ်သံ တချို့တလေကို ရေရွတ်ကြ၏။

ကြာလာသောအခါ ထိုအမူအယာများကိုချည်း ထပ်ပြန်တလဲလဲ မြင်နေရသည်မှာ ဇာတ်တိုက်ထားသော ပြကွက်တစ်ခုတည်းကို အကြိမ်ကြိမ် ကြည့်ရသလို ငြီးငွေ့ဖွယ်ကောင်းလာသည် (အနည်းငယ်လည်း ရယ်ချင်စရာ ကောင်းပါသည်။)

အဆိုးဆုံးမှာ. . . သူတို့က

'ဘယ်တော့ ရန်ကုန်ပြန်မှာလဲ'

ဟု မေးသောအခါ သူမက. . .

"မနက်ဖြန် မနက် ရထားနဲ့ပြန်မှာပါ"

"အို. . . ဘာဖြစ်လို့ အသုဘချပြီးတဲ့အထိ မစောင့်တာလဲ၊ ရက်လည်ပြီးတဲ့အထိတော့ နေဖို့ကောင်းတာပေါ့"

သူတို့က အံ့သြတုန်လှုပ်သွားဟန် (ခပ်ညံ့ညံ့အမူအယာမျိုးဖြင့်) သူမကို ကြည့်ပစ်လိုက်ကြသည်။ မလိုအပ်ပါပဲ အလန့်တကြား ဖြစ်ပစ်လိုက်ကြသည်။

အို. . . ဆိုးရွားလွန်းတဲ့ လူတွေပါပဲ။ ကျွန်မမှာ ဘယ်လို အခက်အခဲတွေနဲ့ ရင်ဆိုင်ပြီးမှ ဒီကိုရောက်လာရတယ်ဆိုတာကိုကော ရှင်တို့ သိကြလို့လား။

သေချာပါတယ်. . . ရှင်တို့ ဘာမှမသိကြပါဘူး၊ ရှင်တို့သိတာ သမားရိုးကျ အဖြစ်အပျက် ခပ်ညံ့ညံ့တွေပဲ ရှိတယ်။

အမေ့ရဲ့ အသုဘမှာ ရက်လည်တဲ့အထိ မနေနိုင်ဖြစ်ဖို့ (သမီးဖြစ်တဲ့

www.burmeseclassic.com


သူမှာ) အကြောင်းတစ်စုံတစ်ရာ လုံလုံလောက်လောက် ရှိနိုင်တာပဲ မဟုတ်လား။

ဧည့်သည်တွေကို ထားရစ်ခဲ့ပြီး သူမ ခြံထဲဆင်းလာခဲ့သည်။ မုတ်သုန်ဝင်ချိန်၏ ညဖြစ်သောကြောင့် အမှောင်ထဲတွင် အအေးငွေ့တွေ ရစ်ဖွဲ့နေ၏။

ခြံထောင့်ရှိ စပယ်ရုံနံဘေး ခုံတန်းလျားလေးတွင် သူမ ထိုင်ချလိုက်သည်။ ဝင်သက်လေငွေ့ကို ရှူက်သွင်းလိုက်သောအခါတွင်မှ ဝန်းကျင်လေထုသည် စိုစွတ် နေမှန်း သတိထားမိသည်။

အို. . . အရာရာအားလုံး စိုစွတ်နေတာပါပဲလေ. . . (သူမ၏ နှလုံးသားက လွဲလျှင်ပေါ့)

သူမ၏ နှလုံးသားကတော့ ခြောက်သွေ့တင်းမာနေ၏။

*

www.burmeseclassic.com

တစ်ဖက်သတ်ပဲ စိမ်းလန်းခွင့်ရတဲ့
ဟောဒီတောအုပ်ထဲမှာ. . .
ငါ ဘာလို့ ဆက်ရှင်သန်မှာလဲ !!!
လူတွေရဲ့ မျက်ဝန်းကိုက. . .
. . . ညှီစော်နံတယ်။

❒

"ခွာညို"

ခပ်တိုးတိုးခေါ်သံကြောင့် သူမ လှည့်ကြည့်လိုက်သည်။ ဒီဝိုင်းနှင့် ချမ်းတို့ သူမအနီးတွင် မတ်တပ်ရပ်နေသည်ကို မြင်ရ၏။

"ခွာညို. . . နင် စိတ်ညစ်နေလား"

သူမက ဘာမှသိပ် မထူးခြားသလို ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့်. . . ကျွန်မ စိတ်ညစ်တာက လူတွေကို စိတ်ညစ်တာ"

ဒီဝိုင်းက လက်နှစ်ဖက်ပိုက်ကာ ခေါင်းငုံ့ထားရင်းက ခပ်သဲ့သဲ့ပြုံးသည်။ ထို့နောက်. . .

"တို့. . . သုံးယောက် လူတွေကိုစိတ်ညစ်တာ ဒါ ပထမဦးဆုံးမှ မဟုတ်ဘဲ"

ချမ်းက ခွာညို့ဘေး ခုံတန်းရှည်ပေါ် ဝင်ထိုင်လိုက်ရင်း. . .

www.burmeseclassic.com


"ဟုတ်တယ်. . . တို့တွေ စပြီးခင်တဲ့နေ့တုန်းက ဖိနပ်နှစ်ရံကို သုံးယောက် မျှပြီး စီးတာမှတ်မိလား၊ အဲဒီတုန်းက လူတွေက ငါတို့ကို ဘယ်လို အကြည့်မျိုးနဲ့ ကြည့်ခဲ့ကြသလဲဆိုတာကိုကော မှတ်မိသေးတယ် မဟုတ်လား"

"အေး. . . အခုလဲ နင့်ကိုကြည့်တဲ့လူတွေရဲ့အကြည့်က အဲဒီတုန်းက အတိုင်းပါပဲ၊ ဘာဆန်းလို့လဲ ခွာညိုရယ်"

သူတို့နှစ်ယောက်၏ စကားတွေကြောင့် ခွာညို့နှလုံးအိမ်သည် မိုးရေဆွတ်သော မြက်ခင်းလို စိမ်းလန်းစပြုလာသည်။

●

လေတိုက်ရင် ယိမ်းပြဖို့အတွက်
မြက်ပင်တွေပေါက်နေကြတာ မဟုတ်ဘူး
. . . .
ကိုယ့်ရှူးသွပ်မှုနဲ့ကိုယ် စိမ်းလန်း
ငါ့အပေါ် . . .
ဘယ်သူမှ လမ်းဖြတ်မလျှောက်ရင်တော်ပြီ. .

●

သူတို့အားလုံးသည် တကယ်ပင် မြက်ခင်းတစ်ခုဖြစ်ပါသည်။

❒

www.burmeseclassic.com

❒

"လူတစ်ယောက်သေရင် ကျန်တဲ့သူတွေက ဘာဖြစ်လို့ ဝိုင်းပြီးငိုကြတာလဲ မသိဘူးနော်၊ ဒါ. . . တာဝန်တစ်ခုပဲလား"

ခွာညိုက စိတ်ပျက်စွာ ခပ်ညည်းညည်း ပြော၏။ ချမ်းက စံပယ်ရုံမှ သစ် ရွက်များကို ခြွေချနေရင်းက. . .

"ဂရိရာဇဝင်ထဲမှာတော့ သရေးရှန်းလူမျိုးတွေဟာ ကလေးတစ်ယောက်မွေးဖွားလာရင် သူကြုံတွေ့ရမယ့် လောကရဲ့ဒုက္ခတွေကို ပြောပြပြီး ငိုကြတယ်။

လူကြီးတစ်ယောက် သေဆုံးသွားရင်တော့ သူခံစားနေရတဲ့ ဒုက္ခတွေထဲက လွတ်မြောက်သွားပြီဆိုပြီး ဝမ်းသာအားရ ရယ်မောကခုန်ကြတယ်. . . တဲ့"

ခွာညိုက. . .

"မဆိုးဘူး၊ တော်တော်အဓိပ္ပာယ်ရှိတဲ့ အယူအဆပဲနော်"

ဟု ခပ်တိုးတိုးပြောသည်။ ဒီဝိုင်းက. . .

"ဟုတ်တယ်. . . ငါ သေရင်လဲ အဲသည်လို ဝိုင်းမငိုကြဖို့ မှာခဲ့ရဦးမယ်"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

BURMESE CLASSIC .com

"သေပြီဆိုရင် ငါ့အလောင်းကို လှလှပပတွေ ပြင်ဆင်ကြရောကွာ၊ ပြီးတော့ ခုတင်ပေါ်မှာတင်. . . ဆွေမျိုးတွေက ပတ်ပတ်လည်ဝိုင်းပြီး တဖွဲ့တနွဲ့တွေ ပြော ကြငိုကြမှာ၊ သူတို့အလယ်မှာ အခန့်သား စန့်စန့်ကြီးနေရမယ့် ငါက မျက်နှာ အထားရ အတော်ခက်မှာကွ"

ခွာညိုက မျက်ဝန်းလှလှကလေးတွေ သွယ်လျပါးလျားသွားသည့်တိုင် အောင် နှစ်ခြိုက်စွာ ရယ်မောလိုက်သည်။ ချမ်းက. . .

"တကယ်တော့ကွာ. . . သေခြင်းတရားဆိုတာ လူတွေထင်ထားသလောက် ဆိုးရွားလှတာ မဟုတ်ပါဘူး"

"ဒါဆို. . . မင်း အခုနေ အဆိပ်သောက်ပြီး သေကြည့်လိုက်ပါလား"

"အဆိပ်တော့ မသောက်ချင်ဘူးကွာ၊ သေတာက အကြောင်း မဟုတ်ဘူး၊ ငုံထားမိရင် ခါးသက်သက်နဲ့နေမှာ"

ခွာညိုက သူတို့စကားကိုဖြတ်ကာ

'သေတာက မဆိုးရွားရင် ဘာဖြစ်လို့ လူတွေက သေခြင်းတရားကို ကြောက်နေရတာလဲ'

ဟု မေး၏။ ချမ်းက. . .

"ကိုင်း. . . ကျွန်းမှီ၊ ကျွန်း. . . ကိုင်းမှီ ဆိုသလိုပဲ၊ သေဆုံးခြင်းနဲ့ ရှင်သန်ခြင်းဟာ တစ်ဦးကို တစ်ဦး မှီနေရတာ"

"ဩော်. . . မှီရင်းနဲ့ အိပ်ငိုက်နေတာ ထင်ပါရဲ့"

"မနောက်နဲ့ကွာ၊ တကယ်ပြောတာ၊ စိတ်ပညာရှင် ဆစ်ဂမန်ဖရွိုက်ရဲ့ စာအုပ်ထဲမှာပါတယ်၊ လူမှာ ဆန့်ကျင်ဖက်ဖြစ်တဲ့ စိတ်တစ်စုံ အမြဲတမ်းရှိတယ် . . . တဲ့၊ ဒီတော့ လူဟာ ရှင်သန်ချင်တဲ့စိတ်ရှိနေတဲ့ တစ်ပြိုင်တည်းမှာ သေချင်တဲ့ စိတ်ကလဲ မသိမသာ ရှိနေတာပဲ"

www.burmeseclassic.com


ဒီဝိုင်းက လက်မခံချင်စွာဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။ ခွာညို ကတော့ မြက်ပင်ကလေးများကို ခြေဖျားဖြင့် တို့ထိဆော့ကစားရင်း တိတ်ဆိတ်စွာ နားထောင်နေ၏။

ဒီဝိုင်းက. . .

"မင်းပြောတာတွေက ဆစ်ဂမန်ဖရွိုက် ငယ်ငယ်တုန်းကမို့ မလိမ်မိုး မလိမ္မာနဲ့ လျှောက်ရေးထားတာတွေ ဖြစ်မှာပါ"

"မဟုတ်ပါဘူးကွာ . . . အဲဒီစာအုပ်ရေးတုန်းက ဆစ်ဂမန်ဖရွိုက် အတော်ကြီးနေပြီဆိုပဲ၊ ဘော်လီ နံပါတ်တောင် (၃၆) မှ ဝတ်လို့ရသတဲ့"

ခွာညိုက ဆတ်ခနဲ ထရပ်လိုက်ပြီး. . .

"ရှင်တို့ စကားကောင်းပြောမယ် အောက်မေ့လို့ နားထောင်နေတာ. . . အဲဒီလို ပေါက်ကရတွေ ပြောနေမယ်ဆိုရင်တော့ ကျွန်မ သွားအိပ်တော့မယ်၊ မနက်ဖြန်မနက်ကျရင်လဲ ဘူတာကိုဆင်းဖို့ အစောကြီး ထရဦးမှာ"

ဒီဝိုင်းကော ချမ်းပါ အရယ်ရပ်ပြီး မျက်နှာများကို တည်လိုက်ကြသည်။ ဒီဝိုင်းက ကောင်းကင်ကို မော့ကြည့်နေ၏။ သူ့အသွင်အပြင်က ကြယ်တွေကို ရေတွက်နေသူနှင့် တူနေလေသည်။

အတန်ကြာမှာ. . . ဒီဝိုင်းက. . .

"တကယ်တော့. . . လောကကြီးတစ်ခုလုံးကို တွယ်တာတပ်မက်နေတာ ငါ အစစ်မဟုတ်ဘူး၊ 'ငါမဟုတ်တဲ့ ငါ' ပဲ ဆိုတာကို သဘော မပေါက်တဲ့ လူတွေသာ သေရမှာကို ကြောက်တာပါ၊

ဥပမာ. . . အသက်ရှည်ဆေးတစ်မျိုးရှိတယ် ဆိုပါစို့၊ ဒီဆေးကို သောက်လိုက်ရင် နောက်ထပ် နှစ်ပေါင်းလေးဆယ် ငါးဆယ်လောက် ရှည်နိုင်မယ်ပဲ ထားပါတော့၊

www.burmeseclassic.com


ဒါပေမယ့်. . . ခြွင်းချက်တစ်ခုက အဲဒီဆေးကို သောက်ပြီးတာနဲ့ ဆေးသောက်တဲ့လူဟာ သူနဲ့ ပတ်သက်သမျှအရာရာကို လုံးဝသတိမရတော့ဘဲ နောက်ထပ်ဘဝတစ်ခုကို ရလိုက်သလိုမျိုး 'တစ်'ကနေ ပြန်စရမယ်ဆိုပါစို့. . . အဲဒီဆေးကို မင်းတို့ သောက်မှာလား"

❒

www.burmeseclassic.com

# အခန်း (၁၇)

www.burmeseclassic.com

❐

သူတို့အတွက်တော့. . .

ရန်ကုန်အပြန်လမ်းသည် အမှောင်ထုတစ်ခုလို တိတ်ဆိတ်ပြီး လျှို့ဝှက်သော ကြောက်မက်ဖွယ်ကောင်းခြင်းတစ်စုံတစ်ရာက စောင့်ကြိုနေသည်ဟု ခံစားရလေသည်။ ရန်ကုန်ဘူတာကြီး အရောက်တွင်. . .

"ခုချိန်လောက်ဆို. . . ဖေဖေ အရမ်းဒေါသဖြစ်နေမှာပဲ"

ဟု ခွာညိုက ညည်းညူသံသဲ့သဲ့ဖြင့် ပြောသည်။

"နင့်ကို ငါတို့နှစ်ယောက် လိုက်ပို့တယ်ဆိုတာကိုလဲ သိသွားမှာ သေချာတယ်၊ ငါတို့ကို သတ်ချင်စိတ် ပေါက်လောက်အောင် စိတ်ဆိုးနေမှာ"

ဒီဝိုင်းက ခရီးဆောင်အိတ်များကို တက္ကစီပေါ်သို့ သယ်တင်နေရင်းက ဝင်ပြော၏။ ချမ်းက. . .

"ဟေ့ကောင်. . . ဒီဝိုင်း၊ ဦးဝင်းကျော်ကြီးက မင်းလိုချင်တာ ပေးမယ်၊ ပြီးရင်. . . မင်းခေါင်းကို တုတ်နဲ့ရိုက်မယ်လို့ ခြိမ်းခြောက်တယ်ဆိုပါစို့. . . ဘာရမယ်ဆိုရင် မင်း အရိုက်ခံမှာလဲ"

ဒီဝိုင်းက ချက်ချင်းပင် အဖြေပေးသည်။

"သံခမောက်"

•

www.burmeseclassic.com


လေးလံသော စိတ်နှလုံးသားတစ်ဝက်ဖြင့်ပင် ခြံတံခါးဝရှေ့တွင် သူမ ခြေစုံရပ်မိလေသည်။

သစ်ရွက်ခတ်သံသဲ့သဲ့ ကြားရသည်။ အရိပ်တွေက သားရဲထောင်ချောက်တွေလို ညှိစို့အေးစက်နေ၏။

ညဖက် ထွက်သောငှက်တွေ အစာရှာကြပြီ။

သူမ ကျောပေါ်တွင် ထမ်းပိုးယူလာခဲ့ရသော မုန်တိုင်း၏ရနံ့ကို ခွာချ၍ မရနိုင်တော့ပါ။

. . . . . .

"ဖေဖေ. . . ဖေဖေ"

ခြံဝမှနေ၍ သူမ အော်ခေါ်လိုက်သည်။ တုံ့ပြန်သံ မကြားရ။ တိတ်ဆိတ်နေ၏။ သူမ ထပ်မံ၍ အော်ခေါ်လိုက်ပြန်သည်။

"ဖေဖေ. . . ဖေဖေ"

ဘာကြောင့်မှန်းမသိ။ သူမမှာ ဝမ်းနည်းချင်သောစိတ် မရှိဘဲ ဖြစ်နေ၏။

တိုက်ခတ်လာမည့်မုန်တိုင်းကို ရင်ဆိုင်လိုက်ဖို့သာ သူမ ဆုံးဖြတ် ထားနှင့်ပြီးသား ဖြစ်သည်။ သူမ ဘာကိုမှ ရှောင်မပြေး လိုတော့ပါ။

ရံဖန်ရံခါတွင် အလွယ်ကူဆုံး ထွက်ပေါက်ရှာခြင်းများသည် နောက်ပိုင်းတွင် ပို၍ခက်ခဲသော ပြဿနာများကို ဖြစ်ပေါ်လာစေတတ်ပါသည်။

"ဖေဖေ. . . ဖေဖေ. . . သမီး ပြန်လာပြီ"

အိမ်ရှေ့ဆင်ဝင်အောက်မှာ မီးလုံးကလေး ဖျတ်ခနဲ လင်းပွင့်လာသည်ကို မြင်ရ၏။ ထို့နောက်. . . သံဘာဂျာတံခါးကို ဆွဲဖွင့်သံ။ ကွန်ကရစ် လမ်းကလေးပေါ် တစ်စုံတစ်ယောက် လျှောက်လာသည့် ခြေသံ။

ဦးဝင်းကျော်က ခြံတံခါးနောက်တွင် မတ်မတ်ရပ်ရင်း သမီးဖြစ်သူကို အေးစက်စွာ စိုက်ကြည့်လိုက်၏။

"ဖေ. . . ဖေ"

ခွာညို၏ ခေါ်သံက အားလျော့ တိုးဖျော့သွားသည်။

*

သံတံခါးတစ်ချပ်ခြားနေသော ဟိုမှာဖက်နှင့် သည်မှာဖက်။ ဖခင်နှင့် သမီး ဖြစ်သူတို့ ပကတိ တိတ်တိတ်ဆိတ်ဆိတ်ပင် တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်ရှုကြည့်နေ ဖြစ်ကြသည်။

သူတို့နှစ်ယောက်ကို တစ်စုံတစ်ရာက ဆုံးခန်းတိုင် ပိုင်းခြားထားလိုက်သလို ခံစားရလေသည်။

*

"ဖေဖေ. . . သမီးကို စိတ်ဆိုးနေလားဟင်"

ခွာညို၏ နှုတ်ခမ်းတွေက လေတိုးခံရသော နှင်းဆီပွင့်ဖတ်လို တုန်ခါနေသည်။

"စိတ်မဆိုးပါဘူး"

ဦးဝင်းကျော်က ခံစားချက်ကင်းမဲ့သော မျက်လုံးများဖြင့် စိမ်းကားစွာ စိုက်ကြည့်ရင်း ဖြေသည်။ သူ၏လေသံသည် ထူးခြားစွာ အေးစက်လျက် နိမ့်မြင့်တုန်ခါမှုမရှိသော အသံသေ ဖြစ်နေ၏။

www.burmeseclassic.com


ခွာညို အနည်းငယ် စိုးရွံ့ထိတ်လန့်လာသည်။ ဝိုးတဝါးအလင်းရောင်ထဲမှာပင် ဖခင်ဖြစ်သူ၏မျက်နှာကို ကြိုးစားပြီး စေ့စေ့ကြည့်ဖြစ်သည်။

ဦးဝင်းကျော်၏ ဦးစပ်ဆံဖျားမှာ ချွေးစက်တွေဥနေသည်ကို မြင်ရ၏။ မျက်မှောင် ကုပ်ထားရလွန်းသောကြောင့်လား မသိ၊ နဖူးကြောတွေ တွန့်ကာ တဆတ်ဆတ် တုန်နေသည်။

တစ်စုံတစ်ရာကို ချုပ်တည်းထိန်းသိမ်းထားရသလိုမျိုး. . မေးကြောတွေ ထောင်ထနေ၏။ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းတစ်ဝိုက် အရေပြားများ တရွေ့ရွေ့လှုပ်ခါနေလေသည်။

ဦးဝင်းကျော်က. . .

"စိတ်ဆိုးဖို့လဲ မလိုတော့ဘူး၊ နောက်ဆို စိတ်ပူဖို့လဲ မလိုတော့ဘူး၊ နောက်ပြီးတော့. . . တောက်! အို. . . ဘာဆိုဘာမှ မလိုတော့ဘူး"

"ရှင်. . .၊ ဖေဖေ ဘာတွေ ပြောနေတာလဲ"

ဦးဝင်းကျော်က ခြံတံခါးသံတိုင်များကို လက်နှစ်ဖက်ဖြင့် တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားလျက်သား ရှိသည်။ နောက်. . . မျက်နှာကို လွှဲသွားသည်။

ခွာညို့ကို မကြည့်တော့ဘဲ သူ့ဘာသူသာ တစ်ယောက်တည်း ပြောနေသလိုလို အောက်မေ့စရာ. . .။

"အရင်တုန်းကတော့ ငါ့သမီးလေး. . . ငါ့သမီးလေးနဲ့ စိတ်တွေပူရ၊ စိုးရိမ်သောကတွေ များရနဲ့. . . ငါ့မှာ အသက်အရွယ်နဲ့ မလိုက်အောင် ဒုက္ခတွေ ကြီးလိုက်တာ"

ညည်းညည်းညူညူဖြင့် ရေရွတ်သည့် စကားသံထဲတွင် အတိတ်၏ ကြေကွဲဝမ်းနည်းမှု ရနံ့တွေပါဆွတ်ပျံ့ လာ၏။

"ဟိုးငယ်ငယ်ကလေးကတည်းက ခုချိန်ထိ ကျောင်းသွားပြီး အချိန်

တန်လို့မှ ပြန်ရောက်မလာရင် . . . ဘာများဖြစ်လို့လဲဟဲ့ . . . ဘာအန္တရာယ်နဲ့များ ကြုံနေပြီလဲ . . ဟဲ့နဲ့ ရင်တထိတ်ထိတ်နေခဲ့ရတာ . . . ငါ့မှာ အနှစ် နှစ်ဆယ်ရှိပါပြီလေ . . . ကလေးဘဝတုန်းကလဲ ကလေးဘဝမို့လို့ ဆော့ရင်ပြုရင် ကျိုးလေပဲ့လေမလား၊ မတော်တဆ ထိမိခိုက်မိလို့ ဒုက္ခိတလေးများဖြစ်သွားရင် ခက်ရချည်ရဲ့ . . . လို့ စိတ်ပူပြီး အရိပ်တကြည့်ကြည့်နဲ့ ပိုးမွေးသလို မွေးခဲ့ရတာ”

ခွာညို့မျက်ဝန်းတွေ မှောင်ရီကာ ငယ်စဉ်ကလေးဘဝတုန်းက အဖြစ်အပျက်တွေကို တရေးရေး ပြန်မြင်ယောင်လာသည်။

သူမကို တစ်ချိန်လုံး လက်ပေါ်ကမချဘဲ ယုယုယယ ချီပိုးခဲ့သော အဖေ။ သူငယ်တန်းအရွယ် ကျောင်းစအပ်သည့်အချိန်တွင် သမီးကိုလက်တစ်ဖက်က ဆွဲ၊ တစ်ဖက်က လွယ်အိတ်ကိုလွယ်လျက် တပြုံးပြုံးဖြင့် ကျောင်းသို့ လိုက်ပို့ခဲ့သည့် အဖေ။

သမီးအတွက် ကစားစရာအရုပ်တွေ၊ အဝတ်အစားတွေ တပွေ့တပိုက် ဝယ်ဝယ်လာပြီး သမီး နေမကောင်းဖြစ်သည့်အခါများတွင် တစ်ညလုံး မအိပ်ဘဲ စောင့်ရင်း ငိုသံပါကြီးဖြင့် သီချင်းဆိုကာ သမီးကို ချော့သိပ်တတ်သည့် အဖေ . . ။

အို . . . အခုတောင် ဖေဖေ စကားပြောနေပုံက ထိန်းချုပ်ထားရတဲ့ ငိုသံသဲ့သဲ့နဲ့ ကြေကွဲစရာသီချင်းတစ်ပုဒ်ကို ဆိုနေပုံမျိုးပဲ။

ဒေါသတကြီးဖြင့် အော်ဟစ်ဆူပူကြိမ်းမောင်းခြင်းကို ခံရလျှင် သူမ ဒီလောက်ဝမ်းနည်းမိလိမ့်မည် မဟုတ်ပါ။ ယခုလို ကြေကြေကွဲကွဲ ပြောနေသံကို နားထောင်နေရသည့်နှင့်စာလျှင် အရင်တစ်ခေါက်တွေလို ဖေဖေ့အရိုက်အနှက် ဒဏ်ကိုသာ ခံလိုက်ချင်ပါတော့သည်။

“သမီးလေး . . . အရွယ်ရောက်လာတော့လဲ အရွယ်ရောက်တဲ့ အ

www.burmeseclassic.com


လျှောက် အပေါင်းအသင်းများမှာစိုးလို့ စိတ်ပူရ. . . မသင့်တော်တဲ့ သူတွေနဲ့ တွေ့မှာကို စိုးရိမ်ရပြန်ကော”

ဦးဝင်းကျော်၏အသံက တိုး၍ ပါးလျလျဖြစ်ကာ တို့ဆိုင်းသွားသည်။ မောလို့ပဲလား. . . ရှိုပ်သံအက်အက်ကို မကြားစေချင်၍ ရပ်လိုက် သည်လား. . . ခွဲခြားမရ။

သူမ၏ ပါးပြင်ပေါ်တွင် စိုစွတ်လာသလိုမျိုး ခံစားရသောကြောင့် ခွာညို ယောင်ယမ်းကာ သူမ၏ပါးပြင်ကို သူမ ပြန်စမ်းမိသည်။ အို. . . ငါ. . . ငိုနေမိတာလား။

ပါးပြင်ပေါ်တွင်ရှိသော အမာရွတ်သေးသေးလေး၏ အတွေ့အထိကြောင့် သူမ၏ လက်ဖျားတွေ အေးစက်ထုံကျင်သွား၏။

•

“ငါ့ဘက်က ဒီလောက်တာဝန်ကျေခဲ့ပါရက်နဲ့ သမီးဟာ ဘာဖြစ်လို့များ ငါနဲ့ အမြဲသွေးချင်းဝေးနေရသလဲ၊ စိတ်ဓာတ်ချင်း ဆန့်ကျင်ဘက် ဖြစ်နေရသလဲ ဆိုတာ တစ်သက်လုံး စဉ်းစားမရခဲ့ဘူး၊ အခုတော့. . . ငါ နားလည်ပြီ၊ နင်ဟာ ငါ့သွေးသားအရင်းမှ မဟုတ်ခဲ့ဘဲကိုး”

“ရှင်”

ခွာညို အံ့ဩလောင်ကျွမ်းစွာဖြင့် ယောင်ယမ်းရေရွတ်မိသည်။ သူမ၏ နှုတ်ခမ်းတွေ ပွင့်ဟလျက်. . .၊ မျက်လုံးများ ဝိုင်းစက်ကျယ်သွားသည်။ ချွေးစေးတွေ ပြန်ကာ အသက်ရှူမြန်လာ၏။

“ရော့”

www.burmeseclassic.com


ဦးဝင်းကျော်က တံခါးသံတိုင်များကြားမှ တစ်စုံတစ်ရာကို လှမ်းပစ်ပေးလိုက်သည်။

မြေပြင်ပေါ်ကျသွားသော ထိုအရာကို သူမ ငုံ့ကြည့်လိုက်သောအခါ ကဒ်ထူစာရွက်တစ်ရွက် ဖြစ်နေမှန်း တွေ့ရ၏။

"သွေးလှူရှင် ဂုဏ်ပြုမှတ်တမ်း"

ဟူသော ခေါင်းစီးစာတမ်းကို မြင်လိုက်ရသောအခါ ခွာညို အရာရာကို နားလည်သွားတော့သည်။

သူမ. . . မန္တလေးရောက်နေတုန်း ထိုဂုဏ်ပြုမှတ်တမ်းစာရွက်က အိမ်သို့ ရောက်လာပေလိမ့်မည်။ ထိုစာရွက်ပေါ်တွင် သူမ၏ သွေးအမျိုးအစားသည် 'အို (O) ' သွေးဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုစာရွက်ကို ဖခင်ဖြစ်သူ ဖတ်မိသွားသောအခါ. . .

. . .

အရာရာအားလုံး ဆုံးခန်းတိုင်သွားပြီဖြစ်ကြောင်း သူမ. . . ဝမ်းနည်းစွာ ဖြင့်ပင် လက်မခံချင်ဘဲ လက်ခံ လိုက်ရတော့သည်။

သူမ. . . ဦးဝင်းကျော်၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။ ဦးဝင်းကျော်၏ မျက်ဝန်းတွေက မှောင်မိုက်နေ၏။

ထိုသို့သော မျက်လုံးမျိုးကို ငါးမန်းတစ်ကောင်တွင် သူမ တွေ့ခဲ့ဖူးပါသည်။

"မင်း သွားတော့. . . မင်း ဒီအိမ်ထဲကို ပြန်ဝင်လာစရာမလိုတော့ဘူး၊ ကိုယ့်သားသမီးမဟုတ်ဘဲနဲ့ မင်းကို ငါ အနှစ်နှစ်ဆယ်လုံးလုံး ပြုစုကျွေးမွေး ပျိုးထောင်ပေးခဲ့တယ်၊ အခုတော့ ကိုယ့်ခြေတောက်ပေါ် ကိုယ်ရပ်တည်နိုင်ပြီဆိုပြီး

www.burmeseclassic.com


ငါ့ကိုလဲ ဆန့်ကျင်ရဲပြီ. . . ကောင်းပြီ. . . ကဲ. . . မင်းသွားတော့၊ ဒီကို ဘယ်တော့မှ ပြန်မလာနဲ့တော့”

ဦးဝင်းကျော်က ချာခနဲနောက်ပြန်လှည့်ကာ အိမ်ဘက်ဆီ တစ်လှမ်းချင်း ထွက်သွားသည်။

သော့ခတ်ထားသော ခြံတံခါးရှေ့တွင်. . .

ခွာညို. . .

. . .

❐

www.burmeseclassic.com

# အခန်း (၁၈)

www.burmeseclassic.com

❒

“ကျွန်မကတော့ ဘာကိုမှ မျှော်လင့်မထားတော့ပါဘူး”

ခေါင်းကိုဖြေညင်းစွာ ခါယမ်းရင်းပြောလိုက်သောကြောင့် ဆံနွယ်စ တွေက မျက်နှာပေါ် ဝေ့ဝဲကာကျလာ၏။ ဒီဝိုင်းက. . .

“မဟုတ်သေးဘူးလေ. . . ခွာညို ဘာဖြစ်လို့ အားလျှော့ချင်ရတာလဲ”

“မျှော်လင့်ချက်ထားတဲ့လူဟာ ပင်ပန်းတယ်. . . တဲ့”

“အဆိုးဆုံးကိုချည်းပဲ တွေးနေတဲ့လူဟာလဲ ပင်ပန်းတာပါပဲ ခွာညို ရယ်. . . အဲဒါတွေကို မတွေးပါနဲ့၊ ငါတို့ တတ်နိုင်သလောက် တစ်ခေါက် ထပ် ကြိုးစားကြည့်ရအောင်. . . အန်ကယ့်ကို ငါတို့နှစ်ယောက်ပါ ဝိုင်းပြီး ဖျောင်းဖျ တောင်းပန်ကြည့်မယ်လေ”

ခွာညို၏ နှုတ်ခမ်းတွေက ပြုံးသော်လည်း။ အသက်မပါ။ လည်တိုင် အစပ်မှာ ချွေးစို့နေသည်ကို မြင်ရ၏။ ဝင်းဝါနူးညံ့သော အသားအရေ၏အောက်မှ စိမ်းစိမ်းမှုန်ရီသော သွေးကြောတွေ တုန်ရီနေလေသည်။

www.burmeseclassic.com


သူမ. . . ရင်ထဲမှာ ကျိတ်ပြီး ငိုရှိုက်နေသည်ဟု ခံစားရ၏။ သူမက. . .

"ကျေးဇူးပါပဲ၊ ဒါပေမယ့်. . . မဖြစ်နိုင်တော့ဘူး ထင်တယ်၊ ကျွန်မ ရင်ထဲက အလိုလိုသိနေတယ်၊ ဒီတစ်ခေါက် အဖေ. . ကျွန်မကို နှင်ချလိုက်ပုံက အရင်က ဖြစ်ခဲ့ဖူးတာတွေလိုမျိုး၊ သာမန် ကတောက်ကဆဖြစ်ရုံနဲ့ စိတ်ဆိုးတုန်း ခဏ သွေးပူပူနဲ့ နှင်ချလိုက်တာမျိုး မဟုတ်ဘူး၊ ဖေဖေ. . . တကယ်ကို သွေးအေးအေးနဲ့ အပြီးသတ် ဆုံးဖြတ်လိုက်တာ"

ခွာညို့စကားအဆုံးတွင် ချမ်းကော ဒီဝိုင်းပါ သက်ပြင်းကို ခိုး၍ရှိုက်မိလေသည်။

အတန်ကြာအောင် တိတ်ဆိတ်နေဖြစ်ကြသည်။ ပြီးမှ. . .

ချမ်းက. . .

"ထားလိုက်တော့. . . ခွာညို၊ အဲဒါတွေ ခဏမေ့ထားလိုက်၊ အခု. . ငါ. . နင့်ကို အရေးကြီးတဲ့မေးခွန်းတစ်ခု မေးမယ်"

"ဘာလဲ. . . "

"နင့်အဖေ. . . အဲ. . . နင့်အဖေအရင်းတော့ ဟုတ်ချင်မှ ဟုတ်မယ်ပေါ့နော်၊ ဒါကိုတော့ ငါတို့ မသိနိုင်ဘူး၊ ထားပါတော့. . . အဲဒီ နင့်အဖေရင်းလို့ မပြောနိုင်တဲ့ အန်ကယ်ဦးဝင်းကျော်အပေါ်မှာ နင် ဘယ်လို သဘောထားသလဲ . . . ကဲ. . . ဖြေ"

သူတို့သုံးယောက်စလုံး၏ မျက်ဝန်းတွေက အောက်ခြေမရှိသော ရေကန်တစ်ကန်လို အသိရခက်ခဲစွာ နက်နက်ရှိုင်းရှိုင်း တည်ငြိမ်နေကြ၏။ သူတို့. . . တစ်ယောက်ကို တစ်ယောက်လည်း မကြည့်မိအောင်ရှောင်ကာ မတူညီသော အဝေးတစ်နေရာစီသို့ ငေးနေကြသည်။

ခွာညို့အသံက ခပ်တိုးတိုး အေးစက်စက်။

“အမှန်အတိုင်းပဲ ပြောပြမယ်နော်၊ ရှင်တို့ ယုံချင်ယုံ. . . မယုံချင် နေ၊ ကျွန်မစိတ်ထဲမှာ အဖေအပေါ်မှာကော အမေ့အပေါ်မှာပါ ဘယ်လိုမှ သဘောမထားဘူး”

သစ်စေ့၏ အရွယ်အစားနှင့် ပုံသဏ္ဌာန်သည် သစ်ပင်၏အရွယ်အစားနှင့် ပုံသဏ္ဌာန်ကို သတ်မှတ်ဆုံးဖြတ်နိုင်သည် မဟုတ်ပါ။

အားလုံးသည် အစကတည်းက သူ့သဘော သူဆောင်လာခဲ့ခြင်းသာ ဖြစ်ပါသည်။

“သူတို့တွေမှန်ခဲ့သလား၊ မှားခဲ့သလားဆိုတာကိုလဲ ကျွန်မ စိတ်မဝင်စားဘူး၊ အဲဒီ အမှားအမှန်ရဲ့ရလာဒ်ဟာ ကျွန်မအပေါ်မှာ ဘယ်လိုမှ သက်ရောက်မှု မရှိဘူး၊ ကျွန်မပြောတာ ရှင်တို့ နားလည်ရဲ့လားဟင်”

ချမ်းနှင့် ဒီဝိုင်း နှစ်ယောက်စလုံး ပြိုင်တူပခုံးကို တွန့်ပြလိုက်မိသည်။ ခွာညိုက. . .

“လူဖြစ်လာကတည်းက ကျွန်မအတွက် အဖေနဲ့ အမေဟာ သူတို့နှစ်ယောက်ပဲ၊ ဓာတုဗေဒဆေးရည်တွေက သွေးစက်တွေအပေါ်မှာ ဘယ်လိုပဲ အဖြေထုတ်ထုတ် အရေးမကြီးပါဘူး၊ ကျွန်မက အဖေလို့ သတ်မှတ်ထားတဲ့ လူအပေါ်မှာထားတဲ့ ကျွန်မရဲ့ မေတ္တာတရားကပဲ အဓိကကျတယ်”

ဒီဝိုင်းနှင့် ချမ်းတို့ တစ်ပြိုင်တည်း အားပါးတရ ပြုံးသည်။ သူတို့ သုံးယောက်၏ ညာဖက်လက်တွေ တင်းကျပ်စွာ ဆုပ်ကိုင်မိကြ၏။

ဒီဝိုင်းက. . .

“ဟုတ်ပြီ. . . ငါတို့လိုချင်တာ အဲဒီလို ‘ပျော့ပျောင်းနူးညံ့တဲ့ မာကျောမှု’ ပဲ၊ လာ. . . ခွာညို. . . ငါတို့ အန်ကယ့်ဆီ သွားကြမယ်”

“လာ. . . လိုက်ခဲ့ပါ ခွာညို၊ ဒါ. . . နောက်ဆုံး ကြိုးစားမှုပေါ့”

www.burmeseclassic.com



ခွာညို ခေါင်းညိတ်ပြလိုက်၏။

ရိဝေစွာဖြင့် ပြတင်းပေါက်မှတစ်ဆင့် အပြင်အပသို့ လှမ်းကြည့်လိုက်သောအခါ မိုးမခပင်၏ အရွက်တွေ တဖွဲဖွဲ ကြွေနေသည်ကို မြင်ရသည်။

*

လောကတွင် 'ပုံစံသေ'သမားသည် သစ်ရွက်လို တဖွဲဖွဲကြွေနေကြ သည်။ အနန္တစကြဝဠာထဲ၌ ကြေမွလွင့်စင်သွားရသမျှ အားလုံးမှာ မာကျော လှပါသည် ဆိုသော အရာများသာ ဖြစ်၏။

ပျော့ပျောင်းမှုသည် ဒိဋ္ဌဓမ္မ (Reality) အခြေအနေနှင့် အံဝင်ခွင်ကျ ဖြစ်၏။ အကယ်စင်စစ် . . . ဒိဋ္ဌဓမ္မ (Reality) အခြေအနေဆိုသည်မှာ အရာရာကို သူ့အရှိ တရားအတိုင်း နူးညံ့စွာ လက်ခံသိမ်းပိုက်နိုင်ခြင်းပင် ဖြစ်ပါသည်။

❒

www.burmeseclassic.com

❐

ခြံတံခါးဝတွင် ရပ်နေသော သူတို့သုံးယောက်ကို မြင်လိုက်ရသည့်အခါ ဦးဝင်းကျော် မျက်လုံးတွေ မီးဝင်းဝင်းတောက်သွား၏။ မျက်ခုံးတွေကုပ်ကာ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာသည်။

အာခေါင်တွေမှာပါ ခြောက်သွေ့လာသလို ခံစားရသည်။ အော်ငေါက် မောင်းထုတ်ပစ်လိုက်ရင် ကောင်းမလားဟု သူ. . စဉ်းစားသည်။ နောက်မှ စိတ်ကို တင်းတင်းထိန်းချုပ်ကာ ခြံတံခါးဝဆီသို့ ခြေလှမ်းမှန်မှန် ဖြင့် လျှောက်လာရင်း. . .

"ဘာကိစ္စလဲကွ"

ဟု ခပ်မာမာ လှမ်းမေးလိုက်၏။ ဒီဝိုင်းက. . .

"အန်ကယ်နှင့် နည်းနည်းဆွေးနွေးချင်လို့ပါ ခင်ဗျာ၊ ခြံတံခါးလေး တဆိတ်လောက် ဖွင့်ပေးပါလား"

"ဖွင့်မပေးနိုင်ဘူးကွ၊ မင်းတို့နဲ့လဲ ဘာမှဆွေးနွေးစရာ မရှိဘူး"

ဒီဝိုင်းက ခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး. . .

www.burmeseclassic.com


"အာ. . . ဟိုဒင်း. . . ဒီလိုပါ အန်ကယ်၊ ကျွန်တော်တို့က အန်ကယ့်အတွက် ဃရာဝါသတရား ရှေ့ထားပြီး. . . "

"ဘာကွ. . . "

ချမ်းက လေသံတိုးတိုးဖြင့် ခပ်မြန်မြန် သတိပေးသည်။

"ဟေ့ကောင်. . . ဒီဝိုင်း၊ မှားနေပြီကွ. . . 'ဃရာဝါသ' ဆိုတာ အိမ်ထောင်ပြုတာကို ပြောတာ၊ 'ဂါရဝ'တရား လုပ်စမ်းပါကွ"

"ဟာ. . . ဟုတ်တယ်. . . ဟုတ်တယ်၊ မှားသွားလို့၊ ကျွန်တော်တို့က ဂါရဝတရားရှေ့ထားပြီး လာပြောတာပါ ခင်ဗျာ"

"တော်စမ်း၊ ဘာမှ ပြောမနေနဲ့၊ ငါဆိုတဲ့ကောင်က ဗူးဆိုရင် ဖရုံသီးတဲ့ကောင် မဟုတ်ဘူးကွ"

ဒီဝိုင်းက မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်ပြီး

"ဒီလိုလဲ သဘောထားလို့ ဘယ်ဖြစ်မလဲခင်ဗျာ၊ မုန်းစကို တိုစေ. . . ချစ်စကိုရှည်စေတဲ့၊ ဒါတွေ အန်ကယ်လဲ သိပြီးသားဖြစ်မှာပါ။ ကျွန်တော်တို့ ပြောတာ နွားရှေ့ထွန်ကျူးသလိုမျိုး ဖြစ်. . ဖြစ်"

"ဘာကွ"

"ဟာ. . . ကန်တော့. . . ကန်တော့၊ ကျွန်တော်. . . အန်ကယ့်ကို နွားနဲ့ နှိုင်းတာမဟုတ်ပါဘူး၊ ဟိုဒင်း. . . ကျွန်တော်လေ. . . ကျည်းကန်ရှင်ကြီး မေတ္တာစာကျမ်းကို ဖွင့်ကြည့်လိုက်တော့ အဲ. . . ဘာတွေရသလဲဆို တော့. . . ဟို. . . "

"ပိုးဟပ်ချေးတွေပဲ တွေ့မှာပေါ့ကွ"

ဦးဝင်းကျော်က သူ့ကို 'နွား'နှင့် အနှိုင်းခံထားရသောကြောင့် စိတ်တိုတို ဖြင့် ဘုပြော၏။

"ဟာ. . . အန်ကယ်ကလဲဗျာ၊ နောက်နေပြန်ပြီ. . . ဟဲ ဟဲ ဟဲ"

"တိတ်စမ်းကွာ. . . ကျက်သရေလဲ မရှိဘဲနဲ့ ငါ့ရှေ့မှာ ဝက်အမြီး လှည်း ကြိတ်ခံရသလို တဟဲဟဲ လာအော်မနေနဲ့"

"ရယ်ချင်တာကိုး. . . အန်ကယ်ရဲ့"

"မရယ်နဲ့. . . မင်းတို့မျက်နှာက မျက်နှာရှုးတွေ"

ဦးဝင်းကျော်၏ စကားကြောင့် ချမ်းနှင့် ဒီဝိုင်းက ချက်ချင်းပင် သူတို့၏ မျက်နှာကို တည်ပစ်လိုက်ကြသည်။ နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားကြ၏။ မျက်ဝန်းတွေက တင်းမာသောအရောင် တလက်လက် တောက်ပလာကြသည်။

ဦးဝင်းကျော်က သူတို့၏ မျက်နှာများကို သေသေချာချာ ကြည့်ပြီး

"အောင်မာ. . . မျက်နှာတွေကိုက တစ်လောကလုံး သူတို့လုပ်စာ ထိုင် စားနေရတဲ့ ပုံစံနဲ့"

သူတို့နှစ်ယောက်စလုံး စိတ်ထဲမှာ 'ဟိုက်'ခနဲ ရေရွတ်မိကြသည်။ ချက် ချင်းပင် မျက်နှာများကို ပြုံးသည်လည်းမဟုတ် တည်သည်လည်း မဟုတ်သော အနေအထားရောက်အောင် ကမန်းကတန်း ပြင်လိုက်ကြပြန်သည်။

သူတို့ အမူအယာတွေ 'လေ' ထက်ဝက်လျော့နေသော ပူဖောင်းတွေလို ရှုံ့တွတွ ပျော့စိစိ ဖြစ်ကုန်ကြသည်။

"ဟော. . . အခုတော့လဲ မင်းတို့မျက်နှာတွေက မချိုမချဉ်နဲ့"

သူတို့ ကမန်းကတန်း အလျှင်အမြန်ပင် ပြုံးလိုက်ကြသည်။ သို့ သော်. . .

"အောင်မာ. . . ဒါက ငါ့ကို ပြောင်ပြနေကြတာပေါ့လေ"

သူတို့ နှစ်ယောက်စလုံး လက်မြှောက်အရှုံးပေးလိုက်ကြရတော့သည်။ ခြွင်းချက်မရှိ လက်နက်ချထားသည့် လေသံဖြင့်. . .

www.burmeseclassic.com


"အန်ကယ်က ကျွန်တော်တို့ မျက်နှာကို ဘယ်လိုထားစေချင်ပါသလဲ ခင်ဗျာ"

"ဘယ်လိုမှ ထားမနေနဲ့၊ အကောင်းဆုံးကတော့ မင်းတို့ ငါ့ရှေ့က အမြန်ဆုံး ထွက်သွားကြပေတော့. . . ဒါပဲ"

သူတို့ စိတ်မကောင်းဖြစ်စွာဖြင့် သက်ပြင်းတစ်ချက်ကို တိတ်တခိုး ရှိုက်မိကြသည်။ ဒီဝိုင်းက. . .

"ကောင်းပါပြီ. . . အန်ကယ်က ဒီလောက်တောင် သွားစေချင်ရင်လဲ ကျွန်တော်တို့ သွားပါ့မယ်၊ ဒါပေမယ့်. . . အန်ကယ့်ကို နောက်ဆုံး မေးခွန်းတစ်ခု မေးပါရစေ"

ဦးဝင်းကျော်က အသိရခက်ခဲသော မျက်ဝန်းတစ်စုံဖြင့် သူတို့ကို တိတ်ဆိတ်စွာ စိုက်ကြည့်နေ၏။

သူတို့အားလုံး ဓားသွားပေါ်မှာ လမ်းလျှောက်နေရသလို အေးစက်ချောက်ချားစွာ ခံစားနေရသည်။

"အန်ကယ့်အနေနဲ့ ခွာညို့ကို သမီးအဖြစ်က တကယ်ပဲ ရာသက်ပန် စွန့်လွှတ်တော့မှာလား"

စိတ်ကို ပင့်ကူမျှင်တွေ လာရောက်ငြိတွယ်ကာ အိမ်ဖွဲ့နေသလိုမျိုး စေးကပ်မှိုင်းရီစွာဖြင့် အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ နောက်ဆုံးတွင်မှ ဦးဝင်းကျော်က. . .

"ဟုတ်တယ်"

သူတို့မှာ ပြောစရာစကား များများစားစား မရှိတော့ပါ။ ချမ်းက. .

"ကောင်းပါပြီ အန်ကယ်. . . စိတ်ချပါ၊ ခွာညို့ကို ကျွန်တော်တို့ နှစ်ယောက် စောင့်ရှောက်လိုက်ပါမယ်. . . အန်ကယ့်အနေနဲ့ ဒီတစ်သက် ခွာညို့

မျက်နှာကို နောက်ထပ် ဘယ်တော့မှ မမြင်စေရဘူးဆိုတာ ကတိပေးပါတယ် ခင်ဗျာ. . . ဒါပါပဲ”

သူတို့သုံးယောက် ခြံတံခါးဝကို ကျောခိုင်းလိုက်ကြသည်။ ခွာညို၏ လက်နှစ်ဖက်ကို ချမ်းနှင့် ဒီဝိုင်းတို့က ဘယ်. . ညာဖေးမကာ တင်းတင်းဆုပ်ကိုင်လိုက်ကြ၏။

ထို့နောက်. . . သူတို့ ရင်ကော့ခေါင်းမော့ပြီး. . . ကျောခိုင်းထွက်ခွာလာခဲ့ကြသည်။

●

လေပြေထဲတွင် မြက်လေးပန်းရနံ့နှင့်တူသော မိုးစက်အငွေ့အသက်တွေ သင်းပျံ့လာသည်။

“ခွာညို. . . နင် အရမ်းအားငယ်နေသလားဟင်”

“ဟင့်အင်း. . . ဘာလို့ အားငယ်ရမှာလဲ. . . ဘဝဆိုတာ စက်ဘီးစီးရသလိုပါပဲ၊ ခန္ဓာကိုယ်ကို မတ်မတ်ထားရမယ်၊ မျက်လုံးက ရှေ့ကိုပဲ ကြည့်ရမယ်လေ”

မိုးစက် တဖွဲဖွဲ ရွာချစ ပြုလာ၏။ သူတို့သုံးယောက်၏ ခန္ဓာကိုယ်ပေါ် ရေပွင့်ရေမှုန်တွေ ထိစင်ကာ ကြွေလွင့်သွားကြသည်။

“ခွာညို. . . သီချင်းတစ်ပုဒ်လောက်များ မရဘူးလား”

“ရတယ်. . . Greenday ရဲ့ Minority လေ”

မုတ်သုန်လေပြေထဲတွင် ရယ်သံတွေ ပါးပါးလျားလျား လွင့်သွား၏။ လမ်းမကြီးပေါ်. . .


www.burmeseclassic.com


မိုးစက်တွေ တဖွဲဖွဲ ရွာသွန်းနေသည့်ကြားမှာပင် သူတို့သုံးယောက် ခန္ဓာကိုယ်တွေကို ယိမ်းနွဲ့ကာ သီချင်းတစ်ပုဒ်ကို သံပြိုင်ဆိုသွားကြလေသည်။

❐

www.burmeseclassic.com

# အပိုင်း (၄)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

www.burmeseclassic.com

www.burmeseclassic.com

# ၈

❒

ခွာညိုနှင့်အတူ သူတို့နှစ်ယောက်ပါ အတူနေထိုင်နိုင်မည့်နေရာကို စဉ်းစားရွေးချယ်ရသည်ပင် အခက်အခဲတစ်ခု ဖြစ်လာသည်။

အရင်ဆုံး မိန်းကလေးသူငယ်ချင်းများ၏ နာမည်ကို တန်းစီပြီး ဖြစ်နိုင်၊ မဖြစ်နိုင် တွက်ဆကြည့်ရသည်။ ခွာညိုက အစကတည်းက မိန်းကလေးမိတ်ဆွေ သိပ်မရှိသောကြောင့် များများစားစား စဉ်းစားရန်မလို။

ချမ်းနှင့် ဒီဝိုင်းတို့အတွက် သူငယ်ချင်းတွေက ယောကျ်ားလေးကော မိန်းကလေးပါရှိသော်လည်း သူတို့သုံးယောက်စလုံးနေဖို့ အဆင်ပြေမည့်အိမ်ကို တကယ် စေ့စေ့စပ်စပ် ရွေးချယ်ကြသောအခါ တစ်မျိုးမဟုတ်တစ်မျိုး ချွတ်ယွင်းချက်ရှိသည်က များနေ၏။

တချို့သူငယ်ချင်းများ၏ အိမ်က ဇီဇာကြောင်သည်။ စည်းကမ်းကြီးသည်။ တချို့အိမ်က မိသားစုဦးရေ များလွန်းသဖြင့် သူတို့ချည်းပင် ကျဉ်းကျဉ်းကျပ်ကျပ် နေရသည်။ တချို့အိမ်က ကိုယ့်သားသမီး၏ မိတ်ဆွေသူငယ်ချင်း အပေါ် ဖော်ဖော်ရွေရွေ ပျူပျူငှာငှာ မရှိ။

www.burmeseclassic.com


တချို့အိမ်က လုပ်ငန်းနှင့် တွဲထားသဖြင့် လူဝင်လူထွက်များသည်။ ရှုပ်သည်။ တချို့အိမ်က ပတ်ဝန်းကျင်မကောင်း။ တချို့မိသားစုကျပြန်တော့လည်း စေတနာ ချမ်းသာသည့်တိုင်အောင် စားဝတ်နေရေး ချို့ငဲ့သောကြောင့် သူတို့အတွက် တာဝန်ပိုရမည်ဆိုလျှင် အားနာစရာကောင်းနေပြန်၏။

တစ်ညနေလုံး စဉ်းစားရွေးချယ်ကြပြီး နောက်ဆုံးတွင် ဒီဝိုင်းက. .

“ဟိုကောင့်အိမ် ဆိုရင်ကော. . . ဘယ်လိုလဲ၊ ဒီကောင်က နှစ်ယောက်တည်းနေတာ၊ ပြီးတော့. . . ဒီကောင်က အလုပ်လုပ်ရင်း ကျောင်းတက်တာဆိုတော့ တစ်နေ့လုံးလိုလို သူ့အိမ်မှာ ဘယ်သူမှရှိတာ မဟုတ်ဘူး”

“မင်းက ဘယ်သူ့ကို ပြောနေတာလဲ”

“ကိုကိုမြင့်. . . လေကွာ”

“ဟာ. . . ဖြစ်ပါ့မလား၊ ဒီကောင်က ပေါတောတောနဲ့”

ချမ်းက ခေါင်းကိုကုတ်ရင်း ညည်းညည်းညူညူပြော၏။ ကိုကိုမြင့်က ဆယ်တန်းတုန်းက သူတို့နှင့်အတူ ဆရာဦးလှဆင့်၏ ပညာတံခွန်ကျောင်းတွင် အတူတူတက်ခဲ့ကြသော်လည်း ဆယ်တန်းအောင်ပြီးသောအခါ သူက မြောက်ဥက္ကလာပရှိ ဆေးတက္ကသိုလ် (၂)တွင် တက်ရသောကြောင့် ချမ်းတို့နှင့် သိပ်မတွေ့ဖြစ်ကြ။

ပြီးခဲ့သည့် ပထမနှစ်တုန်းကတော့ လှိုင်နယ်မြေထဲကို လေးငါး ခေါက်ခါသူ လာလည်သေးသည်။ ပထမနှစ်မှာပင် စာမေးပွဲကျသည်ဟု သတင်းကြားရပြီးနောက် လာလည်သည်ကို မတွေ့ရတော့။ သူက နယ်ကျောင်းသား မဟုတ်သောကြောင့် အဆောင်တွင်နေခွင့်မရ။ ထို့ကြောင့် မြောက်ဥက္ကလာဆေးရုံရှေ့က ရပ်ကွက်ထဲတွင် အိမ်ငှားနေရသည်ဟုပြောပြီး လိပ်စာပေးသွားဖူးသည်။

www.burmeseclassic.com


“အေးလေ. . . ဒီကောင်က တစ်ခါတစ်ခါ ပေါက်ကရတွေ ထထ လုပ်တတ်တာကလွဲလို့ တစ်ဖက်သားကို ကူညီချင်စိတ်တော့ရှိပါတယ်၊ မဆိုးပါဘူး”

သည်လိုနှင့်ပင်. . . ကိုကိုမြင့် အိမ်မှသွားနေဖို့ သူတို့ဆုံးဖြတ်ဖြစ်ကြသည်။

❒

www.burmeseclassic.com

# ၁

❐

သူတို့ ရောက်သွားသောအခါ. . .

အိမ်ရှေ့ဧည့်ခန်းထဲကို လှမ်းဝင်ဝင်လိုက်ချင်း ကိုကိုမြင့်ကို တွေ့ရသည်နှင့် တစ်ပြိုင်နက် အားလုံး အံ့အားသင့်သွားကြ၏။

ကိုကိုမြင့်က ကင်းမြီးကောက် ထောင်လျက်သား. . .။

သူ၏ ပိန်ပိန်ရှည်ရှည် အရိုးငေါငေါ ခြေနှစ်ချောင်းက နံရံကိုထိန်းမှီရင်း တလှုပ်လှုပ် ဖြစ်နေ၏။

အံ့သြလွန်းလို့ သူတို့ အသံပင်မထွက်မိ။ ပါးစပ်အဟောင်းသားဖြင့် တိတ်ဆိတ်စွာ ရပ်ငေးကြည့်နေဖြစ်ကြသည်။

ခဏကြာတော့ ချမ်းက လေသံမာမာဖြင့်. . .

“ဟေ့ကောင်. . . ကိုကိုမြင့်”

“အောင်မယ်လေးဗျ”

www.burmeseclassic.com


"ဝုန်း"

ကိုကိုမြင့် လန့်ဖျပ်ပြီး ဟန်ချက်ပျက်ကာ ပြုတ်ကျသည်။ "အား. . ကျွတ်. . . ကျွတ်"ဟု အော်ညည်းရင်း နာကျင်သွားသည့်ခါးကို ပွတ်သပ်နှိပ်နယ်နေ၏။ ဒီဝိုင်းက. . .

"ဟေ့ကောင်. . . မကြီးမငယ်နဲ့ ဘာဖြစ်လို့ ကင်းမြီးကောက်ထောင်နေရတာလဲ"

"အား. . . ကျွတ်. . . ကျွတ်. . . ငါ့ခြေထောက်ထဲက စိတ်ကူးတွေ ဦးနှောက်ထဲ စီးဝင်လာအောင် လုပ်နေတာကွ"

"ဟာ. . . ကြံကြံဖန်ဖန်ကွာ"

ချမ်းက မျက်နှာကို ရှုံ့မဲ့ပြီး ညည်းလိုက်သည်။

"မင်းကို ဘယ်သူ မြှောက်ပေးလိုက်တာလဲ" ဟုလည်း ခပ်ငေါက် ငေါက် မေးလိုက်၏။ ကိုကိုမြင့်က ကြမ်းပြင်ပေါ်မှ ကုန်းထရင်း. . .

"လူတိုင်းနီးပါးက ပြောတာပဲကွ၊ ငါ့အတွေးအခေါ်တွေဟာ သူတို့လိုက်မမှီနိုင်လောက်အောင် သိပ်မြင့်လွန်းနေတယ်တဲ့၊ ဒါကြောင့်. . . ကျေးဇူးပြုပြီး ခပ်နိမ့်နိမ့်ပဲ တွေးပါလို့ ဝိုင်းတောင်းပန်ကြတာနဲ့"

"မင်း. . . အရူးပဲ ကိုကိုမြင့်"

ကိုကိုမြင့်က သူတို့ကို သနားစရာ သတ္တဝါကလေးများသဖွယ်ကြည့်ပြီး ခေါင်း ကို ခါယမ်းလိုက်ရင်း. . .

"မင်းတို့. . . ရှုရှားကထုတ်တဲ့ လက်ဝဲစာအုပ်တွေ မဖတ်ဘူးကြဘူးလား၊ အဲဒီထဲမှာ. . . 'လူထုနဲ့ နီးစပ်အောင် အခြေခံကျကျ တွေးခေါ်ပါ' လို့ ရေးထားတယ်၊ ဒါကြောင့်. . . ငါလဲ ခေါင်းနဲ့မတွေးဘဲ ခြေထောက်နဲ့ တွေးတတ်အောင် လေ့ကျင့်နေတာ"

www.burmeseclassic.com

"သေလိုက်ပါလားကွာ"

သူတို့နှစ်ယောက်က ကိုကိုမြင့်ကို တစ်ယောက်တစ်ပေါက် ဝိုင်းဆဲရင်း ဧည့်ခန်းရှိ ခုံများတွင် ဝင်ထိုင်ကြ၏။ ခွာညိုက သူတို့နောက်မှ ခပ်ယို့ယို့လေး ပါလာသည်။

ဒီဝိုင်းက စားပွဲပေါ်ရှိ ရေနွေးကြမ်းအိုးကို ငှဲ့သောက်လိုက်ရင်း. . .

"ငါတို့က မင်းနဲ့တွေ့မှ တွေ့ပါမလားတောင် စိတ်ပူနေတာကွ၊ မင်း အလုပ်လုပ်နေတယ်ဆိုတာကိုး"

"စာပို့သမားအလုပ်တော့ ဝင်လျှောက်တာပဲ၊ ဒါပေမယ့်. . . အင်တာဗျူးမှာ ငါ ပြုတ်သွားတယ်"

"ဘာမေးလို့လဲ"

"ကမ္ဘာမြေနဲ့ လရဲ့ အကွာအဝေးကို သိပါသလားတဲ့၊ ငါက. . . အဲဒါ ငါ့ကို တာဝန်ပေးမယ့်လမ်းကြောင်းထင်လို့ မဖြေတော့ဘဲ ပြန်လာတယ်"

သူ့စကားကြောင့် ခွာညိုပါ မအောင့်နိုင်ဘဲ တခစ်ခစ်ရယ်မိသည်။ ကိုကိုမြင့်က ခွာညို့ကို သတိထားမိသွားပြီး 'ဘယ်သူလဲ' ဟု အကြည့်ဖြင့် မေး၏။ ဒီဝိုင်း က. . .

"မင်းရဲ့ မဟာအတွေးအခေါ်တွေကို ခဏထားဦး. . . အခု ငါတို့ လာရင်းကိစ္စကို မပြောခင် မင်းကို သူနဲ့အရင် မိတ်ဆက်ပေးရဦးမယ်၊ သူ့နာမည်က 'ခွာညို'တဲ့"

"ဩော်. . . အင်း. . . အင်း၊ မှတ်ရလွယ်သားပဲ၊ နွားခြေထောက်လေး ပေါ့"

"ဘာဆိုင်လို့လဲ"

"နွားခြေထောက်မှာလဲ 'ခွာ'ရှိတာပဲ၊ အရောင်က ညိုညိုလေးလေ"

www.burmeseclassic.com



ကိုကိုမြင့်၏ မတော်မတည့် အတွေးအခေါ်တိုင်းကို လိုက်ဖြေရှင်းနေလျှင် ဆုံးတော့မည်မဟုတ်ပါ။ ထို့ကြောင့်. . . ချမ်းက လာရင်းကိစ္စကို ခပ်မြန်မြန်ပင် ရှင်းပြလိုက်၏။

သူ့စကားဆုံးသောအခါ ကိုကိုမြင့်က. . .

“ရပါတယ်ကွာ၊ ဒီ အိမ်မှာ နေတာကတော့ ငါ့အတွက် ဘာမှ အပန်းမကြီးပါဘူး၊ ငါက ကုန်းပိုးထားရတာမှမဟုတ်တာ၊ အဲ. . . တစ်ခုပဲ၊ စားရေးသောက်ရေးကျတော့ ဘယ်လိုလုပ်မလဲ၊ မင်းတို့သိကြတဲ့အတိုင်းပဲ. . . ငါ့မှာ ငါ့တစ်ယောက်စာတောင် မနည်းရှာစားနေရတာ”

“ငါတို့ကကော ဘာ လုပ်ကိုင်စားသောက်တတ်တာမှတ်လို့ကွာ. . . အစစ အရာရာ မိဘဆီက လက်ဝါးဖြန့်နေရတာ”

“ခုလဲ ထုံးစံအတိုင်းပေါ့ကွာ”

သူတို့ စိတ်ပျက်သံတစ်ဝက်ဖြင့် ရယ်မောဖြစ်ကြ၏။ ဒီ အသက်အရွယ်ထိ မိဘကို မှီခိုနေရသည်မှာ အနည်းငယ် ရှက်စရာကောင်းသော်လည်း သူတို့ ဘာမှမတတ်နိုင်ကြပါ။ (အများနှင့်အတူ ညံ့ဖျင်းနေရသော ကိစ္စမျိုးကို သူတို့က ရိုးရိုးသားသားပင် ညံ့ဖျင်းကြောင်း ခံယူထားလိုက်ကြပါသည်။)

“အခုတောင်. . . ဒီဝိုင်းက သူ့အိမ်ဝင်ပြီး ပိုက်ဆံတောင်းလာခဲ့သေးတယ်၊ ခွာညို့အတွက် အဝတ်အစား ဝယ်ပေးဖို့”

ခွာညို့ ခရီးဆောင်အိတ်ထဲတွင် မန္တလေးသွားစဉ်က အဝတ်အစား သုံးလေးစုံသာ ပါသည်။ သူမ၏ဖခင်က ခြံထဲသို့ပင်ပြန်ဝင်ခွင့် မပေးသောကြောင့် ဘာအဝတ်အစား အသုံးအဆောင်မှ ထပ်ယူမလာနိုင်ခဲ့။

“အဲဒါ. . . အခု စတိုးဆိုင်သွားပြီး ခွာညို့အတွက် လိုအပ်တာလေးတွေ သွားဝယ်မလို့၊ မင်း လိုက်ခဲ့ဦးမလား”

www.burmeseclassic.com


ကိုကိုမြင့်က ခေါင်းခါရင်း. . .

“မင်းတို့ပဲ သွားကြပါတော့ကွာ. . . ငါ မလိုက်တော့ဘူး၊ စာကျက်စရာ ရှိသေးတယ်ကွ. . . မနက်ဖြန်ကျရင် ကျောင်းမှာ ငါတို့အတန်းက ကျောင်းသားတွေကို ဆီးနဲ့သွေး စစ်မယ်လို့ ပြောတယ်”

သူ့စကားကြောင့် ဒီဝိုင်းက ခေတ္တမျှကြောင်သွားသည်။ နောက်မှ သတိရကာ စိတ်တိုတိုဖြင့် လှမ်းကန်လိုက်ရင်း. . .

“မင်း. . .    ပဲ၊ သွေးစစ်၊ ဆီးစစ်တာနဲ့ ဘာဆိုင်လို့ စာကျက်ရမှာလဲ၊ သူ့ဘာသာသူ သွေးဖောက်ယူပြီး ပုလင်းထဲ ထည့်ပေးလိုက်ရတဲ့ ကိစ္စပဲ”

“ဟီး. . . ဟီး. . . မသိဘူးလေကွာ၊ ‘စစ်’ တယ်ဆိုတော့ ငါက စာမေးပွဲစစ်သလိုမျိုး မေးခွန်းတွေ ဘာတွေများ မေးမလားလို့ပါ”

“ခွေးကောင်. . . အဲဒီလိုမအူမလည်တွေ စဉ်းစားလွန်းလို့ ဆေးကျောင်းမှာ မင်း ပထမနှစ်ကျတာ”

ကိုကိုမြင့်က စိတ်မဆိုးဘဲ စပ်ဖြဲဖြဲလုပ်နေ၏။ ဒီဝိုင်းက. . .

“ဒီနှစ်ကော. . . မင်း စာတွေတော်တော် ကျက်ပြီးပြီလား”

“အခု ကျောင်းဖွင့်တာ တစ်လကျော်သွားပြီ၊ ငါ. . စာတစ်လုံးမှ မသင်ရသေးဘူး၊ ငါက ကျောင်းခန်းထဲမှ မရောက်တာကိုး၊ ရောက်သွားတဲ့ တစ်ရက်ကျတော့လဲ ညဖြစ်နေတယ်၊ အဲဒီညက မီးလဲ မလာဘူး၊ ဆရာလဲ မလာဘူးကွ”

❒

www.burmeseclassic.com

# အခန်း (၂၀)

www.burmeseclassic.com

❐

ဆိုးဆိုးရွားရွား သွေးတိုးနေသည့်ဒဏ်ကြောင့် ဦးနှောက်ထဲရှိ သွေးကြောတွေ တဖျစ်ဖျစ်မြည်ကာ ပြတ်သတ်ထွက်ကုန်တော့မည်ဟုပင် ဦးဝင်းကျော်ခံစားနေရသည်။

နားထင်နှစ်ဖက်ရှိ သွေးကြောများက တဒုန်းဒုန်းခုန်နေသည်။ မျက်စေ့ထဲတွင် မြင်ရသမျှ အရာရာတိုင်းသည် ချာလပတ်လည်နေ၏။

"ဘုရား. . . ဘုရား"

ဦးဝင်းကျော် လက်ထဲမှ ဒုတ်ကောက်က ကြမ်းပေါ်ပြုလဲကျသွားသည်။ မူးဝေလာသောကြောင့် သူကိုယ်တိုင် ခွေလဲမကျသွားစေရန် အနီးရှိနံရံကို ကမန်းကတန်း အားပြုထားလိုက်ရ၏။

"ဘုရား. . ဘုရား. . မူးလိုက်တာ၊ ငါ သေရတော့မယ် ထင်ပါရဲ့"

အရင်ကလည်း မကြာခဏ သွေးတိုးဖူးသည့်တိုင်. . . ယခုလောက် ပြင်းပြင်းထန်ထန် ဆိုးဆိုးရွားရွား တစ်ခါမှ မခံစားရဘူးခဲ့။

www.burmeseclassic.com


ဦးဝင်းကျော် စိတ်ထဲတွင် ရုတ်ချည်း. . . ကြောက်စိတ်ဝင်လာသည်။ သူ သေရတော့မည်ဟု စိတ်က ထင်လာ၏။

●

လူတစ်ယောက် သေဆုံးရတော့မည့်ဆဲဆဲ အချိန်ငယ်ကလေးတွင် ဘယ်လိုခံစားရတတ်လေ့ရှိပါသနည်း?

မည်သူမျှ မသိကြပါ။

*

သူကတော့. . သူ့သမီးဖြစ်သူ ခွာညို့ကို ထူးထူးခြားခြားပင် သတိရ တမ်းတနေမိလေသည်။

*

ခုချိန်ဆို သမီး ဘယ်မှာများ ရောက်နေမှာပါလိမ့်။ သမီး ဘာတွေများ လုပ်နေမှာပါလိမ့်။ သမီးကကော ငါ့ကို သတိမှ ရနေပါ့မလား. . . ဩော်. . . သူ ငါ့ကို စိတ်နာသွားလိမ့်မယ်ထင်ပါရဲ့။

ဦးဝင်းကျော် စိတ်တွေကို လျှော့ချထားလိုက်သည်။ သမီး၏မျက်နှာကို သူ့စိတ်ထဲတွင် တရေးရေး ပြန်မြင်ယောင်လာ၏။

အလွမ်းဆိုသည်မှာ အဆိပ်ကို ပြန်ဖြေရသော အဆိပ်တစ်မျိုးပင် ဖြစ်သည်။ အခုတော့ သူသည် အဆိပ်ဖြင့် နာကျင်နေရသူဖြစ်နေလေသည်။

www.burmeseclassic.com


“သမီးသာရှိရင်. . . ငါ့ကို ဆေးခန်းဆီ တွဲခေါ်ပို့ပေးဦးမှာပဲ”

သို့ရာတွင်. . . အတိတ်ဆိုသည်မှာ ငွေ့ရည်ပြန်ဖွဲ့တတ်သော မိုးမဟုတ်သောကြောင့် နောက်ထပ်တစ်ဖန် ပြန်လည်ရွာသွန်းရန် မဖြစ်နိုင်တော့သည့်အကြောင်း သူ နားလည်နေလေသည်။

www.burmeseclassic.com

❒

ခေါင်းမူးသည့် ဝေဒနာ အနည်းငယ် သက်သာသွားသောအခါ အခန်းထဲသို့ဝင်၍ သွေကျဆေး (Nifedipine Retard) ဆေးတစ်ပြားကို သောက်ချလိုက်သည်။

'အင်း. . . ညနေကြရင်တော့ ဆေးခန်းသွားဦးမှပဲ' ဟု သူ တွေးနေစဉ်မှာပင် တယ်လီဖုန်းမြည်သံကြားသောကြောင့် သူ ကောက်ကိုင်လိုက်၏။

"ဟဲလို. . . အမိန့်ရှိပါခင်ဗျာ"

"အန်ကယ် ဦးဝင်းကျော်လား"

"ဟုတ်ပါတယ်"

တစ်ဖက်မှ ပြောနေသည့်အသံက သူနှင့် ရင်းရင်းနှီးနှီးရှိသလို ခံစားရသော်လည်း ရုတ်တရက်မို့ ဘယ်သူမှန်း စဉ်းစား၍မရ။ ထိုအသံရှင်က

"အန်ကယ်. . . ဟို. . . ဟိုလေ. . . သတင်းဆိုးတစ်ခု ပြောစရာရှိလို့၊ ဟိုဒင်း. . . အန်ကယ် စိတ်ခိုင်ခိုင်ထားပါနော်"

"ဘာ. . . ဘာဖြစ်လို့လဲ"

www.burmeseclassic.com


ဦးဝင်းကျော် နှလုံးခုန်သံတွေမြန်လာသည်။ အသက်ရှူမဝသကဲ့ သို့ ခံစားလာရ၏။

“ဟို. . . မြောက်ဥက္ကလာ ဥဇ္ဇနာထိပ်က ရေကန်မှာ အမျိုးသမီး အလောင်းတစ်လောင်း ပေါ်လာတယ်၊ ကောင်မလေးက သူ့အဖေနဲ့ စိတ်ဆိုးလို့ ရေကန်ထဲ ဆင်းသေတာ. . တဲ့”

“ဟင်. . . ”

သူ့လက်ထဲမှ တယ်လီဖုန်း လွတ်ကျသွားသည်။

●

လက်တစ်ဖက်က ကားစတီယာရင်ကို ကိုင်လျက်. . .

ကျန်လက်တစ်ဖက်က မျက်ရည်ကို သုတ်ရင်း ကားကို အရှိန်ပြင်းပြင်း မောင်းလာခဲ့ရာမှ ဦးဝင်းကျော်၏ စိတ်တွေ မတုန်လှုပ်စဖူး ချောက်ချားတုန်လှုပ်နေသည်။

လူငယ်တစ်ယောက်ရဲ့ အနာဂတ်ကို ငါသတ်မိပြီ. . .

လူငယ်တစ်ယောက်ရဲ့ ဘဝကို ငါသတ်မိပြီ. . .

သမီးရယ်. . . ဖေဖေ့ကို ခွင့်လွှတ်ပါကွယ်. . .

●

သူ့သမီးအရင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ အသွေးအသားကို တည်ဆောက်ထားသော ဓာတုဗေဒဖွဲ့စည်းပုံများသည် ဘာမှ အရေးမကြီးသည့်အကြောင်း သူ နားလည်လိုက်ပြီဖြစ်သည်။

www.burmeseclassic.com


ဒီကလေးလေးတစ်ယောက်ကို အမိဝမ်းမှ ကျွတ်စဉ်ကတည်းက 'ဒါ. . ငါ့သမီး' ဟု သူ သတ်မှတ်ကာ မွေးမြူလာခဲ့သည်။ ထိန်းသိမ်း စောင့်ရှောက်လာခဲ့သည်။ သူ၏ ချစ်ခြင်းမေတ္တာများကို ပုံနှင်းပေးအပ်ခဲ့သည်။

ပတ်ဝန်းကျင်တစ်ခုလုံးကလည်း သူတို့နှစ်ယောက်ကို 'သားအဖ' အဖြစ် လက်ခံသတ်မှတ်ထားကြသည်။

အားလုံး ပြီးပြည့်စုံနေပြီ ဖြစ်သည်။

သူ့တစ်ကိုယ်စာ 'အတ္တ' တွေ မလိုအပ်တော့ပါ။ လူနှစ်ယောက်အတွက် အမှန်တကယ်လိုအပ်သောအရာမှာ. . .

တစ်ဦးကိုတစ်ဦး ယုံကြည်မြတ်နိုးသော 'နားလည်မှု' သာ ဖြစ်ပါသည်။

သူ့ကိုယ်သူ စတင်နားလည်လာသည့်အချိန်မှာပင် လူတွေ စုရုံးစုရုံး ဖြစ်နေသော မြေသားရေကန်ဘောင်ရိုးကို လှမ်းမြင်ရလေသည်။

ရေကန်ထောင့်တွင် သူကားကို ထိုးရပ်လိုက်ပြီး ကမန်းကတန်း ဆင်းကာ ရေကန်ဘောင်ပေါ် ပြေးတက်သွား၏။

သမီးရေ. . . ဖေဖေလာပြီ၊ ဟောဒီမှာ. . . အတ္တသမားလူမိုက်ကြီး လာပါပြီကွယ်။

အလောင်းကို ဝန်းရံထားသော လူတွေကို တွန်းဖွေ့ဖယ်ရှားကာ ဦးဝင်းကျော် အတင်းတိုးဝင်သွားသည်။ အနင်းအတိုက်ခံရသော လူတချို့က သူ့ကို မကျေမနပ်ဖြင့်ကြည့်ရင်း ကိုယ်ကိုယ့်ကာ နေရာဖယ်ပေးကြ၏။

"နည်းနည်းလောက်ဖယ်ပေးကြပါဗျာ. . . ဒါ. . . ကျွန်တော့်သမီးလေးပါ. . . ကျွန်တော့်သမီးလေးပါ"

ဦးဝင်းကျော်က ပါးစပ်က ပြောပြောဆိုဆိုဖြင့် တောင်းလည်း တောင်း

ပန်၊ တိုးလည်းတိုးဝှေ့ရင်း ဝိုင်းကြည့်နေကြသော လူတွေကို တွန်းတွန်းဖယ်ဖယ်ဖြင့် ရှေ့တိုးသွား၏။

သူ့စကားကြောင့် လူတွေက သူ့ကို အထူးအဆန်းသဖွယ် လှည့်ကြည့်ကြသည်ကို ဦးဝင်းကျော် သတိမထားမိသေး။ ရှေ့သို့သာ မဲနေရာမှ အဝတ်ဖြူ အုပ်ထားသည့်အလောင်းကို မြင်လိုက်ရသောအခါ သူ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားကြ၏။

"ဖြစ်မှဖြစ်ရလေ သမီးရယ်"

သူ စိတ်မထိန်းနိုင်တော့ဘဲ ပါးပြင်ပေါ် မျက်ရည်တစ်စက် စီးကျလာသည်။

တုန်ယင်နေသည့် လက်ချောင်းများဖြင့် အလောင်း၏ မျက်နှာဘက်က အဝတ်ဖြူအစွန်းကို ဆွဲလှန်လိုက်၏။

"ဟင်. . ."

သူတွေ့လိုက်ရသည်က ကုလားမကြီးတစ်ယောက်၏မျက်နှာ။ အိန္ဒိယတိုင်းရင်းသူပီသသော နှာတံအဖျားအဝတွင် ရွှေကွင်းကလေးတစ်ကွင်းပင် ပန်ဆင်ထားသေး၏။ မဲနက်ပြောင်လက်သော အသားအရေသည်ကား ရေထဲတွင် ကြာမြင့်စွာ နစ်မြုပ်ထားပြီဖြစ်သောကြောင့် ပုပ်ပွကာ ဖူးဖူးယောင်နေ၏။

ဦးဝင်းကျော် တွန့်ခနဲဖြစ်သွားသည်။

ထိုစဉ်မှာပင် ဝိုင်းကြည့်နေသော လူအုပ်ထဲမှ တီးတိုးပြောသံများကို ကြားရ၏။

"ဒီလူကြီးက သေသွားတဲ့ ကုလားမလေးရဲ့ အဖေဆိုပဲ"

"ဟာ. . . ဟုတ်ပါ့မလားကွာ"

"မသိဘူးလေကွာ. . . စောစောက ငါတို့ကို ဝင်တိုးပြီး သူကိုယ်တိုင် ပါးစပ်က ပြောသွားတာပဲ"

www.burmeseclassic.com


"ဖြစ်နိုင်ပါတယ်ကွ၊ ဒီလူကြီးက ကုလားမကို ယူထားတာဖြစ်မှာပေါ့"

လူတွေက တီးတိုးပြောကာ ရယ်ကြသည်။ ဦးဝင်းကျော် စိတ်တိုလာ၏။ ထိုအခိုက်. . .

"အာရိုရို. . . တမီးလေး. . . ပါပါကြီးရဲ့ ချွတ်ကရီးလေး၊ ပါပါကြီး လာပြီလေ. . . ထကြည့်ပါဦး. . . ဟီး. . . ဟီး"

အသက်ငါးဆယ်ခန့်ရှိသော နှုတ်ခမ်းမွှေးဖားဖားနှင့် ကုလားကြီးတစ်ယောက်က အော်ဟစ်ငိုယိုရင်း တိုးဝင်လာသည်။

လူအုပ်က နံဘေးသို့ ရှဲပေးလိုက်၏။

"ဒါ. . . ခင်ဗျား သမီးလား"

တာဝန်ရှိသူ ဖြစ်ဟန်တူသည့် လူကြီးတစ်ဦးက မေးလိုက်၏။

"ဟရေး. . . ဟုတ်ဘာဒယ်. . . ဘရားဆပ်. . . ချွန်တော့်ရဲ့တမီးပါ၊ ချွန်ဒေါ့်ရဲ့ အသည်းနှစ်လုံး ချွတ်ကရီးလေးပါ. . . တူ့နာမယ် ပပဝတီ"

နံဘေးမှ ကြားရသူများက ပြုံးကြသည်။

"ချွန်ဒေါ့်တမီးလေး. . . ပပဝတီလို လှဒယ်. . . ဘရားဆပ်ခုနှစ်ဆောင် တိုက်ခန်းမှာ မွီးမထွန်းဘဲ လင်းဒယ် ဆပ်. . . ဟရေး. . . အခုတော့ တူသေဘီ . . . အာ. . . ရှိုး. . . ရှိုး"

မျက်ရည်တွေကို သုတ်လိုက် တဖွဲ့တနွဲ့ပြောကာ ငိုလိုက် လုပ်နေသော ကြောင့် ဝိုင်းကြည့်နေသူများမှာ ရယ်ရအခက် ဝမ်းနည်းရအခက် ဖြစ်နေ၏။

"ချွတ်ကရီးနော်. . . ကန်ကလေးတစ်ယောက်နဲ့ကြိုက်တယ်. . . ဆပ်၊ ချွန်ဒေါ် သဘောမတူဘူး၊ ချွန်ဒေါ်. . . သူ့ကို ချစ်လို့မဝသေးဘူး၊ ဟီး. . . ဟီး. . . ချွတ်ကရီးရယ်. . . ပါပါကြီးကို ကြည့်လှည့်ပါဦး. . . ချွန် ဒေါ်. . . သူ့ကို

www.burmeseclassic.com


ရိုက်တယ်နော်၊ သူ စိတ်ဆိုးတယ်၊ တစ်ခါတည်း ပါနီထဲ ဆင်းတယ်၊ အခုတော့ မာလကာသွားပြီ. . . အရိုးရိုး”

ကုလားကြီး၏ လွမ်းခန်းမဆုံးမီမှာပင် ဦးဝင်းကျော် လူအုပ်ကြားမှ တိုးဝှေ့ကာ ပြန်ထွက်ခဲ့သည်။ တချို့လူတွေက သူ့ကို ပြုံးစေ့စေ့ဖြင့် ကြည့်ကြ၏။

သူကတော့. . . မပြုံးနိုင်။

စောစောက သေကွဲကွဲခဲ့ရသော ကုလားသားအဖကိုသာ မျက်စေ့ထဲတွင် မြင်ယောင်နေသည်။

*

ဘာသာ ကွဲပြားချင် ကွဲပြားမည်။ လူမျိုး ကွဲပြားချင်ကွဲပြားမည်။ သို့သော် . . . သားသမီးကိုချစ်သော မိဘ၏မေတ္တာကိုတော့ မည်သည့် အက္ခရာဘာသာစကားဖြင့် ထွင်းထုထားစေကာမူ သူ ဖတ်ရှုနားလည်နိုင်ပါသည်။

သူ တွေးရင်း တွေးရင်း ပို. . . ပို ကြေကွဲလာ၏။

အရှေ့ကောင်းကင်ဆီမှ မိုးသားတိမ်လိပ်တွေ ညို့နေလေသည်။

❐

www.burmeseclassic.com

အခန်း (၂၁)

# ၈

❐

တိမ်တိုက်တွေက ဆွတ်ဆွတ်ဖြူကာ သွားအစွယ်တက်ကလေး ပေါ်နေသောအပြုံးတစ်ခုလို ဖွေးဖွေးလက်ပနေ၏။

မိုးရေဝသောကောင်းကင်သည် အဖြူရောင်အိမ်မက်တစ်ခုလို မျောပါနေသည်။ ဘာမှမရှိသောသုညထဲတွင် ရွှေရောင် လင်းလက်တောက်ပနေ၏။

နောက်ကျခဲ့သည်လား. . . စောနေသည်သည်လား၊ ဖြေဆိုရန် ခက်ပါသေးသည်။ နက်ရှိုင်းသောတွင်းတစ်ခုထဲသို့ အားလုံးလွင့်စင်ကျ သွားခဲ့ကြသည်။ ဘဝဆိုသည်မှာ ချိန်းဆိုထားသည့်အချိန်တွင် ရောက်လာခဲ့သူ မဟုတ်ပါ။

ဒဏ်ရာတစ်ခုကို စိန်စီရွှေချကာ မြဇာပုဝါဖြင့် ရစ်ပတ်ထုပ်ပိုးထားပါသည်။ မိုးတွေသည်းသည်းမည်းမည်း ရွာသွန်းသည့် ညတစ်ညတွင် လာယူပါ။ ချစ်လွန်း၍သာ မှာကြားခဲ့ရပါဦးမည်။ သည်ဘဒ္ဒကမ္ဘာကို ခရမ်း ရောင်ပန်းပွင့်ကလေးများဖြင့် ဖုံးလွှမ်းပါစေသား။

www.burmeseclassic.com


(သင်တို့ မသိကြသေးသည့်အချက်အလက်တစ်ခုမှာ. . ) ငါတို့ အားလုံးသည် မျက်နှာဖုံးစွပ်လျက်သား မွေးဖွားခဲ့ကြခြင်းပင်ဖြစ်၏။ မည်မျှ ဝမ်းနည်းစရာကောင်းပါသနည်း။

www.burmeseclassic.com

# ၁

ပြတင်းပေါက်ဘောင်ပေါ်တွင် လက်ထောက်လျက် ချမ်းနှင့် ဒီဝိုင်းတို့ ငေးကြည့်နေမိကြသည်။ ရှေ့ကွက်လပ်ထဲတွင် ခွာညိုသည် ကရာတေး ကစားကွက်များကို အားကစားလေ့ကျင့်ခန်းတစ်ခုလို သက်သာပေ့ါပါးစွာ လှုပ်ရှားကစားနေ၏။

သူမ၏ နဖူးဆံစပ်တွင် ချွေးစက်တွေစို့နေသည်။ ပါးပြင်ပေါ်တွင် မိတ်ကပ်နံ့သာ လိမ်းချယ်မထားသောကြောင့် ကုံ့ကော်ဝတ်ဆံလို နုညက် ဝင်းဝါသောအသားအရေပေါ်က သွေးကြောမျှင်မျှင်ကလေးတွေကို မြင် နေရ၏။

"ဟိတ်. . ."

သူမ၏ ခြေဖျားတွေ လေထဲဝေ့ဝိုက်ကာ လျင်မြန်စွာ လှုပ်ရှားသွားပုံမှာ ကြည့်၍အလွန်ကောင်းသည်ဟု ဒီဝိုင်းစိတ်ထဲက ကျိတ်၍ တွေးမိသည်။ စည်းချက်

www.burmeseclassic.com


ညီညီ ယိမ်းနွဲ့နေသော ကိုယ်ခန္ဓာနှင့်အညီ လက်အစုံက ညင်သာသွက်လက် နေ၏။

ကချေသည်တစ်ယောက်နှင့် တူနေလေသည်။

●

ဒီဝိုင်းက ပြတင်းပေါက်ကို ရှေ့သို့ ငိုက်၍မှီနေသော ချမ်းကို တစ်တောင် ဆစ်ဖြင့် ဆတ်ခနဲ တို့လိုက်သည်။ ချမ်းက ပြန်လှည့်ကြည့်ရင်း. .

"ဘာလဲ. . . ဒီဝိုင်း"

"မင်း. . . ခွာညို့ကိုကြည့်ရင်း ဘာတွေစဉ်းစားနေတာလဲလို့ မေးမလို့"

ချမ်းက အနည်းငယ်ပြုံးသည်။ ထို့နောက်. . . သက်ပြင်းတစ်ရှိုက်ကို အသာ အယာ မှုတ်ထုတ်ရင်း. . .

"ငါ ဘာတွေတွေးနေတယ်ဆိုတာ မင်းမှန်းဆလို့ ရမှာပေါ့ကွာ. . . အေး ဒီလိုပဲ၊ မင်း ဘာတွေတွေးနေတယ်ဆိုတာကိုလဲ ငါမှန်းလို့ရတာပဲ"

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ပြိုင်တူရယ်မိကြသည်။

ဒီဝိုင်းက ရည်ရွယ်ချက်မဲ့စွာဖြင့် ပြတင်းပေါက်ဘောင်ကို လက်ညှိုးဖြင့် တဒေါက်ဒေါက်ခေါက်ရင်းက ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ အင်္ဂလိပ် စကားပြော စာအုပ်တစ်အုပ်ကို ကျက်နေသော ကိုကိုမြင့်ကို လှမ်းမေးလိုက်သည်။

"ဟေ့ကောင်. . . ကိုကိုမြင့်၊ အခု ငါတို့နေတဲ့လောကကို ဘာဖြစ်လို့ လူ့လောကလို့ ခေါ်တာလဲ"

"ရှင်းရှင်းလေးပဲကွာ. . . လူတွေနေတဲ့လောကမို့လို့ လူ့လောကလို့ ခေါ် တာပေါ့"

www.burmeseclassic.com


“မင်းကလဲ. . . ဒီလောကမှာ လူတွေချည်းပဲနေတာမှ မဟုတ်တာကွ၊ ခွေးတွေလဲ နေတာပဲ၊ ဝက်တွေနွားတွေလဲ နေတာပဲ၊ ဘာဖြစ်လို့ ခွေးလောက၊ ဝက်လောက၊ နွားလောကလို့ မခေါ်ရတာလဲ”

ကိုကိုမြင့်က စိတ်ရှုပ်ထွေးစွာဖြင့် အင်္ဂလိပ်စကားပြောနည်းစာအုပ်ကို ပစ်ချလိုက်ပြီး ဒီဝိုင်းဘက်သို့ လှည့်ကြည့်၏။

မည်သို့ ဖြေရမည်ကို စဉ်းစား၍ မရဟန်ဖြင့် မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်နေသည်။ နဂိုကတည်းက ခပ်ပြူးပြူးဖြစ်နေသော မျက်လုံးသည်ချာချာ လည်နေသလိုမျိုး အောက်မေ့ရ၏။ ထို့နောက်. . . .

“ဘယ်သိမလဲကွ”

ဟု ခပ်ဆတ်ဆတ် ပြန်ဖြေ၏။

ထိုစဉ်. . . ချမ်းက

“ခွေးတွေ၊ ဝက်တွေက သူတို့နေထိုင်တဲ့လောကကို စောင့်ရှောက်ရကောင်းမှန်းမသိဘူး၊ ဒီလောကကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်နေတာက ‘လူ’တွေပဲ၊ ဒါကြောင့်မို့ လူ့လောကလို့ခေါ်တာ”

ဒီဝိုင်းက ချောင်းတစ်ချက်ဟန့်ကာ ခေါင်းကိုညိတ်လိုက်ရင်း. . .

“ဟုတ်တယ်ကွ၊ လူမှာ တစ်စုံတစ်ခုကို ချစ်မိပြီ. . မြတ်နိုးမိပြီဆိုရင် ထိန်းသိမ်းစောင့်ရှောက်ရမယ့်တာဝန်ရှိလာတယ်၊ စောင့်ရှောက်ခြင်းဟာ ချစ်ခြင်းရဲ့ အမြင့်မားဆုံး ပုံသဏ္ဍာန်ပဲ”

ချမ်း၏အကြည့်က အိမ်ရှေ့မြေကွက်လပ်ဆီမှ ခွာညို့ထံသို့ ရောက်သွားပြန်၏။ သူက. . .

“ဒါပေမယ့် မတူတာတော့ရှိတယ်၊ ချစ်တာက ကိုယ့်ရဲ့အကျိုးစီးပွား

အတွက် ရယူလိုမှုပါတယ်၊ စောင့်ရှောက်တာကတော့ လုံးဝစွန့်လွှတ်မှုသက် သက်ပဲ၊ ကိုယ့်ရဲ့ပိုင်ဆိုင်လိုစိတ်ကို မျိုသိပ်နိုင်ရမယ်ကွ"

ဘာတွေမှန်းမသိ. . .။

အဆက်အစပ်မရှိဘဲ ရုတ်တရက် ကောက်ခါငင်ကာ ပြောနေကြသော သူတို့နှစ်ယောက်၏ စကားတွေကြောင့် ကိုကိုမြင့် စိတ်ရှုပ်ထွေးသွားပုံရ၏။

နောက်. . . သူ့မျက်လုံးတွေက ချမ်းနှင့် ဒီဝိုင်းတို့နှစ်ဦးသား ငေးကြည့်နေကြသော ဆုံမှတ်ဆီသို့ ရွေ့လျားလာသည်။

ခွာညို့ကို မြင်ရသောအခါ သူ နားလည်တတ်စွာဖြင့် ပြုံးလေသည်။ ထို့နောက်. . .

" တွေ့. . . လက်စသတ်တော့. . . မင်းတို့က ခွာညို့ကို ရည်ရွယ်ပြီး ပြောနေကြတာကိုး"

သူတို့နှစ်ယောက်က ဟုတ်သည်ဟုလည်း ဝန်မခံ၊ မဟုတ်ဘူးဟုလည်း မငြင်း၊ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်ပင် ခွာညို့ကို ငေးကြည့်မြဲ ငေးကြည့်နေကြ၏။

ကိုကိုမြင့်က အသံပြဲကြီးဖြင့် တမင်ကျယ်လောင်စွာ. . .

"မင်းတို့နှစ်ယောက်စလုံး ခွာညို့ကို ချစ်နေကြတယ်ဆိုတာ ငါ ရိပ်မိပါတယ်၊ ခုတော့. . . မင်းတို့က. . . "

"ဟာ. . ဟေ့ကောင်. . . ကိုကိုမြင့်. . မင်း ဘာတွေလျှောက်ပြော. . . "

"ခုတော့. . . မင်းတို့က အချစ်တွေကို မျိုသိပ်ပြီး သူ့ကိုစောင့်ရှောက်ထိန်းသိမ်းကြတော့မယ်ပေါ့လေ. . . ဟုတ်လား"

"ရှူး. . . တိုးတိုး၊ ဟာ. . . ဒုက္ခပဲ"

www.burmeseclassic.com


ချမ်းနှင့် ဒီဝိုင်းက သူ့စကားကို အတင်းဝင်ဖျက်သော်လည်း မရ။ ကိုကိုမြင့်က အော်ကြီးဟစ်ကျယ်ဖြင့်. . .

"ဘာလဲကွ၊ မင်းတို့က အချစ်သူတော်ကောင်းကြီးတွေပေါ့လေ၊ ဟုတ်လား. . . ခွာညို့ကို ကိုယ့်အကျိုးစီးပွားမပါဘဲ မြတ်မြတ်နိုးနိုး စောင့်ရှောက်အကာအကွယ်ပေးမယ့် ထီးချက်စောင့် နတ်သမီးလေးတွေပေါ့. . . ဒီလိုပြောချင်တာ မဟုတ်လား"

"ဘာလဲကွ. . . 'ထီးချက်စောင့်နတ်သမီး' ဆိုတာ"

ချမ်းက ဖြတ်မေးလိုက်သောကြောင့် ကိုကိုမြင့် ဘယ်လိုပြန်ဖြေရ မည်မှန်းမသိ။ ကြောင်အမ်းအမ်းဖြစ်ကာ စကားစပြတ်သွား၏။

ဒီဝိုင်းက အခွင့်ကောင်းယူကာ. . .

"မင်းကလဲ ညံ့ပါကွာ. . . ချမ်းရာ၊ 'ထီးချက်စောင့်နတ်သမီး' ဆို တာ ထီးနဲ့ ချက်ကို ဆောင့်တတ်တဲ့နတ်သမီးကို ပြောတာဖြစ်မှာပေါ့"

"ဘုရား. . . ဘုရား၊ ရက်စက်လိုက်တာနော်၊ အဲဒီ နတ်သမီးနားမှာ ကြာကြာနေရရင် မလွယ်ဘူး"

အတိုင်ဖောက်ညီညီဖြင့် ပေါက်ကရတွေ လျှောက်ပြောကာ စကားကို ဖော့ ပစ်လိုက်ကြသည်။ ကိုကိုမြင့်ကလည်း ရယ်ရင်းမောရင်းဖြင့် ခွာညို့အကြောင်း နောက်ထပ် စကားမဆက်ဖြစ်တော့။

ချမ်းနှင့် ဒီဝိုင်းတို့ သက်ပြင်းကိုယ်စီ တိတ်တခိုး ရှိုက်မိကြလေသည်။

❐

www.burmeseclassic.com

ငါးတွေဟာ. . . သွေးအေးတယ်
နှုတ်ဆိတ်တယ်
တိုးတိတ်လွန်းတော့လည်း
အဲဒီရင်ခုန်သံကို
မင်း. . . ကြားရလိမ့်မယ်မဟုတ်ပေဘူး။

www.burmeseclassic.com

ကြယ်တွေကို ခူး. . . ခူးပြီး
မင်းကို ပန်ပေးချင်ခဲ့တာပါ
ဒါပေမယ့်. . .
အိမ်မက်တွေက ဖိတ်တစ်ဝက် စင်တစ်ဝက်
နွေဦးရက်တွေ ရောက်တဲ့အထိတောင်
မက်ခွင့်မရလိုက်ပါဘူး၊
ဆူးတွေများလွန်းတဲ့ ဥယျာဉ်က
ရနံ့ကျတော့ နည်းလွန်းနေခဲ့တယ်။

တစ်ဘဝစာ. . .

ခပ်ကြာကြာ ကြည့်ခွင့်ရခဲ့လိုက်ရုံလေးတင်ပါပဲ။

(ဒီအပြင် ဘာမှမပိုခဲ့ဘူး)

ကောင်မလေးရေ. . .

ငါဆိုတဲ့ကောင်က သွေးအေး

ယဉ်ယဉ်ကျေးကျေးလေးပဲ. . .

. . . လွမ်းတယ်။

www.burmeseclassic.com

# ၁

❐

ရေချိုးထားသောကြောင့် စိုနေသည့် ဆံပင်များကို သဘက်တစ်ထည်ဖြင့် ခြောက်အောင်သုတ်နေသော ခွာညို့ကို ဒီဝိုင်း ငေးကြည့်နေမိသည်။ ရေစက်တချို့တလေ ကပ်ငြိတင်နေသည့် ရွှေလိုအသားက လရောင်ဝင်းနေ၏။

သူမ၏ ဆံပင်မှ စိုထိုင်းထိုင်း ရနံ့က မွှေးပျံ့နေလေသည်။

*

ထိုရနံ့ ကို ခိုးဝှက်ရှိုက်နမ်းရင်း ဒီဝိုင်းရင်ထဲမှာ အသံမဲ့စွာ လွမ်းဆွတ်နေမိ၏။ ဖြစ်နိုင်လျှင် သူမ၏ဆံပင်တွင် ပန်းတစ်ပွင့် ပန်ဆင်ပေးလိုသောဆန္ဒဖြင့် ယစ်ယစ်မူးမူး သူ နစ်မျောနေသည်။

www.burmeseclassic.com


ခဏကြာမှ. . . သူ ဖျတ်ခနဲ သတိဝင်လာ၏။

ဟင်!! ချမ်းကော. . .

ချမ်းဘက်ကို သူ လှည့်ကြည့်လိုက်သည်။

*

ချမ်းက သူမ၏ လည်ကုပ်သားဖြူဝင်းဝင်းပေါ်က မွှေးညှင်းစိမ်းစိမ်း ကလေးများကို ညင်ညာနူးညံ့စွာ နမ်းရှိုက်ခွင့်ရလိုသည့် အိပ်မက်ဖြင့် တိတ်တိတ် ဆိတ်ဆိတ် တသသရင်ခုန်နေသည်။

ရုတ်တရက်. . . ဒီဝိုင်းကို သတိရကာ အိပ်မက်မှ လန့်နိုးလာသူ လိုမျိုး တစ်ဖက်သို့ လှည့်ကြည့်လိုက်၏။

*

သူတို့နှစ်ယောက် အကြည့်ချင်း ပြိုင်တူဆုံမိကြလေသည်။

●

ခွာညိုက ရေစက်တွေ ခြောက်သွေ့သွားပြီးဖြစ်သည့်ဆံပင်ကို လက်ဖြင့် ထိုးဖွရင်း. . .

"ကျွန်မ. . . ကျောင်းထွက်ပြီး အလုပ်လုပ်ချင်တယ်"

"ဘာ. . ."

www.burmeseclassic.com


သူတို့နှစ်ယောက် ပြိုင်တူ ကန့်ကွက်မိကြသည်။

"မဟုတ်တာပဲ. . . ခွာညို၊ ငါတို့ ခွင့်မပြုနိုင်ဘူး"

"အခုလို နေရတာ. . . ခွာညို့မှာ ဘာအခက်အခဲရှိလို့လဲ"

ခွာညိုခေါင်းကို အသာအယာ ခါယမ်းမိသည်။ ဘာအခက်အခဲမှ မရှိပါဘူး. . . ဟု တီးတိုးပြောလိုက်သောစကားလုံးတချို့ သူမနှုတ်ဖျားမှ ကြွေလွင့်ကျလာ၏။

*

အမှန်တကယ်ပင်. . . ဘာအခက်အခဲမှ မရှိလှပါ။ သည်အိမ်ကို သူမ စရောက်သည့်အချိန်ကတည်းက အစစအရာရာ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးထားကြသည်။

အားလပ်သည့်အချိန်များတွင် သူမတစ်ယောက်တည်း စိတ်ညစ်စရာကိစ္စများကို တွေးမနေမိအောင် သူတို့နှစ်ယောက်က ရယ်စရာမောစရာများ ပြောသည်။

သူတို့ချင်း အတိုင်အဖောက်ညီညီဖြင့် ဟာသတွေ ဖန်တီးကာ သူမကို ပျော်ရွှင်စေရန် ဖန်တီးပေးကြသည်။ မင်းသမီးတစ်ပါးကို ရံရွေတော်တွေ ခစားကာ ပျော်တော် ဆက်ကြသလိုမျိုး။

ဩော်. . . ငါ မပျော်. . . ပျော်အောင် သူတို့ တမင်ကြိုးစားပြီး ဖန်တီးနေကြရှာတာပါလား. . .

ဟူသည့် အတွေးဝင်လာသည့်အခါ (နာကျင်စွာ ကျေးဇူးတင်မိသည့် ခံစားချက်ဖြင့်) သူတို့နှင့်အတူ လိုက်ပါရယ်မောရင်း နှလုံးသားထဲက ကျိတ်၍ ငိုကြွေးနေရသည့်အခါမျိုးပင် ရှိခဲ့ဖူးပါသည်။

*

www.burmeseclassic.com


အစ်ကိုအရင်းရှိလျှင်ပင် သူတို့နှစ်ယောက်လောက် စောင့်ရှောက်ဖြည့်ဆည်းပေးနိုင်လိမ့်မည်မဟုတ်ဟု ခွာညို အသေအချာ ယုံကြည်ထားမိသည်။ ခွာညို အပြင်ထွက်မည်ဆိုတိုင်း သူတို့နှစ်ယောက် အမြဲပါသည်။ အခက်အခဲတစ်ခုခု ရှိလာတိုင်း ခွာညို့ကို အသိမခံဘဲ သူတို့နှစ်ယောက်သား ကျိတ်၍ ဖြေရှင်းကြသည်။ ကြာလာလေလေ. . . သူတို့ကိုယ်ပေါ်မှ လက်စွပ်တွေ ဆွဲကြိုးတွေ လျော့ပါးသွားလေလေ ဖြစ်နေသည်ကို သတိပြုမိသည့်အခါ သူမရင်ထဲတွင် ထိထိခိုက်ခိုက် ခံစားရ၏။ သူတို့ကတော့ ပြုံးစေ့စေ့ဖြင့်. . .

"ရွှေတို့စိန်တို့ ဆိုတဲ့ ပစ္စည်းတွေဟာ 'ပင်ကိုယ်တန်ဖိုး' ဘာမှရှိတာ မဟုတ်ဘူး၊ မယုံရင် ခွေးတစ်ကောင် စိန်လက်စွပ် ဝတ်ပေးကြည့်ပါလား၊ ဘာတန်ဖိုးမှ ထူးခြားမလာဘူး၊ အဲဒီဟာတွေရဲ့ မူလတန်ဖိုးက အရောင်ပြောင်ပြောင် လက်လက် ဖြစ်တတ်တာပဲရှိတယ်၊ တကယ်က အဲဒီပစ္စည်းတွေကိုအသုံးချပြီး လူရဲ့ စိတ်ချမ်းသာမှုကို ဖန်တီးလိုက်နိုင်တဲ့ အခါကျမှ အဲဒါတွေမှာ 'အသုံးဝင်တန်ဖိုး' တစ်စုံတစ်ရာ ရှိသွားတာပဲ"

ဟု ရယ်ကာမောကာဖြင့် နောက်ပြောင်သလိုလို အတည်ပြောသလိုလို ဖြေရှင်းကြ၏။

မည်သို့ပင်ဖြစ်စေ သူတို့ပြောသော စကားထဲတွင် လေးနက်မှု တစ်စုံတစ်ရာပါနေသည်ဟု သူမခံစားရလေသည်။

*

သူတို့နှစ်ယောက်နှင့် ကြာမြင့်စွာ ပေါင်းသင်းမိလေလေ သူတို့၏ 'လေးနက်သော စိတ်ဝိညဉ်' ကို ခွာညို နားလည်လာလေလေ ဖြစ်၏။

www.burmeseclassic.com


သူတို့နှစ်ယောက်သည် အပြင်အပစရိုက်အားဖြင့် ခပ်ပေါ့ပေါ့ ခပ်ကြောင်ကြောင် တေလေဆန်ဆန် နေထိုင်ကြသူများဖြစ်ကြ၏။ သူတို့သည် 'အမူအယာအားဖြင့် လေးနက်ကြသူများ' မဟုတ်ကြ။

သူတို့နှစ်ယောက်သည် 'စိတ်နှလုံးသားအားဖြင့်သာ လေးနက်ကြသူများ' ဖြစ်ကြလေသည်။

*

ခုတော့. . .

သူမကိုယ်တိုင်. . . အဲသည် တေလေနှစ်ယောက်ကို ခင်တွယ်စွာဖြင့် ကြည်ညိုလေးစားနေမိသူ ဖြစ်မှန်းမသိ ဖြစ်နေရလေသည်။

●

သူမက စိတ်ကို ယတိပြတ် ဆုံးဖြတ်ထားပြီး သူတစ်ယောက်၏ ခိုင်မာမှုမျိုးဖြင့် ပြောလိုက်သည်။

"ဘာအခက်အခဲမှတော့ မရှိဘူးပေါ့၊ ဒါပေမယ့်. . . အခက်အခဲ မရှိ ရုံနဲ့ပဲ ဘဝမှာ ဒီလို အလိုက်သင့် အလျားသင့် ဆက်နေသွားရမှာလားလို့ ကျွန်မ စဉ်းစားနေတာ ကြာပြီ၊ အခု. . . ဒီအိမ်မှာနေနေခဲ့သမျှ သုံးလလုံးလုံးပဲဆိုပါတော့"

"စဉ်းစားရမယ့်အချိန် မကျသေးပါဘူး ခွာညို"

သူမက မျက်ဝန်းအစုံကို ဖြည်းညှင်းစွာ ပိတ်ပြီး ခေါင်းခါသည်။

"မဟုတ်ဘူး. . . ကျွန်မ စဉ်းစားရတော့မယ်၊ ဒီနှစ် စာမေးပွဲအောင်တယ်ပဲ ထားပါတော့. . . ဘွဲ့ရဖို့က နောက်ထပ်နှစ်နှစ် ဆက်တက်ရဦးမှာ"

"အဲဒါ. . . ဘာဖြစ်လဲ၊ တက်ပေါ့. . . နင့်တစ်ယောက်စာ ကျောင်းစရိတ်က ဘာကုန်တာ မှတ်လို့၊ ဒီလိုဘဲ မျှသုံးနေလို့ ရတာပဲ၊ လိုရင်လဲ ငါတို့ ရှာမှာပေါ့"

"ဟင့်အင်း. . . ကျွန်မအတွက် ရှင်တို့မှာ ဝန်ထုပ်ဝန်ပိုး ဖြစ်နေရမှာကို. . . "

"အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းပါနဲ့ ခွာညို"

"အို. . . ပြောရမှာပေါ့. . . ဒါက ခဏတဖြုတ် ကိစ္စလဲ မဟုတ်ဘူး၊ ရေရှည် . . . နှစ်နဲ့ချီပြီး ဖြတ်သန်းရမှာ"

'မင်းအတွက်ဆို ဒီဝန်ထုပ်ဝန်ပိုးကို ငါတစ်သက်လုံးလဲ သယ်ပိုးရဲပါတယ် ခွာညို' ဟု ပြောရန်းနိုး ရင်ခုန်မှုဖြင့် စကားလုံးတွေက ဒီဝိုင်း၏ နှုတ်ဖျားတွင် နှင်းစက်တွေလိုဥကာ တွဲလောင်းခိုနေကြ၏။

သို့သော် ချမ်းကို သတိရလိုက်သောအခါတွင် သူ့နှုတ်ဖျားနှင်းစက်တွေ အငွေ့ပျံပျောက်ကွယ်သွားကြသည်။

အင်းလေ. . . ဒီစကားကို ဟိုကောင် ချမ်းပဲ ပြောပါစေတော့။

***

ချမ်းက သူ့နှာဖူးပေါ်ဝဲကျနေသည့် ဆံပင်များကို သပ်တင်လိုက်ရင်း. . .

"နင်က ငါတို့ကို အားနာလို့ ဒီစကားပြောနေတာဆိုရင်တော့ နင် တော်တော်ညံ့တာပဲလို့ အပြစ်တင်ရမှာပဲ ခွာညို၊ တကယ်တမ်း ဖြစ်နေကြုံနေရတဲ့ အခြေအနေကို အရှိအရှိအတိုင်း မြင်တတ်ရမယ်၊ ကိုယ်ဖြစ်ချင်တဲ့ စိတ်ကူးယဉ်မှုတွေ၊

www.burmeseclassic.com


အားနာတာတို့. . . မနှစ်ခြိုက်တာတို့ဆိုတဲ့ ဆန္ဒစွဲတွေနဲ့ မပေါင်းစပ်သင့်ဘူး၊ ဒါပဲ . . . ငါတို့မှာရှိတဲ့ ပကတိအနေအထားနဲ့ပဲ အားလုံးကို ရင်ဆိုင်ကြမယ်. . . နင်မငြင်းနဲ့”

“ကျွန်မက ငြင်းနေတာမဟုတ်ဘူး၊ အမှန်တရား (TRUTH) ကို ပြောနေတာ”

“ငါက (REALITY) အရှိတရားကို ပြောနေတာ”

ခွာညိုက နာကျင်စွာပြုံးလိုက်ပြီး

“ကျွန်မရဲ့ အမှန်တရားက ပိုမှန်တယ်”

ဟု ခပ်တိုးတိုး ပြော၏။ ဒီဝိုင်းက မြေဖြူတစ်ချောင်းကို ဆွဲယူလိုက် ပြီး ကြမ်းပြင်ပေါ်တွင်. . .

REALITY + SELF + CONCEPTS = TRUTH

ဟူသော စာသားညီမျှခြင်းတစ်ခု ရေးခြစ်နေ၏။

ချမ်းက. . .

“မဟုတ်သေးဘူး. . . ခွာညို၊ လူတိုင်းမှာ ကိုယ်ဖာသာကိုယ် ခံယူထားကြတဲ့ အမှန်တရား (TRUTH) တစ်ခုစီ ရှိကြတာချည်းပဲ၊ မတူညီတဲ့ အမှန်တရားချင်း ထိပ်တိုက်ရင်ဆိုင်ရတဲ့အခါ ကိုယ့်ဟာကို လူအများစုက လက်ခံစေချင်ရင် ကိုယ့်အမှန်တရားမှာ အင်အား (POWER) ပိုရှိဖို့ လိုတယ်”

“သိပ်ရှုပ်ထွေးတာပဲ”

ဟု ပြောရင်း ခွာညိုက လေးလံသောခြေလှမ်းများဖြင့် အိမ်တံခါးဝဆီသို့ လျှောက်သွား၏။ ချမ်းကတော့ စိတ်ထဲမှနေ၍. . .

ဟိုကောင်. . . ဒီဝိုင်း၊ ဘာလုပ်နေတာလဲ၊ ခုနေ. . . ခွာညို့နောက်က လိုက်သွားပါလား၊ ကောင်မလေးကို ကြင်ကြင်နာနာ အားပေးပါတော့လား. . .

တောက် !!! ခုနေများ . . ခွာညို့ကို မေတ္တာရှိတဲ့အကြောင်း ဖွင့်ပြောလိုက်ရရင် ×××ကွာ၊ ဟိုကောင်. . . ဒီဝိုင်း. . . ငတုံးကလဲ အခွင့်သာတုန်း နောက်ကလိုက်သွားပြီး ဖွင့်ပြောတာ မဟုတ်ဘူး. . . ဟင်း။

ချမ်းက စိတ်ထဲမှ အာမလိုအားမရ တွေးရင်း ဒီဝိုင်းဘက်သို့လှည့်ကြည့်လိုက်ရာ. . . ဒီဝိုင်းက ကြမ်းပေါ်တွင် မြေဖြူဖြင့် ရေးနေခြစ်နေဆဲ။

"ငတုံး. . . ငအ၊ ဦးနှောက်ထဲမှာ မိလ္လာပိုက် ဆို့နေတဲ့ကောင်"

ချမ်းက ဒီဝိုင်း၏ အေးစက်စက်နိုင်ပုံကို အားမရစွာဖြင့် ဆဲရေးပြီး တင်ပါးကို တအားပစ်ကန်ထည့်လိုက်၏။

ဒီဝိုင်းက လန့်ဖျပ်သွားပြီး မျက်လုံးအကြောင်သားဖြင့် မော့ကြည့်လေသည်။

❒

## အခန်း (၂၂)

www.burmeseclassic.com

# ၈

❐

ဦးဝင်းကျော်က သွေးကျဆေးနှစ်ကဒ်အတွက် ငွေချေပြီး ဆေးဆိုင်ထဲမှ ထွက်လာခဲ့သည်။

ပလက်ဖောင်းဘေးတွင် ကပ်လျက် ရပ်ထားသော သူ့ကားတံခါးကို ဆွဲဖွင့်ပြီး တက်လိုက်စဉ်မှာပင် . . .

"ဟာ . . . ဟေ့ကောင်၊ ဝင်းကျော်ကြီး . . ."

တရင်းတနှီး ပခုံးကိုပုတ်ပြီး နှုတ်ဆက်လာသူကို လှည့်ကြည့်လိုက်၏။

"ဟေ့ . . . မြင့်အောင်၊ မင်း ဘယ်ကလာတာလဲ"

သူတို့ချင်း တစ်ဦးကိုတစ်ဦး ပွေ့ဖက်လိုက်ကြမိ၏။ ဦးမြင့်အောင်က တစ်ချိန်က ကျောင်းအုပ်ဆရာကြီးတစ်ဦးဖြစ်ပြီး ယခုတော့ အငြိမ်းစားယူလိုက်ပြီး သားရှိရာ မြောက်ဥက္ကလာပတွင် နေထိုင်သည်။

သူနှင့် ဦးဝင်းကျော်တို့က လူငယ်ဘဝကတည်းကပင် ပြောမနာဆိုမနာ ရင်းနှီးကြသူများ ဖြစ်ကြ၏။ ဦးမြင့်အောင်က . . .

www.burmeseclassic.com


"ငါ. . . မျက်မှန်လာလုပ်တာကွ၊ အသက်ကြီးလာတော့ မျက်စိက မှိုင်း . . . နားကထိုင်း ဖြစ်နေပြီလေကွာ၊ အရင်လို စိတ်သွားတိုင်းကိုယ်ပါ နိုင်တော့တာ မဟုတ်ဘူး. . . မင်းကော. . . "

ဦးဝင်းကျော်က လက်ထဲမှ ဆေးကဒ်များကို မြှောက်ပြလိုက်သည်။

"ဩော်. . . မင်းလဲ သွေးကျဆေးတွေ သောက်နေရမှကိုး. . . အေးလေ. . . ဇရာဗျာဒိ ဆိုတာ ဒီလိုပဲပေါ့ကွာ"

ဦးမြင့်အောင်က စိတ်အားလျော့သံဖြင့် ခပ်ညည်းညည်းပြောသည်။ နောက်. . .

"ငါတို့ခေတ်. . . ငါတို့အချိန်က ကုန်ခဲ့ပြီကိုးကွ၊ တောက်!. . . ပင်စင်မယူခင်ကဆို ငါ ဒီလိုစိတ်မျိုး ဘယ်ဟုတ်မလဲ. . . 'မြင့်အောင်' ဆိုရင် အားလုံး မီးသေပြီးသား၊ မင်း. . . သိပါတယ် ဝင်းကျော်ရာ၊ ညွှန်ကြားရေးမှူးကဆို ငါ့ကို အမြဲတမ်း ကျောတသပ်သပ်နဲ့"

"သူ့ဆေးလိပ်မီးပွားတွေ မင်းကျောပေါ်ကျလို့ မဟုတ်လား"

အဘိုးကြီးနှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ပြောရင်း နှပ်ပျို့စွာ ရယ်မောဖြစ်ကြသည်။ ဦးမြင့်အောင်က. . .

"အောင်မာ. . . ဝင်းကျော်၊ မင်းက ကိုယ်ပိုင်ကားတွေ ဘာတွေနဲ့ ကြီးပွားလှချေလားကွ"

"မရှိမဲ့ ရှိမဲ့လေး ခြစ်ခြုတ်ပြီး ဝယ်ထားရတာပါကွာ. . . ဝယ်တာ ဘာကြာသေးလို့လဲ. . . တစ်နှစ်တောင် မပြည့်သေးဘူး၊ လာလေကွာ. . . ကားပေါ်တက်. . . ငါ လိုက်ပို့ပါမယ်၊ မင်းအိမ်လဲ ငါ မရောက်တာကြာပြီဆိုတော့. . . "

ဦးမြင့်အောင်က ရှေ့ခန်းတံခါးကိုဖွင့်ကာ ဝင်ထိုင်လိုက်ပြီး. .

www.burmeseclassic.com


"ကဲ. . . ဒါဆိုလဲ အိမ်ကျမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့. . . မောင်းကွာ"

"မြောက်ဥက္ကလာကိုပဲ မဟုတ်လား"

"အေး. . . ဩော်. . . ဒါနဲ့ မြောက်ဥက္ကလာဆိုလို့ ပြောရဦးမယ်၊ မင်းရဲ့သမီးတောင် အိမ်ထောင်ကျသွားပြီနော်. . . ငါတို့ရပ်ကွက်ထဲမှာ နေနေတာတွေ့တယ်"

"ဘာ. . ."

မီးပွားတစ်စ နှလုံးသားပေါ် ကျကာ 'ဟုန်း'ခနဲ ထပြီး တောက်လောင်သလိုမျိုး ပူလောင်နာကျင်ချောက်ချားစွာ ခံစားလိုက်ရ၏။ ဘုရား . . . ဘုရား။ ကားစတီယာရင်ကို ကျစ်ကျစ်ပါအောင် ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မိသည်။

ရင်ဘတ်ထဲတွင် အောင့်ကာ နာကျင်ခြောက်သွေ့ လာ၏။

"ဟေ့ကောင်. . . ဝင်းကျော်၊ ဒါက ဘယ်လို ဖြစ်ရတာတုန်း"

"ဘာမှမဖြစ်ပါဘူးကွာ၊ ဒါနဲ့. . မင်း. . . ငါ့သမီးကို တွေ့တယ်ဆိုတာ တကယ်ပဲနော်"

"တကယ်ပါကွ၊ ညနေ. . ညနေတိုင်း ကောင်လေးနှစ်ယောက်နဲ့တွဲလို့ ငါတို့ လမ်းထိပ်နားက လက်ဖက်ရည်ဆိုင်မှာ လာလာထိုင်တာ တွေ့တာပဲ၊ အဲ. . . အဲဒီနှစ်ယောက်ထဲက ဘယ်သူက သူ့ယောက်ျားလဲတော့ ငါမသိဘူး၊ နေစမ်းပါဦး. . . မင်းရဲ့သမီးက. . . "

"အေး. . . ငါ နောက်တော့ အားလုံးရှင်းပြမယ် မြင့်အောင်. . . မင်းအိမ်ဘက်ကို ရောက်ရင်သာ ငါ့ကို ငါ့သမီးနေတဲ့နေရာ လမ်းညွှန်ပေးစမ်းပါ သူငယ်ချင်းရာ၊ ကျေးဇူးမမေ့ပါဘူး"

www.burmeseclassic.com


အသံတုန်တုန်ယင်ယင်နှင့် သူ့ကို တောင်းပန်ခယပြောနေသော ဦးဝင်းကျော်ကို ကြည့်ပြီး ဦးမြင့်အောင် ဝမ်းနည်းသွားသည်။

"ကျေးဇူးမမေ့ပါဘူး ဆိုတဲ့ စကားမျိုး. . . မင်းနဲ့ ငါ့ကြားမှာ ပြောစရာလိုလို့လား ဝင်းကျော်ရာ"

ဦးမြင့်အောင်က လေသံတိုးတိုးဖြင့် ခပ်ညည်းညည်းပြောရင်း ခေါင်း ကို လေးတွဲစွာ ခါယမ်းမိသည်။

ငယ်စဉ်ကတည်းက လည်ပင်းဖက် ကြီးပြင်းလာခဲ့ကြသူများဖြစ်သောကြောင့် ဦးဝင်းကျော် မည်မျှခေါင်းမာမှန်း၊ ဆတ်ဆတ်ထိမခံမှန်း၊ အလွန်မာနကြီးမှန်း သူကိုယ်တိုင် အကြောင်းသိ ဖြစ်သည်။

အခု. . . အဲသည်လို လူတစ်ယောက်က တောင်းတောင်းပန်ပန် ခခယယ ပြောနေသည်ဆိုတော့. . .

ဦးဝင်းကျော်၏ နှလုံးအိမ်ထဲက သောကထုထည်ကို သူ မတွက်ဆရဲ၊ တွေးရင်းနှင့်ပင် တစိမ့်စိမ့် ကြေကွဲလာ၏။

www.burmeseclassic.com


# ၁

❐

"ဒုက္ခပဲဟော့..ပြဿနာတော့ အကြီးအကျယ် တက်ပြီထင်တယ်"

ဒီဝိုင်းက အိမ်ပေါ်သို့ အပြေးအလွှားတက်ရင်း အမောတကော ပြောလိုက်၏။

ထုံးစံအတိုင်း ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ အင်္ဂလိပ်စကားပြောစာအုပ်ကို ကျက်နေသည့်ကိုကိုမြင့်က ဆတ်ခနဲ ခေါင်းထောင်ထကာ မျက်လုံးပြူးကြီးများဖြင့် လှမ်းကြည့်သည်။

ချမ်းက ကြမ်းပြင်ပေါ် အိပ်နေရာမှ အပျင်းကြောဆန့်ရင်း ဘုမသိဘမသိဖြင့် ဝင်ပြောလိုက်၏။

"မင်းက ဒီနေ့သတင်းစာထဲက ကမ္ဘာ့လူဦးရေ ပေါက်ကွဲမှုသတင်း ကိုဖတ် ပြီး ချောက်ချားလာတာ မဟုတ်လား၊ ငါ သိပြီးပါပြီကွာ၊ ကမ္ဘာမှာ မိန်းကလေးတစ်ယောက်ဟာ မိနစ်ကိုးဆယ်တိုင်းကို ကလေးတစ်ယောက် မွေးနေသတဲ့၊ ဒါပဲမဟုတ်လား"

www.burmeseclassic.com


"ဟေ့ . . . အဲဒီမိန်းမတော့ မလွယ်ဘူးနော်၊ မိနစ်ကိုးဆယ်တိုင်း ကလေး တစ်ယောက်မွေးတယ်ဆိုတော့ . . . ဘုရား . . . ဘုရား၊ နိုင်ငံတကာရဲအဖွဲ့က အဲဒီ မိန်းမနဲ့ သူ့ယောက်ျားကိုတွေ့အောင် ရှာပြီးဖမ်းသင့်တယ်ကွ"

ချမ်း၏ စကားအစအနကိုကြားပြီး ကိုကိုမြင့်က သူ၏ ထူးခြားပြောင် မြောက်လှသော မဟာအတွေးအခေါ်ဖြင့် ဝင်ရောက်သုံးသပ် အဖြေထုတ်လိုက် ၏။

ဒီဝိုင်းက . . . စိတ်တိုတိုဖြင့် . . .

"ဟော့ကောင်တွေ . . . ပေါက်ကရ လျှောက်ပြောမနေနဲ့၊ ဟိုဖက်လမ်း ထိပ်မှာ ဦးဝင်းကျော်ရဲ့ကားကို တွေ့ခဲ့တယ်ကွ၊ ကွမ်းယာဆိုင်မှာ ဆင်းပြီး ငါတို့ အိမ်ကို မေးနေပုံရတယ်"

"ဟိုက် !"

ချမ်းက ဖြုန်းခနဲ အိပ်နေရာမှ ခုန်ထလိုက်မိသည်။ နောက် . . .

"ဒုက္ခပဲ . . . ဟိုတလောတုန်းက ရေနစ်လို့သေတဲ့ ကုလားမကြီး အ လောင်းကို သူ့သမီးလိုလို ဘာလိုလို ငါတို့ တယ်လီဖုန်းဆက်ပြီး ချောက်တွန်း လိုက်တာ သူ ရိပ်မိသွားသလား မသိဘူး"

"ဖြစ်နိုင်တယ် . . . ငါတို့ကို ပြဿနာလာရှာပြီနဲ့ တူတယ်ကွ"

သူတို့နှစ်ယောက်စလုံး ကမန်းကတန်း အကြံထုတ်ကြသည်။ ဦးခေါင်း တွေ ပူထူကာ ဆံပင်တွေ ထောင်ထလာ၏။ ဘာစိတ်ကူးစိတ်သန်း မှ မပေါ်လာ။ ထိုစဉ် . . .

"ဟာ . . . ဟော့ကောင်၊ ဟိုမှာ သူ့ကားဝင်လာပြီကွ၊ လုပ်ပါဦး"

"လာ . . . ဒီဝိုင်း၊ မင်းနဲ့ငါ အိမ်ထဲမှာ ဝင်ပုန်းနေကြမယ်၊ ဟော့ကောင် . . . ကိုကိုမြင့်၊ မင်း အိမ်အပြင်ထွက်"

ကိုကိုမြင့်ကို သူတို့နှစ်ယောက် အတင်းတွန်းထုတ်ကြသည်။ ကိုကိုမြင့်က ယက်ကန်ယက်ကန်ဖြင့် တံခါးအပြင်ဘက်ကို ကားယားကြီး ပါသွား၏။

"ဟေ့ကောင်တွေ. . . ဟေ့ကောင်တွေ. . . ဒါ ဘာလုပ်တာလဲ"

"ရှူးတိုးတိုး. . . ဟေ့ကောင်. . . ကိုကိုမြင့်. . . မင်းက အပြင်ဖက်ကနေ အိမ်တံခါးကို သော့ခတ်လိုက်၊ ဟိုမှာ. . . ဦးဝင်းကျော် လာနေပြီ"

"အဲဒီတော့. . . "

"မင်း ဖိနပ်ကို စီးထားလိုက်"

"ဘာလဲ. . . အဲဒီလူကြီးက ဖိနပ်တွေကို ခိုးခိုးသွားတတ်လို့လား"

"မဟုတ်ဘူးလေကွာ၊ မင်းက အခုလေးတင် အိမ်တံခါးသော့ခတ်ပြီး အပြင်ထွက်တော့မယ့် ဟန်မျိုးနဲ့ပေါ့၊ အိမ်ထဲမှာ ဘယ်သူမှ မရှိဘူးဆိုတဲ့သဘော ပေါ့ကွာ"

"အေး. . . အေး. . . နားလည်ပြီ၊ ဒီအဘိုးကြီးကို ငါ့နည်းငါ့ဟန်နဲ့ ကြည့်ရှင်းလိုက်မယ်. . . မင်းတို့ ပုန်းနေကြ"

ကိုကိုမြင့်က အိမ်တံခါးကို သော့ခတ်ပြီး လှေခါးမှဆင်းသည်။ ပြီးနောက်. . . အပြင်သို့ တန်းတန်းမတ်မတ် ထွက်မသွားသေးဘဲ လည်ပင်း ချာလည်ချာလည်နှင့် သူ့မျက်လုံးပြူးပြူးကြီးများဖြင့် ဟိုကြည့် သည်ကြည့် လုပ်နေလေရာ ဦးဝင်းကျော်က တွေ့သွားပြီး ခြံထဲဝင်လာ၏။

"ဟေ့. . . ဒီမှာ မောင်ရင်. . . "

"အိုး. . . ဟိုး. . . အန်ကယ်၊ ဂွတ်ဒ်အာဖတာနွန်း ဆာ၊ ဟောင်း ဒူး ယူ ဒူး"

စောစောကမှ ကြိုးစားပမ်းစားကျက်ထားသော အင်္ဂလိပ်စကားပြောကို အခွင့်သာခိုက် ဖိဖိစီးစီးအသုံးချပြီး နှုတ်ဆက်လိုက်ရာ အားစိုက်လွန်သွားသော

www.burmeseclassic.com


ကြောင့် တံတွေးများစင်ထွက်ပြီး ဦးဝင်းကျော်၏ ဘယ်ဖက်ပါးကို ဖျတ်ခနဲ ကပ်သွားသည်။

ဦးဝင်းကျော်က တံတွေးများကို ရွံရှာစွာ လက်ခုံဖြင့် သုတ်ပစ်လိုက်ရင်း. . .

"မောင်ရင်က. . . ဒီအိမ်ပိုင်ရှင်လား"

"ယက်(စ်) ဆာ၊ သပ်(စ်) ရိုက်"

ဦးဝင်းကျော်က ဖျတ်ခနဲ နောက်သို့ ခြေတစ်လှမ်း ခုန်ဆုတ်လိုက်သော်လည်း နောက်ကျသွားခဲ့သည်။ တံတွေးစက်တွေက သူ၏ ညာဖက်ပါးပြင်ပေါ် စီးကျနေနှင့်ပြီဖြစ်၏။

ဦးဝင်းကျော်က တံတွေးတွေကိုလည်း တစ်ဖက်ကသုတ်ရင်း တစ်ဖက်ကလည်း ကိုကိုမြင့်၏ ပါးစပ်အနေအထားကို မျက်စေ့စေ့ရှင်ရှင်ဖြင့် အကဲခတ်ရင်းက. . .

"ဒီလိုပါ. . . မောင်ရင်၊ ဦးလာတဲ့ကိစ္စက. . . "

"ဦးလာတော့ အာလူးပေ့ါ၊ အဲ. . . ဟုတ်ပေါင်၊ အဲဒါ. . . ကျွန်တော် ဘာကူညီရမလဲခင်ဗျာ. . . ဝှက် ကန် အိုင် ဒူး ဖော် ယူ. . . ဆာ"

"ငါ မဆာပါဘူးကွ၊ စားခဲ့ပြီးပါပြီ"

သည်တစ်ခါတော့ ဦးဝင်းကျော် ပါးနပ်သွားသည်။ အင်္ဂလိပ်စကားသံ ထွက်လာသည်နှင့် တစ်ပြိုင်နက် လျင်မြန်စွာဖြင့် ဘေးသို့ ခြေတစ်လှမ်းခုန်ကာ မျက်နှာကို ရှောင်လိုက်၏။ တံတွေးစက်နှင့် လွတ်သွားသည်။

"တစ်ခုကူညီပါလား မောင်ရင်ရယ်. . . ဦးက ဦးရဲ့ သမီးလေး ပျောက်သွားလို့ လိုက်ရှာနေတာပါ"

"သြော်. . . လက်စသတ်တော့ အန်ကယ်တို့သားအဖက တူတူပုန်းတမ်း ကစားနေကြတာကိုး. . . ကျွန်တော့်အိမ်အောက်မှာတော့ လာမပုန်းဘူး ခင်ဗျာ"

www.burmeseclassic.com



“ငါ. . . တယ် × × × တူတူပုန်းတမ်းကစားရအောင် ကလေးမှ မဟုတ်တာကွ၊ ငါ့သမီးက အရွယ်ရောက်နေပြီ၊ အခုဟာက ငါက စိတ်ဆိုးပြီး နှင်ချလိုက်မိလို့ အိမ်ပေါ်က ဆင်းသွားတာကွ”

ကိုကိုမြင့်က ခေါင်းကို တဆတ်ဆတ်ညိတ်ကာ စဉ်းစားရင်း. . .

“အင်း. . . အမှုလာ အမှုသွားကတော့ နက်နဲလာပြီ၊ ကြည့်ရတာ အက်(ဘ်)(စ်)ကွန်းဒက် ကော့(စ်) ပဲ”

တံတွေးတွေ စင်ထွက်လာသောကြောင့် ဦးဝင်းကျော် ဖျတ်ခနဲ ခုန်ရှောင်လိုက်ရပြန်သည်။

သည်နေ့ကျမှ ကိုကိုမြင့်ကလည်း အင်္ဂလိပ်စကားပြောရသည်ကို အတော်ပင် လျှာအရသာ တွေ့နေ၏။

ဦးဝင်းကျော်က. . .

“အေးကွာ. . . အဲဒါ. . . သမီးလေး ဒီလမ်းထဲက အိမ်တစ်အိမ်မှာ နေတယ်ကြားလို့ ဟုတ်မဟုတ် သေချာအောင် လာကြည့်တာ. . . မိတ်ဆွေတစ်ယောက်က လမ်းညွှန်လိုက်တော့ ဒီအိမ်ဆိုလို့”

“ဩော်. . . နိုး. . . နိုး အန်ကယ်၊ လုံးဝမဟုတ်ပါဘူး၊ ဆင်းသင်း အစ်(စ်) ဘဲရီး ဘလီး ရောင်း(ဂ်)”

ဦးဝင်းကျော်က တံတွေးစက်များကို ဆတ်ခနဲ တိမ်းရှောင်လိုက်ရင်း. . .

“ဒါဆို. . . မောင်ရင်အနေနဲ့ကော ဒီလမ်းထဲမှာ သူစိမ်းမိန်းကလေးတစ်ယောက် လာနေထိုင်တာများ သတိထားမိသေးလား၊ တွေ့မိရင် ပြောပြပါကွယ် . . . ဦး ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါ့မယ်”

“ဒါက. . . ဒီလိုရှိပါတယ် အန်ကယ်၊ ပုန်းတဲ့သူက အတွေ့မခံချင်လို့

www.burmeseclassic.com


တမင်ရှောင်ပုန်းနေတာဆိုတော့ ပျောက်သောသူကို ဘယ်လောက်ရှာရှာ တွေ့မှာ မဟုတ်ပါဘူး"

"အင်း. . . မောင်ရင် ပြောတာလဲ သဘာဝကျပါတယ်"

"ဒါနဲ့. . . အန်ကယ်က နှင်ချတုန်းကတော့ နှင်ချလိုက်ပြီး ခုမှ ဘာလို့ လိုက်ရှာရတာလဲ"

ဦးဝင်းကျော်က စိတ်ဆင်းရဲကြေကွဲစွာဖြင့် ခေါင်းငိုက်စိုက်ကျသွားသည်။ ထို့နောက်. . . စကားသံလေးလေးဖြင့်. . .

"အေးကွာ၊ ဦးကလဲ အစတုန်းကတော့ စိတ်လိုက်မာန်ပါ ပြောမိဆိုမိ လိုက် တယ်ဆိုပါတော့၊ ကိုယ့်သမီးအရင်းမဟုတ်ဘူးဆိုတဲ့ အသိကလဲ ဖြုန်းကနဲ ဆိုတော့ ကိုယ့်မာနနဲ့ ကိုယ် တစ်သက်လုံး သူ့အပေါ် အလေးအနက် ထားခဲ့တဲ့ မေတ္တာကို စော်ကားခံရသလို ဖြစ်သွားတာကိုး"

"ဗျာ. . သမီးအရင်း မဟုတ်ဘူး. . . ဟုတ်လား"

"ဩော်. . . အင်း. . . အင်း. . . ထားလိုက်ပါတော့ကွယ်၊ ဒါတွေ ဦး ပြောမနေချင်တော့ပါဘူး၊ ခုချိန်မှာ အရေးလဲ မကြီးတော့ပါဘူး"

ကိုကိုမြင့်က မီးခိုးရောင်မှိုင်းမှိုင်း ကြေကွဲမှုများ ပြည့်နေသည့် ဦးဝင်းကျော်၏မျက်ဝန်းများကို စိုက်ကြည့်လိုက်သည်။ ထို့နောက်. . .

"ဟုတ်တာပေါ့ အန်ကယ်၊ ဘာမှအရေးမကြီးပါဘူး၊ ဟောဒီ လူ့လောက တစ်ခုလုံးဟာ အရောရော အနှောနှော ပေါင်းစပ်လုံးထွေးနေတဲ့ ဟိုက်ဘရစ် (HYBRID) ကြီးပဲ၊ အဲဒီအထဲမှာ အနှစ်သာရ (ESSENCE) သီးသီးသန့်သန့်ကို လိုက်ရှာနေတာ မှားတယ်၊ လူတွေအားလုံး ဒါကို သဘောပေါက်ဖို့ ကောင်းတာ ကြာပြီ. . . အန်ကယ်၊ တကယ်က အဲဒီလို ရောထွေးနေတဲ့ အပေါ်ယံမျက်နှာပြင် ကသာ REALITY ပဲ"

www.burmeseclassic.com


"အဲ. . . မောင်ရင်ပြောတဲ့ အနှစ်သာရ ဆိုလား. . . ဘာ စင့်!!"

"အဲ့စ်စင့် (ESSENCE) ပါခင်ဗျ"

ဦးဝင်းကျော် အငိုက်မိသွား၏။ သိချင်ဇောဖြင့် ဦးခေါင်းကို ရှေ့သို့ငိုက်ပြီး နားထောင်လိုက်ချိန်မှာပင် ကိုကိုမြင့်၏ ပါးစပ်မှ 'အဲ့စ်စင့်' ဟူသော အသံထွက်နှင့်အတူ တံတွေးတွေ ဖွားခနဲ ထွက်လာပြီး သူ့မျက်နှာမှာ စို့ရွဲသွားသည်။

ဦးဝင်းကျော်က ရှုံ့ရှုံ့မဲ့မဲ့ဖြင့်. . .

အေး. . . အေး. . . အဲဒီ အနှစ်သာရ ဆိုတာကြီးကို သီးသီးသန့်သန့် ရှာလို့ မတွေ့နိုင်ဘူးဆိုတဲ့ အချက်ကိုတော့ ဦး သဘောကျတယ်ကွာ၊ ဟူး. . . ငါ သဘောမကျတာက တစ်ခုပဲရှိတယ်"

"ဘာများလဲ. . . အန်ကယ်"

"မင်းရဲ့ ဗျစ်တစ်ရှ(စ်) အသံထွက်ကို"

ဦးဝင်းကျော်၏ တံတွေးစက်ဂလဲ့စားက ကိုကိုမြင့်၏ နဖူးပေါ် တိတိကျကျ တည့်မတ်စွာ ထိမှန်သွားလေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

www.burmeseclassic.com

❐

နှင်းမှုန်တွေက မြောက်ပြန်လေထဲတွင် ဝေ့နေ၏။ အဖြူရောင်ဆောင်း ညသည် လိပ်ပြာတစ်ကောင်လိုလို ခေါင်းအုံးထက်တွင် ညင်ညင်သာသာ လာ ရောက်နားခိုလေသည်။

အိပ်မက်ဆန်သော ပန်းနုရောင်အေးစိမ့်မှုဖြင့် အရာရာသည် ချမ်း မြေ့နေသည်ဟုပင် အောက်မေ့ချင်စရာ ကောင်းနေ၏။ ဆောင်တော်ကူး ပန်းရနံ့ တွေ သင်းပျံ့လာလေသည်။ သန်းခေါင်ယံကို လွန်စပြုပြီ။

သို့သော်. . . ခွာညို အိပ်မပျော်နိုင်သေး။

ဆံပင်တွေကြားထဲ တိုးဝင်လာသည့် လေငွေ့အေးအေးကြောင့် အိပ်ရာ မှလူးလဲထပြီး ခေါင်းစွပ်နှင့် သိုးမွှေးဆွယ်တာဖြူဖြူကို ဝတ်လိုက်၏။

ရေခဲမှုန်လေးတွေပါသော နှင်းငွေ့၏ဒဏ်ကြောင့် သူမမျက်နှာသည် ပန်းနုရောင်ဖျော့ဖျော့ သန်းနေ၏။

သူမသည် နှင်းထုထဲ နစ်ဝင်နေသည့် ပန်းသီးလေးတစ်လုံးနှင့် တူနေ လေသည်။

*

www.burmeseclassic.com


သူမ. . . အိပ်ရာထဲတွင်ပင် ငြိမ်သက်စွာ တိတ်တိတ်ဆိတ်ဆိတ် လဲလျောင်းနေဖြစ်သည်။

*

အိမ်ခေါင်းရင်းမြေပြင်ပေါ်တွင် ဖိုထားသော မီးပုံဆီမှ အလင်းရောင်က သူမ အခန်းပြတင်းပေါက်ကို တစ်ချက်တစ်ချက်တွင် ဖျတ်ခနဲ ဖျတ်ခနဲ ခုန် . . . ခုန်ဟပ်၏။

သစ်ကိုင်းသစ်ရွက်ခြောက်တို့ကို မီးစွဲလောင်သံ ဖြိုးဖြိုးဖြောက်ဖြောက် ကြားရသည်။

ချမ်းနှင့် ဒီဝိုင်းတို့ အချမ်းပြေမီးဖိုပြီး လှုံနေကြပုံရ၏။ ရံဖန်ရံခါ မြောက်ပြန်လေအသင့်တွင် သူတို့နှစ်ယောက် ပြောနေကြသော စကားတွေက ခွာညို့ အကြောင်း အာရုံထဲသို့ တိုးဝှေ့ဝင်ရောက်လာလေသည်။

"ရပ်ကွက်ထဲက ထင်ကြေးနဲ့ ဟိုပြောဒီပြော လျှောက်ပြောနေကြတဲ့ အတင်းအဖျင်းတွေကျတော့ ဘယ်လိုလုပ်မလဲ. . . ချမ်း၊ အဲဒီစကားတွေကိုသာ ခွာညိုကြားလို့ကတော့ သူ စိတ်ကောင်းမှာ မဟုတ်ဘူး"

"ငါတို့ စရောက်လာကတည်းက ဒီလမ်းထဲက လူတွေက ခွာညို့ကို မင်းနဲ့လား၊ ငါနဲ့လား ခိုးပြေးလာတာလို့. . . သေချာပေါက် တွက်ထားကြတာကွ၊ အခု. . . သုံးလေးလကြာတဲ့အထိ မင်္ဂလာလည်းမဆောင်၊ ဘယ်သူဘယ်ဝါနဲ့ မှန်းလဲ ရှင်းရှင်းလင်းလင်း မသိကြရတော့ သူတို့ထင်ကြေးနဲ့ သူတို့ လျှောက်ပြောကြတော့တာပေါ့"

ဟိုး. . . တစ်ချိန်က ခွာညိုနှင့်အတူ သူတို့နှစ်ယောက် လမ်းမပေါ် ဖိနပ်နှစ်ရံကို သုံးယောက်စီးပြီး လျှောက်ခဲ့ကြစဉ်က ဝိုင်းကြည့်ကြသော လူတွေ၏ အကြည့်ကို ပြန်မြင်ယောင်လာသည်။

ခွာညို့အမေ၏ အသုဘတွင် သူတို့ကို အထူးအဆန်းလို တခမ်းတနား ဝိုင်းပြီး အံ့ဩပစ်လိုက်ကြသည့် လူတွေ၏အကြည့်ကို ပြန်သတိရလာသည်။

အို့. .

လူတွေရဲ့ မျက်ဝန်းကိုက ညှီစော်နံတယ်။

. . .

သူတို့မှာ လူငယ်တွေရဲ့ နှလုံးသားကို အမှန်တကယ် နားလည်နိုင်တဲ့ အဖြူရောင်ရင်ဘတ် မရှိကြသေးပါဘူး၊ သူတို့ ထင်ထားကြတာက လူငယ်တွေဟာ သူတို့ သိထားပြီးသား ခေါက်ရိုးကျိုး ဖုန်တက်နေတဲ့ ဇာတ်လမ်းဟောင်းကြီးတွေ အတိုင်းပဲ ထပ်တလဲလဲ ရွေ့လျားကြလိမ့်ဦး မယ်. . . လို့ သေချာမှုတလွဲကြီးနဲ့ တစ်ထစ်ချ တွက်ဆထားကြတာ၊ ပြောကြပါစေတော့. . . ။

ချောလဲရောထိုင် ကြေကွဲတတ်သူတွေ မလာရ

ငါ့စျာပနကို. . .

ငါတစ်ယောက်တည်းပဲ ချချင်ပါတယ်. . . ။

●

ဆောင်းညနှင်းမှုန်တွေအကြားတွင် သစ်ရွက်ခက်ခြောက်တို့ မီးစွဲလောင်သံ တဖြောက်ဖြောက်ကို ကြားနေရဆဲပင်။

လေပြေက သူမ အိပ်ခန်းပြတင်းတံခါးဆီ ဝေ့လွင့်လာပြန်၏။

"ခွာညို့ကို လက်ထပ်ဖို့. . . မင်း မစဉ်းစားဘူးလား ဒီဝိုင်း"

"ဘာလဲ. . . မင်းက ပတ်ဝန်းကျင်ရဲ့ လေဒဏ်မိုးဒဏ်ကို ဒူးထောက် အညံ့ခံတော့မလို့လား"

"ငါတို့ နှစ်ယောက်အတွက် မဟုတ်ပါဘူးကွာ. . . ခွာညိုရဲ့ သိက္ခာ အတွက်ကော. . . ဘဝအတွက်ပါ လုံခြုံအောင် ကာကွယ်ဖို့ ထာဝရတည်မြဲတဲ့ ခံတပ်တစ်ခု လိုအပ်ချိန်ရောက်နေပြီ ထင်လို့ပါ"

www.burmeseclassic.com


လေအတိုးမှာ အုန်းလက်တွေက အိမ်ခေါင်မိုးသွပ်ပြားနှင့် ပွတ်တိုက်ကာ တရှဲရှဲ မြည်နေကြ၏။

"မင်းကိုယ်မင်းကော. . . ဘာဖြစ်လို့ ခွာညိုရဲ့ ဘဝဖော်အဖြစ် မစဉ်းစားတာလဲ ချမ်း"

"ငါက မင်းကို ဦးစားပေးတာပါ"

"ငါလည်း မင်းလိုပဲပေါ့. . . ချမ်းရာ"

သူတို့၏ လေသံတွေက ဟိုး. . . အဝေးမှ ပျံသန်းလာရသော ငှက်တွေလို မောပန်းနွမ်းလျနေကြ၏။

အိပ်ယာထဲမှနေ၍ ငြိမ်သက်တိတ်ဆိတ်စွာဖြင့် သူတို့စကားသံတွေကို နားထောင်နေမိသော ခွာညိုသည် သူမ၏နှလုံးသားပေါ်ကို သူမကိုယ်တိုင် လက်ဖဝါးဖွဖွတင်ပြီး စမ်းကြည့်မိသည်။

အိုကွယ်. . . ငါကိုယ်တိုင်လည်း မောပန်းနေတာပါပဲလား။

●

"ခွာညိုက. . . သူ့ဘဝရဲ့ မှီခိုမှုအတွက် ယောကျာ်းတစ်ယောက်ယောက်ရဲ့ ခြေရင်းမှာခိုလှုံမဲ့ မိန်းကလေးမျိုးတော့ မဟုတ်ဘူးနော် ဒီဝိုင်း"

"ငါ သိတယ်. . . ချမ်း၊ ဒါကြောင့်လဲ. . . သူ့ကို လက်ထပ်ခွင့်တောင်းဖို့ ဘယ်လိုပြောရမလဲဆိုတဲ့ကိစ္စက ခေါင်းကိုက်စရာ ပြဿနာကြီး ဖြစ်နေတာပေါ့"

"ဒါပေမယ့်. . . ဒီကိစ္စက မရှင်းလို့လဲ မရပြန်ဘူး၊ ကြာရင် ပိုပြီးရှုပ်ထွေးဖို့ပဲ ရှိတော့တယ်၊ ပြီးတော့. . . မင်း စဉ်းစားကြည့်လေ ချမ်း၊ ခွာညိုက တစ်သက်လုံး အိမ်ထောင်မပြုဘဲ ငါတို့နဲ့ ဒီအတိုင်းချည်းပဲ နေသွားမှာတဲ့လား. . . ဒါ မဖြစ်နိုင်ဘူးလေကွာ"

"ဟုတ်တယ်. . . ဒီဝိုင်း၊ ငါ ဘက်စုံထောင့်စုံက စဉ်းစားပြီးပြီ၊ ငါတို့ က

www.burmeseclassic.com

❐

နှင်းမှုန်တွေက မြောက်ပြန်လေထဲတွင် ဝေ့နေ၏ အဖြူရောင်ဆောင်း ညသည် လိပ်ပြာတစ်ကောင်လိုလို ခေါင်းအုံးထက်တွင် ညင်ညင်သာသာ လာရောက်နားခိုလေသည်။

အိပ်မက်ဆန်သော ပန်းနုရောင်အေးစိမ့်မှုဖြင့် အရာရာသည် ချမ်း မြေ့နေသည်ဟုပင် အောက်မေ့ချင်စရာ ကောင်းနေ၏။ ဆောင်တော်ကူး ပန်းရနံ့ တွေ သင်းပျံ့လာလေသည်။ သန်းခေါင်ယံကို လွန်စပြုပြီ။

သို့သော် . . . ခွာညို အိပ်မပျော်နိုင်သေး။

ဆံပင်တွေကြားထဲ တိုးဝင်လာသည့် လေငွေ့အေးအေးကြောင့် အိပ်ရာ မှလူးလဲထပြီး ခေါင်းစွပ်နှင့် သိုးမွေးဆွယ်တာ ဖြူဖြူကို ဝတ်လိုက်၏။

ရေခဲမှုန်လေးတွေပါသော နှင်းငွေ့၏ဒဏ်ကြောင့် သူမမျက်နှာသည် ပန်းနုရောင်ဖျော့ဖျော့ သန်းနေ၏။

သူမသည် နှင်းထုထဲ နစ်ဝင်နေသည့် ပန်းသီးလေးတစ်လုံးနှင့် တူနေ လေသည်။

*

www.burmeseclassic.com


"ဘာပဲဖြစ်ဖြစ်ကွာ. . . ငါတော့ ခွာညို့ကို စပြီးမပြောရဲဘူး၊ မင်း ပြော ပါလား"

"ဟာ. . . ငါလဲ ဒီအတိုင်းပဲပေါ့ကွ၊ ဘယ်ပြောရဲပါ့မလဲ"

လောင်ကျွမ်းစရာ သစ်ရွက်သစ်ခက်ကိုင်းခြောက်တို့ ကုန်လုခါနီးပြီ ဖြစ်သောကြောင့် မီးပုံမှ မီးငြိမ်းစ ပြုလာသည်။

"ဘာဖြစ်လို့ မင်းက မပြောရဲတာလဲ၊ 'တစ်ကယ်လို့ ခွာညိုက ငါ့ကို ငြင်းလိုက်ရင်. . ' ဆိုတဲ့ အတွေးကို မင်း မခံစားရဲလို့လား"

မြတ်လေးပန်းရုံကို တိုးဝှေ့သည့် ဆောင်းညလေပြေကြောင့် သစ်ရွက်တို့ ထိခတ်ယိမ်းလှုပ်သွားသံကိုသာ ကြားရသည်။

နောက်ဆုံးသစ်ကိုင်းခြောက်ကို စွဲလောင်နေသည့် လက်ကျန်မီးတောက် တစ်စက ဟုန်းခနဲခုန်၍ အစွမ်းကုန် တောက်ပပြလိုက်ပြီးမှ ငြိမ်းသွားသည်။

မှောင်အတိကျသွား၏။

*

ခွာညို အိပ်ယာပေါ်တွင် လဲလျောင်းနေရာမှ တစ်ဖက်သို့ အသာအယာ စောင်းလိုက်သည်။

ငါက သူတို့နှစ်ယောက်ထဲက ဘယ်သူ့ကို ငြင်းပယ်ရမှာလဲ. . .

ပြီးတော့. . . ဘယ်သူ့ကိုကော လက်ခံရမှာလဲ. . .

*

ပြတင်းအပြင်ဘက်ကို လှမ်းကြည့်မိပြန်သည်။

အရာအရာသည် မှောင်မိုက်နေ၏။

❐

# အခန်း (၂၄)

www.burmeseclassic.com

❒

ဆရာဝန်က သွေးဖိအားတိုင်းကိရိယာကို ဦးဝင်းကျော်၏ လက်မောင်းမှ ဖြုတ်ယူလိုက်ရင်း. . .

"သွေးဖိအားက ပုံမှန်ပါပဲ အန်ကယ်. . . ဘာဖြစ်လို့ အန်ကယ်က ကိုယ့်ဖာသာကိုယ် အရမ်းသွေးတိုးနေပြီလို့ ထင်နေရတာလဲ၊ ကျွန်တော် ပေးထားတဲ့ သွေးကျဆေးတွေလဲ မှန်မှန်သောက်နေတာပဲ မဟုတ်လား"

ဦးဝင်းကျော်က လူနာစမ်းသပ်သည့် ခုတင်ပေါ်မှ လေးတွဲစွာဆင်းလိုက်ရင်း စိတ်ပျက်အားလျော့သည့်လေသံဖြင့်. . .

"မပြောတတ်ပါဘူး ဆရာရယ်၊ ကိုယ့်ကိုယ်ကိုယ် နေရထိုင်ရတာ ပေါ့ပေါ့ပါးပါး မရှိဘူးဆိုတာပဲ သိတယ်၊ ဘာဖြစ်နေမှန်းတော့ မပြောတတ်ဘူး"

"အင်း. . . "

ဦးဝင်းကျော်ပြောသောစကားကို နားထောင်ရင်း ဆရာဝန်က တွေးတွေးဆဆဖြင့် မျက်လုံးများထောင့်ကပ်ကာ စဉ်းစားနေ၏။ ထို့နောက်. . .

"အန်ကယ့်စိတ်အပေါ်မှာလဲ မူတည်သေးတယ်လေ. . . ကိုယ့်ဘာသာကိုယ် လူမမာကြီးတစ်ယောက်လိုလဲ အမြဲတမ်း ခံစားမနေနဲ့ပေါ့၊ သာမန်လူကောင်းတစ်ယောက်လိုပဲ နေထိုင်လှုပ်ရှားသွားလာနေလို့ ရတဲ့ဥစ္စာ၊ ကဲ. . . လာပါလေ

www.burmeseclassic.com


. . . ခဏ တစ်ဖြုတ် သက်တောင့်သက်သာ ထိုင်ပါဦး. . . ကျွန်တော်နဲ့ အန်ကယ် နည်းနည်းလောက် ဆွေးနွေးကြရအောင်”

လူနာစမ်းသပ်သည့်ခုတင်နှင့် လိုက်ကာအဝတ်စခြားထားသော ဧည့်ခန်းဆက်တီတွင် ဦးဝင်းကျော် စိတ်မသက်မသာပုံစံဖြင့် ဝင်ထိုင်၏။

သူ့မျက်နှာက ဘာကိုမှ ပြောချင်ဆိုချင်စိတ် မရှိသည့်ဟန်၊ စိတ်ဓာတ်ကျနေသူတစ်ဦး၏ ခံစားချက်ကို ဖော်ပြနေသည်။

ဆရာဝန်က သူ့ကို တစ်ချက် အကဲခတ်လိုက်ရင်း ရင်းရင်းနှီးနှီးဟန်ဖြင့် စကားစ၏။

“ဒါနဲ့. . . ကျွန်တော် သတိထားမိသလောက်ပြောရရင် အရင်တုန်းက အန်ကယ်. . . ကျွန်တော့်ဆေးခန်းလာတဲ့အခါ အန်ကယ့်သမီး လိုက်လိုက်ပို့တယ် မဟုတ်လား၊ အခု. . . မတွေ့တာ ကြာပြီနော်”

ဦးဝင်းကျော်က ချက်ချင်း စကားမတုံ့ပြန်။

နံရံကိုသာ အဓိပ္ပာယ်မဲ့စွာ စိုက်ကြည့်နေ၏။ အတော်ကြာမှ. . .

“ဟုတ်တယ်. . . ဒေါက်တာ၊ သမီး မရှိတော့တာ လေးလကျော်ပြီ”

သူ့အသံက အက်အက်ကွဲကွဲ၊ နံရံကိုထိကာ ပဲ့တင်ပြန်လာသော စကားလုံးများက တစ်လုံးချင်းစီ ခြောက်သွေ့ကြေမွနေ၏။

*

ဆရာဝန်က ငါပြောလိုက်တာ ဘာများ အမှားပါသွားလို့ပါလိမ့်. . . ဟူသည့်စူးစမ်းမှုဖြင့် ဦးဝင်းကျော်၏ မျက်လုံးများအတွင်းပိုင်းကို စိုက်ကြည့်သည်။

ဦးဝင်းကျော်က ချက်ချင်းပင် ခေါင်းငုံ့သွားပြီး အကြည့်ကို လွှဲဖယ်ပစ်လေသည်။

အတန်ကြာသည်အထိ တိတ်ဆိတ်နေဖြစ်ကြ၏။

ထိုနောက်တွင်မှ ဦးဝင်းကျော်က ကိုယ့်ကိုယ်ကိုယ် သိပ်စိတ်ချယုံကြည်မှု မရှိလှသော လေသံဖြင့်. . .

"ဒေါက်တာ. . . ဒေါက်တာ့ကို ကျွန်တော် တစ်ခုမေးချင်တယ်"

"မေးပါ. . . အန်ကယ်. . . မေးပါ၊ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ပြောကြဆိုကြတာပေါ့၊ အင်း. . . ဘာများပါလိမ့်"

"ဟိုဒင်း. . . ဆရာ၊ အဲ. . . ဖခင်ကော မိခင်ကပါ သွေးအုပ်စုက 'A' (အေ) သွေးဖြစ်နေရင် သားသမီးက ဘာ သွေးအုပ်စုဖြစ်မလဲ ဆရာ"

"ရှင်းပါတယ်. . . အန်ကယ်၊ သားသမီးက 'A' (အေ) သွေး၊ ဒါမှ မဟုတ် 'O' (အို) သွေး ဖြစ်မှာပေါ့"

"ဗျာ. . . ဘယ်လို. . . ဒေါက်တာ. . . 'O' (အို) သွေး ဖြစ်နိုင်တယ် ဟုတ်လား"

ဦးဝင်းကျော်၏ စိတ်အားထက်သန်စွာ အလန့်တကြား မေးလိုက်သော စကားသံကြောင့် ဆရာဝန်ပင်လျှင် အံ့သြသွားသည်။ ဦးဝင်းကျော်က ဆရာဝန်၏ လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လှုပ်ယမ်းလိုက်ပြီး. . .

"ဒါ. . . ဒါဆို အရပ်ထဲမှာ ကျွန်တော်တို့ ကြားဖူးနားဝ သိထားကြသလို သားသမီးဆီမှာ အဖေ့သွေး (ဒါမှမဟုတ်) အမေ့သွေး. . . တစ်မျိုးမျိုး ပါကိုပါရ မယ်ဆိုတာ မဟုတ်ဘူးပေါ့နော်. . . ဒေါက်တာ"

ဆရာဝန်က ပြုံးလိုက်ပြီး စားပွဲထောင့်တွင် တင်ထားသော မှတ်စုစာအုပ် ငယ်ကလေးကို လှမ်းယူကာ စာမျက်နှာအလွတ်တစ်ရွက်ကို ဆုတ်ဖြဲလိုက်သည်။ ထို့နောက်. . . ထိုစာရွက်ပေါ်တွင် ဘောပင်ဖြင့် အကြမ်းရေးခြစ်ပြလိုက်၏။

"အန်ကယ်. . . နားလည်လွယ်အောင်ပြောရရင် 'O' (အို) သွေးဆိုတာ ဟာ 'သုည' သဘောဆောင်တယ် ဆိုပါတော့၊ ဒါကြောင့် 'A' သွေးလို့ ဆိုလိုက်

www.burmeseclassic.com


ခြင်းအားဖြင့် 'A+သုည' လို့ နားလည်ထားရမယ်၊ တစ်နည်းပြောရရင် A သွေးထဲမှာ မမြင်နိုင်တဲ့ 'O' (အို)သွေးရဲ့ ပေါင်းစပ်မှုတွေ ပါနေတယ်ဆိုပါတော့. . .

ဒါကြောင့် အဖေကော အမေပါ 'A' သွေးအချင်းချင်း ပေါင်းစပ်တဲ့အခါ အဲဒီသွေးထဲမှာပါတဲ့ မမြင်နိုင်တဲ့ 'O' (အို) သွေး အချင်းချင်းလဲ ပေါင်းစပ်ပြီး သားသမီးမှာ 'O' (အို) သွေး ဖြစ်လာနိုင်တာပဲ"

ဖြေညင်းစွာ လည်ပတ်နေသော အခန်းမျက်နှာကျက်မှ ပန်ကာဒလက်များသည် နံရံပေါ်တွင် အရိပ်ထင်လျက် ရွေ့လျားနေကြ၏။

အခန်းထဲရှိ လေငွေ့က အစိမ်းရောင်ဖျော့ဖျော့သန်းကာ လတ်ဆတ်နေသည်။

"ဒါဆို. . . အဖေကော အမေကော 'B' (ဘီ) သွေးတွေချည်းဖြစ် နေရင်ကော"

"အတူတူပဲ. . . အန်ကယ်၊ မွေးလာတဲ့ကလေးဟာ 'B' (ဘီ) သွေးဒါမှမဟုတ် 'O' (အို) အုပ်စု. . . တစ်ခုခုဖြစ်မှာပဲ၊ အဖေကော အမေကော 'AB' (အေဘီ)သွေးဆိုရင်တော့ သားသမီးဟာ 'A' (အေ) နဲ့ 'B' (ဘီ) နဲ့ 'AB' (အေဘီ) သုံးမျိုးထဲက တစ်မျိုးမျိုး ဖြစ်နိုင်ပါတယ်"

ဆရာဝန်က စကားပြောရင်း ပန်ကာခလုတ်ကို ထ၍ပိတ်လိုက်သည်။ လည်ပတ်နေသည့် ဒလက်များ၏အရှိန်က သိသိသာသာ နှေးကွေးလေးလံ သွား၏။

"အဲ. . . အဖေကော အမေကော 'O' (အို) သွေးဆိုရင်တော့ မွေးလာတဲ့ ကလေးဟာ 'O' (အို) သွေးကလွဲလို့ ဘာမှမဖြစ်နိုင်တော့ဘူး"

မျက်နှာကျက်မှပန်ကာက တဖြေးဖြေး အရှိန်သေကာ ရပ်တန့်သွား၏။

အခန်းထဲတွင် အရာရာသည် တည်ငြိမ်အေးချမ်းနေလေသည်။

❒

www.burmeseclassic.com

# အခန်း (၂၅)

www.burmeseclassic.com

www.burmeseclassic.com

❐

ခွာညိုက ကိုကိုမြင့် ရေးပြထားသောစာရွက်ပေါ်မှ ဇယားကိုကြည့်ရင်း ငိုင်နေမိသည်။

| မိဘသွေးအုပ်စု | သားသမီးသွေးအုပ်စု |
|---|---|
| A+B | AB (သို့) A (သို့) B (သို့) O |
| A+AB | AB (သို့) A (သို့) B |
| B+AB | A (သို့) B |
| B+O | O (သို့) B |
| AB+O | A (သို့) B |
| AB+AB | AB (သို့) A (သို့) B |
| A+A | A (သို့) O |
| B+B | B (သို့) O |
| O+O | O |

www.burmeseclassic.com


ကိုကိုမြင့်က ခွာညိုနှင့် မျက်နှာချင်းဆိုင်ရမည်ကို အားနာသလိုမျိုး အကြည့်ကို ခပ်လွှဲလွှဲဖယ်ထားရင်း. . .

"နင်တို့ သားအဖ ပြဿနာက ဒီလိုမှန်းအစက ငါသိမှသိမထားတာ၊ ဟိုကောင်နှစ်ယောက်ကလဲ ငါ့ကို ဘာမှမပြောထားဘူး၊ ကြည့်ရတာ. . . နင် ရှက်မှာ စိုးလို့နဲ့တူပါတယ်၊ ဟိုးတစ်နေ့က နင့်အဖေ ဒီအိမ်ကိုရောက်လာပြီး ငါနဲ့ဆုံမှ သူ့စကားတစ်ခွန်း လွှတ်ခနဲ ထွက်သွားလို့သာ. . ."

ခွာညိုက ဘာမှနှုတ်ခွန်းတုံ့မပြန်။

သူမ၏ မျက်ဝန်းက နှင်းတွေလို ဝေလျက်သားရှိသည်။ သူမက စာရွက်ပေါ်တွင် ဘောပင်တစ်ချောင်းဖြင့်. . . အဓိပ္ပာယ်ဖော်ရခက်သော ရုပ်ပုံများကို လျှောက်ရေးခြစ်နေ၏။

ကိုကိုမြင့်က. . .

"နင်တို့သားအဖကြားမှာ ဒီလို သံသယ အကြောင်းရင်းခံရှိမှန်း ငါ ကြိုသိထားရင် ဟိုနေ့ကတွေ့တဲ့အချိန်မှာ နင့်အဖေကို ငါ ရှင်းပြလိုက်ပါရဲ့"

ပြောပြီးမှ သူ့စကားမှားသွားသလိုမျိုး ကိုကိုမြင့် မျက်နှာပေါ်တွင် အားတုံ့အားနာအမူအယာ ပေါ်လာ၏။

ခွာညိုက သတိမထားမိ။ စာရွက်ပေါ် ငုံ့၍ ရေးခြစ်နေရာမှ. . . ခွန်အားမဲ့သောအသံဖြင့်. . .

"ဟုတ်တယ်နော်. . . အဲဒီအကြောင်း ဖေဖေ့ကို ရှင်းပြပေးမယ့်သူ တစ်ယောက်လောက်ရှိရင် ကောင်းမှာပဲ. . . ခုတော့. . ."

သူမ မျှော်လင့်ချက် မရှိတော့သလို စကားကို ရပ်ပစ်လိုက်၏။

အဆုံးသတ်ရန် ခက်ခဲသော အတွေးများသည် ဆည်းဆာထဲက တိမ်

www.burmeseclassic.com



တိုက်တွေလို ခရမ်းနုရောင်နှင့် လိမ္မော်ရောင် တောက်တောက်ပပ ရွှေးထွေးနေလေသည်။

မျက်နှာပေါ် ဝဲကျနေသော ဆံပင်များကို သူမ သပ်တင်လိုက်၏။ သူမ၏ မျက်ဝန်းတွေက အသက်ဝိညာဉ်ကင်းမဲ့နေသော ယုန်ဖြူဖြူကလေး တစ်ကောင်၏ မျက်လုံးမျိုး. . . ။

စိတ်ပင်ပန်းနွမ်းနယ်သည့်ဒဏ်ကြောင့် မျက်ဝန်းအရစ်တွေချိုင့်ကာ အညိုရိုပ်သန်းနေသည်ကို သိသိသာသာ မြင်ရသည်။ သို့သော်. . . သူမသည် ကျောက်ဖြူသားရုပ်ထုတစ်ခုလို အေးစက်စွာ လှပမြဲလှပလျက်ပင် ရှိလေသည်။

ထိုစဉ် အိမ်ရှေ့ဆီမှ လေချွန်သံသဲ့သဲ့ကြားရ၏။

"ဟော. . . ဟိုနှစ်ယောက် လက်ဖက်ရည်ဆိုင်က ပြန်လာကြပြီထင်တယ်"

ဟု ကိုကိုမြင့်က လှမ်းပြောသည်။ ခွာညို. . . မျက်လုံးကိုဝေ့၍ ခြံဝင်းတံခါးဆီ ကြည့်လိုက်၏။

ဒီဝိုင်းနှင့် ချမ်းတို့ နှေးတိနှေးကန် ခြေလှမ်းများဖြင့် ခြံထဲသို့ဝင်လာနေကြသည်ကို မြင်ရ၏။

"အခုရက်ပိုင်း. . . ဒီနှစ်ယောက် လက်ဖက်ရည်ဆိုင်သွားရင် နင့် ဘာဖြစ်လို့ ခေါ်. . ခေါ် မသွားတော့တာလဲ. . . ခွာညို နင့်အဖေရဲ့ မိတ်ဆွေတွေက မြင်သွားမှာစိုးလို့လား"

ခွာညို ဘာပြန်ဖြေရမည်မှန်းမသိ။ ခေါင်းကိုသာ ခါပြလိုက်သည်။

သို့သော်. . . သူမ၏ ရင်ထဲတွင်ကား တစ်စုံတစ်ရာကို ကြိုသိနေသလိုလိုမျိုး ခံစားရ၏။

"သူတို့နှစ်ယောက်တည်းပဲ သိဖို့လိုအပ်တဲ့ကိစ္စတွေ ရှိလို့နေမှာပေါ့"

သူမက လေသံမပွင့်တပွင့်ဖြင့် ပြန်ဖြေလိုက်သည်။

www.burmeseclassic.com


ကိုကိုမြင့်က ဘာကိုမှ ရိပ်မိပုံမပေါ်။ ရိုးရိုးသားသားပင် လှမ်းပြော သည်။

"အေး. . . ဖြစ်နိုင်တယ်ဟ၊ ငါ သတိထားမိတာ တစ်ပတ်လောက် ရှိပြီ၊ ဒီကောင်တွေ နှစ်ယောက်တည်း တိုးတိုး တိုးတိုးနဲ့ ခေါင်းချင်းဆိုင်နေကြတာ၊ ငါတို့ရှေ့ဆိုရင်တော့ သူတို့က ဘာမှမဖြစ်သလိုပဲ၊ ခပ်တည်တည်နဲ့ဟ၊ နင်. . . သိလား"

"အင်း. . . "

"ပြီးတော့လဲ ညသန်းခေါင်ကျော်မှ ငါတို့ အိပ်လောက်ပြီထင်ပြီး သူတို့ နှစ်ယောက်တည်း ဧည့်ခန်းထဲမှာ ဘာတွေတိုင်ပင်ကြသလဲတော့ မပြောတတ်ဘူး၊ မီးချောင်းကြီးလင်းနေတာတွေ့လို့ ငါ ဆင်းဆင်းပြီးကြည့်ရတာ သုံးလေးညရှိပြီ၊ မယုံရင်. . . ဒီည နင်စောင့်ကြည့်"

ဒီဝိုင်းနှင့် ချမ်းတို့ အိမ်ပေါ်တက်လာကြသည်အထိ ကိုကိုမြင့် စကားက မပြတ်သေးသောကြောင့် ခွာညိုက တမင်စကားလွှဲလိုက်၏။ သူမက. . .

"သူတို့နှစ်ယောက်ပေါင်းပြီး ဟိုရုပ်ရှင်တွေထဲကလို ချူကလီးယား သိပ္ပံ ပညာရှင်တွေဖမ်းပြီး ကမ္ဘာကြီးကိုအုပ်စိုးဖို့ ကြံစည်နေတာလားမှ မသိတာ"

"အဲဒီနေရာမှာတော့ စိတ်ကူးတွေ သိပ်ညံ့သွားပြီ၊ ငါသာဆို ကမ္ဘာကြီးကို အုပ်စိုးဖို့ ဘယ်ကြံစည်မှာလဲ၊ တစ်ကမ္ဘာလုံးက သိပ္ပံပညာရှင်တွေကို ကိုယ့်လက် ထဲမှာ ဖမ်းမိထားပြီပဲ၊ ကြံရည်ကြိတ်စက်တွေ အကြီးအကျယ် တီထွင်ခိုင်းပြီး ကြံရည်ညှစ် ရောင်းစားမှာပေါ့"

အဆီအငေါ် မတည့်သောစိတ်ကူးကြောင့် ခွာညို ရယ်မောမိသည်။ အိမ်ပေါ်သို့တက်လာသော ဒီဝိုင်းနှင့် ချမ်းက သူတို့ရယ်မောနေကြသည်ကို အနည်းငယ် အံ့သြစွာဖြင့် ကြည့်နေ၏။

❒

www.burmeseclassic.com

# အခန်း (၂၆)

ည. . .

. . .

အဲသည်ညသည်

ခွာညို့အတွက် နိဂုံးတစ်ခု ရောက်ရှိလာသောညဖြစ်သည်။

(သို့မဟုတ်)

သူမက နိဂုံးတစ်ခုထံသို့ ရောက်ရှိသွားရသောည

တစ်ညလည်း ဖြစ်ပါသည်။

❒

www.burmeseclassic.com

❐

အမှောင်ထဲတွင် အဝါရောင်သနပ်ခါးပန်းရနံ့တွေ ဆွတ်ဆွတ်ပျံ့နေသည်။ နှင်းဝတ်လွှာကို ခြုံထားသည့် နတ်ငှက်တစ်ကောင်လို လရောင်သည် သစ်ရွက်တွေပေါ် ဖွဖွခိုနားနေ၏။

မှောင်မိုက်သော အထီးကျန်တောင်ကြားထဲမှ ထင်းရှူးပင်တစ်ပင်လို သူမ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေဖြစ်လေသည်။

ညသန်းကောင်ကျော်. . . နာရီပြန် တစ်ချက်ခွဲရှိပြီ။

ဆောင်းညလေညင်းလရောင်သည် နတ်မိမယ်တို့၏ ကျောက်ဖြူသားဥယျာဉ်လို ကတိုးနံ့သင်းနေ၏။

*

သူမ. . . ခြေကို ဖွဖွနင်းကာ ဧည့်ခန်းဆီ တစ်လှမ်းချင်း တစ်လှမ်းချင်း သတိကြီးစွာဖြင့် အသာအယာ ချဉ်းကပ်သွား၏။

www.burmeseclassic.com

BURMESE CLASSIC .com

ဧည့်ခန်းထဲမှ မီးရောင်ကို မြင်ရသည်။ အမှောင်ရိပ်ကျသော နံရံအကွယ်တွင် သူမ ရပ်လိုက်၏။ လူကို မမြင်ရသော်လည်း ချမ်းနှင့် ဒီဝိုင်း တို့၏ စကားပြောသံကို ကြားနေရသည်။

"ခွာညို့ကို ကြည့်ရတာ ငါ့ထက်စာရင် မင်းအပေါ် ကိုပိုပြီး သံယောဇဉ်ရှိနေသလိုပဲ. . . ဒီဝိုင်း၊ တကယ်တမ်း မင်းဖွင့်ပြောလိုက်လို့ ခွာညိုက လက်ခံမယ်ဆိုရင် မင်းတို့နှစ်ယောက်အတွက် ငါ ကျေနပ်ပါတယ်"

"မင်း. . . ဘာတွေပြောနေတာလဲ ချမ်းရာ. . . မင်း မှတ်ထား၊ နေရာတကာမှာ အနစ်နာခံတိုင်း သူရဲကောင်း မဟုတ်ဘူးကွ"

"ဒါဖြင့်. . . မင်းကကော ဘာဖြစ်လို့ ငါ့အတွက် အနစ်နာခံနေရတာလဲ"

စကားသံတွေက တိတ်ဆိတ်သွားကြပြန်သည်။ ညဘက်တွင် ထွက်သော ပိုးမွှားပုရစ်တို့၏ အော်မြည်သံကသာ စိုးစိုးစစ်စစ်နှင့် ဆူညံနေ၏။

"အနစ်နာခံတဲ့အပြင်ကို ငါ စဉ်းစားနေတဲ့ နောက်ထပ်အချက်တစ်ချက်ရှိသေးတယ်"

"ဘာလဲ. . . ခွာညိုက ငြင်းလိုက်ရင် တစ်သက်လုံး ကြေကွဲရမှာစိုးတယ်ဆိုတဲ့အချက်လား"

"ခွာညိုက လက်ခံလိုက်ရင်ကော တစ်သက်လုံး ပျော်ရွှင်ရလိမ့်မယ်လို့ မင်း ထင်လို့လား"

"အင်း. . . ဆိုစမ်းပါဦး"

"ခွာညိုက လက်ခံလိုက်ပြီဆိုတာနဲ့တစ်ပြိုင်နက်. . . အခု ငါတို့ သုံးယောက်ရဲ့ လက်ရှိဆက်ဆံရေးအခြေအနေဟာ လုံးဝပျက်စီးသွားပြီး ပုံသဏ္ဍာန်အသစ်နဲ့ တစ်က ပြန်စရလိမ့်မယ်. . . မင်း သိလား"

ထွက်သက်ဝင်သက် ပြင်းပြင်းရှိုက်သံမှတစ်ပါး အရာအားလုံးသည် ငြိမ်သက်တိုးတိတ်နေ၏။ ခဏကြာမှ. . .

"ဟုတ်တယ်. . . အဲဒီအခါကျရင် သူငယ်ချင်းသုံးယောက်ရဲ့ ခင်မင်ဖြူစင်တဲ့ ဆက်ဆံရေးမဟုတ်တော့ဘူး၊ ချစ်သူစုံတွဲတစ်တွဲနဲ့ အပိုလူတစ်ယောက်ရဲ့ ဆက်ဆံရေးဖြစ်သွားပြီ"

"ငါတို့သုံးယောက်ရဲ့ အခု လက်ရှိအခြေအနေအတိုင်း နွေးထွေးတဲ့ ဆက်ဆံရေးကို နောက်ထပ် ဘယ်တော့မှ ပြန်ရတော့မှာမဟုတ်ဘူး၊ မမြင်နိုင်တဲ့ တစ်စုံတစ်ရာကတော့ လုံးဝအပြီးသတ် ပျက်စီးသွားမှာ သေချာတယ်၊ အဲဒါကို မင်း မနှမြောဘူးလား"

ဟိုး. . . အဝေးဆီမှ အသံတစ်ခု ကြားရသည်ဟု ထင်မိသည်။ တိမ်တိုက်တွေထဲက ခေါ်သံလား၊ လေပြေလေညင်းထဲက ငိုညည်းသံလား၊ တယောသံလား. . . ရှိုက်သံလား။

အလွမ်းဆိုသည်မှာ ရောင်စဉ်ခုနစ်မျိုးပါသော အသံပွင့်လွှာတစ်ရွက် ဖြစ်ပါသည်။

"အေးကွာ. . . တကယ်ဆို အခုလို အခြေအနေအတိုင်း နေနေရတာက စိတ်ချမ်းမြေ့စရာ အကောင်းဆုံးပဲနော်"

"ဒီအခြေအနေကို ငါတို့ကိုယ်တိုင်ပဲ ခဲခဲယဉ်းယဉ်း ဖန်တီးခဲ့ရတယ်၊ ခု. . . ငါတို့ကိုယ်တိုင်ပဲ ပြန်ဖျက်ဆီးပစ်ရတော့မယ်"

"မနက်ဖြန်မှာ. . .  . . . "

"အေး. . . မနက်ဖြန်မှာ မင်းပဲဖြစ်ဖြစ်. . . ငါပဲဖြစ်ဖြစ် ခွာညိုရဲ့ အငြင်းပယ်ခံရတဲ့သူက ဒီအိမ်ကို ကျောခိုင်းထွက်သွားကြေးနော်၊ နောက်ပြန် လှည့်မကြည့်စတမ်းပေါ့"

www.burmeseclassic.com


"အဲဒါပဲ. . . ကောင်းပါတယ်ကွာ၊ စွန့်လွှတ်ရပြီဆိုရင် အဝေးဆုံးကို ရောက်အောင် ပြေးနိုင်လေ ကောင်းလေပဲပေါ့၊ သွားရတဲ့သူအဖို့လဲ နောက်ဆံမငင်၊ ကျန်ရစ်ရတဲ့သူတွေအဖို့လဲ တသသ မဖြစ်ရမယ့် ခွဲခွာခြင်းမျိုးနဲ့ပဲ မင်းနဲ့ ငါ ခွဲခွာကြတာ ကောင်းပါတယ်"

ချမ်းနှင့် ဒီဝိုင်းတို့၏ အေးစက်စက် ကြေကွဲကွဲစကားသံသဲ့သဲ့ကို နံရံတစ်ချပ်သာခြားနေသော မှောင်ရိပ်ထဲမှ ခွာညို နားထောင်ရင်း အိပ်မက်ထဲမှာ ရှိုက်ကြီးတငင် ငိုကြွေးနေရသူလို ခံစားရ၏။

ငိုကြွေးသံမထွက်ဘဲ မျက်ရည်တွေက သူမ၏ပါးပြင်ပေါ် အဆုံးမဲ့ စီးဆင်းနေကြသည်။

အမှောင်ရိပ်ကျရာနံရံသည် သူမအတွက် ဆောင်းနှင်းငိုကြွေးရခြင်း ခန်းမဆောင်ဖြစ်၏။

သူမ၏မျက်ဝန်းအိမ်ထဲမှ မျက်ရည်စက်သည် နှင်းတွေဝေနေသော မြစ်ယံပေါ် လရောင်ထိုးကျနေသည်နှင့် တူနေလေသည်။

ငါ. . . ဘယ်သူကို ရွေးချယ်ရမှာလဲ. . .

ချမ်းကိုလား. . .၊ ဒီဝိုင်းကိုလား. . .

ဘယ်သူ့ကိုလဲ. . .

ဘယ်သူ့ကိုလဲ. . .

●

"ချမ်း. . . မနက်ဖြန် ခွာညိုကို မင်းပဲစပြီး. . . "

"ဟင့်အင်း. . . မင်းကို ငါ ဦးစားပေးထားတယ်လို့ အစကတည်းက

ပြောပြီးသားကွာ. . . ဒီအခွင့်အရေးကိုတော့ မင်းလက်ခံရလိမ့်မယ်. . . ဒီဝိုင်း”

“ဟာ. . . အဓိပ္ပာယ်မရှိတာ. . . ”

. . . . . .

. . . . . .

သူတို့ အတန်ကြာမျှ တိတ်ဆိတ်နေကြသည်။

ထို့နောက်တွင်မှ. . .

“ဒီလိုလုပ်ကွာ. . . ဒီအခွင့်အရေးကို မင်းကော ငါကော မဖန်တီး ချင်ကြဘူးဆိုရင် ကံကြမ္မာကိုပဲ ဖန်တီးခိုင်းကြရအောင်”

“ဘယ်လိုလုပ်မှာလဲ. . . ခေါင်းပန်းလှန်မှာလား”

“အေး. . . အလွယ်ကူဆုံးနဲ့ အမြန်ဆုံးနည်းကတော့ အဲဒါပဲကွ”

. . . . . .

. . . . . .

“ကဲ. . . ဟောဒီမှာ ကျပ်စေ့ပြား၊ မင်း ဘာယူမှာလဲ ဒီဝိုင်း. . . ခေါင်းလား၊ ပန်းလား”

“ခေါင်း”

“ဒါဆို. . . ငါက ပန်းပေါ့၊ အိုကေ. . . မြှောက်ကြရအောင်”

ခွာညို ယောင်ယမ်းပြီး အသက်ကို အောင့်ထားလိုက်မိသည်။

ဘုရား. . . ဘုရား. . .

တစ်. . .

နှစ်. . .

သုံး. . .

www.burmeseclassic.com


ဒင်္ဂါးပြားကို လက်ဖြင့် ဆတ်ခနဲ လေထဲသို့ ခတ်တင်လိုက်သံ တိုးတိုးကို ကြားရသည်။

တိတ်ဆိတ်နေ၏။

"ဟော. . . ပြန်ကျလာပြီကွ"

အို. . .

. . . . . .

"ချွင်"

ဒင်္ဂါးပြားနှင့် ကြမ်းပြင်ထိခတ်သံ ချွင်ခနဲမြည်လိုက်သည့်အချိန်တွင် ခွာညို အသက်မရှူမိ။

ခေါင်းလား. . .၊ ပန်းလား. . .၊

ဒီဝိုင်းလား. . .၊ ချမ်းလား. . .၊

*

နိဂုံးတစ်ခုက သူမဆီသို့ တိတိကျကျပင် ရောက်ရှိလာခဲ့ပြီဖြစ်လေသည်။

❐

www.burmeseclassic.com

နံရံဟိုဖက်ဆီမှ. . .

လူနှစ်ယောက် ပြိုင်တူသက်ပြင်းချသံသဲ့သဲ့ ကြားရသည်။

ထိုနောက်. . . အရာရာအားလုံး တိတ်ဆိတ်ငြိမ်သက်သွား၏။

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

www.burmeseclassic.com

www.burmeseclassic.com

❒

မနက်အစောကြီးမှာပင် သူမ အိပ်ရာမှ ထဖြစ်လေသည်။

. . .

မျက်နှာသစ်ပြီးသည်နှင့် ဖရိုဖရဲ ပွယောင်းယောင်းဖြစ်နေသော ဆံပင်တွေကို ကလစ်တစ်ခုဖြင့် ပြီးစလွယ်ထိုးညှပ်လိုက်ပြီး အိမ်ခြံဝင်းထဲသို့ ဆင်းခဲ့သည်။

အရပ်မျက်နှာ အလုံးစုံမှာ မြူနှင်းတွေ ဝေနေ၏။ သစ်ပင်တွေ၏ အရိပ်ကို ဝိုးတဝါးမျှ မြင်ရသည်။

ရေစက်ရေပေါက်များပင် စင်အောင်မသုတ်ရသေးသော သစ်ပြီးစမျက်နှာ ကို နံနက်ခင်း မြောက်ပြန်လေက တိုးဝှေ့တိုက်ခတ်လိုက်သောကြောင့် စိမ့်ခနဲ အေးသွား၏။

ခြံစည်းရိုးတစ်လျှောက်တွင် ခရစ်စမတ်ပန်းပွင့် နီနီရဲရဲတွေ ပွင့်နေကြသည်။

www.burmeseclassic.com


သစ်ပင်ကြီးတို့၏ အမြစ်ဆုံ၊ အခေါက်အပွေးတို့တွင် ဆွတ်စိုနေသော နှင်းစက်တို့က ဖုံဖြင့်လူးကာ အဝါရောင်အမှုန့်တွေလို ကပ်ညှိနေကြ၏။

ညကကျသော နှင်းစက်နှင်းရည်တို့ဖြင့် အစိုငွေ့ထိန်းကာ မြေကြီးသည် နူးညံ့ညက်သိပ်နေလေသည်။

ဆောင်းနှောင်းစနံနက်ခင်းသည် ဆွတ်ဆွတ်ဖြူ မှုန်ရီအေးမြစွာ တစိမ့်စိမ့် ကြည်နူးစရာကောင်းနေ၏။

သူမ ခြံတံခါးကိုဖွင့်ပြီး အပြင်သို့ ထွက်ခဲ့သည်။ လမ်းမပေါ်တွင် လူသူကင်းရှင်းလျက်ပင် ရှိသေး၏။

သူမ ဖြေးဖြေးနှင့် မှန်မှန်ပင် လျှောက်လာခဲ့သည်။

လမ်းထိပ်တွင် အများပြောတယ်လီဖုန်းထားသော စတိုးဆိုင်တစ်ဆိုင် ရှိသည်။ သူမ ခြေလှမ်းတွေက ထိုစတိုးဆိုင်ဆီ ဦးတည်လျက်. . .။

*

နှင်းမှုန်တွေ ဝေနေသော နံနက်ခင်းကို သူမ တည်ငြိမ်လေးနက်စွာ ငေးကြည့်ရင်း. . .

ကရာတေးသင်ခါစက သူမ၏ဆရာဖြစ်သူ ပြောပြခဲ့ဖူးသော ဝေါဟာရ တစ်ခုကို ပြန်သတိရမိသည်။

ဂျပန်ဆာမူရိုင်းစားသမားများသုံးသော မုနင် (Munen) ဟူသည့် ဝေါဟာရ ဖြစ်၏။

'မုနင်' ၏ အဓိပ္ပာယ်က 'အတွေးမရှိ'။

❐

ယခုလည်း သူမကိုယ်သူမ ကင်ဒိုဓားကို ဓားအိမ်မှထုတ်ကာ အသင့်အနေအထားဖြင့် ရန်သူကိုရင်ဆိုင်နေသည့် ဆာမူရိုင်းတစ်ယောက်လို ခံစားရ၏။

မုနင်. . . ။

သူမ ရင်ထဲမှာ 'အတွေးမရှိ'။

ချစ်ခြင်းမရှိ၊ မုန်းခြင်းမရှိ. . . ဘာမှမရှိ. . . ။

ဓားကိုခုတ်ချလိုက်ရန် အသင့်ကိုင်ထားသည်။

❐

သူမ တယ်လီဖုန်းဒိုင်ခွက်ပေါ်က ဂဏန်းများကို နှိပ်လိုက်သည်။ အသံရှည်မြည်သံကြားရ၏။ ထို့နောက်. . .

"ဟဲလို. . . ဖေဖေလား. . . သမီးပါ"

. . . . . . . . .

"အဲဒါတွေ ဘာမှမေးမနေပါနဲ့တော့ ဖေဖေ၊ သမီး ပြောချင်တာက ဖေဖေ . . . အခု သမီးကို လာခေါ်မှာလား"

. . . . . . . . .

"ဟုတ်တယ်၊ အဲဒီလိပ်စာပဲ၊ သမီး စောင့်နေမယ်နော်. . . ဖေဖေ"

"ဂလောက်"

ခနဲမြည်အောင် ဖုန်းခွက်ကို ပြန်ချလိုက်၏။

သူမသည် အေးစက်လွန်းသော စိတ်သမာဓိဖြင့် တည်ငြိမ်တည့်မတ်စွာ တိတိကျကျ ခုတ်ချနိုင်သည့် ဓားသမားကောင်းတစ်ယောက် ဖြစ်လေသည်။

မုနင်. . . ။

www.burmeseclassic.com



သူမ နှလုံးသား၏ ဝိညာဉ်ကို (သူမကိုယ်တိုင်) ဓားချက်တစ်ချက် တည်းဖြင့် ခွဲပစ်လိုက်သည်။

❒

www.burmeseclassic.com

❒

အိမ်ပေါ်မှ ကြိုနှင့်နေသော ဒီဝိုင်းနှင့် ချမ်းတို့၏မျက်လုံးအစုံကို သူမ တည်ငြိမ်စွာ ရင်ဆိုင်လိုက်သည်။

သူတို့ မမေးခင်မှာပင် သူမက ဦးအောင် ပြောလိုက်၏။

"ကျွန်မ အိမ်ပြန်တော့မယ်"

"ဟင်. . . "

"ဘာပြောတယ်. . . ခွာညို"

သူတို့၏ နူးညံ့သော စကားသံများကို ကြားရကာမှပင် မျက်ရည်တွေက ဘယ်လိုဘယ်လို ပြန်းခနဲ ရောက်လာသည်မသိ၊ မျက်ဝန်းထဲတွင် ရစ်ဝိုင်းလာ၏။

သူမ. . . မျက်နှာကို ဝှက်လိုက်၏။

"ခဏနေရင် ဖေဖေ လာခေါ်တော့မယ်၊ ကျေးဇူးပြုပြီး ကျွန်မကို. . ကျွန်မကို ဘာမှမမေးပါနဲ့"

သူတို့ရှေ့တွင် မျက်ရည် မကျချင်သောကြောင့် အိပ်ခန်းထဲ ကမန်းကတန်း ပြေးဝင်ခဲ့သည်။

www.burmeseclassic.com


အဝတ်အစားတွေကို သိမ်းမည်ဟု စိတ်ကူးသော်လည်း မသိမ်းဖြစ်တော့။ သည်အတိုင်းပဲ ထားရစ်ခဲ့တော့မည်ဟု ဆုံးဖြတ်လိုက်၏။

အပြင်ဘက်သို့. . . သူမ တိတ်တိတ်ကလေး ပြန်ချောင်းကြည့်လိုက်သည်။

ချမ်းနှင့် ဒီဝိုင်း. . .၊ တစ်ယောက်ပခုံးကို တစ်ယောက် သိမ်မွေ့စွာ ဖက်လျက် စကားမဆိုဘဲ ငြိမ်သက်နေကြသည်ကို မြင်ရ၏။

ဩော်. . . သူတို့နှစ်ယောက် ဒီလိုပဲ ထာဝရ နေသွားနိုင်ကြပါစေတော့. . . ဟု ခွာညို ရင်ထဲကကျိတ်ပြီး ဆုတောင်းလိုက်သည်။

ထို့နောက်. . .

သူမ. . . စိတ်ကို လွှတ်ချပြီး အားပါးတရ ငိုကြွေးပစ်လိုက်လေတော့သည်။

❐

နွေရာသီ ရောက်လာတာကိုက စောလွန်းတယ်. . .
အဲသည်လောက် မွန်းကျပ်မယ်မှန်း သိခဲ့ရင်
(အစကတည်းက)
အသက်ရှူတတ်အောင် ငါ မသင်ခဲ့ပါဘူး. . .

www.burmeseclassic.com

သေခါနီး လူမမာတစ်ယောက်. . .

သူ့အသက်ကို ကြောက်လန့်တကြား ဖက်တွယ်ပုံမျိုး

မင်းအကျီလက် အဖျားလေးကို

ငါ. . . ဆုပ်ကိုင်မိ

'ဝေးရမယ်. . .' ဆိုတဲ့ အကြည့်တစ်ခုမှာတင်

ငါ. . . ဆယ်ခါပြန်သေတယ်။

www.burmeseclassic.com

အမြဲတမ်း. . .

စိမ်းလန်းနေတာ မြင်ရအောင်

ဘဝကို

ဘောလုံးကွင်းပဲ ဖြစ်လိုက်စေချင်တော့တယ်. . .။

အခုတော့ကွယ်. . .၊

အခုတော့ကွယ်. . .၊

www.burmeseclassic.com

နွေရာသီရောက်လာတာကိုက စောလွန်း

(မင်း. . . သွားမယ်ဆိုလည်း)

စကားတစ်ခွန်းတော့ နှုတ်ဆက်ခဲ့ဖို့ကောင်းတယ်။

❐

www.burmeseclassic.com

❐

အိမ်ရှေ့တွင်ရပ်ထားသောကားဆီသို့ ခွာညို တစ်လှမ်းချင်းလျှောက်ခဲ့သည်။ ခြေလှမ်းတစ်လှမ်း. . . လှမ်းလိုက်တိုင်း သည်အိမ်ကလေးကို ကျောခိုင်းလျက်သား ဝေး. . . ဝေး. . . သွားရသည်ဟူသောအသိဖြင့် ခြေထောက်တွေလေးလံနေးကွေးလာ၏။

နှုတ်ဆက်သည့်စကား တစ်ခွန်းတလေ၏ အသံကိုမျှပင် မကြားရ။ အရာရာသည် တိတ်ဆိတ်နေ၏။

နှုတ်ဆက် လက်ပြမည့်သူကိုလည်း မမြင်ရ။

နိဂုံးသည် သွေ့ခြောက်ဆိတ်ငြိမ်လွန်းလှသည်။

●

ချမ်းနှင့် ဒီဝိုင်းတို့ကို အရိပ်အယောက်မျှပင် မမြင်ရသော်လည်း တစ်နေရာရာမှနေ၍ သူမ၏ကျောပြင်ကို သူတို့နှစ်ယောက် လှမ်းကြည့်နေလိမ့်မည်မှန်း ခွာညို အသေအချာ သိနေသည်။

www.burmeseclassic.com


အမှန်တကယ်လည်း. . . .

*

ဒီဝိုင်းနှင့် ချမ်းသည် မဟာတဟာ စေ့ထားသော ဧည့်ခန်းပြတင်း တံခါးကို ကွယ်လျက် အိမ်ရှေ့ဆီသို့ တိတ်တိတ်ကလေး ချောင်းကြည့်နေကြသည်။

သူတို့နှစ်ယောက်သည် အသံမဲ့သော နွေဦးသစ်ရွက်တွေလို နွမ်းနေ၏။

*

တံခါးဖွင့်ထားနှင့်သော ကားရှေ့ခန်းထဲသို့ သူမ ဝင်ထိုင်လိုက်၏။

"ဖေဖေ. . . "

"သမီးလေး. . . "

ခေါင်ငင်သံက နှလုံးအိမ်ထဲမှ စိမ့်ထွက်လာသော နှင်းစက်ကြွေသံလို. . ၊ တိုးညှင်းသော်လည်း ချမ်းမြနေ၏။

"ဖေဖေ. . . သမီးကို ပြန်ခေါ်သွားမှာနော်. . . တကယ်နော်"

"တကယ်ပေါ့. . . သမီးရယ်၊ မှန်တာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့၊ မှားတာတွေပဲ ဖြစ်ခဲ့ ဖြစ်ခဲ့. . . သမီးလေးဟာ အမြဲတမ်း ဖေဖေ့ရဲ့ သမီးပါ"

ခွာညိုက ကက်ဆက်ခွေတစ်ခွေကို ကောက်ယူပြီး ကက်ဆက်ထဲသို့ ထည့်ကာ ခလုတ်နှိပ်လိုက်သည်။ Greenday အဖွဲ့၏ Walking Alone သီချင်းသံက ဆောင်းဘောက်(စ်)မျက်နှာပြင်ကို တုန်ခါစေလျက် ခုန်ထွက်လာ၏။

ဦးဝင်းကျော်က ကားစက်ကို နှိုးလိုက်သည်။ နူးညံ့သော ကားစက်သံနှင့်

အတူ ကားဘော်ဒီသည် တုန်ခါလာ၏။ ဦးဝင်းကျော်က. . .

“သမီး . . . ဟိုကောင်လေးတစ်ယောက်ကော ပြန်မလိုက်ဘူးလား၊ ဟို. . . သမီးရဲ့ ဘာခေါ်မလဲ. . . ခင်ပွန်းပေါ့. . . ချမ်းလား၊ ဒီဝိုင်းလား၊ သူတို့ နှစ်ယောက်ထဲက ဘယ်သူလဲ”

ခွာညိုက ရှေ့တည့်တည့်သို့ မျက်နှာမူထားရာမှ ခေါင်းကိုခါယမ်းလိုက်ပြီး. . .

“သမီးလည်း မသိချင်တော့ဘူး ဖေဖေရယ်”

သူမ၏ အဖြေကို ဖေဖေ နားလည်လိမ့်မည် မဟုတ်မှန်း သူမ. . . သိသည်။ သို့သော်. . . ရှင်းပြမနေချင်တော့။

●

ကားသည် ညင်ညင်သာသာ ဘီးလိမ့်ထွက်စပြု၏။

အိမ်ဖက်သို့ ပြန်လှည့်ကြည့်လိုက်ချင်စိတ်ဖြင့် သူမ၏ နှလုံးအိမ်သည် ရုတ်တရက် နာကျင်သွားသည်။

သို့သော်. . . လှည့်မကြည့်ဖြစ်အောင် သူမ. . . စိတ်ကို တင်းထားလိုက်၏။

ဟင့်အင်း. . . ဟင့်အင်း. . .

ဘာကြောင့်မှန်းမသိ. . .၊ မျက်ရည်တွေက ပါးပြင်ပေါ် စီးကျလာသည်။

❐

❐

ကားကလေးက ဘီးလှိမ့်ထွက်ခွာသွားသည်အထိ ချမ်းနှင့် ဒီဝိုင်းတို့က အိမ်အကွယ်တွင် တိတ်တိတ်ဆိတ်ဆိတ်ကလေး ပုန်းလျှိုးကာ ချောင်းကြည့်နေဖြစ်ကြသည်။

နှုတ်မဆက်ချင်တော့ပါဘူးကွယ်. . .

သွားပါ. . . မင်း. . . ငါတို့ကို ခွဲထားရစ်ခဲ့တော့. . .။

မင်းရဲ့ ဆုံးဖြတ်ချက်ဟာ ငါတို့ကြောင့် တစ်စုံတစ်ရာ ယိမ်းယိုင်ပြောင်းလဲသွားတာမျိုး မဖြစ်စေချင်ပါဘူး။

ဒါကြောင့်. . . နှုတ်မဆက်လိုက်တော့ဘူး. . . သူငယ်ချင်းရယ်။

တစ်ဘဝစာ. . . ခပ်ကြာကြာ ကြည့်ခွင့်ရလိုက်ရုံလေးတင်ပါပဲ။

နှင်းထုထဲတွင် ကားနောက်မြီးမှ မီးနီကလေး ကွယ်ပျောက်သွားသည့်အချိန်ထိတိုင်အောင်လည်း. . .

သူတို့နှစ်ယောက်. . .

ပုန်းနေမိကြဆဲပင် ရှိသေးသည်။

❐

တစ်ဘဝစာ. . .

ခပ်ကြာကြာ ကြည့်ခွင့်ရလိုက်ရုံလေးတင်ပါပဲ. . .

(ဒီအပြင် ဘာမှမပိုခဲ့ဘူး)

ကောင်မလေးရေ. . .

ငါ ဆိုတဲ့ ကောင်က သွေးအေး

ယဉ်ယဉ်ကျေးကျေးလေးပဲ. . .

. . . လွမ်းတယ်

# အပိုင်း (၅)

www.burmeseclassic.com

❒

မြက်ခင်းပြင်ပေါ်တွင်. . .

ချမ်းနှင့် ဒီဝိုင်းတို့ နှစ်ယောက် ပက်လက်လှန်ကာ ကောင်းကင်ကြီးကို မော့ကြည့်ရင်း ငြိမ်သက်နေမိကြ၏။

စိမ်းလဲ့သော မြက်ပင်တွေပေါ်မှာ လိပ်ပြာတွေ ပျံ့ဝဲနေကြသည်။

ပင်လယ်ကဗွီးပင်မြင့်မြင့်တွေ အရိပ်ကျရာနေရာ ဖြစ်သောကြောင့် အေးမြနေသည်။

မြက်ခင်းအစပ်၊ ပုဏ္ဏရိပ်ပင်တန်းကလေး ခြားထားသောနေရာတွင် ကျောက်ဖြူသားတွေ ထိစပ်ခင်းထားသော ဘွဲ့နှင်းသဘင်ခန်းမဆီသို့သွားရာ လမ်းသွယ်သွယ်ကလေး ရှိ၏။

ဆည်းဆာရွှေရောင်နေခြည်သည် ကျောက်ဖြူသားလမ်းကလေးပေါ် နူးညံ့လင်းလက်နေလေသည်။

www.burmeseclassic.com

BURMESE CLASSIC .com

ချမ်းက. . . ကောင်းကင်ကို မော့ကြည့်နေရာမှ ပြောလိုက်သည်။

"ငါတို့ ဆယ်တန်းအောင်စာရင်းထွက်တဲ့ညက သေတ္တာလေးတစ်လုံး ရေထဲကရတာ. . . မင်း မှတ်မိသေးလား. . . ဒီဝိုင်း"

"အင်း. . . မင်းနဲ့ငါ လုပြီး ရေထဲဆင်း ဆယ်ကြတာလေ"

လေပြေထဲမှ ခရမ်းရောင်ရနံ့တွေ သင်းပျံ့လာ၏။ တိမ်တွေ လွင့်လွင့် မျောနေကြသည်။

"ပြီးတော့လဲ. . . သေတ္တာထဲမှာ ဘာရှိသလဲဆိုတာ ငါတို့နှစ်ယောက် စလုံး သိအောင် မကြိုးစားဖြစ်ခဲ့ကြဘူး မဟုတ်လား၊ သူ့ဘာသာ သူ ရေထဲမှာပဲ ပြန်ပျောက်ကွယ်သွားတယ်လေ"

"လူ့ဘဝဆိုတာ လောကမှာ ရှိရှိသမျှ ပဟေဠိတွေရဲ့ အဖုံးကို လှျောက် ဖွင့်ကြည့်ဖို့ ရောက်လာတာမဟုတ်ဘူးကွ. . .၊ အရာရာဟာ သူ့ ဖာသာ အရှိ အတိုင်း သက်သက် ရှိနေတာပဲ ကောင်းပါတယ်"

မြက်ပင်တွေကြားထဲ လေတိုးသံသဲ့သဲ့ကို ကြားရ၏။ စကားဝါပန်းပွင့် တွေ ကြွေကျလာကြသည်။

အပြာရောင်အရိပ်တွေက ရှည်လျားနေကြ၏။

သူတို့တွေ အချိန်ကြာမြင့်စွာ တိတ်ဆိတ်နေဖြစ်ကြသည်။

"ခွာညိုဟာလဲ သူ့ရင်ထဲမှာ ဘာရှိမှန်း တခြားလူမသိရအောင် အဖုံး ပိတ်ထားတဲ့ သေတ္တာတစ်လုံးလိုပဲကွ"

သစ်ရွက်ခြောက်တွေ တဖွဲဖွဲ ကြွေကျနေကြသည်။ ဆည်းဆာသည် ကြယ်တာရာအိုတစ်ခုလို ရင့်မှည့်နေ၏။ ညနေအလင်းသည် သဂြိုဟ်ခံရ စပြုပြီ။

"အဲဒီအဖုံးပိတ်ထားတဲ့ သေတ္တာကိုလဲ ဖွင့်ကြည့်ဖို့ ငါတို့ မကြိုးစားခဲ့ကြ ဘူး မဟုတ်လား"

www.burmeseclassic.com


သက်ပြင်းချသံ တီးတိုးကြားရသည်။

"ငါလဲ မင်းလိုပါပဲကွာ. . . အထဲမှာ ဘာရှိသလဲ မသိချင်ခဲ့ပါဘူး"

"စိတ်ဟာ စမ်းရေလို စီးနေတာပဲ ကောင်းပါတယ်၊ သူငယ်ချင်းရာ"

"အင်း. . . ဒါပေမယ့်. . . လွမ်းတော့ အလွမ်းသားကွ"

သူတို့နှစ်ယောက်စလုံး ပြိုင်တူရယ်ဖြစ်ကြသည်။

ဟိုး. . . အဝေးမှာ အိပ်တန်းပျံသော ငှက်တစ်အုပ်ကို မြင်ရ၏။ ငှက်တွေအရောင်က ဘာလဲ? အနက်ရောင်လား? အဖြူရောင်လား? သူတို့ မသိချင်ကြပါ။

"သံယောဇဉ် ဆိုတာ အချုပ်အနှောင်မြဲတယ်လို့ နာမည်ကြီးတယ် သူငယ်ချင်း"

❒

www.burmeseclassic.com

❒

ချမ်းက လှဲလျောင်းနေရာမှ ဆတ်ခနဲ လှည့်၍ ခေါင်းထောင်ကြည့်သည်။

ညင်သာသောလှုပ်ရှားမှုပင်ဖြစ်သော်လည်း တစ်ယောက်ကိုတစ်ယောက် အလစ်မပေးသောဉာဏ်ကြောင့် ဒီဝိုင်းက ချက်ချင်းသတိပြုမိ၏။

မျက်လုံးကို ထောင့်ကပ်ကာ ချမ်း၏ အကြည့်ဦးတည်ရာကို ရှာလိုက်သည်။

ပင်လယ်ကဗွီးပင်တန်းအောက်. . .

ကျောက်ဖြူသား လမ်းကျဉ်းကလေးပေါ်မှာ. . .

ကောင်မလေး တစ်ယောက်. . .၊

www.burmeseclassic.com


လိမ္မော်ရောင်တီရှပ်နှင့် ဂျင်းဘောင်းဘီအနက်ကိုဝတ်ကာ ကျောပိုး အိတ်သေးသေးလေးတစ်လုံး လွယ်ထားသည်။

သည်ကောင်မလေးကို ကျောင်းထဲမှာ တစ်ခါမှ မမြင်ဖူးသေး။ ကျောင်းသူအသစ် ဖြစ်ဟန်တူသည်။

အသားဝါနုနုလေးပေါ် အကျီအရောင်က ဟပ်နေသောကြောင့် ကောင်မလေးသည် လိမ္မော်သီးလေးတစ်လုံးလို ချစ်စရာကောင်းနေ၏။

မျက်နှာပေါ် ဝဲကျလာသော ဆံပင်တွေကို ကောင်မလေးက ခေါင်းတစ်ချက်ဆတ်ကာ ပင့်တင်လိုက်သည်။

ဆံပင်တွေ ဝဲခနဲအလွင့်. . . သူမ၏ မျက်ဝန်းတွေက မရည်ရွယ်ဘဲ ချမ်းနှင့် ဒီဝိုင်းတို့ဆီ ရောက်လာ၏။

သူမကို ပြူးတူးပြဲတဲ လိုက်ကြည့်နေသည့် ငတိနှစ်ကောင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် ရုတ်တရက် နှုတ်ခမ်းစူသွားသည်။

အနက်ရောင် ပလူတိုပြုံဟ်နှင့်တူသော မျက်စောင်းကလေး ဖျတ်ခနဲထိုးပစ်ခဲ့ပြီး သူတို့နှစ်ယောက်ကို ဂရုမစိုက်သလို ဆက်လျှောက်သွားသည်။

ချမ်းက ထမည်ဟု ဟန်ပြင်လိုက်စဉ်မှာပင် (အချင်းချင်း တစ်ယောက်အထာ တစ်ယောက် သိနေသော) ဒီဝိုင်းက လျင်မြန်စွာဖြင့် ချမ်း မထနိုင်အောင် လှမ်းဖိထားလိုက်၏။

ချမ်းက အတင်းရုန်းကာ ကုန်းထရင်း. . .

"ငါ အရင်မြင်တာကွ. . . ငါ ပိုင်တယ်"

"ကောင်မလေးက ငါ့ကို မျက်စောင်းထိုးပြသွားတာကွ၊ ငါ လိုက်မယ်"

နှစ်ယောက်သား ရုန်းရင်းကန်ရင်း ဒီဝိုင်းက အရင်ထရပ်သည်။ ချမ်းက ဒီဝိုင်း၏ ခြေထောက်ကို လှမ်းဆွဲလိုက်ရာ နှစ်ယောက်စလုံး ထွေးလုံးလဲကျသွား၏။

လူချင်းကွဲသည်နှင့်တစ်ပြိုင်နက် ဖြုန်းခနဲ ခုန်ထလိုက်ကြသည်။

www.burmeseclassic.com



ကောင်မလေးနောက်သို့ အပြေးလိုက်ရန် ပြိုင်တူခြေလှမ်းပြင်လိုက်ရင်း တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်မိကြ၏။

*

သူတို့ အော်ဟစ်ရယ်မောလိုက်ကြလေသည်။

❒

**မင်းခိုက်စိုးစန်**

www.burmeseclassic.com

BURMESE CLASSIC .com

မင်းခိုက်စိုးစန်

ရွှေအိမ်မှူး စာပေ

ငါးတွေဟာ . . .ချွေးအေးတယ်

နှုတ်ဆိတ်တယ်

တိုးတိတ်လွန်းတော့လည်း

အဲဒီ ရင်ခုန်သံကို

မင်း . . .ကြားရလိမ့်မယ် မဟုတ်ပေဘူး။